ထဇ္ဈဂဝဦးထဥဝနု၁

ဘာသာရေးစာပေ-စာမူကြိုတင်ခွင့်ပြုချက်အမှတ် (၁၃၇)

မျက်နှာဖုံးကြိုတင်ခွင့်ပြုချက်အမှတ် (၁၃၃)

ခွင့်ပြုချက်အရ ထုတ်ဝေသည်။


အရှင်ဥက္ကဋ္ဌဝံသ



( စာရေးသူ၏မူပိုင် )



ပြည်လုံးကျွတ်ဖြန့်ချိရာဌာန

စပယ်ဦး

စပယ်ဦးစာပေဖြန့်ချိရေး

အမှတ် ၁၄၈/၁၅၀၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

(ဖုံး-၇၆၈၈၅)

# ကမ္မဋ္ဌာန်းဘာဝနာ

အရှင်ဥက္ကဋ္ဌဝံသ
(မဟာဂန္ဓာရုံကျောင်းတိုက်)

၁၉၇၀ – ဇူလိုင်လ

ပထမအကြိမ်၊ အုပ်ရေ (၂၀၀၀)

---

**မျက်နှာဖုံးပန်းချီ**

ဘင်ထွန်းကျော်

---

**ဘလောက်**

ဇမ္ဗူအေးဘလောက်တိုက်

---

**အတွင်း/မျက်နှာဖုံး၊ ပုံနှိပ်**

ခဒါသန်းသန်း (၀၂၆၀၇) စပယ်ဦးပုံနှိပ်တိုက်

အမှတ် ၁၄၀/၁၅၀၊ ၃၃–လမ်း၊

ရန်ကုန်မြို့။

---

**ထုတ်ဝေ**

ဦးခင်မောင်မြ (၀၉၄၅) ရွှေသိမ်သားပန်းချီနှင့်စာပေ

အမှတ် ၅၉၊ ၉၃ လမ်း၊ ကန်တော်ကလေး၊

ရန်ကုန်မြို့။

# စာလယ်ချာ

ပင်လယ်ပြင်သည် ထောက်တည်ရန် ခက်ခဲအောင် နက်ရှိုင်း၏။ ကမ်းမမြင်အောင်လည်း ကျယ်ပြောလှဘိသည်။ ထိုပင်လယ်ပြင်၌ လှေငယ်ရှင် တစီး ကျော်ဖြတ် နေပါသည်။ အန္တရာယ်တို့ကား အသွယ်သွယ်။ ရန်စွယ် ရန်ညှောင့်တို့ကား တကောက်ကောက် လိုက်ပါနေကြသည်။

ပင်လယ်ပြင်ကား ကျယ်ပြန့်နက်နဲသောစာပေပိဋကတ်။

လှေငယ်ရှင်ကား ဤကျမ်းပြုစုသူ အရှင်ဥက္ကဋ္ဌဝံသဖြစ်ပါသည်။

စာပေပိဋကတ် ကျယ်ပြန့်ပုံကို ပင်လယ်ပြင်နှင့် ဥပမာပြု၍ "ပိဋကတ်ပင်လယ် လွန်နက်ကျယ် အလွယ်တတ်ပြီ မထင်နှင့်" ဟု ရှေးပညာရှိတို့က သတိပေးခဲ့ပါသည်။ မှန်ပါ၏။ ပင်လယ်လမ်း စာပေကမ်းတို့နှင့် ဆင်ဆင်တူသော ဘဝ လမ်း သည် လည်း ပန်းမွေ့ရာခင်းထားခြင်း မဟုတ်ပါချေ။

တိုးတက်လိုသူ ကြီးပွားလိုသူများသည် အလုပ်ကို သတ္တိရှိစွာ တည်ကြည်စွာ စွဲမြဲစွာ စိစစ်ချက်ပြည့်စုံစွာဖြင့် လုပ်ကြရပါသည်။ သို့မှသာ တိုးတက်သူ ကြီးပွားချမ်းသာသူ ဖြစ်နိုင်ကြပါသည်။ မကောင်း လောကဓံ(အလို မရှိအပ်သော အနိဋ္ဌလောကဓံ)နှင့် ကြုံတွေ့ကြသောအခါ လောကလူသားတို့သည် စိတ်ပျက်တတ်၊ ပျင်းတတ်ကြသည်။ ကောင်းသော လောကဓံ(ဣဋ္ဌလောကဓံ) နှင့် တွေ့ကြုံကြမူ ပျော်တပြုံးပြုံး ဖြစ်နေတတ်ကြပါသည်။

ထိုသူများကား သတ္တိမရှိသူ၊ မတည်ကြည်သူ၊ စိစစ်ချက်မရှိသူများဖြစ်ကြပါသည်။ တိုးတက်ကြလိုသူတို့အဖို့မူကား ချောက်

တိုင်းလဲမကြောက်၊ မြှောက်တိုင်းလဲမမြှောက်ကြပဲ မိမိအလုပ်ကို သတ္တိရှိစွာ စွဲမြဲစွာ စိတ်ချက် ပြည့်စုံစွာဖြင့် လောကခံကိုရင်ဆိုင်လျက် ကြိုးစားလုပ်ရပါမည်။ ထိုသို့ ကြိုးစားကြမှ လူသားတို့လိုအပ်သော ပန်းတိုင်သို့ လှမ်းနိုင်မည်ဟု ယုံကြည်ပါသည်။

ဝါယ ဓမ စေဝ ပုရိသော နနိဗ္ဗိန္ဒေယျ ပဏ္ဍိတော။
ပဿာမိ ဝေါဟံ အတ္တာနံ ယထာ ဣစ္ဆိံ တထာအဟု။

"ကြိုးစားသူ ကြိုးစားပါ၊မပျင်းပါနှင့်။ မငြီးငွေ့ပါနှင့်။ ကြိုးစားက သင်ဖြစ်ချင်သလို ဖြစ်လာမှာကို ငါဘုရား မြင်တော်မူသည်" ဟူသောဗုဒ္ဓစကားကို အလေးထားကြိုးစားခဲ့ကြပါသည်။

အနှောင့်အယှက် အတိုက်အခံကို မကြောက်ပါနှင့်။ စွန်လွှတ်ယင် လေကိုဆန်၍ ဆွဲမှ စွန်အထက်သို့ တက်သည် မဟုတ်ပါလား။ ထိုနည်းတူစွာပင် အောင်မြင်မှုသည် အတိုက်အခံ အနှောင့်အယှက် အဖျက်အဆီးတို့ကို ဆန်တက်ရပေသည်ဟု ပညာရှိတို့စကား ကြားဖူးပါသည်။

ဤစာအုပ်ကိုရေးသားထုတ်ဝေရာ၌အခက်အခဲအမျိုးမျိုးနှင့် ကြုံတွေ့ရပါသည်။သို့သော် အရှင်ဥက္ကဋ္ဌဝံသတွင် စွဲမြဲခိုင်မာသော ရည်ရွယ်ချက်ရှိသည်။ထိုရည်ရွယ်ချက်ဖြင့် အပြောကျယ်လှသော စာပေကမ်းကို အရောက်လှမ်းမည်။

မုန်တိုင်းဘယ်လိုထန်ထန် လေဆန်ဘယ်လိုဖုံးဖုံး အပြုံးမပျက်တတ်သော ကျမ်းစာအရှင်သည် "ငါသိထားသော အသိဉာဏ်တို့ဖြင့် သတ္တဝါများအား ချမ်းသာမှုကို ပေးမည်" ဟု။

ချမ်းသာမှုကိုပေးရာ၌ ပေးသူက ပေးသော်လည်း ယူသူက ယူတတ်၊ ယူနိုင်ပါမှ ချမ်းသာကိုရပါသည်။ ဤနေရာ၌ ချမ်းသာမှုကို ယူသူနှင့် ယူတတ်သူ ယူနိုင်သူတို့ကို လေ့လာရပါမည်။

သတ္တဝါအားလုံးသည် ချမ်းသာမှုကို ယူလိုသူ ယူနေသူတို့ပင် ဖြစ်ကြပါသည်။ သို့တစေ သတ္တဝါအားလုံး ချမ်းသာမှုအစစ်ကို ရကြပါ၏လော။

ဘဝကို အငိုနှင့်စ၍ အငိုနှင့်အဆုံးသတ်ကြသော လူသားတို့ ဘဝကို ပန်းကဲ့သို့ သီကုံးရပါလျှင်....

ဘဝစလျှင်၊ဒုက္ခဇာတိ၊ဆင်းရဲဘိ၍၊လက်ရှိခန္ဓာ၊
ရုပ်ဇရာထောင်း၊ ရုပ်ဟောင်းနာကျင်၊ သေပွဲ
ဝင်၍၊ မကြင်သူကွဲ၊ ခင်သူခွဲရ၊ လူ့ဘဝတွင်၊
လိုတာ မရ၊ ငါးဝခန္ဓာ၊ ရလာသူတိုင်း....

ဇာတိအစ မရဏအဆုံး ဒုက္ခတုံးဖြင့် ဖုံးအုပ်ထားသော လူသားတို့သည် အဘယ်နည်းဖြင့် ချမ်းသာမှုကို ရယူကြပါမည်နည်း။ စာရေးသူအနေဖြင့် ဤကမ္မဋ္ဌာန်းဘာဝနာစာအုပ်ကို ဖတ်၍ရလာသော အသိဉာဏ်၊ အကျင့်သန့်ခြင်းဖြင့် ကေန် ချမ်းသာမှုကို ရလိမ့်မည်ဟု ပြောပြလိုပါသည်။ ဤကမ္မဋ္ဌာန်းဘာဝနာကို စာမူ အကြမ်းရေးစဉ်ကပင် စာရေးသူ ဖတ်ခဲ့ပြီး ဖြစ်သည်။ ထိုစာမူကြမ်းများကိုလည်း စာရေးသူပင် စီစစ်တည်းဖြတ်ပေးခဲ့သည်ဟု ဆိုသော် ဆိုနိုင်စရာအကြောင်း ရှိပါသည်။ ကျမ်းစာရေးခြင်းဟူသည်ဗုဒ္ဓဝါဒများကို ရေးပြီးကျမ်းအသီးသီးမှ မှီငြမ်း ပြုစုရသည် မှန်သော်လည်း ကိုယ်ပိုင်ဉာဏ်ကို အများဆုံးသုံးသင့်သည်ဟု စာရေးသူ၏ ထင်မြင်ချက်ကို ကျမ်းပြုအရှင်အား အကြိမ်ကြိမ်ပင် ပြောခဲ့ပါသည်။ ကျမ်းပြု အရှင်ကလည်း ရှေးရှေးသော ကျမ်းပြုသူများ မှီငြမ်းပြုစုသွားပုံများကိုသာ အကြိမ်ကြိမ်ဆိုသည်။ သူ့ယုံကြည်ချက်ကိုကား လုံးဝအလျှော့မပေး။ သူ့ ယုံကြည်ချက်ကား....

"ပတ်ဝန်းကျင်၏ ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းကို ဂရုမစိုက် အလေးမပြု၊ ကိုယ် ယုံကြည်လိုသော စာပေကို ရေးသားတင်ပြ ရာတွင် အကြောင်းအရာနှင့် အရေးအသား ကောင်းမွန်ရေး ထက် ဗုဒ္ဓဝါဒ၊ ဆရာသမားဝါဒများကိုသာ မှန်သည်ထင်သည့် အတိုင်း ရေးမည်"

စာရေးသူကလည်း ကျမ်းပြုအရှင်က ရှေးနေ၍ထားသည် မဟုတ်သော်လည်း ဆိုခွင့်ရှိက ဆိုရမည်သာ ဓမ္မတာပါတည်း။ ဤကဲ့သို့ ကျမ်းအသီးသီးမှ စာများကို သူ့နေရာနှင့်သူ အံဝင် ခွင်ကျဖြစ်စေရန် စီကာစဉ်ကာ ရေးသား အားထုတ်ရသော ဉာဏ်ဝီရိယသည်ပင် ကျမ်းစာတစောင် ဖြစ်မြောက်ရေးအတွက် ကိုယ်ပိုင်ဉာဏ် ဝီရိယတို့ပင် မဟုတ်ပါလား။

ဤကျမ်းစာ၏ အရှင်သည် မုံရွာခရိုင်၊ အရာတော်မြို့နယ်၊ ငါ့ရဟိုးကျေးရွာ၊ ဦးထွန်းဖေ၊ ဒေါ်ကျင် တို့၏ အကြီးဆုံးသော သားဖြစ်ပြီး အမရပူရမြို့၊ မဟာဂန္ဓာရုံတိုက် ကျေးဇူးတော်ရှင် ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော်....

အရှင်ဇနကာဘိဝံသ၏ ခြေတော်ရင်းတွင် ပိဋကတ်စာပေ များကို သင်ယူခဲ့ပါသည်။ ထိုဆရာတော်သည်ပင် ကျမ်းပြုအရှင်၏ ဥပဇ္ဈာယ်ဆရာဖြစ်၍ ယင်းမဟာဂန္ဓာရုံ ကျောင်းတိုက် နာယက အဖွဲ့ဝင် ကျေးဇူးရှင်ဆရာတော် အရှင်ဣန္ဒောဘာသာဘိဝံသ (စာချ)သည့် ကျမ်းပြုအရှင်၏ တာဝန်ခံ ဆရာတော်များ ဖြစ် ပါသည်။

ထို့ကြောင့် ဆရာသမားတို့၏ ဝါဒများသည် ကျမ်းပြုသူ အသဲတွင် စွဲနေပေတော့သည်။ အထူးအားဖြင့် ဤကျမ်း ၏ နိဂုံး၌ ဘုရားပွဲ ကျောင်းပွဲစသော ဘာသာရေးပွဲ၏ အပြစ်များ

ကို ပြုပြင်ရန် ရေးသားထားသော ဝါဒများသည် ဥပဇ္ဈာယ် ဆရာ၏ ဝါဒများပင် ဖြစ်ကြသည်။ ဆရာ့ ဝါဒသည်လည်း 'စတန့်' ထွင်ထားကြောင်းကားမဟုတ်ပါပေ။ဗုဒ္ဓ၏သိမ်မွေ့နက်နဲသော တရားတော်များကို လောက နှင့် ယှဉ်၍ အ ကျိုး နှင့် အကြောင်း စိစစ်တင်ပြထားခြင်းသာ ဖြစ်ပေသည်။

အိန္ဒိယပြည် ဟိန္ဒူဘာသာ ခေါင်းဆောင် သူတော်ကောင်း 'ရာမာခရစ်ရှနာ' သေသောအခါ ကျန်ရစ်သူတပည့်များက ဆရာ့ ဝါဒများကို ထုတ်ဖော်ဂုဏ်ပြု မှတ်တမ်းတင်ကြသည်။စာရေးသူ တို့လည်း ထိုနည်းဖြင့် ဆရာ၏ ဝါဒများကို ထုတ်ဖော်ဂုဏ်ပြု မှတ်တမ်းတင်ရပါလိမ့်မည်။ ဤသို့ ထုတ်ဖော်ဂုဏ်ပြုခြင်း အားဖြင့် စာရေးသူတို့ ဂုဏ်ရှိအံ့လော၊ ဂုဏ်ပျက်အံ့လော ဟူသော အကျိုးတရားကို မမျှော်ကိုးမိပါ။ စာရေးသူတို့ ယုံကြည်ချက်နှင့် အတူ မှန်သည်ထင်သည့်အတိုင်း ရေးသားခြင်းသာ ဖြစ်ပါသည်။

စင်စစ်သော်ကား ဤ 'ကမ္ဘဋ္ဌာန်းဘာဝနာ' သည် စာရေးသူ အား အသိဉာဏ် အကျင့်သန့်စေရန် ရှင်းလင်းတိကျသော စကား လုံးများဖြင့် ညွှန်ပြပေးနေပါသည်။ ကိုယ့်ငါးချဉ်မို့ ကိုယ်ချဉ် နေသည်မဟုတ်ပါ။ ဝက်သားကြိုက်တတ်သော စာရေးသူက ဝက်သားဟင်း စားနေရ၍လည်း ဝက်သားကောင်းကြောင်းကို ချီးမွမ်းစကားဖြင့် ချီးမွမ်းနေခြင်းလည်း မဟုတ်ပါ။ သို့သော် ဝက်သားမကြိုက်သူကတော့ စရိုက်မတူသည့်အတွက် စာရေးသူ ကို အပြစ်ဖို့ကြမည်။ ရှိစေ၊ ရှိကြပါစေ။ ထိုသူတို့ကို စာရေးသူက မေတ္တာဖြင့် ကြိုဆိုနေမည်။

မီးကို ခတ်ဆီနှင့် လောင်းခြင်းသည် စာရေးသူတို့ ဝါဒ မဟုတ်ပါ။ အေးမြသော ဗုဒ္ဓဝါဒ သတ္တဝါများ အားလုံး

## စာလယ်ချာ

သန္တာန်၌ ပြန့်နှံ့စေရေးသည်သာ စာရေးသူတို့ဝါဒဖြစ်ပါသည်။ ဝက်သားဟင်း မကြိုက်သူက ဝက်သားဟင်း မကောင်းကြောင်း မည်သို့ဆိုဆို။ ဝက်သားဟင်းကြိုက်သူက ဝက်သားဟင်းကောင်းကြောင်း မည်မျှဝေဖန်ဝေဖန် ဝက်သားဟင်းသည် လူသားတို့အတွက် အကောင်းဆုံး ဟင်းလျာအဖြစ် လက်ခံထားကြပေသည်။ (အသီးသရက် အရွက်လက်ဖက် အသားဝက် ဟူသော မြန်မာစကားကို ထောက်၍ ဆိုပါသည်။)

ယနေ့ အကောင်းဆုံးသော စိတ်ချမ်းသာမှုကို ရစေနိုင်သော အရာသည် ဗုဒ္ဓ၏ 'ကမ္မဋ္ဌာန်း ဘာဝနာ' ဖြစ်ကြောင်း ကမ္ဘာ့လူသားအများစုနှင့် ထိုလူသားများ၏ ထိပ်သီး ခေါင်းဆောင်ကြီးများက ထုတ်ဖော်ဝန်ခံနေကြသည်ကိုစာပေလေ့လာသူတိုင်း သိနိုင်ပါလိမ့်မည်။ ထို့နောက် ဤစာအုပ်ကို ထုတ်ဝေခြင်းဖြင့် နိုင်ငံကိုအကျိုးရှိ မရှိ စာဖတ်သူတို့ အကျိုးများ မများ အကြိမ်ကြိမ် စဉ်းစားပါသည်။ စာအုပ်များ ပလူပျံနေအောင် ပေါ်ထွက်နေသည့် ယနေ့ခေတ်တွင် ဤစာအုပ်သည် 'အမှိုက်' မဖြစ်နိုင်ပါဟုသာ ရဲရဲကြီးဆိုဝံ့ပါသည်။

အမှန်အတိုင်း ပြောလိုက်မည်။ စိတ်ချမ်းသာရေးကို ရှာဖွေရာတွင် ကမ္မဋ္ဌာန်း ဘာဝနာ အားထုတ်မှုဖြင့်သာ ရနိုင်မည်ဟု....

သတ္တဝါများ ချမ်းသာအစစ်ကို ခံစားနိုင်ကြပါစေ—ခလို။

မေတ္တာမွန်ဖြင့်
**အရှင်ပညိသာရ**

၁၃၄၀—ခု။ သီတင်းကျွတ်လဆန်း ၁၁ ရက်။
၁၂—၁၀—၇၈။

# မာတိကာ

စာမျက်နှာ


| | | |
|---|---|---|
| | ယုံကြည်ချက် .... | ၁ |
| | အချီးနိဒါန်း .... | ၂ |
| | **(က) ကသိဏ ကမ္မဋ္ဌာန အဖွင့်** | |
| | ကသိုဏ်း(၁၀)ပါး .... | ၁၁ |
| ၁။ | ပထဝီ ကသိုဏ်း .... | ၁၁ |
| ၂။ | အာပေါကသိုဏ်း .... | ၃၇ |
| ၃။ | တေဇော ကသိုဏ်း .... | ၃၉ |
| ၄။ | ဝါယော ကသိုဏ်း .... | ၄၀ |
| ၅။ | နီလ ကသိုဏ်း .... | ၄၁ |
| ၆။ | ပီတ ကသိုဏ်း .... | ၄၂ |
| ၇။ | လောဟိတ ကသိုဏ်း .... | ၄၃ |
| ၈။ | ဩဒါတ ကသိုဏ်း .... | ၄၃ |
| ၉။ | အာလောက ကသိုဏ်း .... | ၄၄ |
| ၁၀။ | ပရိစ္ဆိန္နာကာသ ကသိုဏ်း .... | ၄၅ |
| | ကသိုဏ်းတို့၏အစွမ်း .... | ၄၆ |
| | **(ခ) အသုဘ ကမ္မဋ္ဌာန အဖွင့်** | |
| | ရှေးဦးမှတ်ဖွယ် .... | ၄၉ |
| | အသုဘ(၁၀)ပါး .... | ၄၉ |
| ၁။ | ဥဒ္ဓုမာတက အသုဘရှုပုံ .... | ၆၁ |
| ၂။ | ဝိနီလက အသုဘရှုပုံ .... | ၆၁ |
| ၃။ | ဝိပုဗ္ဗက အသုဘရှုပုံ .... | ၆၂ |

၄။ ဝိဆိန္နက အသုဘရှုပုံ .... ၆၂
၅။ ဝိက္ခာယိတက အသုဘရှုပုံ .... ၆၃
၆။ ဝိက္ခိတ္တက အသုဘရှုပုံ .... ၆၃
၇။ ဟတဝိက္ခိတ္တက အသုဘရှုပုံ .... ၆၃
၈။ လောဟိတက အသုဘရှုပုံ .... ၆၄
၉။ ပုဠုဝက အသုဘရှုပုံ .... ၆၄
၁၀။ အဋ္ဌိက အသုဘရှုပုံ .... ၆၅
အသုဘ ဘာဝနာပွားရခြင်း၏အကျိုး .... ၆၅
အဆုံး၌မှတ်ဖွယ် .... ၆၇

(၈) အနုဿတိ ကမ္မဋ္ဌာန အဖွင့်

အနုဿတိ(၁၀)ပါး .... ၇၂
ဗုဒ္ဓါနုဿတိပွားပုံ .... ၇၂
၁။ အရဟံ မည်တော်မူပုံ .... ၇၃
၂။ သမ္မာ သမ္ဗုဒ္ဓ မည်တော်မူပုံ .... ၇၇
၃။ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူပုံ .... ၉၀
၄။ သုဂတ မည်တော်မူပုံ .... ၁၀၄
၅။ လောကဝိဒူ မည်တော်မူပုံ .... ၁၀၇
၆။ အနုတ္တရော ပုရိသ ဒမ္မသာရထိ
မည်တော်မူပုံ .... ၁၁၂
၇။ သတ္ထာဒေဝ မနုဿာန မည်တော်မူပုံ .... ၁၁၅
၈။ ဗုဒ္ဓ မည်တော်မူပုံ .... ၁၁၆
၉။ ဘဂဝါ မည်တော်မူပုံ .... ၁၁၇
ဗုဒ္ဓါနုဿတိအကျိုး .... ၁၁၉

မာတိကာ စာမျက်နှာ


(၂) ဓမ္မာနုဿတိပွားပုံ .... ၁၁၉

၁။ သွာက္ခာတ မည်တော်မူပုံ .... ၁၂၀

၂။ သန္ဒိဋ္ဌိက မည်တော်မူပုံ .... ၁၂၃

၃။ အကာလိက မည်တော်မူပုံ .... ၁၂၄

၄။ ဧဟိပဿိက မည်တော်မူပုံ .... ၁၂၆

၅။ ဩပနေယျိက မည်တော်မူပုံ .... ၁၂၈

၆။ ပစ္စတ္တံဝေဒိတဗ္ဗ ဝိညူဟိ မည်တော်မူပုံ .... ၁၃၁

ဓမ္မာနုဿတိအကျိုး .... ၁၃၂

(၃) သံဃာနုဿတိပွားပုံ

၁။ သုပ္ပဋိပန္န မည်တော်မူပုံ .... ၁၃၄

၂။ ဥဇုပ္ပဋိပန္န မည်တော်မူပုံ .... ၁၃၆

၃။ ဉာယပ္ပဋိပန္န မည်တော်မူပုံ .... ၁၃၉

၄။ သာမီစိပ္ပဋိပန္န မည်တော်မူပုံ .... ၁၄၀

၅။ အာဟုနေယျ မည်တော်မူပုံ .... ၁၄၃

၆။ ပါဟုနေယျ မည်တော်မူပုံ .... ၁၄၄

၇။ ဒက္ခိဏေယျ မည်တော်မူပုံ .... ၁၄၅

၈။ အဉ္ဇလိ ကရဏီယ မည်တော်မူပုံ .... ၁၄၇

၉။ အနုတ္တရ ပုညခေတ္တ မည်တော်မူပုံ .... ၁၅၂

သံဃာနုဿတိအကျိုး .... ၁၅၅

(၄) သီလာနုဿတိပွားပုံ .... ၁၅၆

(၅) စာဂါနုဿတိပွားပုံ .... ၁၆၀

(၆) ဒေဝတာနုဿတိပွားပုံ .... ၁၆၈

(၇) မရဏာနုဿတိပွားပုံ .... ၁၇၀

မာတိကာ　　　　　　　　　　　　　　　　　　　စာမျက်နှာ


(၈) ကာယဂတာ သတိပွားပုံ .... ၁၇၇

(၉) အာနာပါနဿတိပွားပုံ .... ၁၉၅

(၁၀) ဥပသမာနုဿတိပွားပုံ .... ၁၉၈


## (ဃ) ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန အဖွင့်


၁။ မေတ္တာဘာဝနာပွားပုံ .... ၂၀၅

ရန်ငြိုးဖျောက်နည်း(၁၁)နည်း .... ၂၀၉

မေတ္တာအကျိုး(၁၁)ပါး .... ၂၂၅

၂။ ကရုဏာ ဘာဝနာပွားပုံ .... ၂၂၉

၃။ မုဒိတာ ဘာဝနာပွားပုံ .... ၂၃၂

၄။ ဥပေက္ခာ ဘာဝနာပွားပုံ .... ၂၃၄

တိုက်တွန်းချက် .... ၂၃၇


## (င) အရူပ ကမ္မဋ္ဌာန အဖွင့်


အရူပစျာန်(၄)ပါး .... ၂၄၁

၁။ အာကာသာနဉ္စာယတနစျာန် ပွားပုံ .... ၂၄၁

၂။ ဝိညာဏဉ္စာ ယတနစျာန် ပွားပုံ .... ၂၄၃

၃။ အာကိဉ္စညာ ယတနစျာန် ပွားပုံ .... ၂၄၄

၄။ နေဝသညာနာသညာယတနစျာန်ပွားပုံ.... ၂၄၅


## (စ) အာဟာရေ ပဋိက္ကူလ သညာ ကမ္မဋ္ဌာန အဖွင့်


အာဟာရေ ပဋိက္ကူလသညာခေါ်ပုံ .... ၂၄၈

၁။ သွားခြင်းအားဖြင့်ဆင်ခြင်ပုံ .... ၂၄၉

၂။ ရှာမှီးခြင်းအားဖြင့် ဆင်ခြင်ပုံ .... ၂၅၁

၃။ သုံးဆောင်ခြင်းအားဖြင့် ဆင်ခြင်ပုံ .... ၂၅၂
၄။ တည်ရာအာသယအားဖြင့် ဆင်ခြင်ပုံ .... ၂၅၃
၅။ စုတည်ရာအစာသင်အိမ်အားဖြင့်ဆင်ခြင်ပုံ ၂၅၄
၆။ မကြေမကျက်သေးသောအားဖြင့်
ဆင်ခြင်ပုံ .... ၂၅၅
၇။ ကြေကျက်ပြီးသောအားဖြင့် ဆင်ခြင်ပုံ .... ၂၅၆
၈။ အကျိုးရင်းအားဖြင့် ဆင်ခြင်ပုံ .... ၂၅၆
၉။ ယိုထွက်ခြင်းအားဖြင့် ဆင်ခြင်ပုံ .... ၂၅၇
၁၀။ လူးပေခြင်းအားဖြင့် ဆင်ခြင်ပုံ .... ၂၆၀
သမာဓိရပုံ .... ၂၆၁
အဟာရေ ပဋိက္ကူလသညာအကျိုး .... ၂၆၁

## (ဆ) စတုဓာတု ဝဝတ္ထာန် ကမ္မဋ္ဌာန အဖွင့်

စတုဓာတု ဝဝတ္ထာန် မည်ပုံ .... ၂၆၃
၁။ ပထဝီဓာတ်ဖြင့် ပိုင်းခြား၍ရှုပုံ .... ၂၆၄
၂။ အာပေါဓာတ်ဖြင့် ပိုင်းခြား၍ရှုပုံ .... ၂၇၄
၃။ တေဇောဓာတ်ဖြင့် ပိုင်းခြား၍ရှုပုံ .... ၂၈၁
၄။ ဝါယောဓာတ်ဖြင့် ပိုင်းခြား၍ရှုပုံ .... ၂၈၃

## (ဇ) ဝိပဿနာ ကမ္မဋ္ဌာန အဖွင့်

၁။ ကလာပ သမ္မသနနည်းဖြင့် သုံးသပ်ခြင်း.... ၂၈၈
၂။ အဒ္ဓာ သမ္မသနနည်းဖြင့် သုံးသပ်ခြင်း .... ၂၉၀
၃။ သန္တတိ သမ္မသနနည်းဖြင့် သုံးသပ်ခြင်း .... ၂၉၁
၄။ ခဏ သမ္မသနနည်းဖြင့် သုံးသပ်ခြင်း .... ၂၉၂

ကုသိုလ်တရား ဘာဝနာတရားတို့
ပျက်ပြားနေကြ ကမ္ဘာမြေ။
ဒီတိုင်းဟိုပြည် ရန်တွေဖြစ်လို့
လူနှင့်လူချင်း သတ်ကာနေ။
ငြိမ်းချမ်းပါစေ အာသီသနဲ့
စွမ်းနိုင်ရာက ကူညီသလေ။
ကုသိုလ်တရား ဘာဝနာတရား
ရေးသားဖြန့်ကာဝေ
အဖိုးတန်တဲ့ 'ကမ္မဋ္ဌာန' ကမ္ဘာကသိပါစေ။

# ယုံကြည်ချက်

ကမ္ဘာလောကကြီး၏ အတွင်းဝယ် မှီခိုနေထိုင်ကြသော လူသားတို့သည် ဗုဒ္ဓ၏ ရွှေကြာခံတွင်းမှ မိန့်ချွေခဲ့သောကုသိုလ်ဝတ်မှုန်၊ဘာဝနာဝတ်မှုန်တို့ကိုမြိန်ရှက်စွာမသုံးဆောင်ကြခြင်းကြောင့်၊တယောက်နှင့်တယောက်၊ တပါတီနှင့်တပါတီ၊ တနိုင်ငံနှင့်တနိုင်ငံ၊ အထင်အမြင်လွဲမှားကြလျက် တိုက်ခိုက် သတ်ဖြတ်နေကြတော့၏။ အသိဉာဏ်နည်းပါး သူတို့၏အပေါ်၌လည်း အသိဉာဏ်ကြွယ်ဝသူတို့က ဝိသမလောဘတို့ဖြင့် ညှာတာမှု ကင်းမဲ့စွာ ခေါင်းပုံဖြတ်၍ စီးပွားရှာယူနေကြတော့၏။လူသားတို့သည်ညွှန်ပြအပ်လတ္တံ့သောကုသိုလ်ဝတ်မှုန်၊ဘာဝနာဝတ်မှုန်တို့ကို သုံးဆောင်ကြမည် ဆိုပါလျှင် ဖော်ပြခဲ့သော လူမှုဒုက္ခအပေါင်းတို့မှ ဧကန် လွတ်မြောက်လိမ့်မည်ဟု ယုံကြည်သည်။

# အချီးနိဒါန်း

**ကမ္မဋ္ဌာန်း ဘာဝနာ** ပါဠိလို ကမ္မဋ္ဌာနကို မြန်မာ ဘာသာ အားဖြင့် ကမ္မဋ္ဌာန်းဟု ခေါ်သည်။ (ကမ္မ၊ စိတ်ဖြူစင်ကြောင်း။ ဘာဝနာ၊ အလုပ်၏။ ဌာန၊ တည်ရာ) ဤကမ္မဋ္ဌာန်း အားထုတ်မှုကိုပင် ဘာဝနာဟု ခေါ် သည်(ဘာဝနာ-မိမိ၏စိတ်ကို ဘာဝနာ မပွားများသူ၏စိတ်ကဲ့သို့တဏှာလောဘ စသော ကိလေသာစိတ် အကုသိုလ်စိတ် အညစ်များ မဖြစ်စေရန် တနေ့တခြား ဖြူစင်သန့်ရှင်းစေခြင်းအလုပ်)ဤအလုပ် ကိုပင် 'ကမ္မဋ္ဌာန်းဘာဝနာ'ဟု ခေါ် သည်။

**စိတ်ထားဖြူစင်** အချိန်ရှိသရွေ့ ဖြူစင်ပြောင်လက်နေချင် သော လူသားတို့၏စိတ်သည် တဏှာ လောဘစသော ကိလေသာ အညစ်အကြေး၊ အကုသိုလ်အညစ် အကြေးတို့၏ ဖိစီး လွှမ်းမိုးမှုကို များစွာခံနေကြရကား ဖြူစင်

ခြင်းသို့ မရောက်နိုင်ကြတော့ပဲ ညစ်ပေမြဲသာ ညစ်ပေ၍ နေကြရ လေတော့သည်။ ယင်းသို့ တညစ်ထဲညစ်၍ မနေကြစေရန် မိမိတို့ စွမ်းအားရှိသလောက် ဘာဝနာလက်နက်၊ ကမ္မဋ္ဌာန်း စက်ဖြင့် သုတ်သင် ရှင်းလင်းပေးကြရမည် ဖြစ်သည်။ ထိုသို့ သုတ်သင်လိုက်ကြပါလျှင် လူသားတို့၏စိတ်သဘောတရားသည် ပွတ်သစ်စခရုသင်းကဲ့သို့ တနေ့တခြား ဝင်းပလာမည်ဖြစ်ပေ သည်။

**စိတ်သာရှင်စေ ဘုရားဟော**

လူအပေါင်းတို့သည် အများ မြင်နိုင် သောပစ္စည်းဥစ္စာရုပ်ခန္ဓာကိုယ် တိုးတက် အောင်၊ သန့်ရှင်းအောင် ပြုပြင်ကြ ဆောင်ရွက်ကြသော်လည်း စိတ်ကိုကား အများစုက မမြင်နိုင် သောကြောင့် စိတ်ထားကောင်းအောင် ဖြူစင် သန့်ရှင်းအောင် ပြုပြင်လိုသူ ဆောင်ရွက်လိုသူတို့သည် အလွန် နည်းပါးလှ၏။ အမှန်သော်ကား ပစ္စည်းဥစ္စာ ရုပ်ခန္ဓာ တိုးတက် သန့်ရှင်းဖို့ထက် စိတ်ထားကောင်းမွန်၍ သန့်ရှင်းမွန်မြတ်ဖို့က သာ၍အရေးကြီး ပါသည်။

ဘာကြောင့်နည်း၊ ဤပစ္စည်းဥစ္စာရုပ်ခန္ဓာကိုယ်တို့သည် ယခု ဘဝမှအပဖြစ်သော နောက်ဘဝသို့ အစဉ်တစိုက်မလိုက်နိုင်ပါ။ စိတ်ကား ဤဘဝ၌ လောဘကြီးလျှင် တမလွန်လောက နောက် ဘဝ၌လည်း ထိုလောဘဓာတ်သည် ဆက်၍ လိုက်ပါသွားသော ကြောင့်၊ လောဘကြီးသူ (အလိုကြီးသူ) ဖြစ်သွားနိုင်၏။ ဤ ဘဝ၌ အသိပညာကြွယ်ဝလျှင် ကုသိုလ်၊အကုသိုလ်ကို ခွဲခြား၍ ကုသိုလ်ကိုသာ ပြုလုပ်တတ်သော အသိပညာရှိလျှင် ထိုအသိ

## အချီးနိဒါန်း

ပညာဓာတ်သည်လည်း နောက်ဘဝသို့ ကူးစက်၍ လိုက်ပါပြီးလျှင် အသိဉာဏ်ပညာကြီးမားသူ ဖြစ်နိုင်၏။ ဤဘဝ၌ သီလမြဲသူသည် နောက်နောက်ဘဝတို့၌လည်း သီလမြဲ၍ နိဗ္ဗာန်ရသည်အထိ အပါယ်သို့ မကျနိုင်။ ထို့ကြောင့် ပစ္စည်းဥစ္စာ ရုပ်ခန္ဓာစသည်တို့ တိုးတက် မြင့်မားမှုထက် စိတ်သန့်ရှင်းဖြူစင်ဖို့က သာ၍ အရေးကြီးကြောင်း သိသာပါသည်။

**ဘာဝနာ၏မူလ သီလ** စိတ်ဓာတ်ဖြူစင် သန့်ရှင်း လာစေနိုင်သော ဘာဝနာအလုပ်ကို အားထုတ်ရာဝယ် မူလအရင်းခံဖြစ်သော လူဖြစ်လျှင် လူ့သီလ၊ သာမဏေဖြစ်လျှင် သာမဏေ၏သီလ၊ ရဟန်းဖြစ်လျှင် ရဟန်း၏သီလတို့ကို အထူးသဖြင့် သန့်ရှင်းစင်ကြယ်ကြရပါမည်။ အကြောင်းကား သီလမစင်ကြယ်လျှင် မိမိ၏ စိတ်နှလုံးမကြည်ရွှင်နိုင်။ စိတ်နှလုံး မကြည်ရွှင်လျှင် ဝမ်းမြောက်မှုနှစ်သက်မှုဟုခေါ်သော နုသော ပီတိ မဖြစ်နိုင်၊ နုသောပီတိမှ မဖြစ်လျှင် ရင့်သောပီတိ ဖြစ်မလာနိုင်၊ ရင့်သောပီတိ မဖြစ်လျှင် ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးမှုလည်း မရနိုင်၊ ကိုယ်စိတ်နှစ်ပါး ငြိမ်းအေးမှု မရလျှင် ချမ်းသာသုခ မဖြစ်နိုင်၊ ချမ်းသာသုခ မဖြစ်လျှင် မိမိပွားများနေသော ကမ္မဋ္ဌာန်းအာရုံပေါ်၌ ငြိမ်သက်တည်ကြည်မှု သမာဓိ မဖြစ်နိုင်တော့။ ထိုသို့ သမာဓိမဖြစ်လျှင် မိမိ၏ စိတ်ဓာတ်သည်လည်းဖြူစင်သန့်ရှင်းလာနိုင်မည်မဟုတ်သောကြောင့်တည်း။

**ဝါသနာပါရာ** ရုပ်နာမ် သင်္ခါရတို့၏ အေးငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို ဤဘဝ၌ပင် မျက်မှောက် ပြုနိုင်ရန် အတွက်ကြောင့် လည်းကောင်း၊ ဤဘဝ၌

# အချီးနိဒါန်း

တရားထူး မရသော်လည်း နောက် နောက်ဘဝတို့၌ ဘာဝနာ အထုံပါစေရန်အတွက်ကြောင့်လည်းကောင်း၊ သမထ ကမ္မဋ္ဌာန်း ဝိပဿနာကမ္မဋ္ဌာန်းတို့မှ မိမိနှစ်သက်၍ ဝါသနာပါရာ ကမ္မဋ္ဌာန်း တခုကို ရွေးချယ်၍ ပွားများအားထုတ်နိုင်ပါသည်။

**အားထုတ်ပုံ အစဉ်** ကမ္မဋ္ဌာန်း ဘာဝနာ ပွားများလိုသော အမျိုးကောင်း သား၊ အမျိုးကောင်း သမီးသည် "ဆိတ်၊ တင်၊ ဖြောင့်၊ ငါး၊ ရှေ့-မြဲ၊ ပွား-ကြိုးစား ဘာဝနာ" ဟူသော မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီး၏ လင်္ကာနှင့်အညီ....

**ဆိတ်** ကမ္မဋ္ဌာန်းအလုပ်ဟူသည် အဓိက ပဓာန အားဖြင့် စိတ်အလုပ်သာ ဖြစ်၏။ ထို့ကြောင့် မိမိ၏စိတ်ကို အနှောင့်အယှက်ဖြစ်စေနိုင်သော မျက်စိအာရုံ၊ နားအာရုံတို့ ကင်းဆိတ်ရာအရပ်ကို နေရ၏။

**တင်** ထိုသို့ ထိုင်ပြီးရာအရပ်သို့ ရောက်သော အခါ အမျိုးသား ဖြစ်လျှင် တင်ပလ္လင် ဖွဲ့ခွေ၍ ထိုင်ပါ။ အမျိုးသမီး ဖြစ်လျှင် ဘုရားရှိခိုးရာ တရားနာရာတို့၌ ထိုင်သကဲ့သို့ ထက်ဝက် တင်ပလ္လင်ဟု ခေါ်သော ထိုင်ခြင်းဖြင့် ထိုင်ပါ။

**ဖြောင့်** ထိုသို့ ထိုင်လျှင် ခါးမှ အထက်ပိုင်း၊ ကိုယ်ကို ဖြောင့်ဖြောင့်စန့်စန့် ထားပါ။ သို့မှသာလျှင် ကြာကြာထိုင်နိုင်မည်။ ဤသို့မဟုတ်ပဲခပ်ကွေးကွေး ခပ်ကုန်းကုန်းပြု၍ ထိုင်သော် အထက်ပိုင်းကိုယ်မှ သွေးလေတို့

သည် ကောင်းစွာ မလျှောက်နိုင်သည့် အတွက် ဝေဒနာတခု ဖြစ်ပေါ်လာပြီး ကြာကြာထိုင်နိုင်မည် မဟုတ်ပေ။

**ငါး** အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့ အထိ ဟူသော အာရုံငါးပါးတို့ကို စိတ်ထဲ၌ ပေါ်မလာအောင် ဖယ်ရှားထားရမည်။ အကယ်၍ မြင်မှု၊ ကြားမှု စသည် ပေါ်လာသော်လည်း မြင်ရုံ ကြားရုံနှင့် ရပ်ဘန့်စေ၍ ရှေ့တိုးမစဉ်းစားပဲ စောင့်စည်းထားရမည်။

**ရှေ့-မြဲ** မိမိပွားများသော ကမ္မဋ္ဌာန်း အာရုံကို စိတ်၏ ရှေ့မှောက်ရှိ အာရုံရောက်အောင် မြဲမြဲထားရမည်။

**ပွား-ကြိုးစား** မိမိ၏ စိတ်အစဉ်၌ ရာဂ ဒေါသ ဣဿာ မစ္ဆရိယတို့ ဝင်ရောက် စွက်ဖက်နေပါက ထို မကောင်းသော စိတ်များကို ဖယ်ရှား၍ သဒ္ဓါပညာ၊ သတိ၊ သမာဓိ၊ ဝီရိယတို့ကိုဖြစ်စေပြီး ကမ္မဋ္ဌာန်းအာရုံ တစတစ တိုးပွားလာအောင် ကြိုးစားရမည်။

**အထူး အားစိုက်** ဤ လောက၌ တွေ့မြင်ရသော လူအပေါင်းတို့သည် လောက၏ အထက်တန်းလွှာသို့ ရောက်ရန်အတွက် လည်းကောင်း၊ လောက၌ ဂုဏ်ရှိရန်အတွက်လည်းကောင်း၊အလုပ်အမျိုးမျိုး ဉာဏ်ပညာ အမျိုးမျိုးဖြင့် လုပ်ကိုင်ဆောင်ရွက်နေကြသော်လည်း လုံ့လဝီရိယကြီးစွာနှင့် လုပ်ကိုင်ဆောင်ရွက်ကြသူတို့သာ ရည်မှန်းရင်း ပန်းတိုင်သို့ ပျော်ပျော်ကြီး ရောက်ရှိကြပေသည်။ လုံ့လဝီရိယ လျော့နည်း

နည်းဖြင့် ပြုလုပ်နေကြသူတို့ကား ရည်မှန်းသော ပန်းတိုင်သို့ မရောက်ပဲ ဒိုရင်းအတိုင်းသာ ဖြစ်နေကြရသည်။ ယခု ကမ္မဋ္ဌာန်း ဘာဝနာ အရာမှာလည်း လုံ့လဝီရိယ လျော့နည်းစွာဖြင့် အချိန်မမှန် အားထုတ်မည် ဆိုလျှင် ရည်မှန်းချက်သို့ ရောက်နိုင်မည် မဟုတ်ပေ။ လုံ့လ ဝီရိယ ပြည့်စုံစွာဖြင့် ဒဿထူး အားစိုက်၍ အားထုတ်ပါမှ ရည်မှန်းသည့်အတိုင်း အောင်မြင်မည်ဖြစ်သည်။

**ဝီရိယလည်း မပိုမလို** ကမ္မဋ္ဌာန်း ဘာဝနာ ပွားများရာတွင် မိမိ၏ ရည်ရွယ်ချက် ပန်းတိုင်သို့ အမြန်ရောက်လို၍ ဝီရိယကို အသားပေးပြီး အားထုတ်လိုက်လျှင်လည်း 'လွယ်လွယ်နှင့် ခက်'ဆိုသကဲ့သို့ ရောက်လွယ်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မပိုမလိုသောဝီရိယနှင့် အချိန်မှန်မှန် ပွားများ အားထုတ်ပါမှ သင့်တော်ပေသည်။

**နိဗ္ဗာန်နှင့် ကြာလေနီးလေ** ပင်ကိုယ်က အောက်အကြေသို့ ရှေရှု၍ စီးဆင်းနေသော မြစ်ရေအလျဉ် တို့သည် သမုဒ္ဒရာနှင့် ကြာလေနီးလေ ဖြစ်သကဲ့သို့ ကမ္မဋ္ဌာန်းဘာဝနာ ပွားများအားထုတ်နေသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၏ စိတ်သည်လည်း တနေ့တခြား အနိစ္စ (အမြဲမရှိ)၊ ဒုက္ခ (ဆင်းရဲ၏)၊ အနတ္တ (အတ္တမဟုတ်) သဘောကို ဆင်ခြင်လာ၍ သံသရာဥ္စြိုးငွေ့လာပြီး နိဗ္ဗာန်သို့သာ ရှေရှုနေတော့၏။ ဤနည်းအားဖြင့် နိဗ္ဗာန်သို့သာ ရှေရှုနေသော စိတ်အစဉ်သည်လည်း နိဗ္ဗာန်နှင့် ကြာလေ နီးလေ ဖြစ်တော့သည်သာ။

**အပါယ်သို့လည်း မကျနိုင်**

သမုဒ္ဒရာသို့ဦးတည်နေသော ရေအလျဉ်သည် စီးဝင်သည့်အခါ သမုဒ္ဒရာသို့သာ စီးဝင်ဖွယ်ရာ ရှိသကဲ့သို့ ဘာဝနာဖြင့် နိဗ္ဗာန်သို့ ဦးတည်နေသော စိတ်အစဉ်သည် ကုသိုလ်ကောင်းမှု ပြုသမျှ၌ နိဗ္ဗာန်သို့သာ စီးဝင်နေသည်ဖြစ်၍ ထို သူတော်ကောင်းများသည် အဘယ်မှာ အပါယ်ကျနိုင်ပါတော့အံ့နည်း။

**ဘာဝနာပင် အမြတ်ဆုံး**

နေ့စဉ် နေ့တိုင်း ထမင်းရည် ချောင်းစီးအောင် လှူဒါန်းနေသော ဝေလာမပုဏ္ဏား၏ အလှူထက် သောတာပန် တယောက်အား တနပ်စာသောဆွမ်းကို လှူဒါန်းရသည်က ပို၍ကြီးမြတ်သည်။ သောတာပန်ဦးရေ တရာ လှူဒါန်းသည်ထက် သကဒါဂါမ်တယောက်အား လှူဒါန်းရသည်က ပို၍ ကြီးမြတ်သည်။ သကဒါဂါမ်တရာအား လှူဒါန်းရသည်ထက် အနာဂါမ် တယောက်အား လှူဒါန်းရသည်က ပို၍ကြီးမြတ်သည်။ အနာဂါမ် တယောက်အား လှူဒါန်းရသည်ထက် ရဟန္တာ တပါးအား လှူဒါန်းရသည်က ပို၍ကြီးမြတ်သည်။ ရဟန္တာ အပါးတရာအား လှူဒါန်းရသည်ထက် ပစ္စေကဗုဒ္ဓာ တဆူအား လှူဒါန်းရသည်က ပို၍ကြီးမြတ်သည်။ ပစ္စေကဗုဒ္ဓာ တရာအား လှူဒါန်းရသည်ထက် ဗုဒ္ဓမြတ်စွာအား လှူဒါန်းရခြင်းက ပို၍ကြီးမြတ်သည်။ ဗုဒ္ဓမြတ်စွာအား လှူဒါန်းရခြင်းထက် ဘုရားအမှူးရှိသော သံဃာတော် အပေါင်းအား လှူဒါန်းရသည်က ပို၍ကြီးမြတ်သည်။ ထို ဆွမ်း အလှူ အားလုံးတို့ထက် သံဃိက ကျောင်းငယ်တလုံး လှူဒါန်း ရခြင်းက ပို၍ကြီးမြတ်သည်။ ထို ကျောင်းအလှူထက် သရဏဂုံ

သုံးပါး ဆောက်တည်ရသော ကုသိုလ်၊ ထိုထက် သရဏဂုံသုံးပါးနှင့်တကွ ငါးပါးသီလကို ဆောက်တည်ရသော ကုသိုလ်၊ ထို အားလုံးသောကုသိုလ်တို့ထက် လက်ဖျစ်တတွက် (လက်ဖြောက်တချက်)တီး အချိန်မျှ မေတ္တာဘာဝနာပွားများရခြင်းက ပို၍ ကြီးမြတ်သည်။ ထို ဆိုခဲ့ပြီးသော အားလုံးတို့ထက် ဝိပဿနာဘာဝနာ ပွားများရခြင်းက ပို၍ကြီးမြတ်ပေသည်။

**ကမ္မဋ္ဌာန်း ဘာဝနာကို ပွားသင့်သည်**

စေတီဆိုသည် သန့်ရှင်းသော မြေတလင်းနှင့် ကြည်ညိုဘွယ်သောင်းသော ပုံကားရှိ၏၊ စိန်ဖူးငှက်မြတ်နားနှင့်တကွ ထီးကားမပါ။ ထိုစေတီကို တင့်တယ်သပ္ပါယ်၏ဟု မပြောဆိုနိုင်။ ထို့အတူ လူဘဝသို့ ရောက်လာသော လူသားတယောက်သည်လည်း ဒါနနှင့်သီလရှိရုံနှင့် "ငါသည် လူ့ဘဝ၌တင့်တယ်၏။ လူ့ဘဝကို အရခတော်၏" ဟု ရဲရဲရင့်ရင့်မပြောဆိုနိုင်။ သင့်တော်သော ကမ္မဋ္ဌာန်း ဘာဝနာ တခုခုကို ပွားများအားထုတ်မှသာလျှင် "ငါသည် လူ့ဘဝ၌တင့်တယ်၏။ လူ့ဘဝကိုအရတော်၏" ဟု ရဲရဲရင့်ရင့် လက်ရုံးကို မြှောက်၍ပင် ပြောဆိုနိုင်၏၊ ထို့ကြောင့် 'ကမ္မဋ္ဌာန်းဘာဝနာ' ကို ပွားသင့်သည် မဟုတ်ပါလား။

**ဘာဝနာ မရှိလျှင် အိမ်မရှိသူနှင့်တူ**

လောက၌ အိမ်ရာ အတည်အကျ မရှိသူတို့သည် သွားချင်ရာသွား ရောက်ချင်ရာရောက်၊ နေချင်ရာကိုသာနေ၍ မိမိတို့ ထင်ရာမြင်ရာ အလုပ်အမျိုးမျိုးကို ပြုလုပ်တတ်ကြ၏။ ထို့အတူ ဘာဝနာတည်းဟူသောအိမ်မရှိသူတို့၏ စိတ်သည်လည်း ကြံချင်ရာကြံ၊ တွေးချင်ရာတွေး၊ ငေးချင်ရာငေး၍ အကုသိုလ်ဒုစရိုက်

## အချီးနိဒါန်း

အမျိုးမျိုးတို့ကို မငွေးတန်း ပြုလုပ်တတ်ကြ၏။ ဘာဝနာအိမ် ရှိသူတို့၏ စိတ်သည် ကား အခါန်ရှိသရွေ့ ကောင်းသော အကြံကိုသာ ကြံစည်နေတတ်ကြပြီး ပြုလုပ်လိုက်လျှင်လည်း အများအတွက် ဖြစ်စေ၊ မိမိအတွက်ဖြစ်စေ အကျိုးရှိသော အလုပ်များသာဖြစ်ကြ၏။

× × ×

**ဤကျမ်းစာကို စီရင်ရခြင်း** ကမ္ဘာ့မေ့တာအလိုက် လသာခိုက် ဖြစ်သော ညများ ဝယ် တ ယောက် နှင့် တယောက် တဖွဲ့နှင့်တဖွဲ့၊ အပြိုင်အဆိုင် ဗိုင်းငင်နေကြသော ရှေးအမျိုးသမီးများကဲ့သို့ သာသနာ လမင်း ကမ္ဘာအတွင်းဝယ် ပေါ်ထွန်းလာရာ ယခုအခါတွင် (လက်သီးထိုးခြင်း၊ ပုတ်ခတ်ခြင်းစသော သေးဖွဲသော ဘေး အပေါင်းမှစ၍ ကြီးကျယ်သော အနုမြူဗုံးတို့ကိုပင် မဖြစ်ပေါ် အောင် တားဆီးပိတ်ပင်ပေးနိုင်စွမ်းရှိသော ကမ္မဋ္ဌာန်းဘာဝနာ တရားကို) အပြိုင်အဆိုင် သိနိုင် ကျင့်နိုင် ကြစေရန်အတွက် ရည်သန်ကာ စီရင်ရပေသတည်း။

# ကမ္မဋ္ဌာန်း ဘာဝနာ

နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## ကသိဏ ကမ္မဋ္ဌာန်းအဖွင့်

### ကသိုဏ်း (၁၀) ပါး

၁။ ပထဝီကသိုဏ်း၊ ၂။ အာပေါကသိုဏ်း၊ ၃။ တေဇောကသိုဏ်း၊ ၄။ ဝါယောကသိုဏ်း၊ ၅။ နီလကသိုဏ်း၊ ၆။ ပီတကသိုဏ်း၊ ၇။ လောဟိတကသိုဏ်း၊ ၈။ ဩဒါတ ကသိုဏ်း၊ ၉။ အာလောက ကသိုဏ်း၊ ၁၀။ ပရိစ္ဆိန္နာကာသ ကသိုဏ်း။

### (၁) ပထဝီကသိုဏ်း

တထွာနှင့်လက်လေးသစ်မျှ ပမာဏရှိသော ခွက်၏မျက်နှာဝလောက်ဖြစ်စေ၊ စကောဃယ်ဃယ်လောက်ဖြစ်စေ၊ ကောက်စပါးနယ်ရာ တလင်းဝိုင်းလောက် ကြီးကြီးဖြစ်စေ၊ ကမ္မဋ္ဌာန်းရှုဖို့ရာ ဝိုင်းဝိုင်းစက်စက် ပြုလုပ်ထားအပ်သော မြေသည် 'ပထဝီ'မည်၏။

ထို ပြုလုပ်ထားအပ်သောမြေကို ကမ္မဋ္ဌာန်းရှုရာတွင် အပိုင်းအကန့် ချန်မထားပဲ အလုံးစုံရှုအပ်သည်ကိုပင် 'ကသိဏ' ကသိုဏ်းဟု ခေါ်သည်။

## ကသိုဏ်းဝန်းနှစ်မျိုး

(၁) မိမိ သမာဓိရလောက်မည့် နေရာအရပ်တို့၌ ပြောင်းရွှေ့ရသော ကသိုဏ်းဝန်း။

(၂) တနေရာတည်း၌ ကောက်နယ် တလင်းကဲ့သို့ အမြဲတည်နေသော ကသိုဏ်းဝန်း ဟု နှစ်မျိုးရှိ၏။

ကသိုဏ်းဝန်းပြုလုပ်ပုံ ပြောင်းရွှေ့ရသော ကသိုဏ်းဝန်းကို သစ်သားပြား အစရှိသည်တို့၏အပေါ်၌ အညို၊ အဝါ၊ အနီ၊ အဖြူရောင်တို့နှင့် ရောနှောခြင်း မရှိသော မြေညက်နုနုကို ရေနှင့်သမအောင်ဖျော်၍ တထွာနှင့် လက်လေးသစ်မျှ အဝန်းအဝိုင်း ပုံသဏ္ဍာန် ဖြစ်ပေါ်လာအောင် အညီအညွတ် သုတ်လိမ်းပြီး အနားချစ်တွင် ဆေးဒါန်းမြင်းသီလာမှုန့်တို့ဖြင့် ရေးတား ထားရသည်။

ကောက်နယ် တလင်းကဲ့သို့ အမြဲ တည်နေသော ကသိုဏ်းဝန်းကို ညီညာသန့်ပြန့်သော မြေပေါ်တွင် မိမိကြိုက်နှစ်သက်သည့် မြေအဝန်းအဝိုင်း ပုံသဏ္ဍာန်ဖြစ်ပေါ်လာစေရန် တတောင့်

ထွာ နှစ်တောင်ခန့်ရှိသော တုတ်တိုင်များကို စိုက်ထူပြီးလျှင် နွယ် စသည်တို့နှင့် ပတ်ဖွဲ့၍ပြုလုပ်ရသည်။

**မှတ်ချက်။** ။ထိုသို့ ကသိုဏ်းဝန်းပြုလုပ်သင့်သော မြေညက်သည် မဝင်းလွန်းမဝါလွန်းသော နုန်းမြေနုသာ ဖြစ်စေရမည်။ ထိုမြေမျိုးကို မြစ်ကမ်းပါးနေရာတို့၌အများအပြားတွေ့နိုင်ပါသည်။ထိုပြင်အထူးမှတ်သားဖွယ်ကား အကြင်ယောဂီသည် အတိတ်ဘဝက ပထဝီကသိုဏ်းကို အကြောင်းပြု၍ ဈာန်ရခဲ့ဖူး၏။ ထိုယောဂီသည် ပြုစီရင်ခြင်းမရှိသော ပထဝီမြေပြင်ကို မြင်ရုံမျှဖြင့် 'ပထဝီ၊ ပထဝီ' ဟု ပွားများလိုက်လျှင် ဥဂ္ဂဟနိမိတ်ဖြစ်ပေါ် လာနိုင်ပါသည်။ ဥဂ္ဂဟနိမိတ်၏ အဓိပ္ပါယ်သည် နောက်၌ ထင်ရှားလတ္တံ့။

**ကသိုဏ်းရှုပုံ** ကသိုဏ်းရှုမည့် ယောဂီသည် ခန္ဓာကိုယ် သန့်ရှင်း စင်ကြယ်၍ စိတ်ရွှင်လန်းလာစေရန် ရေမိုးချိုးရသည်။ထိုသို့ရေမိုးချိုးပြီးနောက်ကသိုဏ်းဝန်းနှင့် နှစ်တောင့်ထွာမျှဝေးသော အရပ်၌ ခင်းထားသော ထိုင်ခုံပေါ်ဝယ်ထိုင်ရမည်။ထိုထိုင်ခုံသည်လည်း တထွာနှင့် လက်လေးသစ်လောက်သာ မြင့်ရမည်။ အကြောင်းကား....နှစ်တောင့်ထွာထက် ဝေးသောအရပ်၌ထိုင်လျှင်ကသိုဏ်းဝန်းသည် ကောင်းစွာ ထင်မည်မဟုတ်ပေ။ နှစ်တောင့်ထွာထက် နီးသော အရပ်၌

ထိုင်လျှင်လည်း ကသိုဏ်းဝန်း၏ အပြစ်တို့သည် ထင်ပေါ်လာကုန်၏။ တဖန် တထွာနှင့် လက်လေးသစ်တက်မြင့်သော ထိုင်ခုံပေါ်၌ ထိုင်ပြန်လျှင်လည်း ကသိုဏ်းရှုသည့်အခါ လည်ကို အောက်သို့ညွတ်၍ (ခေါင်းငုံ့၍) ရှုရ၏။ ထို ပမာဏထက် နိမ့်သော ထိုင်ခုံ၌ ထိုင်လျှင်လည်း ပဆစ် ဒူး ဝမ်းတို့သည် မကြာမီ နာကျင်လာမည်ဖြစ်သောကြောင့်တည်း။

ထိုကြောင့် ဖော်ပြခဲ့သော နည်းဖြင့်သာ ထိုင်ပြီးလျှင် "ကာမဂုဏ်တို့သည်သာယာဖွယ်မရှိကုန်"ဟုအစရှိသောနည်းဖြင့် ကာမဂုဏ်တို့၏ အပြစ်ကို ဆင်ခြင်အောက်မေ့၍ ကာမဂုဏ်တို့မှ ထွက်မြောက်အောင် အလုံးစုံသော ဒုက္ခတို့မှ လွန်မြောက်ကြောင်းဖြစ်သော ဈာန်၌ အလိုဆန္ဒကို ဖြစ်ပေါ်စေလျက် ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်တို့ကို အဖန်ဖန်အောက်မေ့ ပြီးလျှင် "ယခု ငါကျင့်မည့် အကျင့်သည် အလုံးစုံသော ဘုရား ပစ္စေကဗုဒ္ဓါတို့နှင့် အရိယာ သာဝကတို့ ကျင့်တော်မူကြသည့် အကျင့်ပေတည်း"ဟု အကျင့်၌ ရိုသေလေးစားခြင်းကိုလည်း ပြုလျက် "ငါသည် ယခုဘဝ၌ပင် ချမ်းသာသောအရသာကို ရှုစားရတော့မည်"ဟု နှလုံးသွင်း၍ တက်ကြွသောလုံ့လ သဝီရိယကို ဖြစ်စေပြီး ညီမျှသော အခြင်းအရာအားဖြင့် (ကြေးမုံပြင်၌ မျက်နှာရိပ်ကို ကြည့်သကဲ့သို့) မျက်စိကိုဖွင့်လျက် ကသိုဏ်း ရှုရသည်။

အကယ်၍ ကသိုဏ်းရှုသည့်အခါ မျက်စိကိုအလွန်ဖွင့်၍ ကြည့်ရှုလိုက်ပါလျှင် မျက်စိသည် ညောင်းလာ၍ ကသိုဏ်းနိမိတ်သည်လည်း ထင်ပေါ်လွယ်မည် မဟုတ်ပေ။ အလွန်မှေးမှေးလေးဖွင့်၍

ရှုပြန်လည်း ကသိုဏ်းဝန်းသည် မထင်မရှားနှင့် ပေါ်လာပြီး မိမိ၏ စိတ်ကိုလည်း တွန့်ဆုတ်သွားစေတတ်၏။

ထိုကြောင့် ဖော်ပြခဲ့သော အနေအထားဖြင့်သာ ကသိုဏ်းဝန်းကို ကြည့်ရှုနှလုံးသွင်းလျက် စိတ်ထဲ၌ ကသိုဏ်းဝန်းနိမိတ်ဖြစ်ပေါ်လာစေရန် မျက်စိမှိတ်၍ စိတ်ဖြင့် ဆင်ခြင်ရပြန်သည်။ ထိုသို့ မျက်စိမှိတ်၍ ဆင်ခြင်သောအခါ စိတ်အာရုံထဲ၌ မျက်စိဖွင့်၍ကြည့်သကဲ့သို့ ကသိုဏ်းဝန်းသည် ထင်ပေါ်နေလျှင် ဤကသိုဏ်းအတွက် ဥဂ္ဂဟနိမိတ် ဖြစ်ပေါ်လာပြီဟု သိရမည်။

**ပထဝီသာ ဆင်ခြင်ပါ** ထိုသို့ ပထဝီကသိုဏ်းကို ကြည့်ဆင်ခြင်နှလုံးသွင်းရာဝယ် ကသိုဏ်း၏ အဆင်းကိုလည်းကောင်း၊ မာကြောခြင်းကိုလည်းကောင်း၊ နှလုံးသွင်း၍ မပွားများထိုက်။ အကြောင်းကား အဆင်းကို ဆင်ခြင်၍ပွားများလိုက်ပါလျှင် နီလ ပီတ လောဟိတ စသော အဆင်းကသိုဏ်းများနှင့် ရောပြွမ်းသွားပေလိမ့်မည်။ မာကြောခြင်းကို ဆင်ခြင်ပြန်လျှင်လည်း စတုဓာတ်ဝဝတ္ထာန်နှင့်ရောပြွမ်းသွားပေလိမ့်မည်။ ထို့ကြောင့် ပထဝီကသိုဏ်းဝန်းကို ကြည့်၍ "ပထဝီ ပထဝီ မြေ မြေ" ဟု နှလုံးသွင်းပါ၊ နှလုံးသွင်း၍ ပွားများဆင်ခြင်ရမည်။

(စတုဓာတုဝဝတ္ထာန်၏ အဓိပ္ပါယ်သည် နောက်၌ထင်ရှားလတ္တံ့)

**ပဋိဘာဂ နိမိတ်ဖြစ်ပုံ** ပြခဲ့သည့် အစီအစဉ်အတိုင်း ကသိုဏ်းရှုသောအခါ 'ဥဂ္ဂဟနိမိတ်' ဖြစ်ပေါ်လာလျှင် ကသိုဏ်းဝန်းရှိရာ အရပ်၌ မနေတော့ပဲ မိမိနေရာအရပ်သို့ ပြန်၍ ကောင်းစွာထိုင်ပြီးလျှင် "ပထဝီ၊ ပထဝီ"ဟု

နှလုံးသွင်း၍ ဆင်ခြင်ပွားများရပြန်သည်။ (နေရာသို့ မပြန်လို လျှင်လည်းဖြစ်ပါ၏။) ထိုသို့ ပွားများနေစဉ် တစုံတခုသော အကြောင်းကြောင့် သမာဓိ ပျက်သွားလျှင် (ဥဂ္ဂဟနိမိတ် ပျက်သွားလျှင်) ကသိုဏ်းဝန်းရှိရာ အရပ်သို့ တဖန်ပြန်၍ ဥဂ္ဂဟနိမိတ်ယူပြီး ပွားများရပြန်သည်။ ဤသို့ပွားများဖန် နှလုံး သွင်းဖန်များလာသောအခါဝယ် ဥပစာရ သမာဓိ၏ ငြိမ်သက် တည်ကြည်လွန်းမှုကြောင့် နီဝရဏဘရားတို့သည် နောက်သို့ ဆုတ်ခွာသွားကြ၍ ကိလေသာတရားတို့သည်လည်း ငြိမ်ဝပ် သွားကြကုန်၏။ ထိုနီဝရဏဘရား၊ ကိလေသာဘရားတို့ ကွာရှင်း ငြိမ်းအေးသွားသည်နှင့်အတူ 'ပဋိဘ ' နိမိတ်သည် ဖြစ်ပေါ် လာတော့၏။

**ဥဂ္ဂဟနှင့်ပဋိဘာဂ နိမိတ်အထူး**

ပဋိဘာဂနိမိတ်မဖြစ်ပေါ်မီ ဥဂ္ဂဟနိမိတ် ဖြစ်ပေါ် လာ၏။ ထို ဥဂ္ဂဟနိမိတ်၌ ကသိုဏ်းဝန်းပြုလုပ်စဉ်အခါမှ ထင်ကျန် နေရစ်သောလက်ရာ စသည်တို့နှင့်အတူ ပထဝီ၏အဆင်းကသိုဏ်း ဝန်း၏ ပုံသဏ္ဍာန်တို့သည် ထင်ပေါ်နေ၏။ နောက်မှဖြစ်လာ သော ပဋိဘာဂနိမိတ်သည်ကား ဆိုင်ပေါ်တွင် တင်ထားသော မှန်ဝိုင်း သစ်သစ်လေးကဲ့သို့ လည်းကောင်း၊ ကောင်းစွာပွတ် တိုက်ထားသော ခရုသင်း၏ အရောင်ကဲ့သို့ လည်းကောင်း၊ တိမ်ညိုညို ကောင်းကင်ဝယ် ပျံသန်းနေသော ငွေဗျိုင်းဖြူ၏ အရောင်ကဲ့သို့လည်းကောင်း ဥဂ္ဂဟနိမိတ်ထက် အဆအထောင် မကထက်ဝန်းကျင် ဖြူစင်၍ ပေါ်လာ၏။

**ပဋိဘာဂနိမိတ်ကို စောင့်ရှောက်ပါ** ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်နှစ်မျိုးတွင် ပဋိဘာဂနိမိတ်နှင့်တကွ ဥပစာရသမာဓိကို ရစေခြင်းမည်သည် အလွန် ခက်ခဲလှ၏။ ထို့ကြောင့် ထိုနေရာ တထိုင်တည်းဖြင့်ပင် ပဋိဘာဂနိမိတ်ကို အစဉ်မပြတ် ရှုမှတ်၍ အပ္ပနာသို့ ရောက်စေနိုင်ပါမူ အလွန်ကောင်းလှ၏။ အကယ်၍ မရောက်စေနိုင်ပါကရပြီးသော ပဋိဘာဂ နိမိတ်ကို မမေ့မလျော့ပဲ တယုတယ စောင့်ရှောက်၍ နေရမည်။ အကြောင်းကား....ထိုပဋိဘာဂနိမိတ်ကို အမြဲမပြတ် သတိကပ်၍ စောင့်ရှောက်နေသော ယောဂီအား ရပြီးသော ပဋိဘာဂနိမိတ်သည် ပျောက်ပျက်၍ မသွားနိုင်ပေ။ ဤသို့ စောင့်ရှောက်ခြင်းမရှိလျှင် ပျောက်ပျက်သွားတတ်သောကြောင့်တည်း။

**ပဋိဘာဂနိမိတ်ကို စောင့်ရှောက်ပုံ** တထိုင်တည်းဖြင့် ပဋိဘာဂ နိမိတ်ကို ပွားများ၍ အပ္ပနာသို့ မရောက်စေနိုင်သောယောဂီသည်မလျောက်ပတ်သော နေရာ၊ဆွမ်းခံရွာ၊ စကား၊ ပုဂ္ဂိုလ်၊ ဘောဇဉ်၊ ဥတု၊ဣရိယာပုထ်ဟူသော အသပ္ပါယ ခုနစ်ပါးကို ရှောင်ကြဉ်၍လျောက်ပတ်သောနေရာ၊ ဆွမ်းခံရွာ၊ စကား ပုဂ္ဂိုလ်၊ ဘောဇဉ်၊ ဥတု၊ ဣရိယာပုထ်ဟူသော သပ္ပါယ ခုနစ်ပါးကို ဆောင်၍ စောင့်ရှောက်ရမည်။

## သပ္ပာယ၊ အသပ္ပာယ အခွဲ

**နေရာ** အကြင်နေရာသည် ယောဂီ၏ မဖြစ်သေး သော နိမိတ်သည် ဖြစ်ပေါ်လွယ်၏။ ဖြစ်ပေါ်ပြီးသော နိမိတ်သည်လည်း ခိုင်မြဲစွာတည်၏။ မတည်ကြည်သေးသော စိတ်သည်လည်း တည်ကြည်လွယ်၏။ တည်ကြည်ပြီးသော စိတ်သည်လည်း ပို၍တည်ကြည်၏။ ထိုနေရာသည် ကမ္မဋ္ဌာန်း ယောဂီအတွက်လျောက်ပတ်ရသော 'သပ္ပာယ' ဖြစ်၏။ ဤသို့ သဘောမရှိသောနေရာသည် 'အသပ္ပာယ' ဖြစ်၏။

**ဆွမ်းခံရွာ** အကြင်ဆွမ်းခံရွာသည် မိမိနေရာမှ မြောက်အရပ်ဖြစ်စေ၊ တောင်အရပ်ဖြစ်စေ၊ တကောသခွဲ (၇ တောင်နှင့် တာ ၆၀၀) အတွင်း၌ရှိပြီး သင့်လျော်သော ဆွမ်းကိုလည်း အပ်အပ်စပ်စပ်ရလွယ်လျှင် ထိုရွာသည် သပ္ပါယ ဖြစ်၏။ ဤသို့ သဘောမရှိသော ရွာသည် 'အသပ္ပာယ' ဖြစ်၏။

**စကား** နတ်ရွာ ရောက်ကြောင်း မဂ်ဖိုလ်နိဗ္ဗာန် မြင်လွယ်ကြောင်း စကားတို့နှင့် မဆန့်ကျင်သောစကားသည် 'သပ္ပာယ' ဖြစ်၏။ နတ်ရွာရောက်ကြောင်း စသည်တို့နှင့် ဆန့်ကျင်သောစကားသည် 'အသပ္ပာယ' ဖြစ်၏။

**ပုဂ္ဂိုလ်** နတ်ရွာ ရောက်ကြောင်း မဂ်ဖိုလ်နိဗ္ဗာန် မြင်ကြောင်းစကားတို့နှင့် ဖီလာပြုလျက် ဆန့်ကျင်ဘက်မပြောသော ပုဂ္ဂိုလ်၊ သီလ၊ သမာဓိ အကျင့်တို့နှင့်

ပြည့်စုံသော ပုဂ္ဂိုလ်တို့သည် 'သပ္ပာယ' ဖြစ်၏။ ဤသို့ မဟုတ်သော ပုဂ္ဂိုလ်တို့သည် 'အသပ္ပာယ' ဖြစ်၏။

**ဘောဇဉ်** အချို၊ အချဉ်၊ အဖန်၊ အခါး၊ အစပ်၊ အငန်ဟူ၍ ဘောဇဉ် ခြောက်မျိုးရှိ၏။ ထိုဘောဇဉ်အမျိုးမျိုးတို့တွင် အကြင်ဘောဇဉ်ကိုစားလျှင် ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကို လည်းကောင်း၊ သမာဓိကို လည်းကောင်း ရလွယ်၏။ ထိုဘောဇဉ်သည် 'သပ္ပာယ' ဖြစ်၏။ ဤသို့မဟုတ်သော ဘောဇဉ်သည် 'အသပ္ပာယ' ဖြစ်၏။

**ဥတု** အပူ၊ အအေး ဟူ၍ ဥတုနှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် အကြင်ဥတုသည် မိမိ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကို လည်းကောင်း၊ သမာဓိကို လည်းကောင်း ဖြစ်လွယ်ရလွယ်၏။ ထိုဥတုသည် 'သပ္ပာယ' ဖြစ်၏။ ဤသို့မဖြစ်သော ဥတုသည် 'အသပ္ပာယ' ဖြစ်၏။

**ဣရိယာ** သွား၊ ရပ်၊ ထိုင်၊ လျောင်း ဟူ၍ ဣရိယာ လေးမျိုးရှိ၏။ ထိုလေးမျိုးတို့တွင် အကြင် ဣရိယာသည် မိမိ၏ ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းကို လည်းကောင်း၊ သမာဓိကိုလည်းကောင်း ဖြစ်လွယ် ရလွယ်၏။ ထိုဣရိယာသည် 'သပ္ပာယ' ဖြစ်၏။ ဤသို့မဟုတ်သော ဣရိယာသည် 'အသပ္ပာယ' ဖြစ်၏။

---

စပယ်ဦးစာပေ

## အပ္ပနာ ဖြစ်ပေါ်ပုံ

တိုပြဆိုခဲ့သည့်အတိုင်း လျောက်ပတ်သော သပ္ပာယခုနစ်ပါး ကိုဆောင်၍ မလျောက်ပတ်သော အသပ္ပာယ ခုနစ်ပါးကို ရှောင်ကာ ပဋိဘာဂနိမိတ်ကို မှီဝဲခြင်းများသော ပါရမီရှင်အချို့ ယောဂီအား မကြာမီပင် အပ္ပနာဖြစ်ပေါ်၍လာ၏။ အကယ်၍ အပ္ပနာမဖြစ်ပေါ်သေးလျှင် အပ္ပနာ၌ ကျွမ်းကျင်ကြောင်း အစီအရင်(၁၀)ပါးကိုဆက်၍အားထုတ်ပါက မချွတ်ကေန်အမှန်ပင် အပ္ပနာ ဖြစ်ပေါ်လာပေလိမ့်မည်။

## အပ္ပနာအစီအရင် (၁၀)ပါး

၁။ ဝတ္ထုတို့၏ သန့်ရှင်းမှုကို ပြုလုပ်ခြင်း
၂။ ဣန္ဒြေတို့၏ ညီမျှခြင်းကို ပြီးစေခြင်း
၃။ နိမိတ်၌ ကျွမ်းကျင်ခြင်း
၄။ စိတ်ကိုပင့်မြှောက်ခြင်း
၅။ စိတ်ကိုနှိပ်ခြင်း
၆။ စိတ်ကို ရွှင်လန်းစေခြင်း
၇။ စိတ်ကို လျစ်လျူရှုခြင်း
၈။ သမာဓိကင်းသူကို ရှောင်ခြင်း
၉။ သမာဓိရှိသူကို မှီဝဲခြင်း
၁၀။ အပ္ပနာသမာဓိသို့ စိတ်ညွတ်ခြင်း

---

**ဝတ္ထုတို့၏သန့်ရှင်းမှုကို ပြုလုပ်ခြင်း** ဝတ္ထုတို့၏ သန့်ရှင်းမှုကို ပြုလုပ်ခြင်း ဆိုသည်မှာ အတွင်းဝတ္ထု အပြင် ဝတ္ထု တို့၏ သန့်ရှင်းမှုကို ပြုလုပ်ရခြင်းတည်း ဤ၌အတွင်းဝတ္ထုကို သန့်ရှင်းမှုပြုလုပ်မည်ဆိုရာဝယ် ခြေသည်း လက်သည်းရှည်လျှင် ခြေသည်းလက်သည်းတို့ကို ဖြတ်လှီးခြင်း၊ ကျင်စွယ်မုတ်ဆိတ်ရှည်လျှင် ကျင်စွယ်မုတ်ဆိတ်တို့ကို ရိတ်ပယ်ခြင်း၊ ခန္ဓာကိုယ်၌ ချွေးအစရှိသော အညစ်အကြေး များငြိစွန်း လူးကပ်နေလျှင် သန့်ရှင်းအောင် ရေချိုးပေးရခြင်းတို့တည်း။ အပြင်ဝတ္ထုကို သန့်ရှင်းမှု ပြုလုပ်ရမည်ဆိုရာမှာလည်း အဝတ်၊ သင်္ကန်း၊ ပုဝါစသည်တို့ ညစ်နွမ်းနေလျှင် ဖွပ်လျှော်ခြင်း၊ မိမိ နေရာအရပ်ဝယ်အမှိုက်ရှုပ်နေလျှင် သန့်သန့်ရှင်းရှင်းဖြစ်အောင် အမှိုက်လှဲပေးရခြင်းတို့ဖြစ်၏။

**သန့်ရှင်းခြင်း၏အကျိုး**; ထို အတွင်းဝတ္ထု၊ အပြင်ဝတ္ထုတို့ သန့်ရှင်းစင်ကြယ်ရာအခါ၌ ဖြစ်ပေါ်လာသော စိတ်စေတသိက်တို့သည်လည်းသန့်ရှင်းစင်ကြယ်ကြကုန်၏။ ထိုသန့်ရှင်းစင်ကြယ်သော စိတ်စေတသိက်တို့ကိုမှီ၍ ဖြစ်သော ဉာဏ်သည်လည်း ထက်မြက်၍ ဉာဏ်အားကောင်းလာ၏။ ထို ထက်မြက်သော ဉာဏ်အမြင်ဖြင့် သင်္ခါရတရားတို့ကို သုံးသပ် ဆင်ခြင်လျှင် ထင်ထင်ရှားရှား ပေါ်ပေါက်လာ၍ မိမိပွားများ နေသော ကမ္မဋ္ဌာန်းသည်လည်းကြီးပွားခြင်း၊ စည်ပင်ခြင်း၊ ပြန့် ပြောခြင်းသို့ လွယ်ကူစွာ ရောက်နိုင်သည်

**ဣန္ဒြေတို့၏ညီမျှခြင်းကို ပြီးစေခြင်း** ဣန္ဒြေတို့၏ ညီမျှခြင်းကို ပြီးစေခြင်း ဟူသည် သဒ္ဓိန္ဒြေနှင့်ပညိန္ဒြေ၊ သမာဓိန္ဒြေနှင့် ဝီရိယိန္ဒြေ ထိုဣန္ဒြေ အားလုံးနှင့် သတိတို့ ညီမျှခြင်းကိုဆိုလို၏။ ချဲ့ဦးအံ့။ သဒ္ဓိန္ဒြေအားကြီး၍ ပညိန္ဒြေအားနည်းသော ပုဂ္ဂိုလ်သည် စူးစမ်းဉာဏ် နည်းပါး၍ မယုံကြည်ထိုက် မကြည်ညိုထိုက်သော အရာတို့၌ ယုံကြည်လွယ် ကြည်ညိုလွယ်၏။ ပညိန္ဒြေအားကြီး၍ သဒ္ဓိန္ဒြေအားနည်းသော ပုဂ္ဂိုလ်သည် ယုံကြည်မှု နည်းပါး၍ ကောက်ကျစ် စဉ်းလဲသော အဖြစ်သို့ ရောက်တတ်၏။ အပြောအဆိုလည်းခက်၏။ ထိုကြောင့် စူးစမ်းဆင်ခြင်၍ ကောက်ကျစ်ခြင်းမရှိပဲ အမှန်ကို ယုံကြည်နိုင် ကြည်ညိုနိုင်ရန် သဒ္ဓိန္ဒြေနှင့် ပညိန္ဒြေ ညီမျှစေရသည်။

သမာဓိန္ဒြေအားကြီး၍ ဝီရိယိန္ဒြေ အားနည်းသောပုဂ္ဂိုလ်သည် ပျင်းရိခြင်းသို့ ကျရောက်တတ်၏။ ဝီရိယိန္ဒြေအားကြီး၍ သမာဓိန္ဒြေ အားနည်းသော ပုဂ္ဂိုလ်သည် ပျံ့လွင့်မှု ဥဒ္ဓစ္စသို့ ကျရောက်တတ်၏။ ထို့ကြောင့် ပျင်းရိခြင်းသို့လည်းမရောက်၊ ပျံ့လွင့်ခြင်းသို့လည်း မကျရစေရန် သမာဓိန္ဒြေနှင့် ဝီရိယိန္ဒြေတို့ညီမျှစေရသည်။ သတိကိုကား အားကောင်း လေလေ သင့်လျော်လေဟုမှတ်။

**နိမိတ်၌ကျွမ်းကျင်ခြင်း** စိတ်၏ တည်ငြိမ်ကြောင်း ဖြစ်သော အာရုံနိမိတ်ကို ပြုလုပ်ခြင်း၌ လိမ္မာခြင်းသည်လည်းကောင်း၊ စိတ်၏တည်ငြိမ်ကြောင်း အာရုံနိမိတ်ကို ပွားများရာ၌ လိမ္မာခြင်းသည်လည်းကောင်း၊ စိတ်၏ တည်ငြိမ်

ခြင်းဟူသော သမထနိမိတ်ကို စောင့်ရှောက်ခြင်းသည် လည်းကောင်း၊ နိမိတ်၌ ကျွမ်းကျင်သည် မည်၏။

**စိတ်ကိုပင့်မြှောက်ခြင်း** ဝီရိယ အလွန်လျော့ခြင်း စသည်တို့ကြောင့် စိတ်ပျံ့လွင့်၍ တွန့်ဆုတ်နိမ့်ကျနေသောအခါ၌ဘောဇ္ဈင် ၇ ပါးမှ ဓမ္မဝိစယသမ္ဗောဇ္ဈင်(ဆိုင်ရာတရားများကို စိစစ်ခြင်း)ဝီရိယသမ္ဗောဇ္ဈင် (အားထုတ်ကြောင်းဝီရိယ) ပီတိသမ္ဗောဇ္ဈင် (နှစ်သက်ဝမ်းမြောက်ခြင်း) တို့ကို ပွားများလျက်နေသော စိတ်ကို ပင့်မြှောက်ပေးရသည်။

**စိတ်ကိုနှိပ်ခြင်း** ဝီရိယလွန်နေခြင်းတို့ကြောင့် စိတ်တက်ကြွ၍ ပျံ့လွင့်နေသော အခါ ပဿဒ္ဓိသမ္ဗောဇ္ဈင် (ကိုယ်၏ငြိမ်းအေးမှု၊ စိတ်၏ငြိမ်းအေးမှု) ဥပေက္ခာသမ္ဗောဇ္ဈင် (စိတ်စေတသိက်တို့ကို မိမိကိစ္စနှင့် အပိုအလွန်မရှိစေရအောင် အလယ်အလတ်၌ တည့်မတ်မှု)တို့ကို ပွားလျက် တက်ကြွ ပျံ့လွင့်နေသောစိတ်ကို နှိပ်ပေးရသည်။

**စိတ်ကိုရွှင်လန်းစေခြင်း** ပညာ၏ကြောင့်ကြ စိုက်လွန်းမှုကြောင့် ဖြစ်စေ၊ နုံ့ညံ့မှုကြောင့်ဖြစ်စေ၊ငြိမ်းသက်ခြင်းဟူသော ချမ်းသာကိုမရခြင်းကြောင့် ဖြစ်စေ၊ မိမိပွားများနေသော ဘာဝနာကို မိမိကိုယ်တိုင် အထင်သေးပြီး စိတ်ပျက်စွာဖြင့် ညှိုးနွမ်းနေတတ်၏။ထိုအခါ သတ္တဝါတို့အား ထိတ်လန့်စေတတ်သော သံဝေဂဝတ္ထု ရှစ်ပါးကို အောက်မေ့ ဆင်ခြင်ခြင်းဖြင့် စိတ်ကို ရွှင်လန်းစေရသည်။

**သံဝေဂဝတ္ထုရှစ်ပါး** ၁။ ပဋိသန္ဓေတည်နေရခြင်း၊ ၂။ အိုရခြင်း၊ ၃။ မကျန်းမမာ ဖျားနာရခြင်း၊ ၄။ သေရခြင်း၊ ၅။ အပါယ်သို့ ကျတတ်ခြင်း၊ ၆။ အတိတ်ဘဝမှဝဋ်လျှင် အကြောင်းရင်းရှိသော ဆင်းရဲဒုက္ခကို ခံရခြင်း၊ ၇။ အနာဂတ်ကာလ၌လည်း ဆင်းရဲဒုက္ခကို ခံရတတ်ခြင်း၊ ၈။ ယခု ပစ္စုပ္ပန်ဘဝ၌ပင် ဒုက္ခအမျိုးမျိုး ရန်သူအမျိုးမျိုးနှင့် ရင်ဆိုင်၍ နေပူမိုးရွာ မရှောင် အစာရှာဖွေရခြင်း။

**လင်္ကာ။** ။ အမိဝမ်းခေါင်း၊ ဆယ်လသောင်းမျှ၊ အောင်းခဲ့ရချေ၊ တည်သန္ဓေနှင့်၊ လူ့ပြည်လူ့ရွာ၊ ရောက်ပြန်ပါလည်း၊ အိုနာသေရေး၊ ဒုက္ခဘေးကြောင့်၊ စိတ်အေးကိုယ်ခိုင်၊ မနေနိုင်ခဲ့၊ ဆိုင်ဆိုင်ဒုက္ခ၊ စံပြီးမှလည်း၊ များလှအပါယ်ရွာ၊ ရောက်ကြရှာ၏၊ အတီတာရှေး၊ ဤဝဋ်ဘေးနှင့်၊ နောင်ရေးနာဂတ်၊ ဒုက္ခတပ်လိမ့်၊ မပြတ်ခုခါ၊ ဖြစ်တုံမှာလည်း၊ အစာရှာရ၊ ထိုဒုက္ခကြောင့်၊ နေ့ညမဟူ၊ ကိုယ်စိတ်ပူ၍၊ သူသူငါငါ၊ မသက်သာသည် ရှစ်ဖြာ သံဝေရကြောင်းတည်း။ ။

[ကျမ်းပြုအကျော် မဟာဂန္ဓာရုံ ဆရာတော်]

**စိတ်ကို လျစ်လျူရှုခြင်း** ပြခဲ့သောအစီအစဉ်အတိုင်း ကျင့်သော ယောဂီ၏ ဘာဝနာစိတ်သည် သာယာဖွယ်နှင့်တကွ တွန့်ဆုတ်ခြင်းပျံ့လွင့်ခြင်း မရှိပဲ သမထအကျင့်လမ်း၌ ကောင်းစွာရောက်နေအံ့။ ထိုအခါ

စိတ်ကိုမြှောက်ခြင်း နှိပ်ခြင်း ရွှင်လန်းစေခြင်းတို့ကို မပြုလုပ်ရတော့ပဲ လျစ်လျူရှုထားရသည်။

**သမာဓိကင်းသူကို ရှောင်ခြင်း** သမာဓိအလုပ်ကို အားမထုတ်သော ပုဂ္ဂိုလ်၊ ဈာန်မဂ်ဖိုလ်ရကြောင်း ကောင်းမြတ်သောအကျင့်လမ်း၌ မဘက်ရောက်ဘူးသော ပုဂ္ဂိုလ်၊ ဟိုကိစ္စ ဒီကိစ္စ စသည်တို့၌ ဝင်ရောက်စွက်ဖက်လေ့ရှိသောပုဂ္ဂိုလ်၊ စိတ်နှလုံးမတည်မတန့်၊ ပျံ့လွင့်နေ သော ပုဂ္ဂိုလ်တို့ကို ရှောင်ကြဉ်ရခြင်းတည်း။

**သမာဓိရှိသူကို မှီဝဲခြင်း** ဈာန်ရကြောင်းအကျင့်လမ်း၌ သွားဖူး ကျင့်ဖူးသူဖြစ်၍ ဥပစာရသမာဓိ၊ အပ္ပနာ သမာဓိကို ရဖူးသောပုဂ္ဂိုလ်၏ အထံသို့ ရံဖန်ရံခါ ချဉ်းကပ်ရခြင်းတည်း။

**အပ္ပနာသမာဓိသို့ စိတ်ညွတ်ခြင်း** အပ္ပနာသမာဓိသို့ စိတ်ညွတ်ခြင်း ဟူသည် အပ္ပနာသမာဓိ ဖြစ်စေရန် နှလုံးသွင်းခြင်း၊ အစဉ်မပြတ်အားထုတ်ခြင်း၊ သမာဓိကို အလေး ဂရု ပြုခြင်းတည်း။

## ဈာန်ရပုံအစဉ်

**ပထမဈာန်ရပုံ** ဆိုခဲ့ပြီးသည့်အတိုင်း နိမိတ်ကို ရှေးရှု၍ ပွားများနေသော ယောဂီသည် ပါဠိလို 'ပထဝီ၊ ပထဝီ' မြန်မာလို 'မြေ၊ မြေ' ဟုရှု၍ အားထုတ်ခြင်း ကြောင့် ထင်လာသော ပထဝီကသိုဏ်း ပဋိဘာဂ နိမိတ်ကို

ပင်လျှင် အာရုံပြုလျက် မနောဒွာရဝဇ္ဇန်း ဖြစ်ပေါ်လာ၏။ ဉာဏ်ထက်မြက်သော ခိပ္ပါဘိညာ ပုဂ္ဂိုလ်အား ဇောလေးကြိမ်ကျ၍ ဉာဏ်နုံ့သောဒန္ဓာဘိညာပုဂ္ဂိုလ်အား ဇောငါးကြိမ်ကျ၏။ ဤလေးကြိမ် ငါးကြိမ်သော ဇောတို့တွင် နောက်ဆုံးဇောသည် ရူပါဝစရဇော၊ ကြွင်းသော ဇောတို့သည် ကာမာဝစရဇော ဖြစ်၏။

[ခိပ္ပါဘိညာပုဂ္ဂိုလ်အား ဇောလေးကြိမ် ကျရာတွင် နောက်ဆုံး စတုတ္ထဇောသည် ရူပါဝစရဇော၊ ကြွင်းသော ပထမ ဒုတိယ တတိယ ဇောတို့သည် ကာမာဝစရဇော ဖြစ်၍ ဒန္ဓာဘိညာပုဂ္ဂိုလ်အား ဇောငါးကြိမ်ကျရာတွင် နောက်ဆုံးပဉ္စမဇောသည် ရူပါဝစရဇော၊ ကြွင်းသော ပထမ ဒုတိယ တတိယ စတုတ္ထဇောတို့သည် ကာမာဝစရဇော ဟူလို။]

ဆက်၍ပင် ဒန္ဓာဘိညာပုဂ္ဂိုလ်အား ဖြစ်ပေါ်သော ဇောတို့ကို ပရိကမ်စသည်ဖြင့် ခွဲခြားသော် ပထမဇောသည် ပရိကမ်၊ ဒုတိယဇောသည် ဥပစာ၊ တတိယဇောသည် အနုလုံ၊ စတုတ္ထဇောသည် ဂေါတြဘူဖြစ်၍ ပဉ္စမဇောသည် အပ္ပနာစျာန်စိတ်ဖြစ်၏။ ကြွင်းသော ဆဋ္ဌ သတ္တမဇောတို့သည် ဇောအဟုန်ကုန်၍ ကျဆင်းသွားသောကြောင့် ဘဝင်စိတ်သာ ဖြစ်သွားတော့၏။ ခိပ္ပါဘိညာ ပုဂ္ဂိုလ်၌ ထက်မြက်သော ဉာဏ်ထူးရှိ၍ ဒန္ဓာဘိညာ ပုဂ္ဂိုလ်ကဲ့သို့ အပ္ပနာဖြစ်စေရန်အတွက် ကြိုတင်၍ပြုပြင်ရန်မလိုသောကြောင့် ပရိကမ် မပါခြင်းသာထူးတော့၏(ပရိ၊

အသင့်ဖြစ်စေရန်ကြိုတင်၍။ကမ္မ၊ပြုတတ်သည်။ပရိကမ္မ၊ကြိုတင်၍ ပြုတတ်သောဇော။)

**မှတ်ချက်။** ။အဘိဓမ္မာကိုဆောင်သောဂေါဒတ္တမထေရ်ကမူ ရှေးရှေးသော ကုသိုလ်တရားတို့သည် နောက် နောက်သော ကုသိုလ်တရားတို့အား အာသေ ဝနပစ္စည်းဖြင့် ကျေးဇူးပြု၏ဟူသော ပဋ္ဌာန်း ပါဠိတော်ကိုရွတ်ဆို၍ ခိပ္ပါဘိညာ ပုဂ္ဂိုလ်အား ဆင္ဌဇောသည် အပ္ပနာစျာန်စိတ်ဖြစ်၍ ဒန္ဓာဘိညာ ပုဂ္ဂိုလ်အား သတ္တမဇောသည် အပ္ပနာစျာန်စိတ် ဖြစ်၏ဟုဆို၏။ထိုစကားကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဆရာက 'အဘိဓမ္မိက ဂေါဒတ္တမထေရ်က သူ၏ အလို သူ၏ အကြိုက်သာဆို၏' ဟုပြော၍ ပယ် သွားသောကြောင့် ဤကျမ်း၌ ခိပ္ပါဘိညာ ပုဂ္ဂိုလ်အား စတုတ္ထဇောသည် အပ္ပနာစျာန် စိတ်ဖြစ်၍ ဒန္ဓာဘိညာပုဂ္ဂိုလ်အား ပဉ္စမဇောသည် အပ္ပနာစျာန်စိတ်ဖြစ်၏ ဟုရေးလိုက်သည်။

**ပထမစျာန်ရပြီး ပုဂ္ဂိုလ်၌ မရှိသောတရား** ပထမစျာန်ရပြီး ပုဂ္ဂိုလ်၌ ၁။ ကာမစ္ဆန္ဒ ၂။ ဗျာပါဒ၊ ၃။ ထိနမိဒ္ဓ၊ ၄။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စ၊ ၅။ ဝိစိကိစ္ဆာ ဟူသော နီဝရဏ တရားများမရှိကြ။

---

**ယင်းတရားတို့ မရှိခြင်း၏ အကြောင်း**

အထူးထူးသော ကာမအာရုံဖြင့် ကာမစ္ဆန္ဒ၏ ဖြားယောင်းခြင်းကို ခံနေရသော စိတ်သည် အာရုံတခုတည်း၌ ကောင်းစွာ မတည်၊ တနည်းဆိုသော် ကာမစ္ဆန္ဒ၏ နှိပ်စက်မှုကို ခံနေရသောစိတ်သည် ကာမနှင့် ရောထွေးနေသည် ဖြစ်၍ ကာမဓာတ် ကာမအရသာကို ဖြောင့်ဖြောင့်ဆန့်ကျင်၍ ကောင်းစွာပယ်ကြောင်းဖြစ်သော ဈာန်ရမှုအကျင့်ကိုမကျင့်နိုင်၊ ဗျာပါဒက နှိပ်စက်နေသောစိတ်သည် ပွံ့လွင့်ခြင်း ဝိက္ခေပနှင့် မခြားလှသောကြောင့် သမာဓိလုပ်ငန်းဖြစ်သော ဈာန်ရမှု အကျင့်၌မကျင့်နိုင်၊ ထိန၊ မိဒ္ဓတို့၏ လွှမ်းမိုးနှိပ်စက်ခြင်းကို ခံနေရသောစိတ်သည် ရှင်သန်မှုမရှိပဲ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ်နေသောကြောင့် ဘာဝနာအမှု၌ မလျှောက်ပတ်။ ဥဒ္ဓစ္စ၊ ကုက္ကုစ္စတို့၏ လွှမ်းမိုးနှိပ်စက်ခြင်းကို ခံနေရသောစိတ်သည် လှည့်လည် လေလွင့်၍ နေသောကြောင့် ဈာန်ရမှုအကျင့်လမ်း၌ မပေါက်ရောက်နိုင်၊ ဝိစိကိစ္ဆာ၏ လွှမ်းမိုးနှိပ်စက်ခြင်းကို ခံနေရသောစိတ်သည် ယုံမှားသံသယနှင့်တကွ ဒွိဟဖြစ်နေသောကြောင့်ဈာန်ရမှုအကျင့် လမ်း၌ မပေါက်ရောက်နိုင်၊ ထိုသို့ ဈာန်အန္တရာယ် ပြုတတ်သော တရားတို့သည် ပထမဈာန်ရသည့်အခါ လုံး ၀ မရှိတော့ချေ။ ဥပမာ အလင်းရောင် ပေါ်ထွက်လာလျှင် ဆန့်ကျင်ဘက်ဖြစ်သော အမှောင်သည် မရှိနိုင်သကဲ့သို့တည်း။

**ပထမဈာန်၏ ကောင်းခြင်းသုံးပါး**

၁။ ဈာန်ရကြောင်း အကျင့်၏စင်ကြယ်ခြင်းဟူသော အစ၏ကောင်းခြင်း။

၂။ ဥပေက္ခာ ပွားခြင်း ဟူသော အလယ်၏ ကောင်းခြင်း။

၃။ စိတ်၏ ရွှင်လန်း ကြည်လင်ခြင်း ဟူသော အဆုံး၏ ကောင်းခြင်း။

**ပထမဈာန်၏ လက္ခဏာဆယ်ပါး** ၁။ ဈာန်၏ ဘေးရန်ဖြစ်သော နိဝရဏတို့နှင့် ကင်းဝေး၍ စင်ကြယ်ခြင်း၊ ၂။ နိဝရဏတို့မှ ကင်းဝေး စင်ကြယ်ခြင်းကြောင့် စိတ်သည် တည်ငြိမ်၍ သမာဓိအကျင့်၌ ကောင်းစွာ ကျင့်နိုင်ခြင်း၊ ၃။ သမာဓိအကျင့်ကို ကောင်းစွာ ကျင့်နိုင်ခြင်းကြောင့် ဘာဝနာနိမိတ်သို့ ကောင်းစွာ ရောက်ခြင်း၊ ၄။ စင်ကြယ်သော စိတ်ကိုလျစ်လျူရှုခြင်း၊ ၅။ သမထလမ်းမှန်၌ သွားသော စိတ်ကို လျစ်လျူရှုခြင်း၊ ၆။ ကိလေသာအဖော်မပါပဲ တခုတည်း၏အဖြစ်၌ တည်နေသော အပ္ပနာကို လျစ်လျူရှုခြင်း၊ ၇။ ပထမဈာန် စိတ်၌ ဖြစ်သော တရားတို့သည် အချင်းချင်း မလွန်ခြင်းဟူသော သဘောတို့ဖြင့် ရွှင်လန်းကြည်လင်ခြင်း၊ ၈။ ဣန္ဒြေတို့၏ တူညီခြင်းဟူသောကိစ္စသဘောတို့ဖြင့် ရွှင်လန်းကြည်လင်ခြင်း၊ ၉။ ထိုဣန္ဒြေတို့ အားလျော်သော ဝီရိယကိုဆောင်ခြင်း၊ ၁၀။ ထိုဆိုအပ်ခဲ့ပြီးသော ဣန္ဒြေကိစ္စဝီရိယတို့ကိုမှီပဲခြင်းဟူသော ရွှင်လန်းကြည်လင်ခြင်း။

**မှတ်ချက်။** ။စင်ကြယ်သောစိတ်ကို လျစ်လျူရှုခြင်း၌ လျစ်လျူရှုခြင်းဟူသည် နိဝရဏတို့မှ စင်ကြယ်

ပြီးသောစိတ်ကို နောက်ထပ် တဖန် စင်ကြယ်
အောင် သုတ်သင်ဖွယ် မရှိတော့သောကြောင့်
သုတ်သင်ဖို့ရန် ကြောင့်ကြမပြုရခြင်းကို
လျစ်လျူရှုသည်ဟု ခေါ်သည်။

သမထ လမ်းမှန်သွားသောစိတ်ကို လျစ်လျူရှုခြင်း၌ လျစ်လျူရှုခြင်းဟူသည် လမ်းမှန်၌ ကောင်းစွာရောက်၍ သွားနေသောစိတ်ကို လမ်းမှန်၌ ရောက်အောင်သွားအောင် ပြုပြင်ဖွယ်၊ ကြောင့်ကျဖွယ် မလိုခြင်းကို လျစ်လျူရှုသည်ဟု ခေါ်သည်။ ဥပမာ လမ်းပေါ်၌ကောင်းစွာသွားနေသောမြင်းကို လမ်းပေါ် ရောက်အောင် သွားစေလိုသောစိတ် (မောင်းလိုသောစိတ်)ကို မြင်းဆရာသည် လျစ်လျူရှုထားရသကဲ့သို့တည်း။

ကိလေသာ အဖော်မပါပဲ တခုတည်း၏အဖြစ်၌ တည်နေသော အပ္ပနာကို လျစ်လျူရှုခြင်း၌ လျစ်လျူရှုခြင်းဟူသည် သမထလမ်းမှန်ကို ကောင်းစွာကျင့်၍ အပ္ပနာသို့ ရောက်နေသော ယောဂီ၌ ကိလေသာတို့သည် ကွာရှင်း၍ နေကြကုန်၏။ ထိုသို့ကိလေသာကွာရှင်းနေသော အပ္ပနာစိတ်ကို ကိလေသာတို့မှ ကွာရှင်းအောင် ကြောင့်ကျမရှိရတော့ခြင်းကို လျစ်လျူရှုသည်ဟု ခေါ်သည်။

**ရပြီးသောဈာန်ကို မကြာမကြာဝင်စားပါ**

ကောင်းခြင်းသုံးပါးလက္ခဏာဆယ်ပါး နှင့်ပြည့်စုံသောဈာန်ကိုရပြီးသောယောဂီသည် မိမိသန္တာန်၌ သစ်သားတွင် သံမှို နှင့် ရိုက်ထားသကဲ့သို့ စွဲသည်ထက်စွဲ၊ မြဲသည်ထက်မြဲအောင်ရပြီး

သော ဈာန်ကို မကြာမကြာဝင်စား၍ နေရမည်။ ဝင်စားရာ အခါမှာလည်း မူလက ပွားများခဲ့သောကသိုဏ်းဝန်း ပဋိဘာဂ နိမိတ်ကိုပင် အောက်မေ့ပြီး ပထမဈာန်စိတ်တွေ များများကြီး ဖြစ်၍နေအောင် ဝင်စားရသည်။

ဘာကြောင့်နည်း....ရှေးဦးအစကရလိုက်သော ဈာန်ဇောမှာ အာဒိကမ္မိကဖြစ်သောကြောင့် ဈာန်ဇော တကြိမ်သာ ဖြစ်လိုက်ရ၏။ ထိုသို့မကြာမကြာ ဝင်စားသောအခါ စိတ်အား ဉာဏ်အား ကောင်းလာသောကြောင့်ဈာန်ဇောသည်အရေအတွက်များစွာ ဖြစ်ပေါ်လာ၏။ ဤသို့ဈာန်ဇောတွေများများဖြစ်ပေါ်၍လာမှ သာလျှင် မိမိသန္တာန်၌ ပထမဈာန်သည် ကြာမြင့်စွာတည်သော ကြောင့်တည်း။

**ဒုတိယဈာန်သို့တက်ပုံ** ဒုတိယဈာန်သို့ တက်လိုသော ယောဂီ သည် ရအပ်ပြီးသော ပထမဈာန်ကို ငါးတန်သော ဝသီဘော်မြောက်အောင် အဝါးဝစွာ လေ့လာ ရပေဦးမည်။ အသားကျအောင်အထပ်ထပ်ဝင်စားရပေဦးမည်။ ထိုသို့ မဝင်စားပဲ အထက်ဈာန်ကိုရလိုသောဆန္ဒဖြင့် ဆက်၍ အားထုတ်လျှင် 'ဖွတ်မရ ဓားမဆုံး' ကိန်းသို့ မူလ ရအပ် ပြီးသော ဈာန်သည်ပင် အသားမကျခင် ပစ်ထားမိသဖြင့် ပျောက်ကွယ်သွားတတ်သည်။

ထိုကြောင့် ဈာန်ကို ဝင်စားပြီး၍ ဈာန်၏အဆုံး၌ဘဝင် စိတ်တွေများများ မဖြစ်စေပဲ၊ မိမိဝင်စားသော ဈာန်အင်္ဂါ တို့ကို ပြန်၍ဝင်စားနိုင်သော 'အာဝဇ္ဇနဝသီဘော်' မိမိအလို

---

စပယ်ဦးစာပေ

ရှိသောအခါတွင် ဈာန်ကို လျင်မြန်စွာ ဝင်စားနိုင်သော 'သမာပဇ္ဇနဝသီဘော်' အချိန်ကာလကို ကန့်သတ်ပိုင်းခြား၍ (တနာရီဖြင့်တနာရီ၊ နှစ်နာရီဖြင့် နှစ်နာရီစသည်ဖြင့်) မိမိသတ်မှတ်ထားသော အချိန်အတိုင်း အတိအကျ ဝင်စားနိုင်သော 'အဓိဋ္ဌာန်ဝသီဘော်' မိမိမှန်းထားသောအချိန်၌ဈာန်ဝင်စားခြင်းမှ ကောင်းစွာထနိုင်သော 'ဝုဋ္ဌာနဝသီဘော်' ဝင်စားပြီးသောဈာန် အင်္ဂါတို့ကို ပြန်၍ဆင်ခြင်သော ဝီထိတို့၏ တဝီထိတဝီထိတို့နှင့် အကြားဝယ်တွင် များစွာ မခြားပဲ ဆက်ခါဆက်ခါ ဖြစ်စေနိုင်သော 'ပစ္စဝေက္ခဏာ ဝသီဘော်'တို့ဖြင့် အပါးဝစွာ လေ့လာပြီးလျှင် ပထမဈာန်၏အဖြစ်ကို ရှုမြင်ရမည်။ အဘယ်သို့ ရှုမြင်ရမည်နည်းဟုဆိုသော် "ယခုငါရထားသောဈာန်သည် အလုံးစုံသော ဈာန်အပေါင်းတို့တွင် အောက်အကျဆုံးဖြစ်၏။ နီဝရဏဟူသော ကာမရန်သူနှင့် လည်းနီး၏။ အလွန်ရုန့်ရင်းကြမ်းတမ်းသော ဝိတက်ဈာန်တရားလည်း ပါနေ၏" ဟု ရှုမြင်ရမည်။

ထိုသို့ရှုမြင်ပြီးလျှင် ဝိတက်မပါသော ဒုတိယဈာန်ကိုရလျှင် ကောင်းလေစွဟု ဒုတိယဈာန်ကို လိုချင်သော အာသာဆန္ဒဖြင့် တောင့်တ၍ ဝိတက်ကို ရန်သူကြီးကဲ့သို့ မှတ်ထင်ပြီး ပထဝီကသိုဏ်း ပဋိဘာဂနိမိတ်ကိုပင် ပါဠိလို "ပထဝီ၊ ပထဝီ" မြန်မာလို၊ "မြေ-မြေ" ဟု အထပ်ထပ် ပွားများဖန်များလျှင် မိမိ၏ စိတ်မှ ဝိတက်ဈာန်တရားသည် တဖြေးဖြေးဖြင့် တိမ်မြုပ်ပြီး တမှေးမှေးနှင့် ကွယ်ပျောက်သွားလေသည်။ ဝိတက်ကွယ်ပျောက်သွားလျှင် စိတ်အစဉ်သည်လည်း နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ ဖြစ်လာပြီး ပထမဈာန်တုန်းက ဈာနဝီထိအစဉ် ကျသကဲ့သို့ ဒုတိယဈာန်ဇော ဝီထိကျလာတော့သည်။

**တတိယဈာန်** **စသည်တက်ပုံ** တတိယဈာန်ကို ရလိုသော ယောဂီသည် ဒုတိယဈာန်ကို အဝါးဝစွာ လေ့လာပြီး ဝိစာရကို ရန်သူကြီးကဲ့သို့ အောက်မေ့၍ ပွားများရမည်၊ စတုတ္ထဈာန်ရလိုသော ယောဂီသည် ပီတိကို ရန်သူကြီးကဲ့သို့ အောက်မေ့၍ ပွားများရမည်။ ပဉ္စမဈာန်ကို ရလိုသော ယောဂီသည် သုခကို ရန်သူကြီးကဲ့သို့ အောက်မေ့၍ ပွားများရမည်။

(ကြွင်းသိဖွယ်ကို ဒုတိယဈာန်တက်ပုံ၌ကြည့်။)

**ဈာန်နှင့်** **ဈာန်အင်္ဂါများ** ပထမဈာန်၌ ဝိတက္က ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ ဒုတိယဈာန်၌ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ၊ တတိယဈာန်၌ ပီတိ သုခ ဧကဂ္ဂတာ၊ စတုတ္ထဈာန်၌ သုခ ဧကဂ္ဂတာ၊ ပဉ္စမဈာန်၌ ဥပေက္ခာ၊ဧကဂ္ဂတာဟူသောဈာန်အင်္ဂါ(ဈာန်တရား)များရှိ၏။

**ဝိတက်စသည်ကို** **ဈာန်ခေါ်ပုံ** ဈာန်အင်္ဂါ ဈာန်တရားဟု ခေါ်ဆိုရသည့် ဝိတက်စသော ငါးပါးသော စေတသိက်တို့သည် အာရုံ၌စူးစူးစိုက်စိုက် ရှုခြင်းဟူသော 'နဥပနိဇ္ဈာနကိစ္စ' ဆန့်ကျင်ဘက် နီဝရဏတရားတို့ကို ပါယ်ရှားလောင်ကျွမ်းစေခြင်းဟူသော 'ဈာပနကိစ္စ' တို့ ရှိသောကြောင့် ဝိတက်စသော စေတသိက်ငါးပါးအပေါင်းကို ဈာန်ဟု မှည့်ခေါ်ရလေသည်။

---

**ဝိတက္ကသဘော** ဝိတက်သည် ထိန မိဒ္ဓ နီဝရဏ တို့ကို လောင်ကျွမ်း ပျက်စီးစေခြင်း သဘော ရှိ၏။ ခွဲဦးအံ့။ ထိန၊ မိဒ္ဓဟူသည် ထိုင်းမှိုင်းတွေဝေခြင်း သဘော ရှိသောကြောင့် အကြံအစည်ကင်းသူ လူပြိန်း လူအနှင့်တူ၏။ ဝိတက်ကား သမ္ပယုတ်တရားစုကို အာရုံတခုခုသို့ ရောက်၍ ရောက်၍ နေအောင် မနားမနေ တင်ပေးတတ်သော သဘော ရှိသောကြောင့် ကြံစည်လေ့ရှိသူနှင့်တူ၏။ ထို့ကြောင့် ထိန မိဒ္ဓနှင့် ဝိတက်သည် မျဉ်းပြိုင်သဖွယ် ဆန့်ကျင်ဘက်ဖြစ်ရကား ဝိတက် စျာန်တရားက ထိန မိဒ္ဓ နီဝရဏတရားနှစ်ပါးကို စိတ်အစဉ်မှာ ဝင်မလာအောင် ပယ်ရှားသမှု စျာပနကိစ္စပြုလျက် ကသိုဏ်း စသော အာရုံဘက်သို့ စိတ်အစဉ်တက်၍နေအောင် တင်ဆောင် ပေးသော သဘောပင်တည်း။

(အဂ္ဂိစျာပန ပြုလုပ်သည့်အခါ ဆိုင်ရာမီးလောင်စာ များကို ပျောက်ပျက်အောင် လောင်ကျွမ်းသကဲ့သို့ ဝိတက်က ထိန မိဒ္ဓကို ပျောက်ပျက်အောင် လောင်ကျွမ်း စေသည်ဟူလို)။

**ဝိစာရသဘော** ဝိစာရသည် ဝိစိကိစ္ဆာနီဝရဏကို လောင် ကျွမ်း ပျက်စီးစေခြင်း သဘောရှိ၏။ ခွဲဦးအံ့။ ဝိစိကိစ္ဆာ ဟူသည် အာရုံတခု၌ ကောင်းစွာမတည်၊ အလီလီယုံမှားတတ်သော သဘောတည်း၊ ထို့ကြောင့် ဝိတက် တင်ပေးမှုအတွက် အာရုံသို့ တက်ရောက်ဖြစ်ပေါ်နေသော စိတ်

အစဉ်သည် ဝိစိကိစ္ဆာနှောင့်ယှက်က ထိုကသိုဏ်းစသော အာရုံမှ ကျဆင်းခဲ့ရပေလိမ့်မည်။ ဝိစာရတရားကား သမ္ပယုတ်တရားတို့ကို ရောက်ပြီးသောအာရုံမှ ခွာထွက်၍ မသွားနိုင် လောက်အောင် အာရုံကို အထပ်ထပ်စွဲမြဲစွာ သုံးသပ်ခြင်း သဘောတည်း။ ထို့ကြောင့် ဝိစိကိစ္ဆာနှင့် ဝိစာရသည် ဖြောင့်ဖြောင့်ဆန့်ကျင် ဘက်ဖြစ်ရကား ဝိစာရစျာန်တရားက ဝိစိကိစ္ဆာနီဝရဏကို စိတ်အစဉ်မှာမပါဝင်အောင် ဖယ်ရှားသမှု စျာပနကိစ္စပြုလျက် ကသိုဏ်းစသောအာရုံကို အလီလီသုံးသပ်သော သဘောပေ တည်း။

**ပီတိသဘော** ပီတိသည်ဗျာပါဒ နီဝရဏကို လောင် ကျွမ်းစေခြင်း သဘောရှိ၏။ ချဲ့ဦးအံ့။ ဗျာပါဒဟူသည် တရားကိုယ်အားဖြင့် ဒေါသပင်ဖြစ်ရကား ခက်ထန်ကြမ်းတမ်းပြီး အာရုံကိုမနှစ်သက်နိုင်သော သဘောရှိ၏။ ထို့ကြောင့် ဝိစာရက အထပ်ထပ်သုံးသပ်နေသော်လည်း ဗျာပါ ဒက နှောင့်ယှက်လိုက်လျှင် အာရုံ၌ကြာရှည်စွာ သုံးသပ်တော့ မည်မဟုတ်၊ ပီတိကား အာရုံကိုနှစ်နှစ်ကာကာ ရက်ရက်စက်စက် အလွန်နှစ်သက်တတ်သော သဘောတည်း။ ထို့ကြောင့် ဗျာ ပါဒနှင့် ပီတိသည် ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်ရကား ပီတိ စျာန်တရားက ဗျာပါဒနီဝရဏကို စိတ်အစဉ်မှာ ကပ်မလာနိုင် အောင် တွန်းကန်သမှု စျာပနကိစ္စပြုလျက် ဝိတက်ကတင်ပေး လိုက်၍ ဝိစာရက ထပ်တလဲလဲသုံးသပ်နေသော အာရုံပေါ်မှာ အားရပါးရ နှစ်သက်နေသော သဘောတည်း။

---

**သုခသဘော** သုခသည် ဥဒ္ဓစ္စ ကုက္ကုစ္စကို လောင်ကျွမ်း ပျက်စီးစေခြင်းသဘောရှိ၏။ ချဲ့ဦးအံ့။ ဥဒ္ဓစ္စသည် တုန်လှုပ်ပျံ့လွင့်တတ်၍ မငြိမ်မသက်ခြင်း သဘော ရှိ၏။ကုက္ကုစ္စကား နောင်တ တဖန် ပူပန်တတ်ခြင်းသဘောရှိ၏။ ထို့ကြောင့် ကသိုဏ်းအစရှိသော အာရုံ၌ စိတ်အစဉ်က နှစ်သက် အားရ ပီတိကျနေသော်လည်း သာယာဖွယ် အရသာ မပေါ် လျှင် ငြိမ်သက်စွာ တည်မနေနိုင်၊ ဥဒ္ဓစ္စ၊ ကုက္ကုစ္စတို့၏ နှောင့် ယှက်မှုကြောင့် မငြိမ်မသက် ပူပန်ခြင်းဖြစ်၍ အာရုံမှ အမြန် ထွက်ခဲ့ရလိမ့်မည်။ သုခကား ထိုသို့မဟုတ်၊ အာရုံ၏အရသာကို ခံစားလျက် ငြိမ်သက်မြေခြင်းဖြစ်ရကား ဥဒ္ဓစ္စ၊ကုက္ကုစ္စ၊နီဝရဏ ကို စိတ်အစဉ်မှာ မဖြစ်ပေါ်အောင် ဖြိုဖျက်သမှု ဈာပနကိစ္စ ပြုလျက် ဝိတက် ဝိစာရ ပီတိတို့၏ ကိစ္စဖြင့် စွဲစွဲမြဲမြဲ နှစ်သက် တတ်သော အာရုံ၏အရသာကို မြိန်မြိန်ရှက်ရှက် ခံစား၍ စိတ်ဓာတ်ကိုပြည့်ဖြိုး ဟိုးပွားစေခြင်းသဘောတည်း။

**ဧကဂ္ဂတာသဘော** ဧကဂ္ဂတာသည် အာရုံတခု အပေါ်၌ တည်တံ့ခြင်း **သဘောရှိ၍** ကာမစ္ဆန္ဒ နီဝရဏက လောင်ကျွမ်းပျက်စီးစေခြင်း သဘောရှိ၏။ချဲ့ဦးအံ့။ ကာမစ္ဆန္ဒ ဟူသည် ကာမဂုဏ်ကို နှစ်သက် တပ်မက်တတ်သော လောဘတဏှာပင် ဖြစ်ရကား နှစ်သက်ဖွယ်ရာ ကာမဂုဏ် အာရုံနောက်လိုက်လျက် စိတ်ကို ကလိန်းကလက် ဖြစ်စေနိုင် သော သဘောတည်း။ ကာမစ္ဆန္ဒ နီဝရဏက နှောင့်ယှက်လိုက် လျှင်ဝိတက်၊ ဝိစာရ၊ ပီတိ၊ သုခတို့ ကမ္မဋ္ဌာန်းအာရုံကို ခံစား ကြမည်မဟုတ်။ ကမ္မဋ္ဌာန်းအာရုံမှ ခွဲခွာရလိမ့်မည်။ သမာဓိဟု

ခေါ်ဆိုနိုင်သော ကေဂ္ဂတာကား အာရုံ၌ ခြိုက်ခြိုက်မြိုက်မြိုက် တည်တံ့သောသဘောပေတည်း။ ထိုကြောင့်ကာမစ္ဆန္ဒနီဝရဏနှင့် ဧကဂ္ဂတာသည်ဖြောင့်ဖြောင့်ဆန့်ကျင်ဘက်ဖြစ်ရကား ဧကဂ္ဂတာ ဈာန်တရားက ကာမစ္ဆန္ဒ နီဝရဏကို စိတ်အစဉ်မှာ မပါဝင် အောင် တော်လှန်သမှု ဈာပနကိစ္စပြုလျက် ရှေ့ဈာန်တရား လေးပါးအတွက် အရသာပေါ်ထွက်နေအောင် အာရုံပေါ်၌ စူးစူးစိုက်စိုက်တည်တံ့သော သဘောပေတည်း။

**မှတ်ချက်။** ။ဝိတက်စသော ဈာန်တရားတို့၏ သဘောကို အသီးသီး ဖော်ထုတ်ပြခဲ့ရာဝယ် ဥပေက္ခာ၏ သဘောကို ဖော်ထုတ်၍ မပြခဲ့ပါ။ အကြောင်း ကား ဥပေက္ခာ ဈာန်တရားသည် သုခဈာန် တရားကဲ့သို့ ငြိမ်သက် မြေခြင်းသဘောရှိခြင်း ကြောင့် သုခကဲ့သို့ ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏတို့၏ ဆန့်ကျင်ဘက်သဘောတရားတည်းဟု သိထိုက် သောကြောင့်ဖြစ်သည်။

ဤမှနောက် အာပေါကသိုဏ်းစသော ကမ္မဋ္ဌာန်းကိုအကျယ် မရေးတော့၊ အထူးကိုသာ ရေးမည်။

## ၂။ အာပေါကသိုဏ်း

အဝကျယ်၍ သန့်ရှင်းသော မြေခွက်ကြေးခွက် စသည်တို့၌ ကမ္မဋ္ဌာန်းရှုဖို့ရာ ထည့်ထားအပ်သော ရေသည် 'အာပေါ' မည်၏။ ဤသို့ ပြုလုပ်ထားသောရေကိုကမ္မဋ္ဌာန်းရှုရာတွင် အပိုင်း

အကန့် ချန်မထားပဲ အလုံးစုံရှုအပ်သည်ကိုပင် 'ကသိဏ' ကသိုဏ်းဟု ခေါ်သည်။

**ကသိုဏ်းရှုပုံ** အာပေါ ကသိုဏ်းကို ရှုပွားလိုသော ယောဂီသည် အတိတ်ဘဝက ဤကသိုဏ်းကို အကြောင်းပြု၍ ပထမစျာန်စသော စျာန်တို့ကို မရခဲ့ဘူးလျှင် အညိုအဝါအဖြူအဆင့်ရှိသော ရေကိုရှောင်ကြဉ်၍ မြေနှင့်မထိတွေ့သေးသောမိုးရေကိုဖြစ်စေ၊ ထိုမိုးရေနှင့်အလားတူ ကြည်လင်သော ရေကို ဖြစ်စေ အဝကျယ်၍ သန့်ရှင်းသော မြေခွက် ကြေးခွက် စသည်တို့၌ အပြည့်ထည့်၍ ဆိတ်ငြိမ်သော နေရာဝယ် ချထားပြီးလျှင် "အာပေါ-အာပေါ"ဟု ပါဠိဘာသာနှင့်ဖြစ်စေ''ရေ-ရေ"ဟု မြန်မာဘာသာနှင့်ဖြစ်စေ၊ မိမိ တတ်သိ နားလည်သော ဝေါဟာရဖြင့် နှလုံးသွင်း၍ ပွားများရသည်။

ထိုသို့ ပွားများရာ၌ ရေ၏ အဆင်းကိုလည်း မဆင်ခြင်ရ၊ ထိုစီးခြင်း လက္ခဏာကိုလည်း နှလုံးမသွင်းရ၊ အာပေါဓာတ်၏ သတ္တိလွန်ကဲသောအားဖြင့် အာပေါ၊ အာပေါ၊ ရေရေဟူသော ဝေါဟာရပညတ်၌သာ စိတ်ထား၍ ပွားများရသည်။ ဤသို့ ပွားများဖန်များလျှင် ဥဂ္ဂဟနိမိတ်စသည် ဖြစ်ပေါ်လာ၏။

အတိတ်ဘဝမှ ဤကသိုဏ်းကို အကြောင်းပြု၍ စျာန်ရခဲ့ဘူးသူဖြစ်လျှင် ပြုစီရင်ခြင်းမရှိသော သမုဒ္ဒရာရေ တဖက်ဆည် ရေ ဒီအိုင်၌ရှိသော ရေကိုပင်ကြည့်၍ အာပေါ အာပေါဟု ပွားများလိုက်လျှင် စူဠသီဝထေရ်အား ကသိုဏ်းနိမိတ်ထင်လာသကဲ့သို့ ထင်လာနိုင်ပါသည်။

**ဥဂ္ဂဟာနှင့်ပဋိဘာဂ အထူး** ဥဂ္ဂဟာနိမိတ်၌ မငြိမ်မသက် လှုပ်လျက်ထင်၏။ အကယ်၍ နိမိတ်ယူစဉ်အခါက ရေမြှုပ်ရေပွက်နှင့် ရောနှော နေသော ရေဖြစ်ခဲ့လျှင် ရေမြှုပ် ရေပွက်နှင့်တကွထင်၏။ ပဋိဘာဂနိမိတ်၌ လှုပ်ရှားခြင်းနှင့်တကွ ရေမြှုပ်ရေပွက်ပါ မရှိတော့ပဲ မြယပ်ဝန်းကဲ့သို့ထင်၏။

## ၃။ တေဇောကသိုဏ်း

ကမ္မဋ္ဌာန်းရှုဖို့ရာ ပြုလုပ်ထားအပ်သောမီးသည် 'တေဇော' မည်၏။ ထိုမီးကို ကမ္မဋ္ဌာန်းရှုရာတွင် အပိုင်းအခြားနှင့် ချန်မထားပဲ အလုံးစုံ ရှုအပ်သည်ကိုပင် 'ကသိဏ' ကသိုဏ်းဟု ခေါ်သည်။

**ကသိုဏ် ရှုပုံ** တေဇောကသိုဏ်းရှုလိုသော ယောဂီသည် အတိတ်ဘဝက ဤကသိုဏ်းကို အကြောင်းပြု၍ ဈာန်ရခဲ့ဖူးသူ မဟုတ်လျှင် အစေးအနှစ်ရှိသော ထင်းတို့ကိုခွဲ၍ ခြောက်သွေ့အောင် နေလှန်းပြီးလျှင် အပိုင်းအပိုင်းဖြတ်ကာ သင့်လျော်သော အရပ်၌စုပုံ၍ မီးရှို့ပါ။ ပြီးလျှင် အလယ်၌တထွာနှင့်လက်လေးသစ်မျှ အပေါက်ဖောက်ထားအပ်သော ဖျာကိုဖြစ်စေ၊ သားရေပိုင်းကိုဖြစ်စေ မိမိရှေ့၌ကာ၍ ပထဝီကသိုဏ်းရှုပုံ ဆိုအပ်ခဲ့ပြီးသော ထိုင်နည်းဖြင့် ထိုင်လျက် အပေါက်မှ မြင်ရသော မီးအလျှံကိုကြည့်၍ မီးမီးဟု နှလုံးသွင်း၍ ပွားများဆင်ခြင်ရသည်။

---

စပယ်ဦးစာပေ

ထိုသို့ ပွားများရာ၌ မီးအခိုးကိုလည်းကောင်း၊ အညိုအဝါ စသည်ဖြင့် အဆင်းကိုလည်းကောင်း၊ အပူဟူသော လက္ခဏာကိုလည်းကောင်း မဆင်ခြင်ရ၊ မပွားများရ၊ နှလုံးမသွင်းရ၊ တေဇောဓာတ်၏သတ္တိလွန်ကဲသောအားဖြင့်'တေဇောတေဇော' မီးမီးဟူသော ဝေါဟာရပညတ်၌သာ စိတ်ထား၍ ပွားများရသည်။ ဤသို့ပွားများဖန်များလျှင် ဥဂ္ဂဟနိမိတ် စသည် ဖြစ်လာ၏။

အတိတ်ဘဝမှ ဤကသိုဏ်းကိုအကြောင်းပြု၍ ချွန်ရခဲ့ဘူးသူ ဖြစ်လျှင် ပြုစီရင်ခြင်းမရှိသောဆီမီးအလျှံ၌ဖြစ်စေ၊ မီးဖို၌ဖြစ်စေ၊ အိုးဖုတ်ရာအရပ်၌ ဖြစ်စေ၊ တောမီးလောင်ရာ၌ဖြစ်စေ၊ တခုခုသော မီးအလျှံကိုကြည့်၍ "တေဇော၊ တေဇော"ဟုပွားများလိုက်လျှင် စိတ္တဂုတ်ထေရ်အား ကသိုဏ်းနိမိတ်ထင်လာသကဲ့သို့ ထင်လာနိုင်ပါသည်။

**ဥဂ္ဂဟနှင့်ပဋိဘာဂ အထူး** ဥဂ္ဂဟနိမိတ်၌ မီးအလျှံ ပြတ်၍ ပြတ်၍ ကျသကဲ့သို့ထင်၏။ ပြုစီရင်ခြင်းမရှိသော ပကတိ မီးစွဲမီး၌ ထင်သောနိမိတ်သည် မီးစနှင့်ဖြစ်စေ၊ မီးကြိုးစနှင့်ဖြစ်စေ၊ မီးအခိုးနှင့်ဖြစ်စေ၊ ရော၍ထင်တတ်၏။ ပဋိဘာဂနိမိတ်၌ ကမ္ဗလာနီဝိုင်းကဲ့သို့လည်းကောင်း ရွှေယပ်ဝန်းကဲ့သို့လည်းကောင်းထင်၏။

## ၄။ ဝါယောကသိုဏ်း

သစ်ပင်ဝါးပင်းစသည်တို့လှုပ်ရှားအောင် တိုက်ခတ်နေသော လေသည် 'ဝါယော' မည်၏။ ထိုလေကို ကမ္မဋ္ဌာန်းရှုရာတွင်

အပိုင်းအကန့်ချန်မထားပဲ အလုံးစုံ ရှုအပ်သည်ကိုပင် 'ကသိဏ' ကသိုဏ်းဟု ခေါ်သည်။

**ကသိုဏ်းရှုပုံ** ဝါယောကသိုဏ်းကို ရှုလိုသောယောဂီသည် သစ်ပင်ဝါးပင်တို့၌ တိုက်ခတ်နေသော လေကိုဖြစ်စေ၊ မိမိခန္ဓာကိုယ်၌ တိုက်ခတ်နေသော လေကိုဖြစ်စေ၊ ဆံပင်ဖျား မြက်ပင်ဖျားတို့၌တိုက်ခတ်နေသော လေကိုဖြစ်စေ၊ ပြတင်းပေါက်၊ နံရံပေါက်တို့မှ ဝင်လာသော လေကိုဖြစ်စေ အာရုံပြု၍ ဤသည်ကား လေတည်းဟု အမှတ်သညာဖြစ်စေပြီး "ဝါယော၊ ဝါယော" လေလေဟု နှလုံးသွင်း၍ ပွားများ ထင်မြင်ဆင်ခြင်ရသည်။ ဤသို့ ပွားများဖန်များလျှင် ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်စသည် ဖြစ်ပေါ်လာ၏။

**ဥဂ္ဂဟနှင့်ပဋိဘာဂ အထူး** ဥဂ္ဂဟနိမိတ်၌ မီးဖိုမှ ချခါမျှဖြစ်သော ဟင်းအိုး ထမင်းအိုးမှ အငွေ့လုံးကြီးများကဲ့သို့ လှုပ်လှုပ်ရှားရှားဖြစ်၍ ထင်တတ်၏။ ပဋိဘာဂနိမိတ်၌ လှုပ်ရှားခြင်းမရှိ၊အလွန်ငြိမ်သက်စွာ တည်ရှိထင်၏။

## ၅။ နီလကသိုဏ်း

ပန်းအဝတ်ႉသောအရာတို့၌ရှိသော အညိုရောင်၊ သစ်သားပြား သံပြားစသည်တို့၌ သုတ်လိမ်းထားသည့် အညိုရောင်၊ဤသို့လျှင် မြင်သမျှ ထင်သမျှသော အညိုရောင်တို့သည်'နီလ'မည်၏။ ထိုနီလတခုခုကို ကမ္မဋ္ဌာန်းရှုရာတွင် အဝိုင်းအကန့် ချန်မထားပဲ အလုံးစုံ ရှုအပ်သည်ကိုပင် 'ကသိဏ'ကသိုဏ်းဟု ခေါ်သည်။

**ကသိုဏ်းရှုပုံ** နီလကသိုဏ်း ရှုလိုသော ယောဂီသည် အတိတ်ဘဝက ဤကသိုဏ်းကို အကြောင်းပြု၍ ဈာန်ရခဲ့ဘူးသူမဟုတ်လျှင် အညိုရောင်အဆင်းရှိသော ပန်းတို့၏ ပွင့်ချပ်ကိုသာယူပြီးပန်းကန်ပြား၊ တောင်းစသည်တို့၏အတွင်း၌ အပြည့်ထည့်၍လည်းကောင်း၊ အဝတ်ဖြစ်လျှင် တောင်းငယ် စသည်တို့၏ မျက်နှာဝ၌စည်၏ မျက်နှာပြင်ကဲ့သို့ ညီညွတ်အောင် ဖွဲ့ကျက်၍လည်းကောင်း 'အညိုအညို' ဟု နှလုံးသွင်း၍ ပွားများဆင်ခြင်ရသည်။ ဤသို့ပွားများဖန်များလျှင် ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်၊ စသည်ဖြစ်ပေါ်လာ၏။

အတိတ်ဘဝက ဤကသိုဏ်းကို အကြောင်းပြု၍ ဈာန်ရခဲ့ဖူးသူဖြစ်လျှင် အညိုရောင်ပန်းတို့ဖြင့် ဝေဆာစွာ ပွင့်နေသော ပန်းချုံကို လည်းကောင်း၊ ပူဇော်ရာဌာနတို့၌ ရှိတတ်သော ပန်းညိုအခင်းကို လည်းကောင်း၊ အဝတ်ညို ပတ္တမြားညိုကို လည်းကောင်းကြည့်၍ "အညို အညို" ဟု ပွားများလိုက်လျှင် ကသိုဏ်းနိမိတ်ထင်လာနိုင်ပါသည်။

ဥဂ္ဂဟနိမိတ်၌ ဝတ်ဆံရိုးတံ ပွင့်ချပ်ကြား စသည်ထင်၏။ ပဋိဘာဂနိမိတ်၌ ကောင်းကင်ဝယ် ငြိမ်သက်စွာ ထားသော ပတ္တမြားညိုယပ်ဝန်းကဲ့သို့ထင်၏။

## ၆။ ပီတကသိုဏ်း

ပန်းအဝတ်စသော အရာဝတ္ထုတို့၌ရှိသောအဝါရောင်၊ သစ်သားပြား သံပြား နံရံစသည်တို့၌ သုတ်လိမ်းထားသော အဝါရောင်၊ ဤသို့လျှင် ထင်သမျှ မြင်သမျှသော အဝါရောင်သည်

---
စပယ်ဦးစာပေ

'ပီတ'မည်၏။ ထိုပီတ တခုခုကို ကမ္မဋ္ဌာန်းရှုရာတွင် အပိုင်းအကန့်ချန်မထားပဲအလုံးစုံ ရှုအပ်သည်ကိုပင် 'ကသိဏ'ကသိုဏ်းဟုခေါ်သည်။

(ကသိုဏ်းရှုပုံပွားပုံ စသည်ကို နီလကသိုဏ်းအတိုင်း ချဲ့၍သိပါ)

## ၇။ လောဟိတကသိုဏ်း

ပန်း အဝတ် စသောအရာဝတ္ထုတို့၌ရှိသော အနီရောင်၊သစ်သားပြားသံပြား စသည်တို့၌ သုတ်လိမ်းထားသော အနီရောင်၊ မြင်သမျှ ထင်သမျှသော အနီရောင်တို့သည်'လောဟိတ'မည်၏။ ထိုလောဟိတ တခုခုကို ကမ္မဋ္ဌာန်းရှုရာတွင် အပိုင်းအကန့်ချန်မထားပဲ အလုံးစုံ ရှုအပ်သည်ကိုပင် 'ကသိဏ' ကသိုဏ်းဟုခေါ်၏။

(အကျယ်ကိုနီလကသိုဏ်းအတိုင်းချဲ့၍ သိပါ။)

## ၈။ ဩဒါတကသိုဏ်း

ပန်း အဝတ် စသည်တို့၌ရှိသော အဖြူရောင်၊ သစ်သားပြားသံပြား စသည်တို့၌ သုတ်လိမ်းထားသော အဖြူရောင်၊မြင်သမျှထင်သမျှသော အဖြူရောင်တို့သည် 'ဩဒါတ'မည်၏။ထိုဩဒါတ တခုခုကို ကမ္မဋ္ဌာန်းရှုရာတွင် အပိုင်းအကန့် ချန်မထားပဲ အလုံးစုံ ရှုအပ်သည်ကိုပင် 'ကသိဏ' ကသိုဏ်းဟု ခေါ်သည်။

(အကျယ်ကို နီလ ကသိုဏ်းအတိုင်း ချဲ့၍ သိပါ။)

---

## ၉။ အာလောက ကသိုဏ်း

နံရံပေါက် လေသာပြူတင်းပေါက်တို့မှ ဝင်လာ၍ မြေကြီးစသည်တို့၌ ထင်လာသော အရောင်ဝန်းသည် 'အာလောက' မည်၏။ ထိုအရောင်ကို ကမ္မဋ္ဌာန်းရှုရာတွင် အပိုင်းအကန့် ချန်မထားပဲ အလုံးစုံရှုအပ်သည်ကိုပင် 'ကသိဏ' ကသိုဏ်းဟု ခေါ်သည်။

**ကသိုဏ်းရှုပုံ** အာလောက ကသိုဏ်းရှုလိုသောယောဂီသည် ဆိုအပ်ခဲ့ပြီးသော အရောင်ကိုပင်ကြည့်၍ "အရောင် အရောင်"ဟုဖြစ်စေ၊ "အလင်း အလင်း" ဟုဖြစ်စေ နှလုံးသွင်း၍ ပွားများရသည်။

ထိုနေရောင်ဝန်း လရောင်ဝန်းနှင့်ပင် နိမိတ်မဖြစ်ပေါ်လျှင် အိုးအတွင်း၌ ဆီမီးကို ညှိထွန်းလျက် အိုးအဝကို လုံစွာပိတ်၍ အပေါက်ဝိုင်းသေးသေးတပေါက် ဖောက်ပါ။ ယင်းအပေါက်ကို နံရံဘက်သို့ မျက်နှာမူလိုက်သောအခါ ဆီမီးရောင်သည် နံရံ၌ ပေါ်လာလိမ့်မည်။ ထိုအရောင်ဝန်းကို ကြည့်၍ "အရောင် အရောင်" သို့မဟုတ် "အလင်း အလင်း"ဟု နှလုံးသွင်း၍ ပွားများပါ။

အတိတ်ဘဝက ဤကသိုဏ်းကို အကြောင်းပြု၍ ဈာန်ရခဲ့ဖူးသူဖြစ်လျှင် နံရံပေါက် စသည်တို့မှ ဝင်လာသော အရောင်ကိုလည်းကောင်း၊ သစ်ပင်၏ အကိုင်းအခက်တို့အကြားမှ ဝင်လာသော အရောင်ကိုလည်းကောင်း၊ သစ်ပင်၏ အကိုင်းအခက်

တို့အကြားမှ ထွက်ပေါ်လာသော နေရောင်ကိုလည်းကောင်း ကြည့်၍ ပွားများလျှင်လည်း ကသိုဏ်းနိမိတ် ဖြစ်ပေါ်လာနိုင်ပါသည်။

ဥဂ္ဂဟနိမိတ်၊ ပဋိဘာဂနိမိတ်နှစ်မျိုးတို့တွင် ဥဂ္ဂဟ နိမိတ်၌ မြေအပြင် စသည်ဝယ် ထင်သော ပကတိအရောင်ကဲ့သို့ထင်၏။ ပဋိဘာဂနိမိတ်၌ အလွန် ကြည်လင်သော အရောင်ဝန်းကဲ့သို့ ထင်၏။

## ၁၀။ ပရိစ္ဆိန္နာကာသ ကသိုဏ်း

နံရံပေါက် လေသာပြတင်းပေါက်စသောဟာလာဟင်းလင်း အရပ်သည် 'ပရိစ္ဆိန္နာကာသ' မည်၏။ ထိုပရိစ္ဆိန္နာကာသကို ကမ္မဋ္ဌာန်းရှုရာတွင် အပိုင်းအကန့် ချန်မထားပဲ အလုံးစုံရှုအပ်သည်ကိုပင်'ကသိဏ' ကသိုဏ်းဟု ခေါ်သည်။

ဤကသိုဏ်းကို ရှုလိုလျှင် နံရံပေါက်ကို ဖြစ်စေ၊ လေသာပြတင်းပေါက်ကိုဖြစ်စေ ကြည့်၍ "ကောင်းကင် ကောင်းကင်" ဟု နှလုံးသွင်း၍ ပွားများရသည်။

ထိုသို့ပွားများယင်း ထင်လာသော ဥဂ္ဂဟနိမိတ်၌အပေါက်ကို ပိုင်းခြားကြောင်းဖြစ်သောနံရံစွန်းစသည်တို့နှင့်တကွထင်၏။ ပဋိဘာဂ နိမိတ်သည် ဟာလာဟင်းလင်း ဖြစ်လျက် ထင်၏။ (ဤကသိုဏ်းကိုပင် အာကာသ ကသိုဏ်းဟု ခေါ်ကြသေး၏။)

## ကသိုဏ်းတို့၏အစွမ်း

**ပထဝီကသိုဏ်း** ၏ အစွမ်းဖြင့်တယောက်တည်းဖြစ်လျက် အများ ဖြစ်အောင် ဖန်ဆင်းနိုင်ခြင်း၊ အများကိုလည်း တယောက်တည်း ဖြစ်အောင် ပြုလုပ်နိုင်ခြင်း၊ ကောင်းကင်ပြင်၌ဖြစ်စေ၊ ရေပြင်၌ဖြစ်စေ မြေကို ဖန်ဆင်း၍ သွားနိုင် လာနိုင် ရပ်နိုင် လျှောင်းနိုင်ခြင်း၊ ပရိစ္ဆေအပ္ပမာန နည်းဖြင့် အဘိဘာယတနကို ရနိုင်ခြင်း။

**အာပေါကသိုဏ်း** ၏ အစွမ်းဖြင့် မြေပြင်၌ ငုပ်လျှိုး ပေါ် ထွက်နိုင်ခြင်း၊မိုးရေမိုးပေါက် ရွာသွန်း စေနိုင်ခြင်း၊ ကောင်းကင်၌ဖြစ်စေ မြေပြင်၌ဖြစ်စေ ရေပြင် ဖန် ဆင်း၍ မြေတောင်ပြာသာဒ် စသည်တို့ကို လှုပ်နိုင်ခြင်း။

**တေဇောကသိုဏ်း** ၏ အစွမ်းဖြင့် အခိုးလွှတ်နိုင်ခြင်း၊ မီး အလျှံလွှတ်နိုင်ခြင်း၊ မီးကြီး၊မိုးရွာစေ နိုင်ခြင်း၊ မိမိတန်ခိုးအရှိန်ဖြင့် သူတပါး၏ တန်ခိုးအရှိန်ကို တုန်လှုပ်ကုန်ခန်းစေနိုင်ခြင်း၊ လောင်စာပုံထဲမှ မိမိလောင်ကျွမ်း စေလိုသော လောင်စာတခုကိုသာ လောင်ကျွမ်းစေနိုင်ခြင်း၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်ရာတွင် အလင်းရောင်ကို ပြုလုပ် နိုင်ခြင်း၊ပရိနိဗ္ဗာန် စံတော်မူပြီးရာအခါ၌ ကိုယ်တော်ကို လောင် ကျွမ်းအောင် အဓိဋ္ဌာန်နိုင်ခြင်း။

---

စပယ်ဦးစာပေ

**ဝါယောကသိုဏ်း** ၏အစွမ်းဖြင့် လေ၏အလား လျင်စွာ သွားနိုင်ခြင်း၊ လေအဟုန် လေပြင်းကို ဖြစ်စေနိုင်ခြင်း။

**နီလကသိုဏ်း** ၏အစွမ်းဖြင့် ညိုသောအဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ မှောင်အောင် ပြုလုပ်နိုင်ခြင်း၊ စင်ကြယ်သော အဆင်း မစင်ကြယ်သော အဆင်း ရှိသောနည်းဖြင့် အဘိဘာယတနကို ရခြင်း။

**ပီတကသိုဏ်း** ၏ အစွမ်းဖြင့် ဝါသော အဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ ရွှေဖြစ်အောင်အဓိဋ္ဌာန်နိုင်ခြင်း။

**လောဟိတကသိုဏ်း** ၏ အစွမ်းဖြင့်နီသောအဆင်းကိုဖန်ဆင်းနိုင်ခြင်း၊ အဘိဘာယတနကိုရခြင်း။

**ဩဒါတကသိုဏ်း** ၏ အစွမ်းဖြင့် ဖြူသော အဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ အမှောင်ဖျောက်၍ အလင်းရောက်အောင် ပြုနိုင်ခြင်း။

**အာလောက ကသိုဏ်း** ၏အစွမ်းဖြင့်အရောင်ရှိသောအဆင်းကို ဖန်ဆင်းနိုင်ခြင်း၊ အမှောင် ဖျောက်၍ အလင်းရောက်အောင် ပြုနိုင်ခြင်း၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ကြည့်ရာတွင် အလင်းရောင်ကို ပြုလုပ်နိုင်ခြင်း။

---

**ပရိစ္ဆိန္နာကာသ ကသိုဏ်း** ၏ အစွမ်းဖြင့် ဖုံးအုပ် ကာကွယ်လျက် ရှိသောအရာကို ဟင်းလင်း ပွင့်အောင် ပြုလုပ်နိုင်ခြင်း၊ မြေ၏အတွင်း၊ တောင်၏ အတွင်းတို့၌ သွားနိုင် ထိုင်နိုင် ရပ်နိုင် လျောင်းနိုင်ခြင်း၊ အကာသအရံဟူသမျှကို ဖောက်ထွင်းနိုင်ခြင်း။

ကသိဏ ကမ္မဋ္ဌာန အဖွင့်

ပြီးပြီ။

# အသုဘ ကမ္မဋ္ဌာနအဖွင့်

## ရှေးဦးမှတ်ဖွယ်

**အသုဘ ၁၀ ပါး** ၁။ ဥဒ္ဒုမာတကအသုဘ၊ ၂။ ဝိနီလက အသုဘ၊ ၃။ ဝိပုဗ္ဗက အသုဘ၊ ၄။ ဝိဆိန္ဒက အသုဘ၊ ၅။ ဝိက္ခာယိတက အသုဘ၊ ၆။ ဝိက္ခိတ္တက အသုဘ၊ ၇။ ဟတဝိက္ခိတ္တက အသုဘ၊ ၈။ လောဟိတက အသုဘ၊ ၉။ ပုဠုဝက အသုဘ၊ ၁၀။ အဋ္ဌိက အသုဘ။

**အသုဘရှုသွားပုံ အစဉ်** အသုဘကောင်ကို ကြည့်၍ ရုပ်ခန္ဓာ ကိုယ်၏ အဖြစ်မှန် သဘောတရားတို့ကို မှတ်လို သိလို သော ဆန္ဒဖြင့်လည်းကောင်း၊ ထိတ်လန့်ဖွယ် သံဝေဂကို ရယူလိုသော ဆန္ဒဖြင့်

လည်းကောင်း သုသာန်( သို့မဟုတ် ) တောစပ် တောတွင်းသို့ အသုဘရှုသွားလိုသော ယောဂီသည် တယောက်တည်း ဖြစ်စေ၊ စိတ်သဘောတူ အဖော်နှင့်ဖြစ်စေ၊ တောင်ဝှေးကိုလည်းကောင်း၊ နှင်တံကိုလည်းကောင်း ယူ၍ သက်ဆိုင်ရာ အကြီးအကဲ ပုဂ္ဂိုလ်ကို ပန်ပြောကာ မိမိထွက်ရာလမ်းကို မှတ်သားပြီး သွားရသည်။ (တောင်ဝှေး 'သို့မဟုတ်' နှင်တံကို ရယူခြင်းမှာ ထို အသုဘကောင်၏ အနီး၌ရှိတတ်သည့်ခွေးစသော ဘေးရန်တို့ကို ချောက်လှန့် ဖယ်ရှားရန်အတွက် ဖြစ်သည်။)

အသုဘကောင်ရှိရာ အရပ်သို့ ရောက်လျှင် မိမိနေရန်အတွက် သင့်လျော်သော နေရာကို ရှေးဦးစွာ ရွေးချယ်ပါ။ ထိုနောက် အသုဘကောင်အနီးရှိနိမိတ်တို့ကိုမှတ်သားပါ။ပြီးလျှင်(၁၁)ပါးသော အချင်းအရာအားဖြင့် အသုဘ နိမိတ်ယူ၍ ပွားများပါ။

**ပန်ပြောရခြင်း၏ အကျိုး** အသုဘကောင်ရှိရာ အရပ်၌ ခြသေ့၊ သစ်၊ ကျား စသည်တို့၏ အဆင်းအသံ စသော အနိဋ္ဌာရုံတို့နှင့် တွေ့တတ်၏။ ယင်းသို့တွေ့လျှင် ကြောက်လန့် တုန်လှုပ်မှုလည်း တုန်လှုပ်အံ့။ စားထားသော အစာသည်မှုလည်း ပြန်ထွက်အံ့။ တစုံတရာသော ရောဂါသည်လည်း ဖြစ်အံ့။ ထိုသို့ဖြစ်လျှင် မိမိ၏ပစ္စည်းများကို ပန်ပြောခြင်း ခံရသော ထိုပုဂ္ဂိုလ်က စောင့်ရှောက် ပေးလိမ့်မည်။ ရဟန်းသာမဏေများကို ပို့၍လည်း စောင့်ရှောက်ပေးလိမ့်မည်။

တနည်းသော်ကား။ ။သုသာန် ဟူသော အရပ်၌ သူခိုးစသော မကောင်းမှုပြုသူတို့သည် ခိုအောင်းတတ်ကြ၏။ ထိုခိုးသူ

တို့သည် ဥစ္စာရှင်တို့လိုက်လာသည်ကိုသိလျှင် ခိုးယူခဲ့သော ဥစ္စာကို သုသာန်၌နေသော သူတော်ကောင်း ပုဂ္ဂိုလ်၏အနီး၌ ပစ်ချထွက်ပြေးတတ်ကြ၏။ ထိုအခါ ဥစ္စာရှင်တို့က "ခိုးရာပါပစ္စည်းနှင့်တကွ သူခိုးမိပြီ" ဟု နှလုံးသွင်း၍ အစဉ်းအစားမရှိ နှိပ်စက်တတ်ကြ၏။ ထိုအခါ ပန်ပြောခြင်းခံရသော ပုဂ္ဂိုလ်က "ဤသူကိုမနှိပ်စက်ကြပါလင့်၊ သူဟာ သူတော်ကောင်းပါ၊ အသုဘရှု ကိစ္စဖြင့် ငါ့အား ပန်ပြော၍ ဤသုသာန်မှာနေသူပါတည်း" စသည်ဖြင့် လွတ်မြောက်ချမ်းသာအောင် ပြုပေးနိုင်၏။

**ထွက်ရာလမ်းကို မှတ်ပုံ** မိမိ နေရာအရပ်မှ အသုဘရှု ထွက်လျှင် "ဤမည်သော အရပ်မှ ဤ မည်သော တံခါးဖြင့် ထွက်ခဲ့၏" ဟု ရှေးဦးစွာ တံခါးကိုမှတ်ရ၏။ ထိုနောက် "ဤလမ်းသည် အရှေ့အရပ်ဆီကို သွား၏။ အနောက်အရပ်၊ မြောက်အရပ်၊ တောင်အရပ်ဆီသို့ သွား၏" ဟု လည်းကောင်း မှတ်ရ၏။ ထိုပြင် "ဤနေရာမှ လက်ဝဲဖက်သို့ လကျ်ာဖက်သို့ကွေ့၏။ ဤနေရာ၌ ကျောက်ရှိ၏။ ဤနေရာ၌ တောင်ပို့ရှိ၏။ ဤနေရာ၌ သစ်ပင် နွယ်ချုံရှိ၏" ဟု၍လည်း မှတ်သားရ၏။ ဤသို့ထွက်ရာလမ်းကို ပိုင်းခြားသတ်မှတ်လျက် အသုဘ နိမိတ်ရှိရာအရပ်သို့ သွားရသည်။ သို့သော် အသုဘကောင်က လေထက်လေညာက မိမိက လေအောက်က မသွားရ။ လေထက် လေညာဖက်က သွားရသည်။

**လေအောက်က မသွားရခြင်း** လေအောက်က သွားလျှင် အကောင်ပုပ်နံ့သည် နှာခေါင်းကို ထိခိုက်၍ ဦးနှောက်ချောက်ချား ပျက်ပြားတတ်၏။

စားထားသော အစာသည်မူလည်း ပျို့အန်၍ ထွက်လာတတ်၏။ ဒီလိုအကောင်ပုပ်ရှိရာအရပ်သို့ လာခဲ့မိလေခြင်း ဟုလည်း နှလုံး မသာမယာ ခြင်း ဖြစ် တတ် ၏။ ထို့ကြောင့် လေအောက်ကို ရှောင်၍ လေအထက်ဖြစ်သောလမ်းဖြင့် သွားရသည်။ အကယ်၍ လေအထက်ဖြစ်သောလမ်း၌ ရွှံ့ဗွက်စည်းရိုး စသည်ဖြင့် မသွား နိုင်သော အကြောင်းများရှိနေပါက အဝတ်ဖြင့် နှာခေါင်းကို ပိတ်၍သွားရသည်။

**အသုဘကောင် တွေ့လျှင်** သူဆင်းရဲတယောက်သည် အဖိုးများစွာ ထိုက်တန်သော ပတ္တမြားကိုရလျှင် "ငါ သည် အလွန်ရခဲသော ပတ္တမြား မြတ်ကို ရပြီ တကား"ဟု အကြံဖြစ်၍ ထိုပတ္တမြား၌ ခင်မင်မြတ်နိုး ဝမ်း သာတိုးသကဲ့သို့ အသုဘရှုသွားသောယောဂီသည်လည်း အသုဘ ကောင်ကိုတွေ့မြင်လျှင် ဘာဝနာကိုပွားလျက် "ငါသည် အိုနာ သေရေး ဒုက္ခဘေးတို့မှလွတ်မြောက်ရပေတော့မည်"ဟု ဝမ်းသာ ခြင်းကို ဖြစ်စေပြီး အသုဘရှုရန် သင့်လျော်သောနေရာကို ရွေး ချယ်ရသည်။

**နေရာရွေးပုံ** တခုသော အရပ်သည် အသုဘ အာရုံ လည်း ထင်စွာမပေါ်။ စိတ်လည်း မကြန့် ခိုင် မသန်စွမ်းပဲရှိတတ်၏။ ထို့ကြောင့်ယင်းအရပ်ကိုပယ်၍အသုဘ အာရုံ ထင်ရှားပေါ်ရာ စိတ်လည်းကြန့်ခိုင်ရာ အရပ်သို့ရွေးချယ် ရ၏။ ထို့ပြင် လေအောက်လေညာအရပ်တို့ကိုလည်း ပယ်ရသည်။ အကြောင်းကား လေအောက်မှ နေလျှင် အပုပ်နံ့က နှိပ်စက်

သောကြောင့် စိတ်မတည်ပဲ နေတတ်၏။ လေညာအရပ်၌ နေလျှင်လည်း ထိုသူသေကောင်ကိုစိုးအုပ်နေသောဘီလူးမြေဘုတ်တို့ ရှိနေပါမူ ၎င်းတို့က "ငါတို့အထံသို့ မကောင်းသော အနံ့ကို လာပေးသည်" ဟု ကြံ၍ စိတ်ဆိုးကြပြီး အကျိုးမဲ့အောင် ပြုတတ်ကြသောကြောင့်တည်း။ ထို့ကြောင့် လေအောက်လည်း မကျ လေညာလည်း မကျလွန်းသောအရပ်၌ တည်နေရသည်။

ထိုသို့ တည်နေသော်လည်း အသုဘကောင်နှင့် မနီးလွန်း မဝေးလွန်းရ။ အပြစ်ကား ဝေးလွန်းသောအရပ်၌တည်နေလျှင် အာရုံကောင်းကောင်းမထင်ပဲ ရှိတတ်၏။ နီးလျှင်ကား ကြောက်စိတ်ဝင်လာတတ်၏။ ခြေရင်း ခေါင်းရင်းအရပ်၌ တည်နေပြန်လျှင်လည်း အသုဘကောင် တကိုယ်လုံး ကောင်းစွာ မထင်ပေါ်နိုင်။

အချုပ်ကား လေအောက်လေညာလည်းမကျလွန်း၊ အသုဘကောင်နှင့်လည်း မနီးလွန်း၊ အသုဘကောင်လည်း ကောင်းစွာ ထင်ပေါ်သောအရပ်ကို ရွေးချယ်ရသည်။ ယင်းသို့ သင့်လျော်သောနေရာကို ရွေးချယ်ပြီးလျှင် ထိုဝန်းကျင် နိမိတ်တို့ကို မှတ်သွားပါ။

**ပတ်ဝန်းကျင် နိမိတ်ကို မှတ်သားပုံ**

ထိုအသုဘကောင်၏အနီးဝယ် ကျောက်ရှိအံ့၊ ထိုကျောက်ကို ငယ်သည် ဟူ၍လည်းကောင်း၊ နိမ့်သည်၊ မြင့်သည်၊ ကြီးသည်၊ နီသည်၊ ညိုသည်၊ မည်းသည်၊ ဖြူသည်၊ ရှည်သည်၊ တိုသည်၊ ဝန်းဝိုင်းသည် ဟူ၍လည်းကောင်း ပိုင်းခြား သတ်မှတ်ရသည်။ ထို့နောက် ဤမည်သော အရပ်၌

ဘည်ရှိနေသော အရောကား ကျောက်၊ စင်းစင်းခွေခွေ တည်နေသောအရောကား အသုဘကောင်(ဤအရောကား ကျောက်၊ ဤအရောကား အသုဘကောင်)ဟု အပြန်အလှန် မှတ်သားရသည်။

အကယ်၍ တောင်ပို့၊သစ်ပင်၊ချုံ၊ နွယ်စသည်တို့ရှိလျှင်လည်း မြင့်သည် နိမ့်သည်ဟုလည်းကောင်း၊ ညောင်ပင်၊ ကုက္ကိုပင်၊ ဇီးချုံ၊ ဆင်သမန်နွယ်စသည်ဖြင့်လည်းကောင်း၊ အပင်နှင့်ချုံတို့၏ အမည်ကိုဖော်၍အထက်ပါနည်းအတိုင်း မှတ်သားပါ။

**မှတ်သားရကျိုး** ထိုဝန်းကျင်နိမိတ်တို့ကို မှတ်သားရကျိုး ကားအသုဘကောင်ကို ကြည့်နေစဉ်ပင် ထိုအသုဘကောင်သည် ထ၍ရပ်နေသကဲ့သို့လည်းကောင်း၊လွှမ်းမိုးလာသကဲ့သို့လည်းကောင်း၊ နောက်မှလိုက်နေသကဲ့သို့လည်းကောင်းထင်ရတတ်၏။ ထိုအခါ ယောဂီသည် အလွန် အရုပ်ဆိုးသောကြောက်ဖွယ်အာရုံကိုမြင်ရ၍အရူးကဲ့သို့ဖြစ်ခြင်း၊ ကြောက်ခြင်း၊လန့်ခြင်း၊ကြက်သီးမွေးညှင်းထခြင်းသို့ ရောက်တတ်၏။

ထိုအခါ ယောဂီသည် ကြောက်စိတ်ကို ပယ်ဖျောက်၍ တည်ကြည်သောစိတ်ဖြင့်"သူသေကောင်က ထ၍လာခြင်းသည် မဖြစ်နိုင်၊ အကြောင်းကား ဤဝန်းကျင်၌ရှိသော ကျောက်တောင်ပို့ သစ်ပင် ချုံနွယ်တို့က ငါ၏အထံသို့ ထလာလျှင် သူသေကောင်သည်လည်း ထလာနိုင်စရာ အကြောင်းရှိ၏၊ယခုတော့ တောင်ပို့စသည်တို့က မလာပါပဲ သူသေကောင်က ထလာခြင်းသည် လုံးဝမဖြစ်နိုင်"ဟုနှိုင်းချိန်၍မိမိကိုယ်ကိုအားပေးနိုင်ခြင်းအကျိုးရှိ၏။

---

**အသုဘနိမိတ်ယူပုံ** ဖော်ပြခဲ့ပြီးသော အစီအစဉ် အတိုင်း ပြုဖွယ်ကိစ္စ၊ မှတ်သားဖွယ် ကိစ္စတို့ကို ပြုပြီးလျှင် အသုဘကောင်ကို ၁။ အဆင်းအားဖြင့်၊ ၂။ လိင်အသွင်အားဖြင့်၊ ၃။ ပုံသဏ္ဌာန်အားဖြင့်၊ ၄။ အရပ်အားဖြင့်၊ ၅။ တည်ရာအားဖြင့်၊ ၆။ အပိုင်းအခြားအားဖြင့်၊ ၇။ အစပ်အားဖြင့်၊ ၈။ အကြားအရပ်အားဖြင့်၊ ၉။ အနိမ့်၊အချိုင့်အားဖြင့်၊ ၁၀။ အမြင့်အမောက်အားဖြင့်၊ ၁၁။ ပတ်ဝန်းကျင်အားဖြင့် မှတ်သား၍ နိမိတ်ယူရသည်။

**အဆင်းအားဖြင့်မှတ်ပုံ** ဤလူသေကောင်သည် အသားမဲသူ၏ ကိုယ်ကောင်၊ အသားဖြူသူ၏ ကိုယ်ကောင်၊ ကြမ်းပိုး၊ ငါးခူအဆင်းရှိသူ၏ ကိုယ်ကောင်ဟု မှတ်သားရသည်။

**လိင်အသွင်အားဖြင့် မှတ်ပုံ** ဤကိုယ်ကောင်သည် ပထမ အရွယ်၌ တည်သူ၏ ကိုယ်ကောင်၊ ဒုတိယအရွယ်၌ တည်သူ၏ ကိုယ်ကောင်၊ တတိယအရွယ်၌ တည်သူ၏ ကိုယ်ကောင်ဟု မှတ်သားရသည်။ မိန်းမအသွင် ယောကျ်ားအသွင်ဟု မမှတ်ရ။ အကြောင်းကား–လိင်အသွင်သဏ္ဌာန်ချင်းမတူသောကိုယ်ကောင်၌ အသုဘအာရုံကောင်းစွာမထင်တတ်ပေ။ တတ်မက်ခြင်းသာလျှင်ဖြစ်တတ်၏။ ထိုစကားသည်မှန်၏။ ကျိုက်ကျိုက်ဆူလျက်အဆင်းသဏ္ဌာန်ပျက်နေသော မိန်းမ၏ကိုယ်သည်ပင် ယောကျ်ား၏စိတ်ကို အကုန်ဆွဲငင်ယူနိုင်သေး၏ ဟု မဇ္ဈိမ အဋ္ဌကထာ၌ မိန့်ဆိုထား၏။ ထို့အတူ

ယောက်ျား၏ ကိုယ်သည်လည်း မိန်းမ၏စိတ်ကို အကုန်ဆွဲငင်ယူနိုင်မည်သာ။

**ပုံသဏ္ဍာန်အားဖြင့် မှတ်ပုံ** ဤသည်ကား ဦးခေါင်းသဏ္ဍာန်၊ ဤသည်ကား လည်ပင်းသဏ္ဍာန်စသည်ဖြင့် ရင်၊ ဝမ်းဗိုက်၊ တင်ပါး၊ ပေါင်၊ ခြေသလုံး တို့ကိုပါ မှတ်သားရသည်။

**အရပ်အားဖြင့် မှတ်ပုံ** ချက်မှ အောက်ပိုင်းကို အောက်အရပ်၊ အထက်ပိုင်းကို အထက်အရပ်ဟု ပိုင်းခြားသတ်မှတ်ရသည်။ တနည်းအားဖြင့် ငါကအရှေ့အရပ်၌တည်သည်။ အသုဘကောင်က အနောက် အရပ်၌ တည်သည်စသည်ဖြင့်အရပ်မျက်နှာတို့ကိုလည်းမှတ်သားနိုင်ပါသည်။

**တည်ရာအားဖြင့် မှတ်ပုံ** လက်ဖျားကဤမည်သောအရပ်၌ တည်သည်။ခြေဖျားက ဦးခေါင်းက အောက်ပိုင်းက အထက်ပိုင်းက ထိုမည်သော အရပ်၌ တည်သည်ဟု မှတ်ရသည်။ တနည်းအားဖြင့် ငါက ဤမည်သောအရပ်၌ တည်သည်။ အသုဘကောင်က ထိုမည်သော အရပ်၌တည်သည် ဟုလည်း မှတ်သားနိုင်ပါသည်။

**အပိုင်းအခြားအားဖြင့် မှတ်ပုံ** ဤကိုယ်ကောင်သည် အောက်ဖက်၌ ခြေဖဝါးအပြင်ဖြင့်၊အထက်ဖက်၌ဆံပင်များဖြင့် ပတ်ဝန်းကျင်၌ အရေဖြင့် ပိုင်းခြားနေသည်။ ထိုအပိုင်းအခြားအားလုံး၌ ၃၂ မျိုးသော ကောဋ္ဌာသ အစုအဝေးအပုပ်တို့ဖြင့် ပြည့်နေသည်ဟု မှတ်သားရသည်။

တနည်းအားဖြင့် ဤသည်ကား လက်အပိုင်းအခြား၊ ဤသည်ကား ခြေအပိုင်းအခြား၊ ခေါင်းအပိုင်းအခြား စသည်ဖြင့် ဉာဏ်နှင့် သိမ်းယူနိုင်သမျှ သိမ်းယူမှတ်သားရသည်။

**အစပ်အားဖြင့်မှတ်ပုံ** လကျာ် ခြေအဆစ် သုံးခု၊ လက်ဝဲ ခြေအဆစ်သုံးခု၊ လကျာ်လက်အဆစ်သုံးခု၊ လက်ဝဲလက်အဆစ်သုံးခု၊လည်ကုပ်အဆစ်တခု၊ ခါးအဆစ်တခုဟု ထင်ရှားသော အဆက်အစပ် ၁၄ ခုကိုမှတ်သားရသည်။

**အကြားအရပ်အားဖြင့် မှတ်ပုံ** နံပါးနှင့် လက်တို့၏ အကြား၊ ခြေနှစ်ချောင်း တို့၏ အကြား ဝမ်းဗိုက်ဟူသော ချက်နှင့် ဝမ်းခေါင်း တို့၏ အကြား၊နှာခေါင်းပေါက်၏အကြားတို့ကိုလည်းကောင်း၊မျက်စိပွင့်ခြင်း မှိတ်ခြင်း၊ ခံတွင်းပွင့်ခြင်း၊ ပိတ်ခြင်းတို့ကိုလည်းကောင်း မှတ်သားရသည်။

**အနိမ့်အချိုင့်အားဖြင့် မှတ်ပုံ** သူ့သေကောင်၏ မျက်စိတွင်း ပါးစပ်တွင်း လည်ပင်း အစရှိသော ချိုင့်ရာအရပ်တို့ကို ပိုင်းခြား သတ်မှတ်ရသည်။ တနည်းအားဖြင့် ငါက အနိမ့်ကနေသည်။ အသုဘ နိမိတ်က အမြင့်ကတည်သည်ဟုလည်း မှတ်သားနိုင်ပါသည်။

**အမြင့်အမောက်အားဖြင့် မှတ်ပုံ** အသုဘ နိမိတ်၏ မြင့်မောက်ရာ အရပ်ဖြစ်သော ဒူးဆစ်၊ရင်ဘတ်၊နဖူး စသော အရပ်တို့ကို မှတ်သားရသည်။ တနည်းအားဖြင့် 'ငါက အမြင့်က နေသည်၊ အသုဘနိမိတ်က အနိမ့်ကတည်သည်'ဟုလည်း မှတ်သားနိုင်ပါသည်။

---

စပယ်ဦးစာပေ

ပတ်ဝန်းကျင်အားဖြင့် မှတ်ပုံ — အသုဘနိမိတ် တခုလုံး၌ စိတ်ကိုသွား စေ၍ မိမိရှုလိုသည့် အသုဘအာရုံ ထင်ပေါ်နေသောအရပ်ဝယ် ရှုရမှတ်ရမည်။

(ဥဒ္ဓုမာတက အသုဘ ရှုမည်ဆိုလျှင် ထင်ရှားစွာ ဖူးဖူးရောင်နေသောအရပ်၊ ဝိနီလကဖြစ်လျှင် ထင်ရှားစွာ အဆင်းပျက်၍ ညိုမည်းနေသောအရပ် စသည်၌ ရှုရမည်ဟူလို။)

ထိုသို့(၁၁)ပါးသော အချင်းအရာအားဖြင့် မှတ်မိအောင် ပိုင်းခြားမှတ်သားပြီး ထိုအသုဘနိမိတ်ရှိရာအရပ်၌ပင် ဘာဝနာ၏ အဆုံးဖြစ်သောဈာန်သို့ရောက်အောင်မစွမ်းနိုင်ပါမူ ကမ္မဋ္ဌာန်းကို နှလုံးသွင်းပြီး အပြန်လမ်းကိုမှတ်ကာ မိမိနေရာအရပ်သို့ ပြန်လာရသည်။

အပြန်လမ်းကို မှတ်ပုံ — အသုဘကောင်ရှိရာအရပ်မှ ပြန်လာလျှင် 'ငါပြန်လာရာ ဤလမ်းသည် အရှေ့အရပ်သို့သွား၏။ အနောက်အရပ်၊တောင်အရပ်၊မြောက်အရပ်သို့ သွား၏'ဟု လည်းကောင်း၊ 'ဤနေရာမှာ လက်ဝဲဖက်၊ လက်ျာဖက်သို့ကွေ့၏။ ဤနေရာ၌ ကျောက်ရှိ၏။ ဤနေရာ၌ တောင်ပို့ရှိ၏။ ဤနေရာ၌ သစ်ပင်နွယ်ချုံရှိ၏'ဟုလည်းကောင်း မှတ်သားရ၏။

ထိုသို့ ကမ္မဋ္ဌာန်းကိုနှလုံးသွင်း၍ လမ်းကိုမှတ်သားလျက် ပြန်လာသော ယောဂီသည် မိမိနေရာ၌ရောက်လျှင် အချမ်းသာဆုံးဖြစ်သော ဣရိယာပုထ်ဖြင့်နေလျက် ကမ္မဋ္ဌာန်းကို ပွားများနေရသည်။ ယင်းသို့ပွားများဖန်များလျှင် ပဋိဘာဂနိမိတ်ဖြစ်ပေါ်လာတော့၏။

**အသွားလမ်း အပြန်လမ်းကို မှတ်သားရကျိုး** ကမ္မဋ္ဌာန်းအာရုံယူ၍ ပြန်လာရာ အခါ ဝယ် လမ်းတနေရာ၌တဦးတယောက်နှင့် တွေ့၍ "ဒီနေ့ ဘယ်နှစ်ရက်ပါတုန်း" စသည်ဖြင့် ရက်ကိုလည်းကောင်း၊ ပြဿနာကိုလည်းကောင်း၊ နှုတ်ဆက်စကားကိုလည်းကောင်း မေးမြန်း ပြောဆိုအံ့၊ ထိုအခါ "ငါက ကမ္မဋ္ဌာန်းအားထုတ်နေဘာပဲ၊ငါနဲ့ မဆိုင်ပါဘူး" ဟု နှလုံးသွင်း၍ ဆိတ်ဆိတ် မနေရ၊ သိလျှင်လည်း သိကြောင်း၊ မသိလျှင်လည်း မသိကြောင်း ဖြေရပြောရမည်။

ထိုသို့ ဖြေရပြောရလျှင် ယူလာသော ကမ္မဋ္ဌာန်းအာရုံ ဥဂ္ဂဟ နိမိတ်သည် ပျောက်ကွယ်သွားတတ်၏။ ယင်းသို့ ပျောက်ကွယ် သွားလျှင် အသုဘကောင်ရှိရာအရပ်သို့ပြန်ပြီး နိမိတ်ယူလိုသော် လည်း ဘီလူးစသော သားရဲတိရစ္ဆာန်တို့၏ အန္တရာယ် ဘေးများ လှသောကြောင့် နိမိတ်ယူရန် မလွယ်ချေ။ ထိုအခါ "ငါသည် ဤမည်သောလမ်းဖြင့် သွားလျက် ဤမည်သော ဘက်သို့ မျက် လိုက်သောအခါ ဤမည်သောနေရာ၌ အသုဘကောင်ကို တွေ့ ရ၏။ထိုအခါ "ငါသည် ဤမည်သောဘက်သို့ မျက်နှာမူ၍ ပတ် ဝန်းကျင် နိမိတ်တို့ကို မှတ်သားပြီး ဤသို့ အချင်းအရာအားဖြင့် အသုဘနိမိတ်ကိုယူ၏။ ပြီးလျှင် ဤသို့ သဘောရှိသောလမ်းဖြင့် နိမိတ်ကို မှတ်သားလျက်ပြန်လာရာ ဤနေရာ၌ ရောက်လာ၏" ဟု ဆင်ခြင်သိုက်လျှင် ဥဂ္ဂဟနိမိတ်ခေါ် အသုဘအာရုံသည် ထင်စွာ ပေါ်လာတတ်၏။

**ပဋိဘာဂနိမိတ်ရလျှင်** အားထုတ်သော ယောဂီမှာ ပဋိဘာဂ နိမိတ်ရလျှင် ကာမစ္ဆန္ဒသည် ဝေးကွာ သည့် အလိုအားဖြင့် ကင်းပျောက်၏။

---

ကင်းပျောက်၏ဟုဆိုသော်လည်း လုံးဝအမြစ်ပြတ်ကင်းသွား သည်တော့မဟုတ်၊ ဝိက္ခမ္ဘနပဟာန်အလိုအားဖြင့် ဝေးကွာခြင်း မျှသာဖြစ်သည်ဟု မှတ်။

နှစ်သက် ချစ်ခင်တတ်သော ကာမစ္ဆန္ဒ၏ ကင်းခြင်းကြောင့် ဗျာပါဒဒေါသလည်း ကင်း၏။ ထိုအတူ ပြင်းစွာ အားထုတ် ကြောင်း၊ ဝီရိယရှိခြင်းကြောင့် ထိုင်းမှိုင်းမှု ထိနမိဒ္ဓ ကင်း၏။ ထိနမိဒ္ဓတို့ ကင်းခြင်းကြောင့် နှလုံးသား တို့သည် ကြည်လင် ရွှင်လန်း၍ ပီတိ ပဿဒ္ဓိ သုခစသော တရားနှင့် မပြတ်ယှဉ်ခြင်း ကြောင့် ဤပဋိပတ် အကျင့်ကို ဟောတော်မူသော မြတ်စွာ ဘုရား၌လည်းကောင်း၊ ဤပဋိပတ်၏ အကျိုး၌လည်းကောင်း ယုံမှားမှု ဝိစိကိစ္ဆာကင်း၏။ ဤသို့လျှင် နီဝရဏတရားငါးပါးကို ပယ်ပြီးဖြစ်တော့၏။

ထိုပြင် ပဋိဘာဂနိမိတ်၌ စိတ်ကို တင်ပေးခြင်း လက္ခဏာ ရှိသော ဝိတက်၊ အဖန်ဖန်သုံးသပ်ခြင်းလက္ခဏာရှိသော ဆင်ခြင်မှု ဝိစာရ၊ သမာဓိ တရားထူးကိုရခြင်း၊ သိခြင်းကြောင့်ဖြစ်သော နှစ်သက်အားရမှု ပီတိ၊ ပီတိနှင့်ယှဉ်သော စိတ်ရှိသည့်အတွက် ငြိမ်းအေးမှုအကြောင်းရှိသော ချမ်းသာမှု သုခ၊ ချမ်းသာမှုရှိခြင်း ကြောင့် တည်ကြည်မှု သမာဓိ (ဧကဂ္ဂတာ) ဖြစ်ပေါ်၏။

**မှတ်ချက်။** ။ဤအသုဘ ကမ္မဋ္ဌာန်းအာရုံသည် အလွန် ကြမ်းတမ်းသောကြောင့် ဒုတိယစျာန်ကိုမရနိုင်၊ ပထမ စျာန်မျှသာ ရနိုင်သည်။ နောက်၌ရှင်းလတ္တံ့။

ရှေးဦးမှတ်ဖွယ်။ ပြီးပြီ။

---

## ၁။ ဥဒ္ဓုမာတက အသုဘရှုပုံ

သေပြီး၍ တရက်လွန်မြောက် နှစ်ရက်၊ သုံးရက် ရောက်ရာ အခါ၌ လေဖြင့်မှုတ်ထားသော သားရေအိတ်ကဲ့သို့ တက်ကြွ ဖောင်းပွဖူးရောင်နေသော သတ္တဝါ၏ကိုယ်ခန္ဓာသည် 'ဥဒ္ဓုမာတ' ဥဒ္ဓုမာတကမည်၏။ထိုကိုယ်ခန္ဓာသည်ကြည့်ဖွယ်ရှုဖွယ်မတင့်တယ် သောကြောင့် 'အသုဘ' မည်၏။

ဤအသုဘကိုရှုရာတွင် 'ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ် သူသေကောင်၊ ဖူးဖူးရောင်နေသော စက်ဆုပ်ဖွယ်သူသေကောင်" ဟု နှလုံးသွင်း၍ အဖန်ဖန်ရှုရသည်။ ထိုအခါ ဥဂ္ဂဟနိမိတ်၌ ဖောက်ပြန်သောအဆင်း အရုပ်ဆိုးသော ကြောက်ဖွယ်ပုံသဏ္ဍာန် နှင့်တကွ ထင်၏။ ပဋိဘာဂနိမိတ် ၌အလိုရှိတိုင်း စားပြီးလျောင်း နေသောယောကျ်ားကဲ့သို့ ထင်၏။

## ၂။ ဝိနီလက အသုဘရှုပုံ

ဖြူနီသဘော ရောနှောစပ်တွဲ ညိုမဲမဲပုပ်၊ စက်ဆုပ်ဖွယ်တောင်း မကောင်းသော ခန္ဓာ ကိုယ် သည် 'ဝိနီလ' ဝိနီလက မည်၏။ ထိုကိုယ်ခန္ဓာသည် မတင့်တယ်သောကြောင့် 'အသုဘ' မည်၏။

ဤအသုဘကိုရှုရာဝယ် "ပကတိအဆင်း ပျက်လျက် ညိုမည်း နေသော သူသေကောင်၊ ပကတိအဆင်းပျက်လျက် ညိုမည်းနေ သော သူသေကောင်" ဟု နှလုံးသွင်း၍ အဖန်ဖန် ရှုရသည်။ ထိုအခါ ဥဂ္ဂဟနိမိတ်၌ ပြောက်ကျားဖြစ်လျက်ထင်၏။ ပဋိဘာဂ နိမိတ်၌ အနီ အညို အဆင်း တို့တွင် များသော အဆင်းဖြင့် ထင်၏။

## ၃။ ဝိပုဗ္ဗက အသုဘရှုပုံ

ပြည်တစိုစိုထွက်နေသော ခန္ဓာကိုယ်သည် 'ဝိပုဗ္ဗ' ဝိပုဗ္ဗက မည်၏။ ထိုခန္ဓာကိုယ်သည် မဘင့်တယ်သောကြောင့် 'အသုဘ' မည်၏။

ဤအသုဘကိုရှုရာဝယ် "ပြည်တစိုစိုယိုထွက်သော စက်ဆုပ်ဖွယ်သူသေကောင်၊ ပြည်တစိုစို ယိုထွက်နေသော စက်ဆုပ်ဖွယ်သူသေကောင်"ဟု နှလုံးသွင်း၍ အဖန်ဖန်ရှုရသည်။ ဥဂ္ဂဟနိမိတ်၌ တသွင်သွင် ပြည်ယိုနေသကဲ့သို့ထင်၏။ ပဋိဘာဂနိမိတ်၌ မှုလှုပ်မယှက် ငြိမ်သက်လျက်ထင်၏။

## ၄။ ဝိဆိန္ဒက အသုဘရှုပုံ

ထက်အောက်နှစ်ရပ် မဆက်စပ်အောင် ဓားဖြင့် ဖြတ်ခဲ့ခန္ဓာ ကွဲလျက်နေသော သူသေကောင်သည် 'ဝိဆိန္ဒက' ဝိဆိန္ဒကမည်၏။ ထိုသူသေကောင်သည် မတင့်တယ်သောကြောင့် 'အသုဘ' မည်၏။

ဤအသုဘကိုရှုရာဝယ် "နှစ်ပိုင်းပြတ်နေသော စက်ဆုပ်ဖွယ်သူသေကောင်၊နှစ်ပိုင်းပြတ်နေသောစက်ဆုပ်ဖွယ်သူသေကောင်" ဟု နှလုံးသွင်း၍ အဖန်ဖန်ရှုရသည်။ ဥဂ္ဂဟနိမိတ်၌ အလယ်ပြတ်လျက်ထင်၏။ ပဋိဘာဂနိမိတ်၌ အပြတ်မရှိပဲ တဆက်တည်းထင်၏။

## ၅။ ဝိက္ခာယိတက အသုဘရှုပုံ

ငှင်းတခွေ ကျီး အသီးသီးတို့နည်းမျိုးစုံစွာ ခဲစားထားသော ခန္ဓာကိုယ်သည် 'ဝိက္ခာယိတ' ဝိက္ခာယိတက မည်၏။ ထိုခန္ဓာ ကိုယ်သည် မတင့်တယ်သောကြောင့် 'အသုဘ' မည်၏။

ဤအသုဘကို ရှုရာ၀ယ် "ငှင်းတစသည်တို့က ခဲစားထား သော သူသေကောင်၊ ငှင်းတစသည်တို့က ခဲစားထားသော သူ သေကောင်"ဟု နှုလုံးသွင်း၍ အဖန်ဖန် ရှုရသည်။ ဥဂ္ဂဟနိမိတ်၌ ခဲစားထားသောအရာတို့နှင့်တကွထင်၏။ပဋိဘာဂနိမိတ်၌ ခဲစား ထားသောအရာမရှိပဲ ပြည့်ပြည့်စုံစုံဖြစ်လျက်ထင်၏။

## ၆။ ဝိက္ခိတ္တက အသုဘရှုပုံ

လက်ခြေ ခေါင်းကိုယ်တို့မရှိ၊ဖရိုဖရဲ ပြန့်ကြဲသောအလောင်း သည် 'ဝိက္ခိတ္တ' ဝိက္ခိတ္တကမည်၏။ ထိုအလောင်းသည် မတင့်တယ် သောကြောင့် 'အသုဘ' မည်၏။

ဤ အသုဘကိုရှုရာ၀ယ် "ထိုထိုအရပ်၌ စွန့်ပစ်ထားသော သူသေကောင်၊ထိုထိုအရပ်၌စွန့်ပစ်ထားသော သူသေကောင်"ဟု နှုလုံးသွင်း၍ အဖန်ဖန်ရှုရသည်။ ဥဂ္ဂဟနိမိတ်၌ ထိုထိုအရပ်၌ စွန့်ပစ်ထားသည့်အတိုင်း ထင်၏။ ပဋိဘာဂနိမိတ်၌ အားလုံး ပြည့်ပြည့်စုံစုံဖြစ်လျက်ထင်၏။

## ၇။ ဟယဝိက္ခိတ္တက အသုဘရှုပုံ

ဓား စသော လက်နက်တို့ဖြင့် ခုတ်သတ်ထားသည့် အပြင် လက်ခြေ စသည်တို့၌ အစိတ်စိတ် အမြွာမြွာပြု၍ လွှင့်ပစ်ထား

သော သူသေကောင်သည် 'ဘာယဝိက္ခိတ္တ' ဘယဝိက္ခိတ္တကမည်၏။ ထို သူသေကောင်သည် မတင့်တယ်သောကြောင့် 'အသုဘ' မည်၏။

ဤအသုဘကိုရှုရာဝယ် ဝိက္ခိတ္တကအသုဘကဲ့သို့ "ထိုထိုအရပ်၌ စွန့်ပစ်ထားသော သူသေကောင်" ဟု အဖန်ဖန်ရှုရသည်။ ဥဂ္ဂဟနိမိတ် ပဋိဘာဂနိမိတ်တို့သည် ဝိက္ခိတ္တက အသုဘအရာ၌ ဖော်ပြထားသကဲ့သို့ ထင်၏။

## ၈။ လောဟိတက အသုဘရှုပုံ

ထိုမှ ဤမှ သွေးများယိုထွက်နေသော လူသေကောင်သည် 'လောဟိတ' လောဟိတကမည်၏။ ထိုသူသေကောင်သည် မတင့်တယ်သောကြောင့် အသုဘမည်၏။

ဤအသုဘကို ရှုရာဝယ် "သွေးယို ထွက်နေသော သူသေကောင်၊ သွေးယိုထွက်နေသော သူသေကောင်" ဟု အဖန်ဖန် ရှုရသည်။ ဥဂ္ဂဟနိမိတ်၌ လေတိုက်ခတ်အပ်သော တံခွန်နီကဲ့သို့ လှုပ်လျက်ထင်၏။ ပဋိဘာဂနိမိတ်၌ မလှုပ်မယှက် ငြိမ်လျက် ထင်၏။

## ၉။ ပုဠုဝက အသုဘရှုပုံ

သေပြီးနောက် နှစ်ရက်,သုံးရက် လွန်ရာအခါ မျက်စိ၊ နား၊ နှာခေါင်းစသောအပေါက်တို့မှ ပိုးလောက်တို့အစုလိုက်အစုလိုက် ထွက်နေသော သူသေကောင်သည် 'ပုဠုဝကအသုဘ' မည်၏။

ဤအသုဘကို ရှုရာဝယ် "ပိုးလောက်တို့ဖြင့် ပြည့်နေသော စက်ဆုပ်ဖွယ်သူသေကောင်၊ ပိုးလောက်တို့ဖြင့် ပြည့်နေ သော

---

စက်ဆုပ်ဖွယ်သူသေကောင်”ဟု နှလုံးသွင်း၍ အဖန်ဖန်ရှုရသည်။ ဥဂ္ဂဟနိမိတ်၌ လှုပ်လှုပ်ရှားရှားဖြစ်လျက်ထင်၏။ပဋိဘာဂနိမိတ်၌ ငြိမ်သက်စွာထင်၏။

## ၁၀။ အဋ္ဌိကအသုဘ ရှုပုံ

အရိုးစုကိုဖြစ်စေ၊ အရိုးတချောင်းကိုဖြစ်စေ‘အဋ္ဌိကအသုဘ’ ဟုခေါ်၏။ ဤအသုဘကို “စက်ဆုပ်ဖွယ်အရိုးစု၊ စက်ဆုပ်ဖွယ် အရိုးစု” ဟုအဖန်ဖန်ရှုရသည်။ အရိုးစုကိုပွားခြင်းကြောင့် ဖြစ် ပေါ်လာသောဥဂ္ဂဟနိမိတ်၌အဆက်အစပ်အကြားအပေါက်နှင့် တကွ ထင်၏။ ပဋိဘာဂနိမိတ်၌ ပြည့်ပြည့်ဖြိုးဖြိုးထင်၏။ အရိုး တချောင်းကို ပွားခြင်းကြောင့်ဖြစ်ပေါ်လာသော ဥဂ္ဂဟနိမိတ်၌ မတင့်မတယ်ကြောက်မက်ဖွယ်ထင်၏။ ပဋိဘာဂနိမိတ်၌ချောမွေ့ ပြေပြစ် ပီတိသောမနဿ ဖြစ်ဖွယ်ထင်၏။

### အသုဘ ဘာဝနာ ပွားရခြင်း၏အကျိုး

**ဥဒ္ဓုမာတက အသုဘသည်** ကိုယ်ခန္ဓာ၏ဖောက်ပြန် ပျက်စီးခြင်းကို ထင်စွာအမှန်ဖွင့်အန်၍ပြခြင်း ဖြစ်ရကား ရုပ်ခန္ဓာ၌ တပ်မက်မှုရာဂကို ပယ်သတ်နိုင်ခြင်း အကျိုးရှိ၏။

**ဝိနီလက အသုဘသည်** အရေအဆင်း၏ ဖောက်ပြန်ပျက်စီးခြင်းကို ထင်စွာပြခြင်းဖြစ်ရကားထိုအဆင်း၌ တပ်မက်မှုရာဂကို ပယ်သတ်နိုင်၏။

---

စပယ်ဦးစာပေ

**ဝိပုဗ္ဗက အသုဘသည်** ကိုယ်နှင့်စပ်ဆိုင်သော အနံ့စစ်အနံ့မှန်ကို ဖော်ပြခြင်းဖြစ်ရကားရေမွှေးနံ့သာတို့၏ အစွမ်းဖြင့် ခန္ဓာကိုယ်ဝယ် ဖြစ်ပေါ်စေအပ်သော တပ်မက်မှု ရာဂကို ပယ်သတ်နိုင်ခြင်းအကျိုး ရှိ၏။

**ဝိဆိဒ္ဒက အသုဘသည်** ခန္ဓာကိုယ်အတွင်း၌ အခေါင်းရှိသည်၏ အဖြစ်ကို ထင်စွာပြခြင်းဖြစ်ရကား ဤ ခန္ဓာကိုယ်သည် ကျစ်ကျစ် လစ်လစ်နှင့် တလုံးတခဲတည်းရှိ၏ဟု ထင်မှတ်ခြင်းကြောင့်ဖြစ်သော ရာဂကို ပယ်သတ်နိုင်ခြင်း အကျိုးရှိ၏။

**ဝိက္ခာယိတက အသုဘသည်** မို့မောက်ပြည့်ဖြိုး၍ ဖုဖုထင်ထင် ဖြစ်နေသော အသားစု အသားဆိုင်ကြီး၏ သဘောမှန်ကိုထင်စွာပြခြင်း ဖြစ်ရကား မို့မို့ဖောင်းဖောင်း သားအပေါင်း၏ ဝကြောင်းအမှု ကောင်းကောင်းပုံသည့် သားမြတ်အစု စသည်တို့နှင့် ပြည့်ဖြိုးဖောင်းအိသော အသားထုတို့၌ တပ်မက်မှု ရာဂကို ပယ်သတ်နိုင်ခြင်း အကျိုး ရှိ၏။

**ဝိက္ခိတ္တက အသုဘသည်** လက်ခြေ စသော အင်္ဂါကြီးငယ်တို့၏ ဖရိုဖရဲ ပြန့်ကျဲနေခြင်းကို ပြခြင်းဖြစ်ရကား လက်ခြေအောက်ပိုင်း အင်္ဂါတိုင်းဝယ် လွန်တင့်တယ်၍ ကြည့်ဖွယ်ရှုဖွယ် စမ္ပါယ်နေခြင်း၌ တပ်မက်မှု ရာဂကို ပယ်သတ်နိုင်ခြင်းအကျိုး ရှိ၏။

**ဘယဝိကၡိတ္တက အသုဘသည်** တစပ်တည်း တပေါင်းတည်း ဖြစ်နေသောခန္ဓာကိုယ်၏ ကွဲပြားပျက်စီးခြင်းကို ထင်ရှားပြခြင်းဖြစ်ရကား ကိုယ်၏ တစပ်တည်းတပေါင်းဘည်း ပြည့်စုံခြင်း၌ဖြစ်သော တပ်မက်မှု ရာဂကို ပယ်သတ်နိုင်ခြင်းအကျိုး ရှိ၏။

**လောဟိတက အသုဘသည်** သွေးတို့ဖြင့် ရောပြွမ်းလျက် စက်ဆုပ်ဖွယ်ကို ပြခြင်းဖြစ်ရကား'ငါ့ကိုယ် ငါ့ကိုယ်'ဟု ခန္ဓာကိုယ်၌ တပ်မက်စွဲလန်းမှုရာဂကို ပယ်သတ်နိုင်ခြင်း အကျိုးရှိ၏။

**အဋ္ဌိက အသုဘသည်** အရိုးတို့၏ စက်ဆုပ်ဖွယ်ထင်ရာ ပြခြင်းဖြစ်ရကား အရိုးဖြောင့်ခြင်း သွားကောင်းခြင်းတို့၏ တပ်မက်မှု ရာဂကို ပယ်သတ်နိုင်ခြင်း အကျိုးရှိ၏။

## အဆုံး၌ မှတ်ဖွယ်

**ပထမစျာန်သာ ရနိုင်ခြင်း** အသုဘကမ္မဋ္ဌာန်းတို့၌ ပထမစျာန်မျှသာ ရခြင်း၏ အကြောင်းကား အသုဘကမ္မဋ္ဌာန်း အာရုံတို့သည် ရုန့်ရင်းကြမ်းကြုတ် စက်ဆုပ်ဖွယ်ကောင်းသောကြောင့် ဖြစ်၏။ ချဉ်းအံ့။ ကြမ်းတမ်းသောရေအလျဉ်မှာ ထိုးဝါးကောင်းဖြင့် ထောက်မထားပါလျှင် လှေသည် မတည်တန့်နိုင်။ထိုအတူ စက်ဆုပ်ဖွယ် အာရုံပေါ်သို့ တင်ပေးမည့် ဝိတက်တည်းဟူသော ထိုးဝါးမပါလျှင် စိတ်အစဉ် မတည်တန့်နိုင်။ သို့ဖြစ်၍ အသုဘအာရုံကို အာရုံပြု၍ဝိတက်မပါသောဒုတိယစျာန်စသည်တို့မရပဲ ဝိတက်နှင့်တကွဖြစ်သော ပထမစျာန်မျှသာ ရနိုင်လေသည်။

**ပီတိသောမနဿ ဖြစ်နိုင်ခြင်း** အလွန် ကြောက်ဖွယ်ကောင်းသော အသုဘ အာရုံကြီး၌ ပီတိသောမနဿ ဖြစ်နိုင်ပါမည်လော ဟု ယုံမှားဖွယ် မေးဖွယ်ရှိ၏။ အဖြေကား။ အသုဘအာရုံ ကြောက်ဖွယ်ကောင်းသည်ကား မှန်ပါ၏။ သို့သော် အသုဘအာရုံကို အကြောင်းပြု၍ အိုနာသေရေး ဒုက္ခဘေးတို့မှ မုချလွတ်ရတော့မည်ဟူသော အကျိုးအာနိသင်ကို မြော်မြင်၍ လည်းကောင်း၊ နီဝရဏအပူကို ပယ်ခြင်းကြောင့် လည်းကောင်း၊ နှစ်သက် ဝမ်းမြောက်ခြင်း ပီတိသောမနဿ ဖြစ်နိုင်၏။ ဥပမာပြရလျှင် အခကြေးငွေလိုချင်သော မစင်ကျုံးအလုပ်သမားအား ယခုပင်လျှင် အခကြေးငွေ များစွာရလိမ့်မည်ဟူသော အကျိုးကို မြော်မြင်၍ မစင်ပုံ၌ ပီတိသောမနဿ ဖြစ်ပေါ်သကဲ့သို့တည်း။

**အသုဘ ၁၀ ပါး ရှိသော်လည်း လက္ခဏာ အားဖြင့် တပါးသာ** ခွဲ၍ပြရလျှင် - အသုဘ ကမ္မဋ္ဌာန်းသည် ပြခဲ့သော နည်းအားဖြင့် ၁၀ ပါး အပြားရှိသော်လည်း လက္ခဏာအားဖြင့် တပါးသာ ရှိ၏။ မှန်၏။ အသုဘတို့ သဘောသည် မှတ်ကြောင်း လက္ခဏာအားဖြင့် မစင်မကြယ် အနံ့ဆိုးလျက် စက်ဆုပ်ရွံရှာဖွယ် ကောင်းသည်ချည်းသာတည်း။

**ရှင်ဆဲလည်း အသုဘ** အထက်ပါ လက္ခဏာအားဖြင့် ကြည့်ရှုလိုက်သော် သူသေကောင်၏ ခန္ဓာကိုယ်သာလျှင်အသုဘမဟုတ်၊ အသက်ရှင်ဆဲခန္ဓာကိုယ်လည်း အသုဘသာ ဖြစ်တော့၏။ သို့သော် ရှင်သန်ဆဲဖြစ်သော ခန္ဓာကိုယ်၌ ရေချိုးသုတ်သင် တန်းဆာဆင်ကာ ဖုံးကွယ်ထားသောကြောင့်

စက်ဆုပ်ရွံရှာဖွယ် မတင့်တယ်သော အသုဘလက္ခဏာသည် လူ့အများစုအား မထင်ပေါ်ပဲ ရှိနေရသည်။ ပကတိအားဖြင့်ကား ခန္ဓာကိုယ်သည် သုံးရာကျော်သောအရိုးတို့ဖြင့်စိုက်ထောင်ထား၏ (သွားရိုးနှင့်တကွ သုံးရာကျော်ဟု ဆိုသည်။ သွားရိုးမပါလျှင် သုံးရာမျှသာရှိ၏။) ကြရာ့ရှစ်ဆယ်သော အဆက်အစပ်တို့ဖြင့် ဆက်စပ်ထား၏။ ကိုးရာသော အသားစု၊ အသားထစ်တို့ဖြင့် လိမ်းကျံထား၏။ အရေထူအရေပါး နှစ်မျိုးတို့ဖြင့် ဖုံးအုပ်ထား၏။ သေးမွှားသော မွေးညှင်းပေါက်များ အနှံ့အပြား ရှိ၏၊ အဆီထည့်ထားသော မြေအိုးကဲ့သို့ အထက်သို့လည်းကောင်း၊ အောက်သို့လည်းကောင်း အညစ်အကြေးများ ဆူပွက်ယိုထွက်လျက် ရှိ၏၊ လေပိဂ်လစသော ပိုးမျိုး ၈၀ တို့၏ မှီဝဲရာ နေရာသည်လည်းဖြစ်၏။ဤသို့ စက်ဆုပ်ရွံရှာဖွယ်မစင်ကြယ် အငြိတွယ် အနံ့ဆိုးလျက်ရှိသော ခန္ဓာကိုယ်သည် အဘယ်မှာ သုဘဖြစ်ပါ သနည်း။ (သုဘ=တင့်တယ်၊ အသုဘ=မတင့်တယ်။)

**အသုဘကို တပ်မက်နေကြပုံ** ထိုသို့ မစင်မကြယ် ရွံဖွယ်ကောင်းသော အရာတို့ကို သွားတိုက်ခြင်း၊မျက်နှာသစ်ခြင်း၊ရေချိုးခြင်းစသည်တို့ဖြင့်သုတ်သင်ပြီး အမျိုးမျိုးသောအဝတ်တို့ဖြင့် ရက်ဖွယ်အင်္ဂါတို့ကိုဖုံးလွှမ်း၍ အမွှေးအကြိုင်စသည်တို့ဖြင့် လိမ်းကျံလျက် ငါ၊ ငါ့ဥစ္စာ၊ ငါ့ဟာဟု မှတ်ယူအပ်သော အခြေသို့ ရောက်အောင် အပြိုင်အဆိုင် ပြုလုပ်နေကြသည်။ ထို့ကြောင့် ဟုတ်တိုင်းမှန်သည့် အသုဘလက္ခဏာကို မမှတ်နိုင် မသိနိုင်ကြပဲ ယောကျ်ားတို့က မိန်းမတို့အပေါ်၌ မွေ့လျော်နှစ်သက် တပ်မက်နေကြသည်။ မိန်းမတို့

ကလည်း ယောကျ်ားတို့အပေါ်၌ မွေ့လျော်နှစ်သက် တပ်မက်နေကြသည်။ တခါတရံ ယောကျ်ားအချင်းချင်း၊ မိန်းမအချင်းချင်း လိမ်လည်ပြန်လိုက်ကြသေး၏။

အမှန် ပရမတ် သဘောအားဖြင့်ကား ဤ ခန္ဓာကိုယ်ထဲ၌ တပ်မက်စရာ နှစ်သက်စရာကောင်းသော အရာသည် အနုမြူမျှ လောက်မျှ မရှိချေ။ မှန်၏။ဆံပင်မွေးညှင်း ခြေသည်းလက်သည်း သွား တံတွေး ကျင်ကြီး ကျင်ငယ် စသည်တို့သည် ခန္ဓာကိုယ်မှ ကျသွားလျှင်ကောက်ယူဖို့နေနေသာသာ လက်နှင့်ထိဖို့ရန်တောင် စိတ်မကူးကြတော့။ စက်ဆုပ်၏။ ရွံ၏။ သို့သော်လည်း ခန္ဓာကိုယ်၌ ကျန်ရှိနေသေးသော အရာတို့သည် အောက်သို့ကျသွားသော အရာကဲ့သို့ စက်ဆုပ် ရွံရှာဖွယ် ကောင်းသော်လည်း အဝိဇ္ဇာမှောင်က မြွေးယှက် ဖုံးကွယ်ထားသည် ဖြစ်ရကား မိမိကိုယ်၌လည်းကောင်း၊ သူတပါးကိုယ်၌လည်းကောင်း ချစ်ခင် နှစ်သက်သောရာဂဖြင့် တပ်မက်ကြလျက် လိုချင် နှစ်သက်စရာကောင်းသည်။ မြဲသည်။ ချမ်းသာသည်။ အတ္တပဲဟု မှတ်ယူနေကြ၏။ ထို့ကြောင့် ယင်းသို့ ထင်မှတ်နေသော ပုဂ္ဂိုလ်အပေါင်းအား ပေါက်ပင်ထက်ရှိ ပေါက်ပွင့်ကို သားတစ်ဟု ထင်မှတ်နေသော ခွေးမိုက်နှင့်တူနေ၏ဟု ပညာရှိတို့က ကဲ့ရဲ့တော်မူကြလေသည်။

**ပေါက်ပွင့်နှင့် ခွေးမိုက်** ခွေးတကောင်သည် ပင်လုံးညွှတ် ပွင့်နေသော ပေါက်ပွင့်ကို အဝေးတနေရာမှ မြင်ရ၍ ငါ အသားပင်ကိုရပြီဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အဆောတလျင် ပြေးသွား၍ ကျလာတိုင်းသော ပေါက်ပွင့်တို့ကို အားရပါးရ ကိုက်ခဲလိုက်၏။ ထိုအခါ ဒါက သားတစ် မဟုတ်

သေးဘူး အထက်ကျန်ရှိနေတာမှ သားထစ်ဟု အထင်မှား၍ တပ်မက် နေပြန်လေသည်။

**ပညာရှိနှင့် လူ့ဗာလတို့အမြင်**

ပညာရှိတို့သည် ခန္ဓာကိုယ်ကို ညှီဟောင် နံစော်၏။ အဖန်ဖန် ဆေးကြောသုတ်သင် ပါသော်လည်း မစင်ကြယ်။ ခွေးကောင်ပုပ် မြွေကောင်ပုပ်နှင့်တူ၏၊ ကျင်ကြီးတွင်းနှင့်လည်းတူ၏ဟုသိမြင်ကြ၍ အပြင်းအထန် ကဲ့ရဲ့ရှုတ်ချကြ၏။

လူ့ဗာလ(လူမိုက်လူအ)တို့ကမူ ယင်းခန္ဓာကိုယ်ကို "မွေးကြိုင်သည်။ သာယာစရာကောင်းသည်။ လိုချင်စရာ ကောင်းသည်" စသည်ဖြင့် အမှားမှား အယွင်းယွင်း သိမြင်ကြ၍ အငမ်းမရ တပ်မက်နေကြသည်။ ထို့ကြောင့် လူ့ဗာလတို့သည် မိစ္ဆာစာရ စသော ယုတ်မာမှုတို့ကို ပြုကျင့်ကြ၏။ ပြီးလျှင် အမှောင်ဖြစ်သော အပါယ်သို့ သွားကြရှာတော့သည်။

**အလင်းရောက်အောင် ကြိုးစားကြစမ်းပါ**

ထို့ကြောင့် သင်တို့သည် သတိတမာန် ပညာဉာဏ်ဖြင့် မြော်ယောက် ချင့်၍ အသက်မရှိသော ခန္ဓာကိုယ်၌ ဖြစ်စေ၊ အသက်ရှိသော ခန္ဓာကိုယ်၌ဖြစ်စေ၊ တင့်တယ်၏။ တင့်တယ်၏ဟု နှလုံးသွင်းခြင်း တပ်မက်ခြင်းမှ လုံးဝရှောင်ကြဉ်လျက် အလင်းရောက်အောင် ကြိုးစားကြစမ်းပါ။

အသုဘ ကမ္မဋ္ဌာန အဖွင့်

**ပြီး ပြီ။**

## အနုဿတိ ကမ္မဋ္ဌာန အဖွင့်

### အနုဿတိ (၁၀)ပါး

၁။ ဗုဒ္ဓါနုဿတိ၊ ၂။ ဓမ္မာနုဿတိ၊ ၃။ သံဃာနုဿတိ၊ ၄။ သီလာနုဿတိ၊ ၅။ စာဂါနုဿတိ၊ ၆။ ဒေဝတာနုဿတိ၊ ၇။ မရဏာနုဿတိ၊ ၈။ ကာယဂတာသတိ၊ ၉။ အာနာပါနဿတိ၊ ၁၀။ ဥပသမာနုဿတိ။

### ဗုဒ္ဓါနုဿတိ ပွားပုံ

မြတ်စွာဘုရား၏ ဂုဏ်တော်တို့ကို အဖန်ဖန် တလဲလဲ ထပ်ကာထပ်ကာ အောက်မေ့မှုသတိကို 'ဗုဒ္ဓါနုဿတိ' ဟုခေါ်သည်။ ဤဗုဒ္ဓါနုဿတိကိုပွားလိုသောယောဂီသည် ဗုဒ္ဓကိုအာရုံပြုလျက်-

"ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ
ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော လောကဝိဒူ
အနုတ္တရော ပုရိသ ဓမ္မသာရထိ သတ္ထာဒေဝ
မနုဿာနံ ဗုဒ္ဓေါဘဂဝါ...."

ဟူသော ဘုရားဂုဏ်တော်ကိုးပါးကို တဂုဏ်တော်ပြီး တဂုဏ်တော် အောက်မေ့ဆင်ခြင်၍ အဖန်ဖန်ပွားများရသည်။ ယင်းသို့ ပွားများရာမှာလည်း အရဟံစသော ဂုဏ်တော်တို့၏ အဓိပ္ပာယ်ကို နားလည်မှ သိမှ ကောင်းသည်။ သို့မှသာ ပွားများရာ၌ ပို၍ လေးလေးနက်နက် ရှိ၏။

## ၁။ အရဟံ မည်တော်မူပုံ

(က) ဝါသနာနှင့်တကွ တထောင့်ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူသောကြောင့် အရဟံ။

(ခ) ကိလေသာ ရန်သူတို့ကို ပယ်သတ်တော်မူပြီး ဖြစ်သောကြောင့် အရဟံ။

(ဂ) သံသရာစက်ဘီး၏ အကန့်ဒေါက်တို့ကို ဖျက်ဆီးတော်မူပြီး ဖြစ်သောကြောင့် အရဟံ။

(ဃ) ပစ္စည်းတို့ဖြင့်လှူဒါန်းပူဇော်မှုကို ထိုက်တန်တော်မူသောကြောင့် အရဟံ။

(င) ဆိတ်ကွယ်ရာ၌ မကောင်းမှုတို့ကို မပြုလုပ်ခြင်း၊ မကောင်းမှုပြုရန် ဆိတ်ကွယ်ရာ မရှိခြင်းကြောင့် အရဟံ မည်တော်မူပါပေ၏။

**ဝါသနာနှင့်တကွ ဝေးကွာ** သတ္တဝါတို့၏သန္တာန်၌ သံသရာကအငွေ့အသက် ထုံလျက်ပါလာသော ကိလေသာတို့၏ သတ္တိကို 'အထုံဝါသနာ' ဟု ခေါ်သည်။ ဗုဒ္ဓ၏ သာဝက ရဟန္တာ အရှင်မြတ်များလည်း ကိလေသာအားလုံးမှ ကင်းကြသည်ချည်းပင်။ သို့သော် ကိလေသာ ရှိစဉ်က အလေ့အကျင့်ဖြစ်ခဲ့သော ဝါသနာသည်ကား ဗုဒ္ဓကဲ့သို့ လုံးဝမကင်းတတ်ကြပေ။ ဥပမာ အလွန်အနံ့ပြင်းသော အရက်ထည့်ရာပုလင်း၌ အရက်များကုန်သွားသော်လည်း အရက်နံ့ကား ထုံလျက် မပျောက်သကဲ့သို့တည်း။

**တစ်ထောင့်ငါးရာ ကိလေသာ** ပုထုဇဉ်တို့ သန္တာန်၌ ကိလေသာသည် အကျဉ်း အား ဖြင့် (၁၀) ပါး ရှိ၏။ အကျယ်အားဖြင့်ကား တစ်ထောင့်ငါးရာ ရှိသည်။ အကျဉ်း (၁၀) ပါးမှ တစ်ထောင့်ငါးရာအကျယ် ဖြစ်လာပုံကိုအမြွက်မျှတွက်ပြပါမည်။ လောဘစသော တရားကိုနာမ်စေတသိက်(၅၃)၊ နိပ္ဖန္နရုပ်အဋ္ဌရသ (၁၈)၊ လက္ခဏာလေးပါး (၄)၊ ဤ (၇၅) ပါး သော တရား တို့ကို အာ ရုံ ပြု ၏။ ထို့ကြောင့် (၇၅)ပါးသော တရားတို့ကို လောဘစသော ကိလေသာအကျဉ်း (၁၀)ပါးနှင့်မြှောက် (၇၅၀)ရ၏။ ဤ (၇၅၀) သော တရားတို့ကို အဇ္ဈတ္တသန္တာန် ဗဟိဒ္ဓသန္တာန်တို့၌ ဖြစ်ကြသောကြောင့် ၂ နှင့်မြှောက် တစ်ထောင့်ငါးရာ ကိလေသာရ၏။

**ကိလေသာရန်သူတို့ကို ပယ်သတ်တော်မူပုံ** လောက၌မိမိအားလည်းကောင်း၊ မိမိ၏ ဂုဏ်သိမ် စည်းစိမ်အား လည်းကောင်း၊ မိမိ၏ မိတ်ဆွေ အပေါင်းအား လည်း

ကောင်း၊အကျိုးမဲ့အောင် ပြုလုပ်ဘတ်သောပုဂ္ဂိုလ်အပေါင်းကို ရန်သူဟု ခေါ်ရသကဲ့သို့ သံသရာ၌ သတ္တဝါအပေါင်းအား အကျိုးမဲ့အောင်ပြုစီမံတတ်သောကိလေသာအပေါင်းကိုရန်သူဟု ခေါ်ရလေသည်။ဗုဒ္ဓမြတ်စွာသည်ထိုကိလေသာရန်သူ အပေါင်းကို အရိယာမဂ် ဓားလက်နက်ဖြင့် ပယ်သတ်တော်မူပြီးဖြစ်၏။

**သံသရာစက်ဘီး ဖျက်ဆီးတော်မူပုံ** သံသရာ စက်ဘီးကြီးသည် အဝိဇ္ဇာ တဏှာ-ဖြင့်ပြီးသောပုံတောင်(ပဒေါင်း) ရှိ၏၊ ပုညာဘိ သင်္ခါရ၊ အပုညာဘိ သင်္ခါရ၊အာနေဉ္ဇာဘိသင်္ခါရ ဟူသော အကာပ်တံကူလည်းရှိ၏။ အာသဝဖြင့် ပြီးသော ဝင်ရိုးဖြင့် လျှိုကာ ကာမ ရူပ အရူပ ဟူသော ဘဝ သုံးပါးသည် ယာဉ်ရထား၌ တပ်ဆင်ထားသည့် အဘွက် အဆက်မပြတ်သည်ပတ်နေ၏။ဗုဒ္ဓမြတ်စွာသည် ဤသံသရာ စက်ဘီးကြီးကို ဗောဓိမဏ္ဍိုင် အရပ်၌ ဝီရိယတည်းဟူသော ခြေအစုံဖြင့် သီလတည်းဟူသော မြေပြင်ဝယ် ရပ်တည်တော်မူလျက် ကံကိုပျက်စေနိုင်သောအရိယာမဂ်ဉာဏ် ပုဆိန်လှံတို့ဖြင့် ချိုးဖဲ့ ဖျက်ဆီးတော်မူလိုက်သည်။

**ပစ္စည်းတို့ဖြင့်ထိုက်တန်** ဗုဒ္ဓမြတ်စွာသည် အလှူခံပုဂ္ဂိုလ် များ များ ထိုထိုထက် အမြတ်ဆုံး အသာဆုံး ဖြစ်တော်မူ၏။ ထို့ကြောင့် သဟမ္ပတိဗြဟ္မာကြီးသည် ဗုဒ္ဓမြတ်စွာ အား မြင့်မိုရ်တောင်မျှ ပမာဏရှိသော ရတနာပန်းကုံးကြီးဖြင့် လှူဒါန်းပူဇော်၏။ အခြားသော နတ်တို့သည်လည်းကောင်း၊ ဗိမ္ဗိသာရမင်း၊ ကောသလမင်းစသော လူတို့သည်လည်းကောင်း စွမ်းအားရှိသလောက်လှူဒါန်းပူဇော်ကြကုန်၏။ထို့ပြင် ပရိနိဗ္ဗာန်

စံလွန်တော်မူပြီးသော မြတ်စွာဘုရားကို ရည်မှန်း၍ အသောက မင်းမြတ်သည် (၉၆) ကုဋေသော ဥစ္စာတို့ကိုစွန့်လွှတ်ပြီးလျှင် ရှစ်သောင်းလေးထောင်သော ရေတွင်းရေကန် စေတီကျောင်း တို့ဖြင့် လှူဒါန်း ပူဇော်၏။ သို့ဖြစ်ရကား၊ သာမန် နတ် လူတို့၏ လှူဒါန်းပူဇော်မှုကို အဘယ်မှာ မထိုက်တန်ပဲ ရှိပါအံ့နည်း။

**ဆိတ်ကွယ်ရာ၌ မကောင်းမှုမပြုခြင်း** လောက၌ ပညာရှိ သူတော်ကောင်း မဟုတ်ပဲ မိမိကိုယ်ကိုပညာရှိသူတော်ကောင်းဟု ခံယူ ထားကြ ကုန်သော သူမိုက်တို့သည် သူတပါးတို့ မြင်ကြားတွေ့သိသွားလျှင် အကျော်စောမဲ့မည်၊ ဂုဏ်ပျက်မည်စိုးသောကြောင့် မမြင်မတွေ့နိုင်သော ဆိတ်ကွယ်ရာအရပ်၌ မကောင်းမှုကို ပြုကြ၏။ ငါတို့ ဗုဒ္ဓမြတ်စွာ သည်ကား မကောင်းမှုပြုခြင်း၏ အကြောင်းဖြစ်သော ကိလေ သာတို့ကို ပယ်သတ်တော်မူပြီး ဖြစ်ရကား တခါတရံမျှ ထိုသို့ ပြုတော် မမူ။

**အရဟံဂုဏ် ပွားပုံ** သတ္တဝါအပေါင်း ချမ်းသာကြောင်းကို ကောင်းစွာမြင်သိ ပညာရှိ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် တထောင့် ငါးရာ ကိလေသာတို့မှ ဝေးကွာတော်မူသော ဤအကြောင်း ကြောင့်လည်း အရဟံ၊ အရဟံမည်တော်မူပါပေ၏။

လောဘ၊ ဒေါသ စသည့်ဖုံဖုံ ရန်သူပုန်ကို အကုန်မကျန် တွန်းလှန်ဖျက်ဆီး အောင်မြင်တော်မူပြီးသော ဤအကြောင်း ကြောင့်လည်း အရဟံမည်တော်မူပါပေ၏။

---

အဝိဇ္ဇာအစ၊ ဇရာမရဏအဆုံး အလှန်မှန်းစရာကောင်းသော ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကို ကောင်းစွာပိုင်ပိုင် ချိုးဖျက်တော် မူနိုင်သော ဤအကြောင်းကြောင့်လည်း အရဟံ၊ အရဟံ မည် တော်မူပါပေ၏။

မင်းမင်းပြည်သူ ကြည်ဖြူကော်ရော် အလှူတော်အမှန် အပူ ဇော်ကို ခံယူတော်မူထိုက်သော ဤအကြောင်း ကြောင့်လည်း အရဟံ၊ အရဟံမည်တော်မူပါပေ၏။

မျက်မှောက် မျက်ကွယ် ဤနှစ်သွယ်ဝယ် ဖြစ်စင်ကြယ်၍ ဆိတ်ကွယ်ရာလည်း ရှိတော်မမူသော ဤအကြောင်း ကြောင့် လည်း အရဟံ၊ အရဟံမည်တော်မူပါပေ၏။

## ၂။ သမ္မာသမ္ဗုဒ္ဓ မည်တော်မူပုံ

(က) သိသင့်သိထိုက်သော ဥေယျဓမ်တရားငါးပါးကို ထိုးထွင်း၍ သိတော်မူသောကြောင့် သမ္မာ သမ္ဗုဒ္ဓ။

(ခ) ပိုင်းခြား၍ သိထိုက်သော တရားတို့ကို ကောင်း စွာ ပိုင်းခြား၍ သိတော်မူသောကြောင့် သမ္မာ သမ္ဗုဒ္ဓ။

(ဂ) ပယ်ထိုက်သောတရားတို့ကို ကောင်းစွာသိတော် မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ။

(ဃ) မျက်မှောက်ပြုထိုက်သော တရားတို့ကို ကောင်း စွာသိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ။

---

(င) ပွားစေထိုက်သော တရားတို့ကို ကောင်း စွာ သိတော်မူသောကြောင့် သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။ (ပါဠိစဉ်၌ သမ္မာသမ္ဗုဒ္ဓော) ဟု ရှိသည်။

**ဉေယျဓမ်တရား ငါးပါး**

၁။ စိတ်စေတသိက်နာမ်တရားနှင့် နိပ္ဖန္နရုပ်ဟူသော သင်္ခါရတရားများ။

၂။ လဟုတာ အစ ရှိသော ဝိကာရ ရုပ်တရားများ။

၃။ ဥပစယ အစ ရှိသော လက္ခဏာ ရုပ်တရားများ။

၄။ လူနတ်ပြဟ္မာ ဆင် မြင်း ကျွဲ နွား တောတောင်ရေမြေစသော ပညတ် တရားများ။

၅။ ရုပ်နာမ်တရားတို့၏ ကုန်ငြိမ်း ရာ နိဗ္ဗာန်တရား။

**ပိုင်းခြား၍သိထိုက်သောတရား** ပိုင်းခြား၍ သိထိုက်သော တရားကား ဒုက္ခသစ္စာ တရားတည်း။ ဤသစ္စာတရားတို့ကား ဇာတိဒုက္ခ၊ ဇရာဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ အပ္ပိယေဟိသမ္ပယောဂဒုက္ခ၊ ပိယေဟိဝိပ္ပယောဂဒုက္ခ၊ ယံပိစ္ဆံနလဘတိတမ္ပိဒုက္ခ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဒုက္ခတို့ဖြစ်၏။

---

ရှင်းဦးအံ့။ လောကဌ် အလင်းရောင်ဆိတ် အမှောင်ပိတ်၍ နေသော အမိဝမ်းတိုက်ဝယ် ကျဉ်းကျဉ်းကျပ်ကျပ် သန္ဓေကပ်၍ နေရသည်မှအစ ဖွားမြင်ရသည့် အဆုံးတိုင်အောင် မှန်းဆ၍ လည်းကောင်း၊ ကိုယ်တွေ့ မျက်မြင်အားဖြင့် လည်းကောင်း၊ ဒုက္ခရောက်ပုံသည် အလွန်ထင်ရှား၏။ ဆိုဒုက္ခသည် 'ဇာတိဒုက္ခ' မည်၏။

အသက်ကြီး၍ သွားကျိုး ဆံဖြူ နားအူ ခါးကိုင်း မျက်လုံး ပိုင်းတွင် ဝိုးဝါးထင် အမြင်ဆိုးလှ အို....ဒုက္ခသည် 'ဇရာဒုက္ခ' မည်၏။

နာခြင်းအစ သေရအဆုံး လူလုံးမလှ ဖျားနာရခြင်းသည် 'ဗျာဓိဒုက္ခ' မည်၏။

သားနှင့်မယား လင်ယောကျ်ားနှင့် သမီးဖုံဖုံ ဆွေမျိုးစုံကို ကုံလုံဥစ္စာ သွားစရာအရေး အသေဘေးသည်၊ မရဏဒုက္ခ မည်၏။

ထိုဇာတိဇရာဗျာဓိမရဏတို့ ကင်းဝေးကွာနေပါသော်လည်း မချစ်မနှစ်သက်အပ်သော (မုန်းအပ်သော) သားဆိုးသမီးဆိုး ဆွေဆိုး မျိုးဆိုး မိတ်ဆွေ သူငယ်ချင်းဆိုး၊ အခိုင်းအစေ အခြွေအရံဆိုး၊ ငယ်စဉ်က နှောင်ရေးကို မြော်မတွေးပဲ အခတော်လေ အတော်လေဟု အရမ်းကြုံဆ၍ ယူထားခဲ့မိသော အိမ်ထောင်ဘက်တို့ဆိုးနှင့်စိတ်မချမ်းမသာ ပေါင်းဖော်နေရသော ဒုက္ခသည် 'အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ'မည်၏။

သွားယင်းလာယင်း (သို့မဟုတ်) ပွဲအတွင်းရှိ သူ၏ ပြေပြစ်သော ကိုယ်လုံးကိုယ်ဟန် ဝန်းဝိုင်းသော မျက်လုံး ကော့ညွတ်သော မျက်တောင် အထက်ခေါင်က နက်မှောင်သော ဆံပင်

အစရှိသည့် ရူပါရုံ၊ ကြည်လင်ပြတ်သားသောသဒ္ဒါရုံ၊ ပုံပြင်ခြယ်မှုန်အမွှေးရနံ့ သုံးထားသည့် ဂန္ဓာရုံ၊ အိအိစက်စက်ညက်ညက်ညောညော အသားပေါသည့်နေရာတို့၌ တွေ့ထိလိုက်ရသော ဖောဋ္ဌဗ္ဗာရုံ၊ ထိုအာရုံအမျိုးမျိုးတို့ကို မြင်ရကြားရ တွေ့လိုက်ရသောကြောင့် ချစ်နေရသော ချစ်သူ၊ မြို့တွင်း ရွာတွင်းတို့၌ နေ့စဉ်အမြဲတွေ့နေရပြီး သူ၏ အလုပ်အကိုင်စိတ်နေသဘောထားတို့ကို ကောင်းစွာသိရ၍ ချစ်နေရသောချစ်သူ၊ ထိုသို့ အမျိုးမျိုးသော ချစ်သူတို့နှင့် ပေါင်းဖော်ဆုံစည်းမှုမရပဲ အသီးအခြားကွဲကွဲပြားပြားနေရခြင်း ဒုက္ခ၊ ပေါင်းဖော်ဆုံဆည်းမှု ရပါသော်လည်း ကံမကောင်းအကြောင်းမသင့်၍ သေကွဲရှင်ကွဲကွဲရသောဒုက္ခတို့သည် 'ပိယေဟိ ဝိပ္ပယောဂဒုက္ခ' မည်၏။

လိုချင်တာကို မရခြင်းကြောင့် ဖြစ်ရသော ဒုက္ခသည် 'ယံပိစ္ဆံ န လဘတိ၊ တမ္ပိ ဒုက္ခ' မည်၏။

အကျဉ်းချုပ်အားဖြင့် ဥပါဒါန်ဟု ခေါ်ဆိုရသော တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ခန္ဓာကိုယ်လုံး ဒုက္ခတုံးကြီးသည် သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ဒုက္ခမည်၏။ မှန်၏။ ဤခန္ဓာကိုယ်ရှိလို့သာလျှင်စားဝတ်နေရေးအတွက်ဒုက္ခအမျိုးမျိုးနှင့်ရင်ဆိုင်၍ရှာဖွေနေရ၏။ အိုရ၊ နာရ၊ သေနေရ၏။

**ပယ်ထိုက်သော တရား**

ပယ်ထိုက်သောတရားကား သမုဒယသစ္စာတည်း။ ဤသစ္စာတရားတို့ကား၊ ကာမဂုဏ်ကို တပ်မက်နှစ်သက် တတ်သော ကာမတဏှာ သဿတဒိဋ္ဌိနှင့်အတူဖြစ်သော ဘဝတဏှာ၊ ဥစ္ဆေဒဒိဋ္ဌိနှင့်အတူဖြစ်သော ဝိဘဝတဏှာတို့ဖြစ်၏။

---

စပယ်ဦးစာပေ

ရှင်းဦးအံ့။ ။ပိုင်းခြား၍ သိထိုက်သောတရား၌ ဖော်ပြခဲ့သော ဒုက္ခ တွေ သည် အကြောင်းမဲ့သက်သက် ဖြစ် ရသည် မဟုတ်။ သမုဒယဟူသော တဏှာလောဘ ကြောင့်သာ ဖြစ်ရသည်။ ထိုတဏှာသည် ဖော်ပြခဲ့သည့်အတိုင်း ကာမတဏှာ၊ ဘဝတဏှာ၊ ဝိဘဝတဏှာ ဟု သုံးမျိုးရှိ၏။ ထိုသုံးမျိုးတို့တွင် ကာမတဏှာဟူသည်ခံစားဖွယ်၊သာယာဖွယ်ကောင်းသောရူပါရုံ အစရှိသည့် ဣဋ္ဌာရုံ (မိမိအလိုရှိအပ်သော အာရုံ) ဟူသမျှတို့၌ နှစ်သက်တပ်မက်ခြင်းသည် ကာမတဏှာမည်၏။ ဤဘဝ ဤခန္ဓာ ကိုယ် မြဲ၏ဟုယူဆနေသောဒိဋ္ဌိသည် သဿတဒိဋ္ဌိမည်၏။ဘဝဒိဋ္ဌိ ဟုလည်း ခေါ်၏။ ထိုဘဝဒိဋ္ဌိနှင့် အတူဖြစ်သော တဏှာသည် ဘဝတဏှာမည်၏။ ဤဘဝမှ သေလျှင် နောက်ဘဝမဖြစ်နိုင် တော့၊ နောက်ဘဝမရှိ။ဤဘဝတခုသာရှိ၏ဟုယူဆသောဒိဋ္ဌိသည် ဥစ္ဆေဒဒိဋ္ဌိမည်၏။ ဝိဘဝဒိဋ္ဌိဟုလည်း ခေါ်၏။ ထိုဝိဘဝဒိဋ္ဌိနှင့် အတူဖြစ်သောတဏှာသည် ‘ဝိဘဝတဏှာ’ မည်၏။

ထိုတဏှာအပေါင်းကို အရင်းခံ၍ သတ္တဝါအပေါင်းတို့သည် ကြံချင်ရာကြံ၊ တွေးချင်ရာတွေး၍ ငါ စိတ်ချမ်းသာယင်ပြီးရော ဟူသော ဝါဒတို့ဖြင့် ကောင်းကောင်းဆိုးဆိုး အလုပ်အမျိုးမျိုး တို့ကို ပြုလုပ်ကြပြန်ရာ ထိုကံကြောင့်(အလုပ်ကြောင့်)ဘဝသစ်၌ ဇာတိ ပဋိသန္ဓေနေလိုက်ရပြန်၏။ ဇာတိဖြစ်လာပြန်တော့ ဇရာ ဒုက္ခ၊ ဗျာဓိဒုက္ခ၊ မရဏဒုက္ခ၊ အပ္ပိယေဟိ သမ္ပယောဂ ဒုက္ခ၊ ပိယေဟိ ဝိပ္ပယောဂဒုက္ခ၊ ယံပိစ္ဆံ နလဘတိ တမ္ပိဒုက္ခ၊ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာဒုက္ခ တို့က အကွက်ဆိုက်လျှင် တက်လိုက်ကြပေ မည်။ ထို့ကြောင့် စိတ်၌ ကိုယ်၌ ဖြစ်သော ဒုက္ခအပေါင်းတို့၏

အကြောင်းရင်းတရားခံကို ဖွေရှာပြန်တော့ တဏှာကိုသာ တွေ့ရခဲ့တော့သည်။

**မျက်မှောက်ပြုထိုက်သောတရား** မျက်မှောက် ပြုထိုက်သော တရားကား နိရောဓသစ္စာတရားတည်း။ တရားကိုယ်ကား နိဗ္ဗာန်ပင်ဖြစ်၏။ (နိရောဓ၊ အလုံးစုံသော ဒုက္ခအပေါင်းတို့၏ ကုန်ရာ ချုပ်ရာ သစ္စာအမှန်)

ရှင်းဦးအံ့။ ။တဏှာသည် ဒုက္ခဖြစ်ဖို့ရန် အကြောင်းမှန်ဖြစ်၏။ ဒုက္ခဟူသမျှကား တဏှာ အရင်းခံ၍ဖြစ်ရသော အကျိုးမှန်ပင်တည်း။ ထိုကြောင့် အရင်းခံတဏှာကို ပယ်လှန်ရပေမည်။ ပယ်လှန်နိုင်သော **လက်နက်သည်ကား** အကျုံးမြှမဟုတ်၊ ကမ္မဋ္ဌာန်းအလုပ်သာဖြစ်၏။ ဤကမ္မဋ္ဌာန်း လက်နက်ဖြင့် တဏှာသူပုန်ကို မှန်မှန်ဖြိုဖျက်သွားလျှင် နိရောဓ မည်သော နိဗ္ဗာန်ကို ဉာဏ်ဖြင့် အထင်အရှား မြင်ရမည်။ ပထမ အကြိမ်မြင်ရလျှင် သောတာပန်ဖြစ်၍ သဿတဒိဋ္ဌိနှင့်တွဲသော ဘဝတဏှာ၊ ဉစ္ဆေဒဒိဋ္ဌိနှင့်တွဲသော ဝိဘဝတဏှာတို့သည် ကင်းစင်သွား၏။ ဆက်လက်အားထုတ်၍ ဒုတိယအကြိမ် နိဗ္ဗာန်ကို မြင်ပြန်လျှင် ကိလေသာအဘော် အားနည်းသွားသော သကဒါဂါမ်ဖြစ်၏။ ထို့နောက် အနာဂါမ်ဖြစ်၏။ ယခုအခါ ကာမတဏှာသည် အငုတ်မျှမကျန် အမြစ်ပါလန်၍ ပြုတ်သွား၏။

သို့သော်လည်း ဗြဟ္မာဘဝကို တပ်မက်နေသေးသော ဘဝတဏှာမရှိက ကျန်ခဲ့နေသေး၏။ စတုတ္ထအကြိမ် မြင်ပြန်သောအခါ ဗြဟ္မာဘဝကိုမှ မနှစ်သက်တော့ပဲ တဏှာအားလုံး ကုန်ဆုံးလေ

တော့၏။ ထိုကြောင့် နိဗ္ဗာန်ကို သမုဒယသစ္စာ (တဏှာ) ကုန်ဆုံးလေသောကြောင့် နိရောဓသစ္စာဟု ဟောတော်မူ၏။

**ပွားစေထိုက်သောတရား** — ပွားစေထိုက်သော တရားကား၊ မဂ္ဂသစ္စာတရားတည်း၊ ဤသစ္စာတရားတို့ကား မဂ္ဂင် ရှစ်ပါးဟု ခေါ်ရသော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတို့ဖြစ်၏။

**သမ္မာဒိဋ္ဌိ** — သူသူငါငါအသက်နှင့် မကင်းကြသော သတ္တဝါ အမျိုးမျိုးတို့သည် ကောင်းကောင်းဆိုးဆိုး အလုပ် (ကံ) အမျိုးမျိုးကို ပြုလုပ်နေကြ၏။ ထိုကံ အမျိုးမျိုးတို့သည် ယခုဘဝမှာဖြစ်စေ၊ နောက်ဘဝမှာဖြစ်စေ အကျိုးပေးနိုင်၏။ အလွန်ထက်သန်သော ကံသည် ယခုဘဝမှာ အကျိုးပေး၏။အချို့ကံကား သူနှင့်ထိုက်တန်သော ဘဝကိုရခြင်း (ယခုဘဝ၌ သိန်းသန်းကုဋေအကုန်ခံ၍သီလမရှိပဲ ဒါနပြုပါသော်လည်း သေရာအခါ၌ သီလမစင်ကြယ်သည့်အပြစ်က ငရဲသို့ချသွားလျှင် ဒါနကံက အကျိုးမပေးနိုင်၊ ဒါန အကျိုးကြီးကြီး ပေးဖို့ရန် ထိုက်တန်သော လူ့ဘဝနတ်ဘဝ ရမှသာလျှင် အကျိုးပေးနိုင်၏) သင့်လျော်သော ဉာဏ်ဝီရိယ စိုက်ထုတ်၍ အလုပ်လုပ်ခြင်းများနှင့်တွေ့ကြုံရာအခါတို့၌ အကျိုးပေး၏။ ထိုအကျိုးတို့သည် သူတပါးက လာရောက်ပြုပြင်ဖန်ဆင်းပေးသည်မဟုတ်၊ မိမိ၏ ကံ ဉာဏ် ဝီရိယတို့ကြောင့်သာ ဖြစ်၏ဟု သိမြင်နားလည်ယုံကြည်ခြင်းဟူသော ကမ္မဿကတာ သမ္မာဒိဋ္ဌိနှင့် ကံကံ၏အကျိုး ယုံကြည်ရုံမကပဲ ခန္ဓာကိုယ်ကြီး၏

အနိစ္စ၊ အမြဲမရှိပုံ။ ဒုက္ခ၊ ဆင်းရဲပုံ။ အနတ္တ၊ အတ္တမဟုတ်ပုံတို့ကို သိမြင်ရသော ဝိပဿနာ သမ္မာဒိဋ္ဌိဟု နှစ်မျိုးရှိ၏။

ထိုပြင် ရုပ်နာမ်ခန္ဓာကိုယ်ကို 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' ဟု ရှုမြင်ဖန်များလေသော်၊ ကိလေသာအနှောက်အယှက်ကင်းသော သန့်ရှင်းသောစိတ်အစဉ်မှာ ကင်း၍ ဝိပဿနာ သမ္မာဒိဋ္ဌိထက် တဆင့်တက် ရင့်သန်ကာ မဂ်ဉာဏ်အဖြစ်သို့ရောက်သော၊ 'မဂ္ဂသမ္မာဒိဋ္ဌိ' ဟုလည်းရှိသေး၏။

**သမ္မာသင်္ကပ္ပ** သစ္စာသင်္ကပ္ပသည် မှန်သော အပြစ်ကင်းသော ကြံစည်မှုဖြစ်ရကား ကာမသင်္ကပ္ပ၊ ဗျာပါဒ သင်္ကပ္ပ၊ ဝိဟိံသာသင်္ကပ္ပတို့နှင့် လုံးဝဆက်ဆံ၍ မရသော ကင်းသော နေက္ခမ္မသင်္ကပ္ပ အဗျာပါဒ သင်္ကပ္ပ၊ အဝိဟိံသာ သင်္ကပ္ပတို့ကို ယူရမည်။

ရှင်းရလျှင် လှပသောအဆင်း၊ သာယာဖွယ်ကောင်းသော အသံ၊ မွှေးကြိုင်သောအနံ့၊ ကောင်းသောအရသာ၊ ကောင်းသော အတွေ့အထိအားဖြင့် ငါးပါးသော အာရုံ ကာမဂုဏ်များကို ဘယ်လို ခံစားလိုက်ရလျှင်တော့ ကောင်းမှာပဲစသည်ဖြင့်ကြံစည်ခြင်း၊ ထိုအာရုံများကို ဇိမ်ကျကျနှင့် ခံစားဘို့ရန် ပစ္စည်းဥစ္စာ အိပ်ရာနေရာရအောင် ရှာဖွေကြံစည်နေခြင်းတို့ကို 'ကာမသင်္ကပ္ပ' ဟု ခေါ်၏။ ထို ကာမ သင်္ကပ္ပ အာရုံတို့ကို ပယ်စွန့်ကာ အကျင့်သီလနှင့်ပြည့်စုံသောရဟန်းကောင်း ရဟန်းမြတ် ပြုလုပ်နေမည်။ တောထွက်၍ တရား ကျင့်မည်။ စျာန်ရအောင် ကမ္မဋ္ဌာန်းအားထုတ်မည်။ နိဗ္ဗာန်ရဖို့ ဝိပဿနာကိုလည်း အဖန်ဖန်ရှုမည်။ အကျဉ်းချုံးရလျှင် ကုသိုလ်များများရအောင် ပြုကျင့်မည်ဟု ကြံစည် စိတ်ကူးခြင်းကို 'နိက္ခမ္မသင်္ကပ္ပ' ဟု ခေါ်၏။

မိမိနှင့် ရန်ဖြစ်ဖူးသူ၊ ငြင်းခုံဖူးသူကို ဖြစ်စေ၊ ဂုဏ်တုဂုဏ်ပြိုင် ပြုဖူးသူကိုဖြစ်စေ၊ အောက်မေ့ကာ ဒီကောင် ဘယ်တော့များ သေပါမလဲ၊ဒီကောင်ကိုဘယ်လိုသတ်လိုက်ရလျှင် ကောင်းမှာပဲ၊ ဒီနိုင်ငံကို ဘယ်လိုလုပ်ကြံယူလိုက်ယင် ကောင်းမှာပဲ၊ ဟိုနိုင်ငံကို ဘယ်လို လုပ်ကြံယူလိုက်ယင်ကောင်းမှာပဲ စသည်ဖြင့် သူတပါး အကျိုးမဲ့ဖြစ်အောင် ကြံစည်စိတ်ကူးမှုကို 'ဗျာပါဒသက်ပ္ပ'ဟု ခေါ်၍ တယောက်အပေါ်၌ ဖြစ်စေ၊ အဖွဲ့အစည်း ပါတီတခု အပေါ်၌ဖြစ်စေ၊ နိုင်ငံအပေါ်၌ဖြစ်စေ၊တရားသော နည်းလမ်း ဖြင့် အကျိုးကို လိုလားကာ ချမ်းသာစေလို၊ဘေးရန်ကင်းစေလို၊ တဖွဲ့နှင့်တဖွဲ့ တပါတီနှင့်တပါတီ တပြည်ထောင်နှင့် တပြည် ထောင်အညီအညွတ်ဖြစ်စေလိုသော မေတ္တာစိတ် ကရုဏာစိတ်တို့ နှင့် ကြံစည်စိတ်ကူးခြင်း၊ ဗုဒ္ဓသာသနာ တိုးတက်ရာ ထိုးတက် ကြောင်းများကြံစည်စိတ်ကူးနေခြင်းတို့ကို 'အဗျာပါဒ သက်ပ္ပ' ဟုခေါ်၏။

သူတပါးကို သေအောင်မဟုတ်ပဲ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲရှိ ကိုယ်တိုင် ညှဉ်းဆဲလိုသော၊ သူတပါးကလာ၍ ညှဉ်းဆဲလိုသော မေတ္တာကရုဏာ ကင်းသည့်အကြံအစည်ကို ဝိဟိံသာသက်ပ္ပဟု ခေါ်၍ မေတ္တာ ကရုဏာနှင့် ယှဉ်သော စိတ်ဖြင့် ဆင်းရဲသူဒုက္ခ ရောက်နေသူများကို ကယ်ဆယ်လိုခြင်း၊ အောက်ကျနောက်ကျ ဖြစ်နေသော ကလေးလူငယ် အလုပ်သမားများ အဖွဲ့အစည်း များကို အထက်တန်းရောက်ဖို့ နည်းကောင်း လမ်းကောင်းကို ရှာဖွေစိတ်ကူးနေခြင်း၊ ခေတ်မီနိုင်ငံဖြစ်အောင် ကြံစည်နေခြင်း တို့မှအစ တရားသောနည်းဖြင့် မဂ်ရဖို့ ဖိုလ်ရဖို့ တွေးတောနေခြင်း တို့ကို အဝိဟိံသာသက်ပ္ပဟု ခေါ်၏။

**သမ္မာဝါစာ** တယောက်နှင့် တယောက် တသင်းနှင့် တသင်း၊ တဖွဲ့နှင့်တဖွဲ့ မတည့်အောင် ရန်တိုက်မှု၊ ကြမ်းတမ်းယုတ်မာစွာ ဆဲဆို ကြိမ်းမောင်းမှုတို့နှင့် အနှစ်သာရမဖက် သက်သက်ရယ်မောဖွယ်ရာဖြစ်သော စကား၊ လိမ်လည်လှည့်ပတ် မာယာသာဌေယျနှင့် စပ်သော စကားတို့ကို ရှောင်ကြဉ်၍ တယောက်နှင့် တယောက်၊ တသင်းနှင့် တသင်း၊ တဖွဲ့နှင့်တဖွဲ့ ညီညွတ်အောင် သင့်သင့်မျှမျှ ဖြစ်အောင် ပြောဆိုခြင်း၊ အသိဉာဏ် မကြွယ်သေးသူတို့အား နိုင်ငံ ယဉ်ကျေးမှု ဘာသာ ယဉ်ကျေးမှုတို့ကို ပြောဟောပေးခြင်း၊ နိုင်ငံနှင့် သာသနာစောင့်ထိန်းလိုစိတ်များ ဖြစ်ပေါ်လာအောင်(စားခွက်မကြည့်ပဲ) ဟောပြောခြင်းမှအစ မဂ်ဖိုလ်စကား စသည်တို့ကို ပြောဆိုခြင်းသည် သမ္မာဝါစာမည်၏။

**သမ္မာကမ္မန္တ** သူတပါးအသက်ကိုသတ်ခြင်း၊ သူတပါး ပစ္စည်း ဉစ္စာကို ခိုးယူခြင်း၊ သူတပါး အိမ်ယာကို ကျူးလွန်ခြင်းဟူသော ကာယ ဒုစရိုက်တို့မှ ရှောင်ကြဉ်၍ အသပြာဆရာဝန်မဟုတ်ပဲ စေတနာဆရာဝန်အဖြစ်ဖြင့် သူတပါး၏ အသက်ရှည်ကြောင်းဖြစ်သော ဆေးပစ္စည်းများကို ဖွေရှာစုဆောင်း၍ ကုသမှု၊ သူတပါးကို အကျိုးရှိသော ရေတွင်း ရေကန် လမ်း စသည်တို့ကို ပြင်ဆင်မှု၊ ဆေးရုံ ဆေးခန်းတည်ဆောက်မှု၊စာကြည့်တိုက်ဖွင့်လှစ်မှု၊ ဒုက္ခရောက်နေသူကိုတွေ့လျှင် ဝင်၍ ကူညီမှု၊ အများအကျိုးအတွက် ဆောင်ရွက်လုပ်ကိုင်မှု၊ စေတီတည်မှု၊ ကျောင်းဆောက်မှု၊ ကျောင်းဝင်း၊ စေတီဝင်း တို့ဝယ် သန့်ရှင်းအောင် ပြုပြင်ပေးမှုတို့နှင့် မိမိထက် အသက်သိက္ခာကြီးသူ၊ ဆရာသမားဖြစ်ဖူးသူ၊ မိဘဖြစ်သူတို့ လာသည်

မြင်လျှင် နေရာမှထ ပေးခြင်း၊ လမ်းဖယ်ပေးခြင်းစသော ရိုသေမှုတို့မှအစ မင်္ဂလာ မဂ်ဖိုလ် ရအောင် ပြုလုပ်ခြင်းတို့သည် သမ္မာကမ္မန္တ မည်၏။

**သမ္မာအာဇီဝ** ကာယ ဝစီ ဒုစရိုက်တို့နှင့် အသက်မွေးခြင်း၊ဝိနည်းတော်အတိုင်းမနေပဲ တကာတကာမတို့ အလိုကျအောင် အောက်ကျနောက်ကျ လောကွတ်ပျူငှာလုပ်၍အသက်မွေးခြင်းဟူသောမိစ္ဆာဇီဝတို့မှရှောင်ကြဉ်၍ ရိုးသားခြင်း၊ မြင့်မြတ်သော လယ်ထွန်မှု စသည့် ကာယပညာ၊ ဆေးကုမှုစသည့် ဉာဏပညာ (ဤကား လူအတွက်)ဝိနည်းတော်အတိုင်းနေ၍ ကမ္မဋ္ဌာန်းအားထုတ်မှု (ဤကား ရဟန်းအတွက်) တို့ဖြင့် အသက်မွေးခြင်း ဟူသမျှသည် သမ္မာအာဇီဝမည်၏။

**သမ္မာဝါယမ** မမှန်သော ဒုစရိုက် အလုပ်ဖြင့် ပစ္စည်းဥစ္စာ ရှာဖွေရာဝယ် ဝီရိယလည်း ပါရသည်။ ထို ဝီရိယမျိုးကို မိစ္ဆာဝါယမဟု ခေါ်၏။ ထို မိစ္ဆာဝါယမမျိုး မဖြစ်စေပဲ တရားသော နည်းလမ်းနှင့် ကြိုးစားအားထုတ်မှု ဟူသမျှသည် သမ္မာဝါယမ မည်၏။ ဤ ဝါယမကို ကျမ်းဂန်တို့၌ လေးမျိုးပြ၏ဟု ငါတို့ ကျေးဇူးရှင် ဆရာတော်ဘုရားက အနာဂတ်သာသနာရေးကျမ်းစာ၌ အောက်ပါအတိုင်း မီးမောင်းထိုးပြထား၏။

၁။ သူတပါး၌ ဖြစ်တတ်သော အကုသိုလ်မျိုးသည် ယခုဘဝ၌ မိမိ တခါမျှမဖြစ်ဘူးသေးလျှင် ထိုအကုသိုလ်မျိုး

မဖြစ်အောင် ကြိုးစား၍ ရှောင်ရှား ခြင်းသည် သမ္မာဝါယမတမျိုး။

၂။ ထိုအကုသိုလ်မျိုးဖြစ်မိပြန်လျှင် နောက်ထပ်မဖြစ်အောင် ကြိုးစားခြင်းသည် ဖြစ်ပြီး အကုသိုလ်ကို ပယ်ရှားသော သမ္မာဝါယမတမျိုး။

၃။ မိမိသန္တာန်၌ မဖြစ်ဘူးသေးသော ကုသိုလ်အထူးရအောင် ဈာန်မဂ်ဖိုလ်အထိ ကြိုးစားခြင်းသည် မဖြစ်သေးသော ကုသိုလ်ဖြစ်အောင် ကြိုးစားသော သမ္မာဝါယမတမျိုး။

၄။ ဖြစ်လက်စ ကုသိုလ်ကို နောက်မဆုတ်စေပဲ ရှေ့သို့သာ တိုးအောင် ရဟန္တာ ဖြစ်သည်အထိ ကြိုးစားခြင်းသည် ဖြစ်ပြီး ကုသိုလ်ကို တိုးတက်အောင် အားထုတ်သော သမ္မာဝါယမတမျိုးတည်း။

**သမ္မာသတိ** ဤသတိသည်သူတပါးအားတိုက်ခိုက်ဖို့၊ ညှဉ်းဆဲသတ်ဖြတ်ဖို့၊ သူတပါး ပစ္စည်း ဥစ္စာခိုးဖို့၊ သူတပါးနိုင်ငံကို လုယက်ဖို့ စသော ဒုစရိုက်အမှုပြုရမည့်အချိန်ကို သတိထားခြင်း၊ အမှတ်ရခြင်းမျိုး မဟုတ်၊ ဤခန္ဓာကိုယ်ကြီးသည် ၃၂ ကောဋ္ဌာသတို့ဖြင့် ဆောက်တည်ထားသော အသုဘကောင်ဟု သတိထားခြင်းမျိုး၊ ငါးပါးအာရုံကာမဂုဏ်တို့ အပေါ်၌ နှစ်နှစ်ခြိုက်ခြိုက် ခံစားနေစဉ် အနိစ္စသဘောတရားအတိုင်း ထိုအာရုံ ပြတ်သွားသည်နှင့်တပြိုင်နက် ကိုယ်ရောစိတ်ပါ ဒုက္ခဖြစ်ရာ အခါဝယ် အနိစ္စ၊ အနိစ္စ၊ ဒုက္ခ၊ ဒုက္ခဟု သတိထားခြင်းမျိုး၊ ဆိုင်ရာ ကိစ္စတို့၌ ဖဿဝေဒနာ

တကျွာစသော တရားတွေသာဆောင်ရွက်နေကြ၏။ အတ္တဆိုတာ မရှိဟုသတိထားခြင်းမျိုးတို့နှင့် ယခု ကမ္မဋ္ဌာန်း တိုးတက် မြင့်မားနေခြင်း ဟူသမျှတို့သည် မည်သူ တဦးတယောက်မျှ လာရောက်ဖန်ဆင်းပေးသည် မဟုတ်၊ လက်ရှိ လူသားအားလုံးတို့၏ လုပ်ဆောင်မှုဖြစ်ပေါ်လာသော အမြတ်အစွန်းတို့ပေတည်းဟု သတိထားခြင်းမျိုးတို့သာ သမ္မာသတိမည်၏။

**သမ္မာသမာဓိ** သမ္မာ၊ ကောင်းသော။ သမာဓိ၊ တည်ကြည်ခြင်း။ ကျမ်းဂန်တို့၌စျာန်ဝင်စားခြင်း သမာဓိကိုသာ ပြထားသော်လည်း မိမိပွားများနေသည့် ကမ္မဋ္ဌာန်းအာရုံ၌တည်ကြည်ခြင်း၊ ဒါနစသော ကုသိုလ်ကောင်းမှုတို့ပြုရာဝယ် ထိုကုသိုလ်ကောင်းမှုတို့၏အပေါ်၌ တည်ကြည်နေခြင်းတို့လည်း သမ္မာသမာဓိမည်ပါ၏။

**သမ္မာသမ္ဗုဒ္ဓ ဂုဏ်ပွားပုံ** သတ္တဝါအပေါင်း ချမ်းသာကြောင်းကို ကောင်းစွာမြင်သိ ပညာရှိ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် များသင်္ခါရ၊ ဝိကာရနှင့် လက္ခဏာပညတ် နိဗ္ဗာန်ဓာတ်ဟု ငါးရပ်သိရန် ဉေယျဓမ်ကို ဖောက်ပြန်မရှိအမှန်ကိုယ်တော်တိုင်သိတော်မူသောကြောင့်အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓမည်တော်မူပါပေ၏။

သိထိုက် ပယ်ထိုက် မျက်မှောက်ဆိုက်၍ ပွားစေထိုက်သော တရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူသောကြောင့်အကြောင်းကြောင့်လည်း သမ္မာသမ္ဗုဒ္ဓေါ၊ သမ္မာသမ္ဗုဒ္ဓ မည်တော်မူပါပေ၏။

---

## ၃။ ဝိဇ္ဇာစရဏ သမ္ပန္နဂုဏ်တော် မည်တော်မူပုံ

ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊အာသဝက္ခယဉာဏ် ဟူသော ဝိဇ္ဇာသုံးပါး၊ ထိုဝိဇ္ဇာသုံးပါးနှင့် ဝိပဿနာဉာဏ်၊ စေတောပရိယဉာဏ်၊မနောမယိဒ္ဓိဉာဏ်၊ ဒိဗ္ဗသောတဉာဏ်၊ဣဒ္ဓိဝိဓ ဉာဏ်ဟူသော ဝိဇ္ဇာရှစ်ပါး၊ သဒ္ဓါ-သတိ ဟိရိ၊ ဩတပ္ပ၊ ဝီရိယ၊ သုတ၊ ပညာ၊ ဘောဇနေမတ္တညုတာ၊ ဇာဂရိယာ၊ နုယောဂ သီလ၊ ဣန္ဒြိယသံဝရသီလ၊ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယ စျာန်၊ စတုတ္ထစျာန် ဟူသော စရဏဘရားတဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသောကြောင့် ဝိဇ္ဇာစရဏသမ္ပန္နမည်တော်မူ၏။

**ပုဗ္ဗေနိဝါသာနုဿတိဉာဏ်** — သတိ ကောင်း သော ယောဂီ ကျွန်ုပ် တယောက်သည် မိမိရွာမှ အခြားသော ရွာသို့သွား၏။ ထိုရွာမှ အခြားသော ရွာသို့ ဆက်သွားပြန်၏။ထိုသို့ အလိုရှိသလောက်သွားပြီးနောက် မိမိရွာသို့ပြန်ရောက်၍ ခရီးစဉ်ကိုဆင်ခြင်ရာအခါ ငါသည် မိမိ ရွာမှ မည်သည့်ရွာသို့ သွားခဲ့၏။ ထိုရွာ၌ ဤသို့ ရပ်နေ ထိုင်နေ စကားပြောနေခဲ့၏။ တိတ်တိတ်လည်းနေခဲ့၏။ ထိုရွာမှတဖန် အခြားရွာသို့ သွားခဲ့၏။ ထိုရွာ၌လည်း ဤသို့ ရပ်နေ ထိုင်နေ စကားပြောနေခဲ့၏။ ထိုရွာမှ မိမိရွာသို့ ပြန်လာခဲ့တော့၏ဟု မိမိဖြစ်ခဲ့သမျှတို့ တစမကျန် အောက်မေ့နိုင် မှတ်မိနိုင်သကဲ့သို့ မိမိဖြစ်ခဲ့ဖူးသော ရှေးဘဝတို့၌ တွေ့ကြုံခံစားခဲ့ရသမျှ အဖြစ် အပျက်အားလုံးကို ပြန်၍ အောက်မေ့နိုင် မှတ်မိနိုင်သော ဉာဏ် တည်း။

---

စပယ်ဦးစာပေ

**ဒိဗ္ဗစက္ခုဉာဏ်** မြို့လယ်တနေရာ၌စီးကြည့်မျှော်စင်ကဲ့သို့ အလွန်မြင့်သော မျှော်စင်တခု ရှိရာ၏။ ထိုမျှော်စင်ထက်၌ မျက်စိကောင်းသော ယောကျ်ားတယောက်လည်း ရပ်တည်နေရာ၏။ ထိုယောကျ်ားသည် ဟိုဟိုသည်သည် ကြည့်လတ်သော် အလုံးစုံသော မြို့သူမြို့သားတို့၏ သွားလာလှုပ်ရှားနေပုံတို့ကို မြင်ရပေလိမ့်မည်။ ထိုယောကျ်ားမှာ မြင်တိုင်းမြင်တိုင်းလည်း ဤသူတွေကား အိမ်ထဲသို့ ဝင်သွားကြ၏။ ဤသူတွေကား အိမ်မှ ထွက်လာကြ၏။ ဤသူတွေကား လမ်းတလမ်းမှ တလမ်းသို့ ကူးသွားနေကြ၏။ ဤသူတွေကား လမ်းဆုံလမ်းကောင်း လမ်းဘေးတို့၌ ထိုင်နေကြ၏ စသည်ဖြင့် အလုံးစုံသိသကဲ့သို့ ဤဒိဗ္ဗစက္ခုဉာဏ်ဖြင့် လောကရှိ သတ္တဝါအပေါင်းတို့နှင့်တကွ ထိုထို သတ္တဝါ အပေါင်းတို့၏ ဖြစ်ရပ်အားလုံးကို သိမြင်နိုင်ပေ၏။

သိမြင်နိုင်ပုံကား စုတေခါနီး ဖြစ်ကုန်သော သတ္တဝါတို့ကိုလည်းကောင်း၊ ပဋိသန္ဓေနေပြီးဖြစ်သော သတ္တဝါတို့ကိုလည်းကောင်း၊ မောဟအားကြီးမှုကြောင့် မျိုးရိုးစည်းစိမ် ဂုဏ်သိမ်ဘက်က အောက်တန်းကျသော သတ္တဝါတို့ကို လည်းကောင်း၊ မောဟကင်းမှုကြောင့် မျိုးရိုးစည်းစိမ် ဂုဏ်သိမ်ဘက်က အထက်တန်းကျသော သတ္တဝါတို့ကိုလည်းကောင်း၊ ဒေါသ အားကြီးမှုကြောင့် ဆိုးဝါးညှိုဖျင်း မလှသော အဆင်းရှိသည့် သတ္တဝါတို့ကိုလည်းကောင်း၊ ဒေါသကင်းမှုကြောင့် ပြည့်ဖြိုးပဝင်း လှပသောအဆင်းရှိသည့် သတ္တဝါတို့ကို လည်းကောင်း၊ အလုံးစုံသော သတ္တဝါအပေါင်းတို့၏ ကံအကြောင်းတို့ကိုလည်းကောင်း သိမြင်နိုင်ပါသည်။

တနည်းအားဖြင့်လည်း ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မနော ဒုစရိုက်တခုခုနှင့် ပြည့်စုံသောသတ္တဝါ၊ မိစ္ဆာဒိဋ္ဌိ အယူရှိသော သတ္တဝါ၊ မိစ္ဆာအယူကို သူတပါးအား ဆောက်တည်စေသော သတ္တဝါ၊ ဘုရားအရိယာတို့ကို စွပ်စွဲသော သတ္တဝါတို့သည် သေပြီးရာအခါ၌ သာယာအပ်သောသုခ၊ သောမနဿ ဣဋ္ဌာရုံ မရှိရာ၊ ငရဲ၌ ဖြစ်ကြရပုံတို့ကို လည်းကောင်း၊ ကာယသုစရိုက် စသော ကုသိုလ်ကောင်းမှုတို့နှင့် ပြည့်စုံသော သတ္တဝါတို့သည် ကာမ သုခအပေါင်း၏ လည်းလျောင်းရာဖြစ်သော လူပြည်၊ နတ် ပြည်၊ ဗြဟ္မာပြည်၌ ဖြစ်ရပုံတို့ကိုလည်းကောင်း သိမြင်နိုင်ပေ၏။

**အာသဝက္ခယဉာဏ်** လောက၌ကြာမြင့်စွာ ထုံထားအပ်သော စိမ်ထားအပ်သော အရက်စိမ်ရည်သည် သုံးစွဲသောက်စားသူ ဟူသမျှကို မူးယစ်စေကုန်၏။ မူးယစ်ကြ လျှင် အကောင်းအဆိုး အကျိုးသပြစ် အမျိုးမျိုးကို မမြင်နိုင်ပဲ တမူးထဲမူးကာ ထင်မိသင်ရာ ပြုလျက် အမူးဒုက္ခ အမျိုးမျိုးကို တွေ့ကြရတော့၏။ အမူးဒုက္ခ မတွေ့ရစေကာမူ ပညာရှိသူတော် ကောင်းအပေါင်း၏ အထင်သေးအမြင်သေးခြင်းကိုကား မုချခံရ သကဲ့သို့ ထိုအတူ ပုထုဇဉ်တို့၏ ခန္ဓာကိုယ်ဆိုး အရက်အိုးဝယ် အနမတဂ္ဂသံသရာ၌ ကြာမြင့်စွာ ထုံသားအပ်သော လောဘ ဒိဋ္ဌိ မောဟတို့လည်း ထကြွလာသည့်အခါ ပုထုဇဉ် သတ္တဝါတွေကို တွေဝေမူးယစ် အရူး ဖြစ်စေကြကုန်၏။

ထို လောဘ ဒိဋ္ဌိ မောဟဟူသော တရားစုက အရူးအမူးဖြစ် အောင် ပြုလုပ်ထားသည့်အတွက် မကောင်းမှု ဒုစရိုက်တွေကို အကောင်းထင်လျက် ခင်ခင်မင်မင် မြတ်နိုးစွာ ပြုနိုင်ကြကုန်၏။

---

ထိုဒုစရိုက်တွေကြောင့် ပုထုဇဉ်သတ္တဝါများ အပါယ်သို့လား ကြကုန်၏။ ထိုသို့ မလားကြရသေးစေကာမူ သူတော်စင်တို့၏ အထင်အမြင်သေးခြင်းကိုကား မုချခံရတော့၏။ ထို့ကြောင့် လောဘစသော အာသဝေါတရားတို့သည် အရက် စိမ်ရည်နှင့် တူကြ၏။အရက်စိမ်ရည်နှင့်တူသော အာသဝေါ တရားတို့၏ကုန် ရာ နိဗ္ဗာန်၌ ဖြစ်သော အရဟတ္တမဂ်ဉာဏ်ကို အာသဝက္ခယဉာဏ် ဟု ခေါ်သည်။

**ဝိပဿနာဉာဏ်** သင်္ခါရတရားတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု ရှုတတ်သောဉာဏ်ကို ဝိပဿနာဉာဏ် ဟု ခေါ်၏။ ထိုဝိပဿနာဉာဏ်သည် သမ္မသနစသည်ဖြင့် ၁၀ပါး ရှိ၏။ ယင်း ၁၀-ပါးကား ဝိပဿနာအခန်း၌ ထင်ရှားလတ္တံ့။

**စေတောပရိယ ဉာဏ်** သူတပါး၏စိတ်ကို ပိုင်းခြား၍ ပိုင်ပိုင် နိုင်နိုင်သိသော ဉာဏ်ကို စေတောပရိယ ဉာဏ်ဟု ခေါ်သည်။ သူတပါး၏စိတ်ကို အမျိုးမျိုးသိသော ပရစိတ္တ ဝိဇာနန ဉာဏ်ဟုလည်း ခေါ်ကြ သေး၏။

သိပုံကား၊ သတ္တဝါတို့၏ သန္တာန်၌ သရာဂစိတ် ဖြစ်နေလျှင် သရာဂစိတ် ဖြစ်နေကြောင်းကိုသိ၏။ (လောဘမူစိတ်ကို သရာဂ စိတ်ဟုခေါ်သည်)။ ဝီတရာဂစိတ်ဖြစ်နေလျှင် ဝီတရာဂစိတ်ဖြစ် နေကြောင်းကိုသိ၏။ (ရာဂကင်းသောစိတ်ကို ဝီတ ရာဂစိတ်ဟု ခေါ်သည်)။

သဒေါသစိတ်ဖြစ်နေလျှင် သဒေါသစိတ် ဖြစ်နေကြောင်းကို သိ၏။ ဝီတဒေါသစိတ် ဖြစ်နေလျှင် ဝီတဒေါသစိတ် ဖြစ်နေ

ကြောင်းကို သိ၏။ (ဒေါသမူစိတ်ကို သဒေါသစိတ်ဟု ခေါ်၍ ကုသိုလ် ဝိပါက် ကြိယာ စိတ်များကို ဝီတဒေါသစိတ်ဟု ခေါ်သည်။)

သမောဟစိတ်ဖြစ်နေလျှင် သမောဟစိတ်ဖြစ်နေကြောင်းကို လည်းကောင်း၊ ဝီတမောဟစိတ် ဖြစ်နေလျှင် ဝီတမောဟစိတ် ဖြစ်နေကြောင်းကို သိ၏။ (မောဟမူစိတ်ကို သမောဟစိတ်ဟု ခေါ်၍ မောဟကင်းသောစိတ်ကို ဝီတမောဟစိတ်ဟုခေါ်၏။)

သံခိတ္တစိတ်ဖြစ်နေလျှင် သံခိတ္တစိတ်ဖြစ်နေကြောင်းကို သိ၏။ ဝိက္ခိတ္တစိတ်ဖြစ်နေလျှင် ဝိက္ခိတ္တစိတ်ဖြစ်နေကြောင်းသိ၏။ (ထိုင်းမှိုင်းပျင်းရိနေသောစိတ်ကို သံခိတ္တစိတ်ဟုခေါ်၍ မငြိမ်မသက် ပျံ့လွင့်နေသောစိတ်ကို ဝိက္ခိတ္တစိတ်ဟု ခေါ်သည်။)

မဟဂ္ဂုတ်စိတ် ဖြစ်နေလျှင် မဟဂ္ဂုတ်စိတ် ဖြစ်နေကြောင်းကို သိ၏။ (ရူပ အရူပစိတ်ကို မဟဂ္ဂုတ်စိတ်ဟုခေါ်သည်။)မဟဂ္ဂုတ်စိတ်မှတပါး အခြားစိတ်ဖြစ်နေလျှင် အခြားစိတ်ဖြစ်နေကြောင်းကို သိ၏။

သဉတ္တရစိတ် ဖြစ်နေလျှင် သဉတ္တရစိတ် ဖြစ်နေကြောင်းကို သိ၏။ အနုတ္တရစိတ်ဖြစ်နေလျှင် အနုတ္တရစိတ်ဖြစ်နေကြောင်းကို သိ၏။ (မိမိ၏ထက်မြတ်သော တရားရှိသေးသော လောကီစိတ်များကို သဉတ္တရစိတ်ဟုခေါ်၍ မိမိထက်မြတ်သောတရား စသော (ဝါ)အမြတ်ဆုံးဖြစ်သော လောကုတ္တရာစိတ်ကို အနုတ္တရစိတ်ဟု ခေါ်သည်။)

သမာဓိစိတ် ဖြစ်နေလျှင် သမာဓိစိတ် ဖြစ်နေကြောင်းကို လည်းကောင်း၊ အသမာဓိစိတ်ဖြစ်နေလျှင် အသမာဓိစိတ် ဖြစ်နေ

ကြောင်းကိုလည်းကောင်းသိ၏။ (ကမ္မဋ္ဌာန်းအာရုံပေါ်၌ တည်နေသော ကုသိုလ်စိတ်များနှင့် ဈာန်စိတ် မဂ်စိတ် ဖိုလ်စိတ်များကို သမာဓိစိတ်ဟုခေါ်၍ ထိုသို့မဟုတ်သောစိတ်ကို အသမာဓိစိတ်ဟု ခေါ်သည်။)

ဝိမုတ္တစိတ်ဖြစ်နေလျှင် ဝိမုတ္တစိတ် ဖြစ်နေကြောင်းကို သိ၏။ အဝိမုတ္တစိတ်ဖြစ်နေလျှင် အဝိမုတ္တစိတ်ဖြစ်နေကြောင်းကို သိ၏။ (ဣရိယာအပေါင်း၌ ကမ္မဋ္ဌာန်း အားထုတ်၍ ကုသိုလ်စိတ်များစွာဖြစ်နေလျှင် ထိုကုသိုလ်စိတ်ဖြစ်နေသမျှ ကာလပတ်လုံး အကုသိုလ် ကိလေသာတို့မှ ကင်းလွတ်နေသောစိတ်ကို ဝိမုတ္တစိတ်ဟုခေါ်၍ ထိုသို့မဟုတ်သောစိတ်ကို အဝိမုတ္တစိတ်ဟု ခေါ်သည်။)

**မနောမယိဒ္ဓိဉာဏ်** ပကတိ ခန္ဓာကိုယ် အတွင်း၌ အလားတူကိုယ် တမျိုး ဖြစ်အောင် ဖန်ဆင်းနိုင်သောဉာဏ်ကို မနောမယိဒ္ဓိဉာဏ်။

အကျယ်ကား—ပကတိခန္ဓာကိုယ်အတွင်း၌ အလားတူ ကိုယ်တမျိုးဖြစ်အောင် ဖန်ဆင်းသောအခါ ရှေးဦးစွာ ပါဒကဈာန်ကို ဝင်စားပြီး၍ 'အယံကာယော သုတိရောဟောတု ဤငါ၏ကိုယ်သည် အခေါင်းဖြစ်စေသားဟု ပရိကမ်ပြု၍ အဘိညာဝီတိ ဖြစ်သည့်အခါ ကိုယ်အတွင်း၌ အခေါင်းကြီးဖြစ်လာ၏။ ထိုနောက် တဖန် ပါဒကဈာန်ကိုဝင်စားပြီးလျှင် 'တဿအဗ္ဘန္တရေအညော ကာယောဟောတု' ထိုကိုယ်ခေါင်းအတွင်း၌ အခြားကိုယ်တမျိုးဖြစ်စေသားဟု ပရိကမ်ပြု၍ အဘိညာဝီဘိ ဖြစ်သည့်အခါ ထိုကိုယ်ခေါင်းအတွင်း၌ အလားတူကိုယ်တမျိုး ဖြစ်ပေါ်လာ၏။

သို့သော် အသက်မပါ။ ထိုသို့ပကတိကိုယ်ခေါင်းအတွင်း၌ ဖြစ်ပေါ်လာသော (တန်ခိုးရှင်နှင့်အရွယ်အဆင်းပုံသဏ္ဍာန်အားလုံးတူသော)အသက်မပါသည့် ခန္ဓာကိုယ်ကို သူတပါးအား ထုတ်ပြနိုင်သောဉာဏ်ဘည်း။

**ဒိဗ္ဗသောတဉာဏ်** နတ်ပြဟ္မာတို့၏နားသည် အလွန် ဝေးသောအသံ၊ တိုးသောအသံတို့ကို ကြားနိုင်သကဲ့သို့ လူနတ်ပြဟ္မာသတ္တဝါအားလုံးတို့၏ အသံတို့ကိုကြားသိနိုင်သော ဉာဏ်ထူးတမျိုးကို ဒိဗ္ဗသောတဉာဏ်ဟုခေါ်သည်။

ကြားသိပုံကား ဘေးရန်ကင်းကွာ၍ သာယာမြေသော ခရီးရှည်တခုကို ဖြည်းဖြည်းသက်သာ သွားနေသော ယောကျ်ားတယောက်သည် ထိုသို့အရပ်တို့၌ တီးမှုတ်နေသော စည်သံကြီးကိုလည်းကောင်း၊ ခရုသင်းသံထက် စည်သံတို့ကိုလည်းကောင်း ကြားရလျှင် ဤအသံကား စည်ကြီးသံ၊ဤအသံကားခရုသင်းသံ စသည်ဖြင့် ကွဲကွဲပြားပြားခွဲခြား၍သိနိုင်သကဲ့သို့ ဤဒိဗ္ဗသောတဉာဏ်ဖြင့် လူနတ်ပြဟ္မာသတ္တဝါတို့၏ ဝေးသောအသံ၊ သေးငယ်သောအသံတို့ကို ကွဲကွဲပြားပြား ခွဲခြားသိနိုင်၏။

**ဣဒ္ဓိဝိဓဉာဏ်** တန်ခိုး အမျိုးမျိုး ဖန် ဆင်း နိုင်သော ဉာဏ်ကို ဣဒ္ဓိဝိဓဉာဏ်ဟု ခေါ်သည်။

ဖန်ဆင်းနိုင်ပုံကား တပါးတည်းက အများဖြစ်အောင် ဖန်ဆင်းနိုင်၏။ ကောင်းကင်၌ ကြွသွားရာဝယ် အများမြင်အောင် ပြ၍ကြွသွားနိုင်သည်။ ရေပြည် နတ်ပြည် ဗြဟ္မာပြည်စသည်များကိုလည်း အများမြင်အောင်ပြနိုင်၏။ မိမိကိုယ်ကို သူတပါးမမြင်အောင် သူတပါးကိုလည်း ကွယ်ပျောက်နေအောင် ဖုံးကွယ်

သွားနိုင်၏။ ဟာလာဟင်းလင်း ပွင့်နေသော အရပ်၌သွားရသကဲ့သို့ တံတိုင်း၏တဖက်၊ နံရံ၏တဖက်၊ တောင်၏တဖက်သို့ သွားနိုင်၏။ မြေလျှိုး၍ မိုးသို့လည်းပျံနိုင်၏။ လနေတို့ကိုလည်း လက်ဖြင့်သုံးသပ်နိုင်၏။ ဗြဟ္မာပြည်သို့ ရောက်အောင်သွားနိုင်၊ ဗြဟ္မာပြည်ကို မြင်နိုင်၊ ဗြဟ္မာအသံကိုကြားနိုင်၊ ဗြဟ္မာတို့ထက် သာအောင်လည်း တန်ခိုးပြနိုင်၏။

**မှတ်ချက်။** ပုဗ္ဗေနိဝါသာနုဿတိဉာဏ်မှ အာသဝက္ခယဉာဏ် ထိုသုံးပါးကို ဝိဇ္ဇာသုံးပါးဟုခေါ်၍ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်မှ ဣဒ္ဓိဝိဓဉာဏ်အထိ ရှစ်ပါးလုံးကို ဝိဇ္ဇာရှစ်ပါးဟု ခေါ်သည်။

**သဒ္ဓါ** ယုံကြည်ခြင်းသဘောကို သဒ္ဓါဟု ခေါ်သည်။ ယုံကြည်ရာ၌ ယုံအတွက် အဓိပ္ပါယ်တရပ်၊ ကြည်အတွက် အဓိပ္ပါယ်တရပ်ဟု နှစ်မျိုးခွဲခြား၍ ငါတို့ကျေးဇူးရှင် ဆရာရေးသားထားပုံကိုတွေ့ရဖူး၏။ ရေးသားပုံမှာ—

ယုံ၏-အဓိပ္ပာယ်မှာ ကောင်းသောကံသည် ကောင်းကျိုးကို ပေး၏။ မကောင်းသော ကံသည် မကောင်းကျိုးကိုပေး၏။ လွန်ခဲ့သော ကာလက မိမိဖြစ်ခဲ့ရသော ဘဝဟောင်းရှိ၏။ ယခု ဘဝမှ ကိလေသာ မကုန်ပဲ သေလျှင် နောက်ထပ်ဖြစ်ဖို့ ဘဝရှိသေး၏ (ကိလေသာကုန်လျှင် ဘဝချုပ်ရာ နိဗ္ဗာန်သို့ ရောက်၏

ဟူလို) ဘုရားဖြစ်နိုင်လောက်သော ပါရမီကို ကြည့်လျှင် ကေန်မုချ ဘုရားဖြစ်နိုင်၏ဟု စသည်ဖြင့် ယုံခြင်းတည်း။

ကြည်၏-အဓိပ္ပာယ်မှာ အမလောင်းတော် ဘဝပါရမီဖြည့်စဉ်က ထိုသို့ ကံ အစရှိသောတရားတို့ကို ယုံ၍စွန့်ကြဲပေးကမ်းလှူဒါန်းနေရသောအခါ သီလဆောက်တည်၍ ကမ္မဋ္ဌာန်းစီးဖြန်းနေသောအခါတို့၌ နှောက်ကျုသော ရေခွက်၌ ပတ္တမြားရတနာကို ထည့်လိုက်သောအခါ အနည်မှုန်တွေ ပျောက်ကြ၍ (အနည်ထိုင်၍ ရေသည် ကြည်လင်ရသကဲ့သို့) ကြည်လင်နေခြင်းသဘောတည်း။

**သတိ** အောက်မေ့ အမှတ်ရခြင်း သဘောကို 'သတိ'ဟု ခေါ်၏။ အောက်မေ့ အမှတ်ရဟူရာ၌ ဆွေမျိုးကို အောက်မေ့မှု၊ သမီး ခင်ပွန်းချင်းကွဲနေသည့်အခါ အောက်မေ့မှု၊ အမှတ်ရမှု၊ ချစ်သူ သူငယ်ချင်းတို့နှင့် ချိန်းချက်ထားသည်ကို အောက်မေ့မှုအမှတ်ရမှု၊မိမိအား အရေးပါပါပြုစုယုယသည်ကိုအောက်မေ့မှု၊အမှတ်ရမှု၊ မိမိ၏ ရန်သူကို လက်စားချေရန် ဘေးရန်ကာကွယ်ရန် အမှတ်ရမှု၊ အောက်မေ့မှုဟူသောတဏှာပေမဆိုင်ရာ ဒေါသ၊ ဒေါမနဿ ဆိုင်ရာတို့၌ အောက်မေ့မှု အမှတ်ရမှုမျိုးတို့မဟုတ်ပဲ၊ မိမိဆောက်တည်ထားသော သီလသိက္ခာ ပါရမီများကို မကျိုးမပေါက်ရအောင် သတိထားမှု၊ လောဘ ဒေါသ မာန စသည်မဖြစ်ရအောင် ဖြစ်ပြန်သော်လည်း အစွန်းအစမထွက်အောင် သတိထားမှု၊ကုသိုလ်ကောင်းမှုဆိုင်ရာ ပါရမီ အစုစုတို့ကို အောက်မေ့မှု အမှတ်ရမှုမျိုးသာတည်း။

---

စပယ်ဦးစာပေ

**ဟိရိနှင့်ဩတ္တပ္ပ**

မကောင်းမှု ဒုစရိုက်ကို ပြုရမည်မှ ရှက်ခြင်းသဘောသည် ဟိရိဖြစ်၍ ကြောက်ခြင်းသဘောကား ဩတ္တပ္ပတည်း။ ရှက်မှု ကြောက်မှုမျိုးကို ဟိရိ ဩတ္တပ္ပ ဟုခေါ်ဆိုသော်လည်း ဥပုသ်စောင့် တရားနာ ဘုရားသွားရမှာကို ရှက်မှု ကြောက်မှု၊ ပရိသတ်အလယ်မှာ စာဖတ်တရားဟောရမှာကို ရှက်မှု ကြောက်မှု၊ မြို့တွင်း ရွာတွင်းသို့ သွားသည့် ရှင်ရဟန်းဖြစ်လျက် ဝိနည်းတော်နှင့်အညီသင်္ကန်းရုံ၍ စက္ခုန္ဒြေ ချသွားရမည်ကို ရှက်မှု ကြောက်မှု၊ ခရီးသွားသည့်အခါ ရဟန်း အသုံးအဆောင်ဖြစ်သော သပိတ်စသည်တို့ကို ယူသွားရမည်ကိုရှက်မှု ကြောက်မှုမျိုးသို့မဟုတ်၊ ထိုရှက်ကြောက်နေမှုတို့ကား အရာမဝင်ခြင်း အသုံးမကျခြင်း တမျိုးသာဖြစ်၏။ မကောင်းမှု ဒုစရိုက်တရားတို့ကို ပြုရမှာရှက်ကြောက်မှု၊ ဝိနည်းသီလတို့ကို (ဗုဒ္ဓ၏ဥပဒေတို့ကို) ဖောက်ဖျက် ကျူးလွန်မှာကို ရှက်ကြောက်မှုသဘောမျိုးတည်း။

**ဝီရိယ**

အားထုတ်ခြင်း သဘောကို 'ဝီရိယ'ဟု ခေါ်သည်။ ထိုအားထုတ်ခြင်းသဘောကို စဉ်းစားလျှင် ဆိုင်ရာကိစ္စကို ပြုလုပ် ဆောင်ရွက်ဖို့ရာ မကြောက်မရွံ့ရဲဝံ့စွာသော သဘောမျိုးလည်း အထင်အရှားပါသည်။ ကောင်းသော အလုပ်တခုကို ပြုလုပ်ရန်ကိစ္စရှိလျှင် စောပါသေးတယ်၊ မိုးချုပ်သွားသည်၊ ပူတယ်၊ အေးတယ်၊ (ရောဂါ မရှိပဲနှင့်လည်း ဘာရောဂါဖြစ်နေလို့ စသည်ဖြင့် ဆင်ခြေမြင်းခြေ အမျိုးမျိုးပေးသော ငပျင်းစိတ်မျိုးလည်း မဟုတ်၊ တရားအားထုတ်ရာမှာလည်း အသက်ငယ်သေးလို့၊ ကျန်းမာ

ဈေးက သိပ်မကောင်းသေးလို့၊စာမေးပွဲကမပြီးသေးဘူး၊ စီးပွား ရေး အခြေအနေက ဘယ်လိုဖြစ်နေသေးလို့ စသည်ဖြင့် ပြော နေသော ပမာဒ လူတို့၏ စိတ်မျိုးလည်းမဟုတ်၊ စောသည်၊ မိုးချုပ်ပြီ၊ အသက်ငယ်သေးသည်တို့ကို ပမာနမထားပဲ မိမိ အလုပ်ကိစ္စ အောင်မြင်ပြီးမြောက်မှု ပါရမီပြည့်၍ သံသရာမှ ထွက်မြောက်နိုင်မှုကိုသာလျှင် အဓိကထား၍ မကြောက်မရွံ့ ရဲရဲ ဝံ့ဝံ့အားထုတ် ပြုလုပ်ခြင်းသဘောတည်း။

**သုတနှင့်ပညာ** အကြားအမြင်များမှုကို သုတဟုခေါ်၍ အရာရာ၌ တတ်သိလိမ္မာမှုကို ပညာဟု ခေါ်သည်။ ဗုဒ္ဓမြတ်စွာသည် တဏှာတည်းဟူသော ညွတ်ကွင်း၊ ကိလေသာတည်းဟူသော ထောင်အတွင်းမှ လွတ်ကင်း၍ ဘုရား ရှင်အဖြစ်သို့ ရောက်တော်မူရန် လေးသင်္ချေနှင့်ကမ္ဘာတသိန်း ကာလပတ်လုံး ဒါနပါရမီ စသည်တို့ကို မငြိုမငြင် ဖြည့်ကျင့် တော်မူရလေသည်။ ထိုပါရမီအားလုံးဖြည့်၍ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသောအခါ သဗ္ဗညုတ ဉာဏ်တော်ကြီး၏အစွမ်းဖြင့် ကြားမှု မြင်မှု တတ်သိ လိမ္မာမှုတို့မှာ အလွန်ထင်ရှားပေါ်များ လှ၏။ ထို့ကြောင့် စုံစုံသင်လင်ရေးရလျှင် ကျမ်းတစောင် ဖြစ်အောင်ရေးမှသာ လုံလောက်ဖွယ်ရှိသောကြောင့်ဤ၌မရေးပဲ လျစ်လျူရှုရတော့မည်။

**ဘောဇနေ မတ္တညုတာ** စားသောက်ရာ၌ မိမိနှင့် သင့်မသင့်ကို နှိုင်းချင့်၍ စားသောက်မှုအတိုင်းအရှည် သိမှုတို့ကို ဘောဇနေ မတ္တညုတာဟု ခေါ်သည်။ လောက၌ အချို့ပုဂ္ဂိုလ်တို့သည် စားဖွယ် သောက်

ဖွယ်တို့၌ အတိုင်းအရှည်ပမာဏ မသိပဲ နှစ်သက်ရင် နှစ်သက်သလို၊ ကျနေ့ကို ထူကြပါအိုးဟုဆိုရသည့်တိုင်အောင် စားကြ၊ ဝမ်းပိုက်ကား၍ အဝတ်မဝတ်နိုင်လောက်အောင်ထိ စားကြ၊ ဗိုက်တင်း၍မထနိုင်ပဲစားရာအရပ်၌ပင်လဲနေသည့်တိုင်အောင်ပင် ပျို့အန်သည်အထိ စားကြ၊ မသင့်မှန်း သိလျက်နှင့်လည်း စားကြသည်။

အချို့ကား မြူးတူးပျော်ပါး ကစားနိုင်ရန် ဗလမာန်၊ ပုရိသမာန်ယစ်နိုင်ရန် အင်္ဂါကြီးငယ်တို့ ပြည့်ဖြိုး မို့မောက်လာရန် အသားအရေကြည်လင်ရန် စားကြသောက်ကြပြန်သည်။ ဗုဒ္ဓမြတ်စွာကား ထိုသို့မဟုတ်၊ အတိုင်းအရှည်ပမာဏကို သိတော်မူ၍ ကျွတ်ထိုက်သော ဝေနေယျတို့အား သာသနဗြဟ္မစရိယ (အဆုံးအမတော်ဖြစ်သောလောကီလောကုတ္တရာသီလ၊ သမာဓိ၊ ပညာဟူသောအကျင့်) မဂ္ဂဗြဟ္မစရိယ (အရိယမဂ်၌ အတွင်းဝင်သော မဂ္ဂင်ရှစ်ပါးဟူသော လောကုတ္တရာ သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးအကျင့်)တို့ကို ဟောပြ ဆုံးမတော်မူနိုင်ရန် အတွက်သာ ဘုဉ်းပေးသုံးဆောင်တော်မူ၏။

**ဇာဂရိယာ နုယောဂ**

နိုးနိုးကြားကြားအိပ်မှု၊ အအိပ်အနေ နည်းမှုကို ဇာဂရိယာ နုယောဂဟု ခေါ်သည်။ ဤဇာဂရိယာ နုယောဂသည်ဝိရိယသမားတို့၏သန္တာန်၌ အမြဲကိန်းဝပ်၏။ နောက်လိုက်ငယ်သားတို့၏ အကျိုးကို များစွာလိုလားသောခေါင်းဆောင်ပုဂ္ဂိုလ်တို့၏ သန္တာန်၌လည်း အမြဲရှိ၏။ ဗုဒ္ဓမြတ်စွာသည် သတ္တဝါတို့ ဘဝ လွတ်မြောက်ရေးကို ဆောင်ရွက်နေသော

ခေါင်းဆောင်ဖြစ်သည့် အလျှောက် အရာဋ္ဌာနတိုင်း၌ နိုးနိုးကြားကြား ရှိတော်မူပါပေသည်။

**သီလ** ဗုဒ္ဓမြတ်စွာသည် အကုသိုလ်မဖြစ်အောင် စောင့်ထိန်းမှု၊ သူတပါးမဆင်းရဲအောင် စောင့်ရှောက်မှု ဟူသော သီလတို့နှင့် ပြည့်စုံတော်မူ၏။ ပြည့်စုံပုံမှာ ပါဏာတိပါတာ စသည်တို့ကိုပယ်စွန့်၍ ပါဏာတိပါတာ စသည်မှ ရှောင်ကြဉ်၏။ သူတပါးအား ညှဉ်းဆဲဖို့ရာ တုတ် ဓား စသော လက်နက်တို့ကို ကိုင်ဆောင်လေ့မရှိ။ မကောင်းမှုကို လုံးဝ ပြုတော်မမူ၊ သတ္တဝါတို့အပေါ်၌ မေတ္တာစိတ် အမြဲရှိတော်မူ၏။ အလုံးစုံသော သတ္တဝါတို့၏ အစီးအပွားကို လိုလားသော စိတ်ဖြင့် အမြဲနေတော်မူ၏။

**ဣန္ဒြိယသံဝရ သီလ** ဗုဒ္ဓ မြတ်စွာ သည် မျက်စိ၊ နား၊ နှာ စသော အင်္ဂါ ခြောက် ပါး တို့၌ အကုသိုလ်ဝင်မလာအောင် စောင့်စည်းမှုဟူသော ဣန္ဒြိယသံဝရနှင့်လည်း ပြည့်စုံတော်မူ၏။ ဤသီလနှင့် ပြည့်စုံပုံကို ကျွန်ုပ်ရ၍သာ ပြပေအံ့။ မျက်စိဖြင့် ရူပါရုံကို တွေ့မြင်ရလျှင် မိန်းမပဲ ယောကျ်ားပဲဟု ခွဲခြား၍သိဖို့ရန် ပုံသဏ္ဌာန်ကိုလည်း စိတ်ထဲ၌မှတ်ယူ၍မထား၊ အဆင်း အာရုံတခုကို မြင်သည်ဟုသာ သတိပြုတော်မူ၏၊ မိန်းမပဲ ယောကျ်ားပဲဟု အလှယ်ဘကူ သိနေပြန်လျှင်လည်း တဏှာရာဂဖြစ်ဖို့ရာ လှပတင့်တယ်သော အခြင်းအရာ၊ ဒေါမနဿဖြစ်ဖို့ရာ မလှမပ မတင့်တယ်သော အခြင်းအရာကိုလည်း စိတ်ထဲ၌ မှတ်ယူ၍မထား။ (မိန်းမယောကျ်ားဟုလောက်သာ မှတ်တော်မူသည်) လှပ တင့်တယ်

ကြောင်း၊ မလှပ မတင့်တယ်ကြောင်းကို အလွယ်တကူ သိနေပြန်လျှင်လည်း ရာဂစိတ်ဖြစ်စေဖို့ရာ လက်က ဘယ်ပုံလှသည်။ခြေက ဘယ်ပုံလှသည်။ စကားပြောပုံ ပြုံးရယ်ပုံတို့က ဘယ်ပုံ တင့်တယ်သည် စသည်ဖြင့် လှပတင့်တယ်ပုံတွေကို မစဉ်းစား၊ ဒေါသစိတ်ကို ဖြစ်စေဖို့ရာ လက်က ဘယ်ပုံ အကြည့်ရဆိုးသည်။ စကားပြောတာ ပြုံးရယ်တာက ဘယ်လိုအကြည့်ရဆိုးသည် စသည်ဖြင့် စဉ်းစားတော်မမူ၊ ကြွင်းသောဒွါရတို့၌လည်း ချဲ့၍သိပါ။

**ပထမဈာန်** = ဝိတက်၊ဝိစာရ၊ပီတိ၊ သုခနှင့်တကွ ဖြစ်သော သမာဓိ။

**ဒုတိယဈာန်** = ပီတိ သုခနှင့်တကွဖြစ်သော သမာဓိ။

**တတိယဈာန်** = သုခနှင့်တကွဖြစ်သော သမာဓိ။

**စတုတ္ထဈာန်** = ဥပေက္ခာနှင့်တကွဖြစ်သော သမာဓိ။

**ဝိဇ္ဇာစရဏ သမ္ပန္နောဂုဏ် ပွားပုံ**

သတ္တဝါအပေါင်း ချမ်းသာကြောင်းကို ကောင်းစွာမြင်သိ ပညာရှိ ဖြစ်တော်မူသော ထို မြတ်စွာဘုရားသည် ဝိဇ္ဇာ သုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏ တဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော ဤအကြောင်းကြောင့်လည်း ဝိဇ္ဇာစရဏ သမ္ပန္နော၊ ဝိဇ္ဇာစရဏ သမ္ပန္န မည်တော်မူပါပေ၏။

## ၄။ သုဂတမည်တော်မှုပုံ

က။ တင့်တယ်သော ကြွသွားခြင်း ရှိတော်မူသောကြောင့် သုဂတ

ခ။ ကောင်းသောအရပ်သို့ ကြွသွားတော်မူသောကြောင့် သုဂတ

ဂ။ ကောင်းစွာ ကြွသွားတော် မူသောကြောင့် သုဂတ

ဃ။ ကောင်းစွာ မြွက်ဆိုတော် မူ တတ် သော ကြောင့် သုဂတ မည်တော်မူ၏။

**တင့်တယ်သော ကြွသွားခြင်း** စက္ခုစသော၊ ခြောက်ပါးသော ဣန္ဒြေတို့၌ လောဘ၊ ဒေါသ စသော အကုသိုလ်တရားဆိုးများ မဝင်ရောက်နိုင်အောင် တားဆီး ပိတ်ပင်တော်မူပြီးသော မြတ်စွာဘုရားသည် စိတ်၊ စေတသိက် ရုပ်တရားတို့ တခုပြီးတခု ဆက်ကာဆက်ကာ ဖြစ်နေသော ဤသံသရာလောကကြီးမှ ရုပ်နာမ်တရားတို့၏ ကုန်ဆုံးရာဖြစ်သော နိဗ္ဗာန်အရပ်သို့ မဂ္ဂင်ယာဉ်ပျံတော်ကြီးနှင့် တင့်တယ်စွာ ကြွသွားတော်မူ၏။

**ကောင်းသော အရပ်သို့ ကြွသွားခြင်း** ဤမှာဘက်၌ရှိသော အရပ်ဒေသကြီးကို ဇာတိ ဇရာ ဗျာဓိ မရဏ စသော တရားဆိုး တို့ က လွှမ်း မိုး ဖိ နှိပ် ထား ၏။ ထို့ကြောင့် ပင်္ဂိသန္ဓေ မတည်နေချင်ပဲနှင့်လည်း တည်နေလိုက်ရ၏။ မအိုချင်ပဲနှင့်လည်း အိုလိုက်ရ၏။ မနာ

ချင်ပဲနှင့်လည်း နာလိုက်ရ၏။ မသေချင်ပဲနှင့်လည်း သေလိုက်ရ၏။ ဤအရပ်ဒေသကြီးသည် နေထိုင်ဖွယ်ကောင်းသော အရပ်ဒေသကြီးမဟုတ်၊ ဟိုမှာဘက်ကမ်း၌ ရှိသော နိဗ္ဗာန်ရွှေပြည် အရပ်သည်ကား အဖြစ်အပျက်မရှိ၊ အိုနာသေရေး အလုံးစုံသော ဒုက္ခဘေးတို့မှ ကင်းဝေး၏။ အလွန်အေးချမ်း၍ ကောင်းသော အရပ်ဒေသလည်း ဖြစ်၏။ ဗုဒ္ဓမြတ်စွာသည် ထိုကောင်းသော အရပ်သို့ ကြွသွားတော်မူ၏။

**ကောင်းစွာ ကြွသွားခြင်း** ခရီးသွားသူ တယောက်သည် လွန်ခဲ့ပြီးသော အရပ်သို့ ပြန်လှည့် လာနေလျှင် ခရီးမတွင်၊ ကောင်းသော သွားခြင်းလည်း မဟုတ်၊ ပြန်လှည့်မလာပဲ ရှေ့သို့သာ တိုးတိုးသွားပါမှ ခရီးတွင်၍ ကောင်းသော သွားခြင်းဟုလည်း ဆိုသင့်သကဲ့သို့ ဗုဒ္ဓမြတ်စွာသည် အကြင် ကိလေသာတို့ကို ကျော်လွန်သွား၏။ ထိုကိလေသာတို့သို့ တဖန်ပြန်မလာတော့ပဲ ရှေ့သို့သာ(ဝေးသည်ထက် ဝေးအောင်)တိုး၍တိုး၍ ကောင်းစွာ ကြွသွားတော်မူ၏။

တနည်းကား ဗုဒ္ဓမြတ်စွာသည် ဒီပင်္ကရာ ဘုရားရှင်၏ ခြေတော်ရင်းမှစ၍ ဗောဓိမဏ္ဍိုင်တိုင်အောင် (ဗောဓိပင်ပေါက်ရာ မြေအရပ်သည် ဇမ္ဗူဒိပ်ကျွန်း၏ အလယ်ဗဟို မဏ္ဍိုင်သဖွယ် ဖြစ်သောကြောင့် ထိုဗောဓိပင်ကိုပင် ဗောဓိမဏ္ဍိုင်ဟု ခေါ်သည်။ တနည်းကား သဗ္ဗညုတဉာဏ်တော်၏ ကြည်လင်ဖြစ်သောကြောင့် ထိုဗောဓိပင်ကိုပင် ဗောဓိမဏ္ဍိုင်ဟုခေါ်သည်) သမ္မာပဋိပတ်ဖြင့် (ကောင်းသော အကျင့်ဖြင့်) လောက၏ စီးပွားချမ်းသာကို ပြုတော်မူ၍ ကောင်းစွာ ကြွသွားတော်မူ၏။

---

စပယ်ဦးစာပေ

**ကောင်းစွာမြွက်ဆိုတော်မူခြင်း** လောက၌ အချို့သောသူတို့သည် စကားပြောကြပြီဆိုလျှင် အကျိုး ရှိမရှိ မစဉ်းစားပဲ မိမိလိုရာဖက်သို့သာ အတင်းပြောဆိုတတ်ကြ၏။ ဗုဒ္ဓကား ထိုသို့မဟုတ်၊

အကြင်စကားသည် မဟုတ်မမှန် အကျိုးမရှိ၊ ယင်းစကားကို ကြားနာရသူတို့ကလည်း မနှစ်သက်၊ မမြတ်နိုးဟုသိ၏။ ထိုစကားကို ဗုဒ္ဓမြတ်စွာ မြွက်ဆိုတော်မမူ။

အကြင်စကားသည် ဟုတ်၏၊ မှန်၏၊ အကျိုးကားမရှိ။ ယင်းစကားကို ကြားနာရသူတို့ကလည်း မနှစ်သက်မမြတ်နိုးဟု သိ၏။ ထိုစကားကိုလည်း မြွက်ဆိုတော့်မမူ။

အကြင်စကားသည် ဟုတ်၏ဟုသိ၏၊မှန်၏၊အကျိုးရှိ၏။ယင်းစကားကို ကြားနာရသူတို့က မနှစ်သက် မမြတ်နိုးဟု သိ၏။ ထိုစကားကို သင့်လျော်သော အချိန်အခါကာလမှ မြွက်ဆိုတော်မူ၏။

အကြင်စကားသည် မဟုတ်၊မမှန်၊အကျိုးမရှိ။ယင်းစကားကို ကြားနာရ သူတို့က နှစ်သက်မြတ်နိုး၏ဟု သိ၏။ ထိုစကားကို မြွက်ဆိုတော်မမူ။

အကြင်စကားသည် ဟုတ်၏။ မှန်၏။ အကျိုးမရှိ၊ ယင်းစကားကို ကြားနာရသူတို့က နှစ်သက်မြတ်နိုး၏ ဟု သိ၏။ ထိုစကားကို မြွက်ဆိုတော်မမူ။

အကြင်စကားသည် ဟုတ်၏။ မှန်၏။ အကျိုးရှိ၏။ ယင်းစကားကို ကြားနာရသူတို့က နှစ်သက်မြတ်နိုး၏ ဟုသိ၏။ ထိုစကားကို သင့်လျော်သောကာလမှ မြွက်ဆိုတော်မူ၏။

---

စ ၂ယ်ဦးစာပေ

**သုဂတဂုဏ်ပွားပုံ** သတ္တဝါအပေါင်း ချမ်းသာကြောင်းကို ကောင်းစွာ မြင်သိ ပညာရှိ ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဒီပင်္ကရာ ထွဋ်ချာသေဋ္ဌ်နှင်း ခြေတော်ရင်းမှ ဗောဓိမဏ္ဍိုင် ခန်းဝါပိုင်အောင်၊ ဆယ်ခိုင်ပါရမီ စုံဖြည့်ညီလျက် သုံးလီဘဝ များသတ္တ၏ သုခစီးပွားကျင့်သောအားဖြင့် မိုက်မှားအယူ မိစ္ဆာဟူက၊ ဆံဖြူတစ် မကပ်ငြိပဲ။ သတိသမ္ပဇဉ် မပြတ်ယှဉ်လျက် တင့်တယ်သာညှင်း ကြွသွားခြင်း ရှိတော်မူသော ဤအကြောင်းကြောင့်လည်း သုဂတော၊ သုဂတ မည်တော်မူပါပေ၏။

## ၅။ လောကဝိဒူ မည်တော်မူပုံ

သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောကတို့ကို ခပ်သိမ်းသော အပြားအားဖြင့် သိမြင်တော်မူသောကြောင့် လောကဝိဒူ မည်တော်မူ၏။

**သတ္တလောကကို သိတော်မူပုံ** အသက်ရှင်နေသော အကောင်ဟုခေါ်ဝေါ်အပ်သော သတ္တဝါ အပေါင်းကိုပင် သတ္တလောကဟု ခေါ်သည်။ ဗုဒ္ဓမြတ်စွာသည် ထိုသတ္တဝါ အပေါင်း၏ အာသယကို လည်းကောင်း၊ အဓိမုတ္တကိုလည်းကောင်း သိတော်မူ၏။ ပညာမျက်စိ၌ ကိလေသာမြူနည်းသော သတ္တဝါ၊ ကိလေသာ မြူများသော သတ္တဝါတို့ကို လည်းကောင်း၊ ဣန္ဒြေရင့်သော သတ္တဝါ၊ နုသော သတ္တတို့ကိုလည်းကောင်း၊ ကောင်းသော အချင်းအရာရှိသော သတ္တဝါ၊ မကောင်းသော အချင်းအရာရှိသော သတ္တဝါတို့ကို

လည်းကောင်း၊ သိနားလည်စေရန် လွယ်ကူသော သတ္တဝါ ခဲယဉ်းသော သတ္တဝါတို့ကိုလည်းကောင်း၊ တရားထူးရထိုက်သော သတ္တဝါ မရထိုက်သောသတ္တဝါတို့ကို လည်းကောင်း သိတော်မူ၏။

**ဩကာသလောကကို သိတော်မူပုံ**

သတ္တဝါတို့ တည်နေရာ စကြဝဠာကို ဩကာသလောကဟုခေါ်သည်။ စကြဝဠာ တခုသည် အလျားအားဖြင့်လည်းကောင်း၊ အနံအားဖြင့်လည်းကောင်း တသန်း နှစ်သိန်း သုံးထောင် လေးရာ ငါးဆယ် ယူဇနာရှိ၏။လုံးပတ်အားဖြင့်(အဝန်းအားဖြင့်) သုံးသန်းခြောက်သိန်း တသောင်း သုံးရာ ငါးဆယ် ယူဇနာရှိ၏။

ဤမဟာပထဝီ မြေကြီး၏ အထုသည်နှစ်သိန်းလေးသောင်း ယူဇနာရှိ၏။ ဤမြေကြီး၏အောက်၌ရှိသော ရေထုသည် လေးသိန်းရှစ်သောင်း ယူဇနာရှိ၏။ ထိုရေထု၏ အောက်၌ရှိသော လေထုသည် ကိုးသိန်း ခြောက်သောင်းယူဇနာရှိ၏ဟု သတ္တဝါတို့၏ နေရာ ဩကာသ လောက၏တည်နေပုံကိုလည်းကောင်း။

မြင့်မိုရ်တောင်သည် တသိန်းခြောက်သောင်း ရှစ်ထောင် ယူဇနာမြင့်၍ အောက်တဝက်သည် မဟာသမုဒ္ဒရာထဲ၌ နစ်မြုပ်လျက်ရှိ၏။

(ယခုခေတ်၌ သမုဒ္ဒရာကို တိုင်းတာသူတို့က သမုဒ္ဒရာ၏ အနက်ဆုံးနေရာမှာ ငါးမိုင်ကျော်သာ ရှိ၏ဟု ဆိုကြ၏။ ထို့ကြောင့် ရှေးက ခေါ်ဆိုကြသော ယူဇနာသည် အဘယ် ယူဇနာမျိုး နည်းဟု ဉာဏ်ကြီးရှင်တို့ စဉ်းစားဖွယ်ကောင်းလှပေသည်။

---

စမယ်ဦးစာပေ

မြင့်မိုရ်တောင်၏ ဘေးအရပ်တို့၌ ရတနာတို့ဖြင့် ဆန်းကြယ်သော ယုဂန္ဓုရ်တောင်၊ ဣသမရတောင်၊ ကဝိရကတောင်၊ သုဒဿနတောင်၊ နေမိန္ဓရတောင်၊ ဝိနတကတောင်၊ အဿကတောင်ဟူသော တောင်ကြီး ခုနစ်လုံးတို့သည် တည်ရှိနေကြ၏။

ဟိမဝန္တာတောင်သည် ယူဇနာငါးရာမြင့်၏။ အလျားအနံအားဖြင့် ယူဇနာ သုံးထောင် ကျယ်ပြန့်၏၊ ရှစ်သောင်း လေးထောင်သော တောင်အထွဋ်တို့ဖြင့် တန်ဆာဆင်ထား၏။(ယခုခေတ်၌ ဟိမဝန္တာတောင်ကို တိုင်းတာသောသူတို့က လည်းကောင်း၊ တောင်ထိပ်သို့ အရောက်တက်နိုင်သော သူတို့ကလည်းကောင်း၊ ငါးမိုင်ကျော်မျှသာ မြင့်သည်ဟုဆိုကြသည်။

ဇမ္ဗူသပြေပင်သည် ပင်စည်လုံးပတ်အားဖြင့် တဆယ့်ငါး ယူဇနာရှိ၏။ ပင်စည်နှင့် အကိုင်းတို့၏ အလျားအားဖြင့် ယူဇနာငါးဆယ်သည်ရှိ၏။ ထက်ဝန်း ပတ်လည်အားဖြင့် ယူဇနာတရာကျယ်ပြန့်၏။

အသူရာနတ်တို့၏ သခွတ်ပင်၊ ဂဠုန်တို့၏ လက်ပံပင်၊ အနောက်ကျွန်း၏ ထိန်ပင်၊ မြောက်ကျွန်း၏ ပဒေသာပင်၊ အရှေ့ကျွန်း၏ကုက္ကိုပင်၊ တာဝတိံသာ နတ်တို့၏ ပင်လယ်ကသစ်ပင်တို့သည်လည်း ဇမ္ဗူသပြေပင်၏ ပမာဏအတိုင်းပင်တည်ရှိပေ၏။

စကြဝဠာ တံတိုင်းသည် မဟာသမုဒ္ဒရာအတွင်းသို့ ယူဇနာရှစ်သောင်းနှစ်ထောင်နစ်မြုပ်လျက် ရှစ်သောင်းနှစ်ထောင်သည် အထက်သို့ မြင့်တက်လျက် ရှိ၏။ စကြဝဠာ တံတိုင်းသည် အားလုံးစုံသော လောကဓာတ်ကို ခြံရံလျက်တည်၏။

---

စပယ်ဦးစာပေ

လဝန်းသည် လေးဆယ့်ကိုး ယူဇနာရှိ၏။ နေဝန်းသည် ယူဇနာ ငါးဆယ်ရှိ၏။ ဘာဝတိံသာနတ်ဘုံသည် ယူဇနာ တသောင်းရှိ၏။ အသူရာနတ်ဘုံ၊ အဝီစိ ငရဲ၊ ဇမ္ဗူထိပ်ကျွန်းတို့ သည်လည်း ယူဇနာ တသောင်းစီပင်ရှိ၏။ အနောက်ကျွန်း အရှေ့ကျွန်းတို့လည်း ယူဇနာ ခုနစ်ထောင်စီရှိ၏။မြောက်ကျွန်း သည် ယူဇနာရှစ်ထောင်ရှိ၏။ တခုတခုသော ကျွန်းကြီးတို့၌ ကျွန်းငယ်ငါးရာ ခြံရံလျက်ရှိ၏။ ယခုဆိုခဲ့ပြီး အားလုံးတို့သည် တခုသော လောကဓာတ် တခုသော စကြဝဠာဖြစ်၏။ ထိုသို့ သော စကြဝဠာသုံးခုတို့၏အကြား၌ လောကန္တရိတ် ငရဲရှိ၏ ဟု မြေအထက်၌ တည်ရှိသော အရာတို့ကိုလည်းကောင်း သိတော်မူ၏။

**သင်္ခါရလောကကို သိတော်မူပုံ** ရုပ်နာမ်တရား ၂ ပါး အပေါင်းကို သင်္ခါရလောကဟု ခေါ်ဆိုရ၏။ ဤ ရုပ်နာမ်တရားတို့ကိုပင် 'ပုဂ္ဂိုလ်သတ္တဝါ သူငါ ယောကျ်ား၊မိန်းမ စသည်ဖြင့်ဆိုလျော်စွာ ပညတ်၍ခေါ် ဝေါ်နေကြ၏။ပုဂ္ဂိုလ်သတ္တဝါဟူသော ရုပ်အစု၌ သိမြင်ပုံကား ရုပ်ခန္ဓာကြီးဝယ် မြေ ရေ လေ မီး ဟူသော ဓာတ်ကြီး လေး ပါးရှိ၏။ ထိုဓာတ်ကြီး လေးပါးကို မွမ်းမံခြယ်လှယ်ထားသော အမှုန်းတင် ရုပ်များလည်းရှိ၏။ လောကဓာတ် ဆရာတို့၏ မှန်ပြောင်းဖြင့်ပင် မမြင်နိုင်လောက်အောင် သေးမွှားသော ရုပ်မှုန်လေးများရှိ၏။ ယင်းရုပ်မှုန်လေးတွေ ပေါင်းစပ်နေသော အစုအခဲကိုရုပ် ကလာပ်ဟု ခေါ်ဆိုရ၏။လောကဓာတ် ဆရာတို့ မှန်ပြောင်းအားဖြင့် မြင်ရသော အသေးဆုံးရုပ်သည်ကား ယင်း

ရုပ်ကလာပ်တခုပင်ဖြစ်၏။ ထိုရုပ်ကလာပ် တခု၌ ပထဝီ တေဇော အာပေါ ဝါယော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ဟူသော ရုပ်(၈) ခု ပေါင်းစပ်နေကြောင်းကို သိဖို့ရာကား၊ ဗုဒ္ဓရှင်ဘောဝ်မှအပ မည်သည့် လောကဓာတ်ပညာရှင်မျှ မသိနိုင်တော့ချေ။ ဗုဒ္ဓရှင်တော်ကား ထိုကဲ့သို့ သေးငယ်သော ရုပ်မှုန်ရုပ်မွှားလေးများ ဖြစ်ပေါ်လာခြင်း၏ အကြောင်းတို့ကိုပါ သိမြင်တော်မူ၏။

ထိုပြင် သတ္တဝါဟုခေါ်ဝေါ်ရသောရုပ်အစုတို့ အတွင်းဝယ် လောကဓာတ်ပညာရှင်တို့ သိနိုင်ဖို့ရန် အရာမဟုတ်တော့သည့် စိတ်စေတသိက် ဟူသော နာမ် တရားများလည်း ရှိသေး၏။ ထိုနာမ်တရားတို့၏ အစွမ်းကြောင့် အဆင်းအနံ့အရသာ အတွေ့ အထိ စသည်ဖြင့် သိဖွယ်ဟူသမျှတို့ကို သိရ၏ စသည်ဖြင့် ဗုဒ္ဓရှင်တော်သည် ရုပ် နာမ် တရားဟူသော သင်္ခါရလောက၏ ဖြစ်ပုံ၊ တည်ပုံ၊ ပျက်ပုံတို့ကို ထိထိမိမိ သိရှိတော်မူပါပေသည်။

**လောကဝိဒူဂုဏ် ပွားပုံ** — သတ္တဝါအပေါင်း ချမ်းသာကြောင်းကို ကောင်းစွာမြော်မြင်သိရှိ တော်မူသော မြတ်စွာဘုရားသခင်သည်သတ္တောကာသ သင်္ခါရဟု လောကသုံးဘုံ အလုံးစုံကို အာရုံထင်စွာ ပိုင်းခြားကာဖြင့် ကောင်းစွာကုန်စင် သိမြင်တော်မူသော ဤအကြောင်း ကြောင့်လည်း လောကဝိဒူ၊ လောကဝိဒူ မည်တော်မူပါပေ၏။

---

စပယ်ဦးစာပေ

## ၆။ အနုတ္တရော ပုရိသ ဓမ္မသာရထိ မည်တော်မူပုံ

ဗုဒ္ဓထက် ဂုဏ်တို့ဖြင့် သာလွန်ထူးမြတ်သူ တစုံတယောက်မျှ မရှိသောကြောင့် အနုတ္တရော၊ အနုတ္တရ မည်တော်မူ၏။ ဆုံးမထိုက်သော ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူတတ်သောကြောင့် ပုရိသဓမ္မသာရထိ မည်တော်မူ၏။

**ဂုဏ်တို့မြင့်မြတ်ပုံ** ဗုဒ္ဓမြတ်စွာသည် သီလဂုဏ်အားဖြင့်လည်းကောင်း၊ သမာဓိဂုဏ် အားဖြင့်လည်းကောင်း၊ ပညာဂုဏ် အားဖြင့်လည်းကောင်း၊ ဝိမုတ္တိဂုဏ်အားဖြင့်လည်းကောင်း၊ ဝိမုတ္တိဉာဏဒဿနဂုဏ်အားဖြင့်လည်းကောင်း ဤလောကကို လွှမ်းမိုးကျော်လွန်၏။ တခေတ်ထဲ၌ အတုမရှိ (အတိတ် အနာဂတ် ဘုရားရှင်တို့နှင့်ကား တူသည်ဟူလို)။

ထိုကြောင့် ရဟန်းတို့ အခြေမရှိသော သတ္တဝါ၊ အခြေနှစ်ချောင်း ရှိသော သတ္တဝါ။ အခြေ လေးချောင်း ရှိသော သတ္တဝါ။ အခြေများစွာရှိသောသတ္တဝါ။ ရုပ်ရှိရုပ်မဲ့သတ္တဝါ။ သညာရှိသညာမဲ့သတ္တဝါ။ သညာကြမ်းသညာနုသော သတ္တဝါတို့သည် အကြင်မျှလောက် ရှိကုန်၏။ ထိုရှိသမျှ သတ္တဝါထက် အရဟံ သမ္မာသမ္ဗုဒ္ဓ ဖြစ်တော်မူသော မြတ်စွာဘုရားသည် အမြတ်ဆုံးဟု အဂ္ဂပ္ပသာဒသုတ်၌လည်းကောင်း။

ငါ့အား လောကုတ္တရာ တရားထူးသိရန် ညွှန်ပြသော ဆရာမရှိ၊ (လောကီစျာန်ရရာအတွက် အာဠာရနှင့် ဥဒက ဘို့ ရှိသည်ဟု သိသာသည်) ငါနှင့် ဂုဏ်ရည်တူသူမရှိ (ဤစကားဖြင့် ဂုဏ်

ရည်တူသူပင်မရှိ သာလွန်သူကား အဘယ်မှာမှ မရှိဟု သိသာသည်) နတ် ဗြဟ္မာနှင့်တကွသော လူလောကထဲ၌ ငါနှင့်ပြိုင်နိုင်သူမရှိ၊ တလောကလုံးထဲ၌ ငါသာလျှင် ရဟန္တာ ဖြစ်၏။ ငါသည် အမြတ်ဆုံးဖြစ်၏။ မကောင်းမြစ်တာ ကောင်းရာကိုသာ ညွှန်ပြတတ်သောဆရာဖြစ်၏။ ငါတပါးတည်းသာသစ္စာလေးပါးတရားကို ကိုယ်တိုင်သိ၏။ ကိလေသာ မီးပူမရှိသောကြောင့် အေးအေးချမ်းချမ်း နေနိုင်၏ဟု ဂယာရွာနှင့် ဗောဓိပင်၏ အကြား၌ ဥပကတက္ကဒွန်းအား မိန့်ဆိုထားသည်ကို ဝိနည်းမဟာဝဂ္ဂပါဠိတော် ပဉ္စဝဂ္ဂိယကထာ၌လည်းကောင်း တွေ့ရပေသည်။

**ယဉ်ကျေးအောင် ဆုံးမတော်မူပုံ**

မြင်းဆရာကြီး ကေသီ၊ ငါသည် ဆုံးမထိုက်သော သတ္တဝါတို့ကို အနုနည်းဖြင့် ဆုံးမ၏။ အကြမ်းနည်းဖြင့်လည်း ဆုံးမ၏။ အနု အကြမ်း နှစ်နည်းလုံးဖြင့်လည်း ဆုံးမ၏ဟု မြင်းဆရာကြီး ကေသီအား မိန့်တော်မူသော နည်းမျိုးစုံဖြင့် ဆုံးမထိုက်သော ယောကျ်ားတို့ကို ယဉ်ကျေးအောင် ဆုံးမတော်မူ၏။ (ယောကျ်ားတို့ ဟူရာ၌ တိရစ္ဆာန်ယောကျ်ား၊ လူယောကျ်ား၊ နတ်ယောကျ်ားတို့ပါ ပါသည်ဟုသိပါ)။

မှန်၏။ ဗုဒ္ဓမြတ်စွာသည် တိရစ္ဆာန် ယောကျ်ား ဖြစ်သော အပလာလနဂါးမင်း၊ စူဠော ဒရမဟော ဒရအဂ္ဂိသိခ ဓူမသိခ အရဝါဠနဂါးမင်းတို့နှင့် ဓနပါလဟုခေါ်သော နာဠာဂိရိဆင် စသော တိရစ္ဆာန်ယောကျ်ားတို့ကိုလည်းကောင်း။

---

နိဂဏ္ဌ၏သားဖြစ်သော သစ္စကအမည်ရှိသူလည်း၊ ပေါက္ခရသာတိ ပုဏ္ဏား၊ သောဏဒဏ္ဍပုဏ္ဏား၊ ကူဋဒန္တပုဏ္ဏား စသော လူယောကျ်ားတို့ကိုလည်းကောင်း။

အာဠဝကဘီလူး၊ သူစိလောမဘီလူး၊ ခရလောမဘီလူး၊ သိကြားမင်း အစရှိသော နတ်ယောကျ်ားတို့ကို လည်းကောင်း ယဉ်ကျေးအောင် ဆုံးမတော်မူ၍ သရဏဂုံသီလတို့၌ တည်စေတော်မူ၏။

တနည်းကား သီလ မစင်ကြယ်သောသူကို သီလစင်ကြယ်အောင်၊ သီလ စင်ကြယ်ပြီးသောသူကို မထမချာန် စသည်သို့ ရောက်အောင်၊ သောတာပန်ဖြစ်ပြီး သူတို့အားလည်း အထက်အထက် မဂ်သို့ရောက်အောင် သွေးဆောင်၍ ဟောပြဆုံးမတော်မူ၏။

**အနုတ္တရောပုရိသဓမ္မသာရထိ ဂုဏ်ပွားပုံ** — သတ္တဝါအပေါင်း ချမ်းသာကြောင်းကို ကောင်းစွာမြင်သိ ပညာရှိ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် ဆုံးမသင့်ရန် သတ္တဝါမှန်သော် ချောက်တန်လျှင်ချောက်၊ မြှောက်တန်မြှောက်၍ အောက်အောက် ထက်ဂုဏ်ဆင့်ဆင့်စုံဖို့ဖုံသင်ပေးအစဉ်ဖေးလျက်ယဉ်ကျေးလေအောင် သွေးဆောင် ဆုံးမတော်မူသော ဤအကြောင်း ကြောင့်လည်း အနုတ္တရော ပုရိသဓမ္မသာရထိ၊ အနုတ္တရော ပုရိသဓမ္မသာရထိ မည်တော်မူပါပေ၏။

---

**စပယ်ဦးစာပေ**

## သတ္တာဒေဝမနုဿာန မည်တော်မူပုံ

က။ လူနတ်တို့၏ ဆရာဖြစ်တော်မူသောကြောင့် သတ္တာဒေဝမနုဿာန။

ခ။ လှည်းကုန်သည် အပေါင်း၏ ဦးစီးခေါင်းဆောင်နှင့် တူတော်မူသောကြောင့် သတ္တာဒေဝ မနုဿာန မည်တော်မူ၏။

**နတ်လူတို့၏ဆရာ ဖြစ်တော်မူပုံ** ဗုဒ္ဓမြတ်စွာသည် အဆုံးအမ ပေးသောအားဖြင့် နတ်လူတို့၏ ဆရာ ဖြစ်တော်မူ၏။ နတ်လူတို့သည် ဗုဒ္ဓ၏ အဆုံးအမ တရားတော်ကို နာကြားခြင်းဖြင့် ဥပနိဿယ ပြည့်စုံခြင်းသို့ ရောက်၍ ဒုတိယဘဝ၌သော်လည်းကောင်း၊ တတိယဘဝ၌သော်လည်းကောင်း၊ မဂ်ဖိုလ်ကို ရကြကုန်၏။ ဗုဒ္ဓမြတ်စွာသည် နတ်လူတို့အား ဆုံးမပေးနိုင်ရုံသာမက ဖားစသော တိရစ္ဆာန်များကိုလည်း မဂ်-ဖိုလ်ရအောင် အဆုံး အမ ပေးတော်မူနိုင်၏။

**လှည်းကုန်သည်တို့၏ ခေါင်းဆောင်နှင့်တူ** အသိဉာဏ်ကြွယ်ဝ၍ မိမိ၏ နောက်ပါ ယော်သား များကို ဒုက္ခ မရောက်စေလိုသော ကုန်သည်လှည်းမှူးခေါင်းဆောင်သည် ဘေးရန်ပေါများသော ကန္တာရခရီးကြမ်းမှ ဘေးကင်းရာ အရပ်သို့ ရောက်အောင် ထုတ်ဆောင်၏။ ထို့အတူ ဗုဒ္ဓမြတ်စွာသည်လည်း သတ္တဝါတို့ကိုဘဝသစ်ဖြစ်ရသော ဇာတိခရီးကြမ်း၊ အိုခြင်း နာခြင်း သေခြင်းဟူသော ဇရာ ဗျာဓိ မရဏ ခရီးကြမ်း

---

တို့မှ ဘေးမရှိရာ နိဗ္ဗာန်အရပ်သို့ ရောက်အောင် ထုတ်ဆောင်တော်မူ၏။

**သတ္ထာဒေဝမနုဿာန ဂုဏ်ပွားပုံ**

သတ္တဝါအပေါင်း ချမ်းသာကြောင်းကို ကောင်းစွာ မြော်သိ ပညာရှိဖြစ်တော်မူသော ထိုမြတ်စွာ ဘုရားသခင်သည် သတ္တဝါဟော် ကုန်သည်ကျော်သည်ဖော်လှော်ငယ်သားနောက်ပါများကို ရေရှားဘေးခ၊ ကန္တာရမှ ကယ်မဆောင်ယူ ပို့တော်မူသို့ ထိုတူတာစိ ခဲယဉ်းဘိသည့် ဇာတိ ဇရာ မရဏာ ဟု ကန္တာရကြမ်း ခရီးလမ်းမှ ရွှေနန်းမြေငူ ပြည်နိဗ္ဗူသို့ နတ် လူ ဗြဟ္မာ သတ္တဝါကို ကောင်းစွာ ဆောင်ယူ ကယ်တင်တော်မူသော ဤအကြောင်းကြောင့်၊ သတ္တာဒေဝ မနုဿာနံ၊ သတ္တာဒေဝ မနုဿာန မည်တော်မူပါပေ၏။

## ဂ။ ဗုဒ္ဓမည်တော်မူပုံ

ဉေယျဓမ် တရားတို့ကို ဝိမောက္ခန္တိက ဉာဏ်တော်များ၏ အစွမ်းဖြင့် သိတော်မူသောကြောင့်၊ ဗုဒ္ဓ၊ သစ္စာလေးပါးတို့ကို ကိုယ်တော်တိုင် သိတော်မူ၍ သူတပါးကိုလည်း သိအောင်ဟောပြတော်မူနိုင်သောကြောင့် ဗုဒ္ဓမည်တော်မူ၏။ (ဉေယျဓမ်တရား၊ သစ္စာလေးပါးတရားတို့ကို သမ္မာသံဗုဒ္ဓဂုဏ်တော်၌ဖော်ပြခဲ့သည့် အတိုင်းသိပါ၊ သစ္စာလေးပါးတရားကို သိထိုက်သောတရား စသည်ဖြင့်ခွဲခြား၍ဖော်ပြထားခဲ့၏။)

ဗုဒ္ဓဂုဏ်ပွားပုံ သတ္တဝါအပေါင်း ချမ်းသာကြောင်းကို ကောင်းစွာ မြင်သိ ပညာရှိ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် ဉေယျဓမ်ပါ လေးသစ္စာကို ဦးစွာပိုင်ပိုင်သိမြင်နိုင်၍သုံးဆိုင်ဝေနေ၊ များဗိုလ်ခြေကို မသွေ့ အတူ သိစေတော်မူနိုင်သော ဤအကြောင်းကြောင့်လည်း ဗုဒ္ဓေါ၊ ဗုဒ္ဓမည်တော်မူပါပေ၏။

## ၆။ ဘဂဝါ မည်တော်မူပုံ

သီလဂုဏ်၊သမာဓိဂုဏ်၊ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏဒဿနဂုဏ်တို့နှင့်ပြည့်စုံတော်မူသည်ဖြစ်၍လူ နတ် ဗြဟ္မာသတ္တဝါ ဟူသမျှတို့က အလေးအမြတ် ပြုအပ်ပြုထိုက်သောကြောင့် ဘဂဝါ မည်တော်မူ၏။

လောကီ လောကုတ္တရာ ချမ်းချမ်းသာတို့ကို ဖြစ်စေနိုင်၍ ဒါန စသည် ပါရမီအဆင့်ဆင့်ဘုန်းဘော် ကံဒတော်အနန္တတို့နှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါမည်တော်မူ၏။

ဣဿရိယ ဓမ္မ ယသ သိရိ ကာမ ပယတ္တ ဟူသော ခြောက်ပါးသော ဘုန်းတော်တို့နှင့် ပြည့်စုံတော်မူသောကြောင့် ဘဂဝါ မည်တော်မူ၏။

ဘဂဝါ အမည်ဖြစ်ပုံ ဘဂဝါ ဟူသော ဤ အမည် သည် မယ်တော်မဟာ မာယာဒေဝီက ပြုထားသော အမည်မဟုတ်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက ပြုထားသောအမည်မဟုတ်။ ရှစ်သောင်း

လေးထောင်သော ဆွေတော် မျိုးတော်တို့က ပြုထားသော အမည်မဟုတ်။ သိကြားမင်း၊ သန္တုသိ စသော နတ်အထူးတို့က ပြုထားသောအမည်မဟုတ်။ မြတ်စွာဘုရား၏ သီလ အစရှိသော ဂုဏ်တို့ဖြင့် သတ္တဝါ အားလုံးတို့ထက် ထူးမြတ်တော်မူသော ကြောင့် အလေးပြုသောအားဖြင့် ခေါ်ဝေါ်ကြသော အမည် သာတည်း။

**ဘဂဝါဂုဏ်** သတ္တဝါအပေါင်း ချမ်းသာကြောင်းကို **ပွားပုံ** ကောင်းစွာမြင်သိ ပညာရှိ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည် ဘုန်းတော် အဟုန် ကျေးဇူးဂုဏ်တို့ ပြည့်စုံယှဉ်မှီး လွန်အား ကြီး သဖြင့် ကျော်ကထိးအတူ အလေးမူ၍ ကြည်ဖြူဦးခိုက် ရှိသေထိုက်သည့် သုံးတိုက်ဘုံရပ် လောကဓာတ်၌ ထူးမြတ်သောသူ ဖြစ်တော်မူ သော ဤအကြောင်းကြောင့်လည်း ဘဂဝါ၊ဘဂဝါ မည်တော် မူပါပေ၏။

## ဗုဒ္ဓါနုဿတိအကျိုး

ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီသည် မြတ်စွာဘုရား၏ အပေါ်၌ ရိုသေလေးစားခြင်းရှိ၏။ သဒ္ဓါ၏ ပြန့်ပြောခြင်း၊ သတိ၏ပြန့်ပြောခြင်း၊ ပညာ၏ ပြန့်ပြောခြင်း၊ ကောင်းမှု၏ ပြန့်ပြောခြင်းသို့လည်း ရောက်၏။ နှစ်သိမ့်ဝမ်း မြောက်မှု ပီတိပါမောဇ္ဇဖြစ်ခြင်းများ၏၊ ကြောက်ဖွယ်ဘေးကြီး တို့ကို မကြောက်လန့်၊ ဆင်းရဲဒုက္ခအမျိုးမျိုးကို သည်းခံနိုင်၏။ မြတ်စွာဘုရားနှင့် အတူနေရ၏ ဟူသော အမှတ်သညာကိုရ၏။

---

ဗုဒ္ဓါနုဿတိကို အမြဲမပြတ် ပွားများနေသော ယောဂီသည် စေတီပုထိုး ပူဇော်သကဲ့သို့ ပူဇော်မှုကိုလည်း ခံယူထိုက်၏။ ထိုပုဂ္ဂိုလ်၏စိတ်သည် ဘုရားအဆင်း ဘုရားအဖြစ်၌ ညွတ်၏။ အကုသိုလ်ပြုစရာနှင့် တွေ့လျှင် ငါ၏ရှေ့၌ မြတ်စွာဘုရားရှိ၏ ဟူသော အတွေးအသိများဖြင့် ရှက်ကြောက်၍ မပြုလုပ်မိတော့။ ဈာန်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့ကို ထိုးထွင်း၍ မသိငြား သော်လည်း ကောင်းရာသုဂတိသို့ ရောက်နိုင်ခြင်းတို့ဖြစ်၏။

## ဓမ္မာနုဿတိ ပွားပုံ

မြတ်ဗုဒ္ဓ ဟောတော်မူထားသော တရားတော်၏ ဂုဏ်တော် အပေါင်းကို အဖန်ဖန်တလဲလဲ ထပ်ကာထပ်ကာ အောက်မေ့မှု သတိကို ဓမ္မာနုဿတိဟု ခေါ်၏။ ဤဓမ္မာနုဿတိကို ပွားလို သော ယောဂီသည် ဓမ္မက္ခန္ဓာဟု ခေါ်အပ်သော ပိဋကတ်တရား တော်၊ မဂ်ဖိုလ်တရားတော်၊ နိဗ္ဗာန်တရားတော်တို့၏ ဂုဏ်တော် တို့ကို မှန်းဆလျက်—

သွာက္ခာတော ဘဂဝတာ ဓမ္မော
သန္ဒိဋ္ဌိကော အကာလိကော
ဧဟိပဿိကော ဩပနေယျိကော
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ-

ဟု နှလုံးသွင်း၍ ပွားများရသည်။

---

## ၁။ သွာက္ခာတ မည်တော်မူပုံ

မဂ်ဖိုလ်နိဗ္ဗာန်ဟူသော လောကုတ္တရာတရား ဓမ္မက္ခန္ဓဟု ခေါ်ဆိုအပ်သော ပိဋကတ်တရားတော်တို့ကို ကောင်းစွာဟောတော်မူအပ်သောကြောင့် 'သွာက္ခာတ'၊ ဖောက်ပြန် မှားယွင်းခြင်း ရှိတော်မမူသောကြောင့် 'သွာက္ခာတ'မည်တော်မူ၏။

**မဂ်တရား သွာက္ခာတ မည်ပုံ** လောကုတ္တရာတရားတို့တွင် အရိယာမဂ်တရားသည် သဿတနှင့် ဥစ္ဆေဒ၊ ကာမသုခနှင့် အတ္တကိလမထဟူသော အဖို့အစွန်းနှစ်ပါးသို့ လုံးဝမကပ်ရောက်၊ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ထိုအရိယာမဂ်တရားကို 'မဇ္ဈိမပဋိပဒါ၊ အလယ်လမ်းအကျင့်'ဟု ကောင်းစွာဟောတော်မူအပ်သောကြောင့် မဂ်တရားသည် 'သွာက္ခာတ'မည်၏။

**ဖိုလ်တရား သွာက္ခာတ မည်ပုံ** လောကုတ္တရာတရားတို့တွင် ဖိုလ်တရားသည် မဂ်တရားတို့က ငြိမ်းစေပြီးသော ကိလေသာတို့ကို ငြိမ်းသည်ထက် ငြိမ်းအောင် တဖန်ထပ်၍ ငြိမ်းစေ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် ဖိုလ်တရားဘို့ကို တဖန်ထပ်၍ ငြိမ်းစေတတ်သော တရားဟူ၍ ကောင်းစွာ ဟောတော်မူအပ်သောကြောင့် ဖိုလ် တရားသည် 'သွာက္ခာဘ'မည်၏။

**နိဗ္ဗာန်တရား သွာက္ခာတမည်ပုံ** နိဗ္ဗာန်တရားသည် သဿတ၊ ပျက်စီးဖောက်ပြန်ခြင်းမရှိ မြဲ၏။ အမတ၊ ပျက်စီးနိုင်သောအရာမဟုတ်။ တာဏ၊ မည်သည့်ဘေးဒုက္ခမှမဖြစ်

အောင် စောင့်ရှောက်တတ်၏။ လောဘ၊ ဘေးဒုက္ခတို့နှင့် မတွေ့ရ အောင် လုံခြုံစွာပုန်းအောင်းနိုင်သောနေရာဖြစ်၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာသည် နိဗ္ဗာန်တရားကို သဿဘ စသော အားဖြင့် ကောင်းစွာ ဟောတော်မူအပ်သောကြောင့် နိဗ္ဗာန်တရားသည် သွာက္ခာတမည်၏။

**ပိဋကတ်တော် သွာက္ခာတမည်ပုံ** ပိဋကတ်တရားတော်တို့သည် အစ အလယ် အဆုံး သုံး ပါး လုံး ကောင်းသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ပြည့်စုံ ကောင်း မြတ်သောသဒ္ဒါအနက်ရှိသည့်အပြင် ရဟန်း ရှင်လူ ခပ်သိမ်းသူ တို့၏ ယဉ်ကျေးမှု ကုသိုလ်ရိုင်းပင်းမှုတို့ကို ကောင်းစွာ ပြတတ်သည် ၏အဖြစ်ကြောင့်လည်းကောင်း သွာက္ခာတမည်၏။

ချဲ့ဦးအံ့။ ဂါထာတပုဒ်ပင် ဖြစ်သော်လည်း အဆုံးအမ ကောင်းခြင်းကြောင့် ပထမပိုဒ်ဖြင့် အစ၌ကောင်းပေ၏။ ဒုတိယ အပိုဒ်ဖြင့် အလယ်၌ ကောင်းပေ၏။ နောက်ဆုံး စတုတ္ထပိုဒ်ဖြင့် အဆုံး၌ ကောင်းပေ၏။ အဆက်အစပ် အနုသန္ဓေတခုသာရှိသော သုတ် တရားတော် သည်လည်း အခြေခံ နိဒါန်းဖြင့် အစ၌ ကောင်း၏။ စာကိုယ်ဖြင့်အလယ်၌ကောင်း၏။ ပထမအနုသန္ဓေဖြင့် အစ၌ကောင်းပေ၏။ အလယ် အနုသန္ဓေတို့ဖြင့် အလယ်၌ကောင်း ပေ၏။ နောက်ဆုံး အနုသန္ဓေဖြင့်အဆုံး၌ကောင်းပေ၏။

သုတ္တန် ဝိနည်းနှစ်ပါးအပေါင်းသည်လည်း နိဒါန်းနှင့်တကွ အမှုအကြောင်း ဖြစ်ပေါ်လာပုံနှင့်တကွ ပြည့်စုံစွာ ပြသထား သောကြောင့် အစ၌ကောင်း၏။ (နိဒါန်းနှင့်တူသောစကားဖြင့် သုတ္တန်ကိုသိပါ။ အမှုအကြောင်းနှင့်တူသောစကားဖြင့် ဝိနည်းကို

သိပါ။) ဟောအပ်သော သုတ်၊ ပညတ်အပ်သော ဝိနည်းနှင့် သတ္တဝါတို့အား လျော်သောကြောင့်လည်းကောင်း၊ အကြောင်း ဥပမာတို့နှင့် ပြည့်စုံခြင်းကြောင့် လည်းကောင်း အလယ်၌ ကောင်း၏။ ကြားနာသူတို့အား သဒ္ဓါတရားကို ဖြစ်စေခြင်း ကြောင့်လည်းကောင်း နိဂုံးဖြင့် အဆုံး၌ကောင်း၏။

ထို့ပြင် ဗုဒ္ဓဟောထားတော်မူသော တရားတော် အပေါင်း သည် ကြားနာစဉ်ပင် နီဝရဏတို့ကို ကွာစေတတ်သောကြောင့် အလယ်၏ ကောင်းခြင်း၊ ကျင့်ပြန်လျှင်လည်း သမထ ဝိပဿနာ ချမ်းသာကို ဆောင်ပေးတတ်သောကြောင့် အလယ်၏ ကောင်း ခြင်း၊ ကျင့်ပြီးသောအခါ တရားထူးကို သိမြင်၍ ဒုက္ခခပ်သိမ်း ငြိမ်းရာနိဗ္ဗာန်ကို ရခြင်းကြောင့် အဆုံး၏ ကောင်းခြင်းတို့နှင့် လည်း ပြည့်စုံပေ၏။

**ဖောက်ပြန် မှားယွင်းခြင်းမရှိ** ဗုဒ္ဓ ဟောတော်မူအပ်သော တရားတော် တို့သည် ဖောက်ပြန်မှားယွင်းခြင်း မရှိ သောကြောင့်'သွာက္ခာတ'မည်၏။ထင်ရှား စေအံ့၊ ဗုဒ္ဓသာသနာအတွင်းသို့ မသက်ဆင်းကြသော တိတ္ထိတို့ ဟောသော တရားသည် ဖောက်ပြန်မှားယွင်းကြ၏။ တိတ္ထိတို့က "အန္တရာယ် ပြုတတ်ကုန်ကြ၏" ဟု ဟောသော တရားသည် အန္တရာယ်မပြုကြ၊ "သံသရာမှ ထွက်မြောက်တတ် ထုတ်ဆောင် တတ်၏"ဟု ဟောသောတရားတို့သည် သံသရာမှထွက်မသွားကြ၊ မထုတ်ဆောင်ကြ၊ ထိုကြောင့် တိတ္ထိတို့တရားသည် ဖောက်ပြန် မှားယွင်းကြ၏။

---

စပယ်ဦးစာပေ

ဗုဒ္ဓမြတ်စွာဟောထားတော်မူသော တရားတော်ကား အနက် အဓိပ္ပာယ် လုံးဝမှားယွင်းခြင်းမရှိ၊ အသေအချာအစစ်ပါ။ဗုဒ္ဓက အကြင် တရားစုသည် နတ်ပြည်၏ အန္တရာယ် အရိယာမဂ်၏ အန္တရာယ်ကို ပြုတတ်၏ဟု ဟောတော်မူ၏၊ ထိုတရားစုတို့သည် နတ်ပြည် စသည်တို့၏ အန္တရာယ်ကို ပြုကိုပြု၏။ အရိယာမဂ်တရား တို့သည် သံသရာမှ ထုတ်ဆောင်တတ်၏ဟု ဟောတော်မူ၏။ ဟောတော်မူသည့်အတိုင်း အရိယာမဂ်တရားကိုကျင့်သောပုဂ္ဂိုလ် တို့သည် သံသရာမှ လွတ်မြောက်သွားကြ၏။ ထို့ကြောင့် ဗုဒ္ဓ ဟောတော်မူအပ်သော တရား အပေါင်းသည် ဖောက်ပြန် မှားယွင်းခြင်း မရှိကြပေ။

**သွာက္ခာတဂုဏ်** **ပွားပုံ** ရွှေဘုန်းတော် သခင် ရှင်တော်မြတ် ဘုရားသည် မဂ်ဖိုလ် နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သောတရားတော်မြတ်ကို အစ အလယ် အဆုံး အကောင်းဆုံး တရားဟူ၍ ကောင်းစွာ ဟော တော်မူအပ်ပါပေ၏။

## ၂။ သန္ဒိဋ္ဌိက မည်တော်မူပုံ

ကိုယ်တိုင် တွေ့မြင်အပ်သော မဂ်တရား ဖိုလ်တရား နိဗ္ဗာန် တရားတို့သည် 'သန္ဒိဋ္ဌိက' မည်၏။

ထိုတရားတို့သည် အဆင့်ဆင့်အားဖြင့် သူတပါးတို့ ပြောလာ ခဲ့သော စကားကို ကြားရရုံနှင့်သာ ယုံကြည်နေရသော တရား မျိုးမဟုတ်။ ကျင့်ကြံအားထုတ်သူတို့ ကိုယ်တိုင် သိနိုင် မြင်နိုင် ခံစားနိုင်သော တရားမျိုးဖြစ်၏။

**မယုံလျှင် ကျင့်ကြည့်ပါ** ရာဂက လွှမ်းမိုးနှိပ်စက်ထားသူ၏စိတ်ကို ရာဂကပင် ဆွဲဆောင်သွားသဖြင့် မိမိကိုယ်ကို နှိပ်စက်ခြင်းငှာ လည်းကောင်း၊ သူတပါးကို နှိပ်စက်ခြင်းငှာ လည်းကောင်း၊ မိမိနှင့် သူတပါး နှစ်ဦးသားလုံးကို နှိပ်စက်ခြင်းငှာ လည်းကောင်း ကြံစည် အားထုတ်၏။ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း ဒုက္ခတို့ကိုလည်း ခံစားရ၏။ ထို တပ်မက်မှု ရာဂကို မဂ်တရား ဖိုလ်တရားတို့နှင့် ပယ်လိုက်လျှင် မိမိ ကိုယ်ကို နှိပ်စက်ခြင်းငှာ လည်းကောင်း၊ သူတပါးကို နှိပ်စက်ခြင်းငှာ လည်းကောင်း၊ မိမိနှင့် သူတပါး နှစ်ဦးသားလုံးကို နှိပ်စက် ခြင်းငှာ လည်းကောင်း မကြံစည်တော့။ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ နှလုံးမသာယာခြင်း ဒုက္ခတို့ကိုလည်း မခံစားရတော့။ အို နာ သေရေး ဒုက္ခဘေးတို့မှလည်း ကင်းဝေးလေတော့၏။

**သန္ဒိဋ္ဌိကဂုဏ် ပွားပုံ** မဂ် ဖိုလ် နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်သည် ကျင့်ကြံကြသူ အများလူ၏ ကိုယ်တိုင်တွေ့မြင်နိုင်သော တရားတော်မြတ် ဖြစ်တော်မူပါပေ၏။

## ၃။ အကာလိက မည်တော်မူပုံ

အကျိုးပေးရာ၌ ဖင့်နွှဲခြင်း ကာလ မရှိသော ကြောင့် 'အကာလ' မည်၏။ ထိုအကာလ တရားသည်ပင် 'အကာလိက' မည်တော်မူ၏။(အ—မရှိ+ကလ—အကျိုးပေးရန် ငံ့လင့်နေသော

---
စပယ်ဦးစာပေ

ကာလ၊ အကာလ — အကာလိက = ဖင့်နွဲ့သောကာလ မရှိပဲ ချက်ချင်း အကျိုးပေးတတ်သော တရား) ဤတရားကား သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် ဟူသော မဂ်တရား လေးပါးပင်တည်း။

ခြုံဦးအံ့။ လောကီ ကုသိုလ်တရား အချို့သည် ချက်ချင်း အကျိုးမပေးနိုင်ကြ။ ငါးရက်၊ ခုနစ်ရက်၊ တလတနှစ် စသည်ဖြင့် ကာလကြာမြင့်မှ အကျိုးပေးနိုင်သည်။ နောက်နောက် ဘဝသို့ ရောက်မှ အကျိုးပေးနိုင်သည်။ ထိုသို့ အကျိုးပေးရန် အချိန် ကာလ ဆိုင်းငံ့ထားပြီးမှ အကျိုးပေးနိုင်ကြလေသည်။ လေးပါး သော မဂ်တရားသည်ကား ထိုကဲ့သို့ အချိန်ကာလ ဆိုင်းငံ့ စောင့်စားမနေပဲ မိမိ၏ အခြားမဲ့၌ ချက်ချင်း အကျိုးပေး၏။

**အကျိုးပေး လျင်မြန်ပုံ** ကမ္မဋ္ဌာန်း တခုကို ပွား၍ မဂ်ကုသိုလ် တရားကိုရ၏။ ထိုမဂ်ကုသိုလ်စိတ်ဖြစ်ပြီး လျှင် စိတ္တက္ခဏ တချက်ခန့် ကာလမျှ အကြားမရှိစေပဲ ဖိုလ်ဟူသောအကျိုးကို ပေးလေသည်။ ဤသို့ အကျိုးပေး လျင်မြန်ခြင်းသည်လည်း လေးပါးသော မဂ်တရား၏ ထူးခြားသောဂုဏ်ဘရပ် ဖြစ်ပါပေသည်။

**အကာလိကဂုဏ် ပွားပုံ** သောတာပတ္တိ စသည် ဆင့်တက် လေးချက် အပြား မဂ်တရားသည် ငါးရက် ခုနစ်ရက် စသည်တွက်၍ ဆိုင်း လျက်မထား မငံ့စားပဲ အခြားမဲ့ဖိုလ် အကျိုးကိုလည်း ပေးတော် မူတတ်ပါပေ၏။

---

## ၄။ ဟေဟိပဿိက မည်တော်မူပုံ

မဂ် ဖိုလ် နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်သည် ယုံသူ မယုံသူ ထို နှစ်ဦးတို့အား လာပါ၊ ကြည့်ရှုလှည့်ပါဟု ရဲရဲ တင်းတင်း ဖိတ်ခေါ်နိုင်၊ ကြည့်ရှု အစစ်အဆေး ခံနိုင်သော ကြောင့် 'ဧဟိပဿိက'မည်၏။ (ဧဟိ၊ လာပါ+ပဿ—ရှုကြည့် စမ်းပါ)။

**ဖိတ်ခေါ်နိုင်ခြင်း** အချည်းအနှီးသော လက်ဆုပ် စသည် တို့၏ အတွင်းဝယ် ရွှေငွေ ရှိသည်ဟု ဆိုပြီး ဤဟာကို လာကြည့်လှည့်စမ်းပါဟု ဖိတ်ခေါ်ရန်မသင့်။ ဘာကြောင့်နည်း၊ ဘာမှမရှိသောကြောင့်ဖြစ်၏။ ရှိပင် ရှိငြား သော်လည်း ကျင်ကြီးကျင်ငယ်ကဲ့သို့ ရွံဖွယ်ကောင်းသောအရာ ဖြစ်နေပါက နှစ်သက်ဖွယ်ဖြစ်စေရန် "ဤဟာကို လာကြည့် လှည့်စမ်းပါ"ဟု ပြောဆိုဖိတ်ခေါ်ရန် မစွမ်းနိုင်။

ဗုဒ္ဓဟောတော်မူသည့် ကိုးပါးသော လောကုတ္တရာ တရား သည်ကား တိမ်တိုက်ကင်းသော ကောင်းကင် ပြာပြာဝယ် ဖြူဖွေးစွာ ပေါ်ထွက်နေသော လပြည့်ဝန်းကဲ့သို့လည်းကောင်း၊ ဝါဝင်းသော လက်ပေါ်တွင် တင်ထားအပ်သော တွင်းထွက် စစ်စစ် ပတ္တမြားနီကဲ့သို့လည်းကောင်း အလွန် ထင်ရှားလှသော ကြောင့် လာလှည့် ရှုလှည့် စစ်ဆေးလှည့်ဟု ရဲရဲကြီး ဖိတ်ခေါ် နိုင်လေသည်။ အချို့ ဘာသာဝင်တရားတို့ကား ဤသို့ မဟုတ် ကြပါ။

---

**ဗုဒ္ဓဘာသာကို ဤသို့လေ့လာပါ**

စဉ်းစားရန်အချက်မှာ ဤ ဟော်ပသီက ဂုဏ်တော်အတိုင်း ဗုဒ္ဓဘာသာဝါဒကို ကြည့်ရှုစစ်ဆေးမည်၊ လေ့လာမည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်ဟု အခေါ်ခံနေကြသော ယခုခေတ် ရဟန်း သာမဏေအပေါင်း လူတကာ၊တကာမအပေါင်းတို့အပေါ်၌ လေ့လာရန်မသင့်၊ အကြောင်းကား ထိုသူအချို့တို့သည် ဗုဒ္ဓဘာသာဟုသာအမည်ခံနေကြ၏။ဗုဒ္ဓ၏အဆုံးအမတော်ကို ကောင်းစွာမခံယူကြ၊ ဗုဒ္ဓက သူတပါးအသက် မသတ်ရ၊ သူ့ဥစ္စာမခိုးရ၊ သူတပါးအိမ်ရာ မကျူးလွန်ရ၊ မူးယစ်စေသောအရာကို မသုံးစွဲရ၊မလိမ်ရ၊ မညာရ စသည်ဖြင့်လည်းကောင်း၊ လူတို့၏ ရိုသေမြတ်နိုးမှုကို ခံယူနေကြသော ရဟန်းသာမဏေတို့သည်လည်း ရွှေငွေကို မခံယူရ၊ မြို့တွင်းရွာတွင်း၌သွားလျှင် သင်္ကန်းရုံ၍ စက္ခုန္ဒြေချ၍သွားရမည်။ အပျော်အပါးတို့ကို မလိုက်စားရ၊ အားမပေးရ၊ ဓမ္မကထိကပုဂ္ဂိုလ်များကလည်း တရားဟောသည့်အခါ အသံနေအသံထားဖြင့် ဆွဲဆွဲငင်ငင်ပြုလုပ်၍ မဟောရ စသည်ဖြင့်လည်းကောင်း အမျိုးမျိုး ဆုံးမတော်မူ၏။ သို့သော် အကြမ်းတမျိုးအနုတဖုံ အလုံးစုံသော အာဏာအမျိုးမျိုး ဥပဒေ အမျိုးမျိုးတို့ဖြင့် အုပ်ချုပ်နေသောတိုင်းပြည်တွင် ထိုအာဏာ ဥပဒေအတိုင်း ကောင်းစွာလိုက်နာသူ နည်းပါးသကဲ့သို့ ယခုအခါ ဗုဒ္ဓဘာသာဆိုသူတို့ကလည်းမလိုက်နာကြ၊ ဘာသာကို ခုတုံးလုပ်၍စီးပွားရှာဖွေနေကြ၏။ ဝမ်းနည်းမိပါသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝါဒကို လေ့လာသူတို့သည် ဓမ္မက္ခန္ဓာဟု ခေါ်ဆိုရသည့်သုတ်၊ ဝိနည်း၊ အဘိဓမ္မာ၊ ပိဋကတ်ဆိုင်ရာများကို လေ့လာ၍

ကျင့်သင့်ကြပါသည်။ သို့မှသာ ဗုဒ္ဓ၏ ဝါဒသဘောတရားကို ကောင်းစွာသိနိုင်မည်ဖြစ်ပါသည်။

**ဟေဝိပဿိကဂုဏ် ပွားပုံ** မဂ်ဖိုလ် နိဗ္ဗာန် ကိုးတန် သော တရားတော်မြတ်သည် တိမ်တိုက် ကင်းစင် ကောင်းကင်ပြင်ဝယ် လဝန်းနှယ်သို့ စင်ကြယ်ထင်ရှား ရှိသည်များကြောင့် အားရရွှင်လန်း လိုက်ခဲ့စမ်းပါ၊ ရှုစမ်းပါဟု သံသာချိုမြ ဖိတ်ခေါ်ပြသို့ မုချကေန် အမှန်သင့်လျော် ထိုက်တန်တော်မူပါပေ၏။

## ၅။ ဩပနေယျိက မည်တော်မူပုံ

လောကုတ္တရာတရား ကိုးပါးသည် စိတ်၌ ကပ်ယူဆောင်သွင်း ထည့်ထားထိုက်သောတရား ဖြစ်သောကြောင့် 'ဩပနေယျိက' မည်၏။

**ကပ်ယူဆောင် သွင်းထိုက်ပုံ** မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား တို့သည် ကာမဂုဏ် အညှိတိုက်၌ အကြည်ဆိုက်ရှုနေသော ပုထုဇဉ်တို့၏သန္တာန်၌ တကြိမ်တခါမျှ မဖြစ်ကြပေ။ ရတနာသုံးပါးကို အကြွင်းမဲ့ယုံကြည်၍ ငါးပါး သီလလည်း လုံခြုံ၊ အဘိဇ္ဈာ၊ ဣဿာ၊ မစ္ဆေရတရားများလည်း မရှိ၊ မာယာသာဌေယျလည်း ကင်းကွာသောပုဂ္ဂိုလ်တို့၏သန္တာန် ၌သာ ဖြစ်ပေါ်တတ်၏။ ထိုတရားများ တကြိမ်တခါမျှဖြစ်ပေါ် လာလျှင် အပယ်၌ ခံစားရမည့် ဝဋ်ဒုက္ခအပူမီး အသီးသီးတို့ကို တခါတည်းငြိမ်းစေနိုင်၏။

ထိုကြောင့် ကိုယ်၌ဝတ်ဆင်ထားသော အဝတ်တန်းဆာကို သို့မဟုတ် ဥသျှောင်ဆံထုံးကို မီးလောင်နေစေကာမူ မငြိမ်းအား ပဲ မဂ်ဖိုလ်တရားတို့ကို မိမိစိတ်အစဉ်၌ဖြစ်ပေါ်နေအောင် သယ် ယူဆောင်သွင်းထိုက်လေသည်။ မီးဘောက်မီးလျှံတို့ဖြင့် တဟုန်း ဟုန်း ဘောက်လောင်နေသော အပြင်မီးသည် ယခုတဘဝ၌သာ လောင်နိုင်၏။ နောက်ဘဝသို့ လိုက်ပါ၍ မလောင်နိုင်၊ မိမိတို့ သန္တာန်၌ရှိသော ကိလေသာမီးသည်ကား ဤဘဝမှ မငြိမ်းသတ် နိုင်သေးလျှင် နောက်ဘဝသို့ အစဉ်လိုက်ပါ၍ လောင်နေမည် ဖြစ်သည်။

**ခန္ဓာ၌ မီးလောင်နေပုံ**

ရုပ်တရား နာမ်တရား အစုကို ခန္ဓာဟု ခေါ်ထားကြသည်။ ဤခန္ဓာသည် အမိ ဝမ်းခေါင်းဝယ် ကပ်ရောက်သည်မှ စ၍ ဖွားမြင်သည့် တိုင်အောင် ဇာတိမီး အလောင်ခံနေရ၏။ ဖွားပြီး နောက် နူနယ်သောအသားကို ကြမ်းကြမ်းတမ်းတမ်း အကိုင်ခံရ ခြင်းကြောင့် ဖြစ်ပေါ်လာသော နာကျင်ခြင်း၊ ဆာလောင် မွတ်သိပ်ခြင်း၊ ရတာမလို လိုတာမရခြင်း၊ အမိအဖချစ်သူ စသည် တို့နှင့် သေကွဲရှင်ကွဲ ကွဲရခြင်း၊ ဝမ်းနည်းစရာတို့နှင့် တွေ့ကြုံ ရခြင်း၊ ငိုရခြင်း၊ ကိုယ်စိတ်နှစ်ပါးတို့၌ ဒုက္ခဖြစ်ရခြင်း၊ အစာ ရှာဖွေရခြင်း စသည်တို့ကြောင့် ခန္ဓာမှာ ဒုက္ခမီးပူ အမျိုးမျိုး လောင်ခံနေရ၏။ ထို့နောက် ဇရာမီး၊ မရဏမီးတို့က လောင် ပြန်သေး၏။ ထိုသို့ထင်ရှားစွာ အပူမီးတွေလောင်ခံနေရုံသာမက သေး၊ ခန္ဓာသည် အချိန်ရှိသရွေ့ နေရာမလပ် ပျက်နေရကား ခဏိကမရဏဟု ခေါ်ရသော မရဏမီးသည်လည်း အမြဲလောင် နေ၏။

**တိုက်တွန်းချက်** ထို့ကြောင့် သာသနာ့ ဝန်ထမ်း ရှင်ရဟန်းနှင့် မယ်သီလ အပေါင်းတို့သည် ယခုဘဝ၌သာဂုဏ်ရှိနိုင်၊ လာဘ်ပေါများနိုင်၊ နာမည်ကြီးနိုင်သောဂုဏ်ပွဲ စာမေးပွဲများနှင့်သာ အချိန်မကုန်စေပဲ၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါးကို အခြေခံ၍ ကိလေသာမီးကို ငြိမ်းစေနိုင်သော ကမ္မဋ္ဌာန်းတရားကို အားထုတ်သင့်ပေသည်။ ဂုဏ်ရှိနိုင် လာဘ်ပေါများနိုင်သော စာမေးပွဲစသည့် အကျင့်တို့ သည်ကား ကိလေသာမီးကို မငြိမ်းစေသည့်အပြင် ပို၍ပင် တောက်လောက်ဖွယ်ရာ ဖြစ်ပါသည်။ ဂုဏ်ရှိခြင်း နာမည်ကြီးခြင်း လာဘ်လိုချင်သော အကျင့်တို့သည်၊ ကုသိုလ်စိတ်များ မဟုတ်ကြပါ။ အကယ်၍ မိမိလိုချင်သည့်အတိုင်း ဂုဏ်ပေါင်းစုံ ခြံရံမိပြန်လျှင်လည်း မြောက်ကြွကြွနှင့် မာနတံခွန်လွှင့်ထူနေ တတ်ပါသည်။ထို့ပြင်လူဝတ်ကြောင်များလည်း အပျော်အပါး အမော်အကြွားတို့ဖြင့် အချိန် ကုန်လွန် မသွားစေပဲ အိပ်ရာဝင် အိပ်ရာထအချိန်တို့၌ ဘုရားအားရှိခိုး မေတ္တာပို့၍ သင့်လျော်သော ကမ္မဋ္ဌာန်းတခုဖြင့် အချိန်မှန်မှန်ကြိုးစားသင့်လှပေသည်။ သို့မှသာ သံသရာ၌ စိတ်ချဖွယ်ရာရှိနိုင်၏။

"လူအပေါင်း၌ ကိလေသာမီး အမြဲတောက်လောင်နေအပ်ပါလျက် အဘယ့်ကြောင့် ပျော်မြူးရယ်ရွှင်ဘိသနည်း၊ အဝိဇ္ဇာအမှောင်ကြီးဖြင့် စိတ်သည်မြှေးယှက် အပ်ကုန်သည်ဖြစ်ပါလျက် အသင်တို့သည်၊ အဘယ်ကြောင့် ပညာ ဆီမီးကို မရှာပဲ နေကြကုန်သနည်း"

(ဓမ္မပဒ)

---

**ဩပနေယျိကဂုဏ်ပွားပုံ** မဂ်-ဖိုလ် နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်သည်၊ မိမိစိတ်တွင် တကြိမ်ထင်က လေးခွင်အပါယ် ဝဋ်မီးကွယ်သဖြင့် ကိုယ်ဝယ်ဝတ်နှောင်၊ ဆံဦးသျှောင်ကို မီးလောင်သော်ငြား၊ မငြိမ်းအားပဲ၊ တရားမျက်ရှင် စိတ်စွဲထင်အောင် ကျင့်ဆောင်ခြင်းငှါလည်း ထိုက်တော်မူပါပေ၏။

## ၆။ ပစ္စတ္တံဝေဒိတဗ္ဗ ဝိညူဟိ မည်တော်မူပုံ

မဂ်-ဖိုလ် နိဗ္ဗာန်တရားတို့သည် တရားမြင်သိ ပညာရှိတို့သာ ကိုယ်စီကိုယ်ငှ သိနိုင် ခံစားနိုင်သောကြောင့်၊ ပစ္စတ္တံဝေဒိတဗ္ဗ ဝိညူဟိ မည်၏။

**ပညာရှိတို့သာ ခံစားနိုင်ပုံ** မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားတော်တို့သည် သစ္စာလေးပါးသိမြင်၍ အရိယာအဖြစ်သို့ ရောက်ပြီးသော သူတော်ကောင်း ပညာရှိကြီးတို့မှလွဲ၍ပုထုဇဉ်ပုဂ္ဂိုလ်များ သိနိုင်၊မြင်နိုင်၊ ခံစားနိုင်သော တရားမဟုတ်၊ ထိုပညာရှိ သူတော်ကောင်းများ ရထားသော မဂ်တရားဖြင့် ပုထုဇဉ်တို့၏ ကိလေသာကို မပယ်ခွါနိုင်၊ ပညာရှိ သူတော်ကောင်းများ ခံစားနေရသော မဂ်ချမ်းသာ ဖိုလ်ချမ်းသာကိုပုထုဇဉ်များ မခံစားနိုင်။မသိမြင်နိုင်။ စင်စစ်ကား ပညာရှိသူတော်ကောင်း အပေါင်းတို့သာ ကိုယ်စီကိုယ်ငှ လိုတိုင်းရ၍ သိနိုင်၊ မြင်နိုင်၊ ခံစားနိုင်သော တရားဖြစ်သည်။ (ပညာဟူရာ၌ စာပေကျမ်းဂန် တတ်မြောက်မှု၊

စာမေးပွဲ အောင်သူတွေကို မဆိုလို၊ ဝိပဿနာအရာ၌ ကျွမ်းကျင်လိမ္မာသောပုဂ္ဂိုလ်များကိုသာ ဆိုလို၏။)

ပစ္စတ္တံဝေဒိတဗ္ဗဂုဏ် ပွားပုံ — မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သောတရားတော်မြတ်ကို ပုထုဇဉ်နှင့် မတန်သင့်စွာ လေးသစ္စာကို ကောင်းစွာမြင်သိ ပညာရှိအပေါင်း အရိယာ သူတော်ကောင်း တို့သည် ကိုယ်စီ ကိုယ်ငှလိုတိုင်းရ၍ နိဗ္ဗာနဓာတ် သမာပတ်ဖြင့် မပြတ်သိနိုင် ခံစားနိုင်ပါပေ၏။

## ဓမ္မာနုဿတိအကျိုး

ဓမ္မာနုဿတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂီသည် တရားအပေါင်းကို ဟောတော်မူသော မြတ်စွာဘုရား၏အပေါ်၌ ရိုရိုသေသေ လေးလေးစားစားရှိခြင်း၊ တရားတော်၌လည်း ရိုသေလေးစားခြင်းရှိသည်ဖြစ်၍ သဒ္ဓာစသည်တို့ ပြန့်ပြောစည်ပင်ခြင်း၊ နှစ်သိမ့်ဝမ်းမြောက်မှုများစွာဖြစ်ခြင်း၊ ဘေးကြီးဘေးငယ် အသွယ်သွယ်တို့ကို သည်းခံနိုင်ခြင်း၊ တရားတော်နှင့်အတူ နေရ၏ဟူသော အမှတ်သညာကို ရခြင်း၊ သူတပါးတို့ပူဇော်မှုကို ကောင်းစွာ ခံယူနိုင်ခြင်း၊ အရဟတ္တဖိုလ်တရားတို့ကိုရလိုခြင်း၊ အကုသိုလ် ဒုစရိုက်ကို မပြုလုပ်မိခြင်း၊ မဂ်တရားဖိုလ်တရားတို့ကို ထိုးထွင်း၍ မသိရသော်လည်း ကောင်းသောဂတိသို့ ရောက်နိုင်ခြင်းတို့ဖြစ်၏။

---

## သံဃာနုဿတိ ပွားပုံ

ဗုဒ္ဓ၏ တပည့်သာဝက အရှင်းဖြစ်တော်မူကြသော အရိယာသံဃာတော် အပေါင်း၏ ဂုဏ်တော်များကို အဖန်ဖန် တလဲလဲ ထပ်ကာထပ်ကာ အောက်မေ့မှုသတိကို'သံဃာနုဿတိ'ဟု ခေါ်သည်။ ဤသံဃာနုဿတိကို ပွားလိုသော ယောဂီသည်အရိယာသံဃာတော် အပေါင်းကို အာရုံပြုလျက်-

သုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော ၁၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော ၂၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော ၃၊
သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော ၄၊
(ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ)သော
ဘဂဝတော သာဝကသံဃော အာဟုနေယျော ၅၊
ပါဟုနေယျော ၆၊
ဒက္ခိဏေယျော ၇၊
အဉ္ဇလိကရဏီယော ၈၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ ၉၊

ဟု နှုတ်လုံးသွင်း၍ ပွားရသည်။

## သံဃာနုဿတိပွားပုံ

### ၁။ သုပ္ပဋိပန္နမည်တော်မူပုံ

ရှစ်မျိုးသောအရိယာတို့သည် ကောင်းစွာ ဟောအပ်သော ဝိနည်းတရားဟူသော သာသနာတော်၌ ဗုဒ္ဓမြတ်စွာ ညွှန်ကြား တော်မူသည့်အတိုင်း လုံးဝဥဿုံအကုန်ကျင့်တော်မူသောကြောင့် 'သုပ္ပဋိပန္န' မချွတ်မယွင်း ဇကာကိန်းသေ ဖြစ်သော အကျင့်ကို ကျင့်တော်မူသောကြောင့် 'သုပ္ပဋိပန္န'မည်တော်မူ၏။

### ရှစ်မျိုးသောအရိယာ

| မဂ္ဂဋ္ဌ-၄မျိုး | ဖလဋ္ဌ-၄မျိုး |
|---|---|
| ၁။ သောတာပတ္တိမဂ်ရပုဂ္ဂိုလ် | ၁။ သောတာပတ္တိဖိုလ်ရပုဂ္ဂိုလ် |
| ၂။ သကဒါဂါမိမဂ်ရပုဂ္ဂိုလ် | ၂။ သကဒါဂါမိဖိုလ်ရပုဂ္ဂိုလ် |
| ၃။ အနာဂါမိမဂ်ရပုဂ္ဂိုလ် | ၃။ အနာဂါမိဖိုလ်ရပုဂ္ဂိုလ် |
| ၄။ အရဟတ္တမဂ်ရပုဂ္ဂိုလ် | ၄။ အရဟတ္တဖိုလ်ရပုဂ္ဂိုလ် |

ဗုဒ္ဓသာသနာတော်၌အရိယာပုဂ္ဂိုလ်တို့သည် ထောင်သောင်း မက များစွာရှိကြပါသော်လည်းအမျိုးအားဖြင့် ရေတွက်သော် ဤရှစ်မျိုးသာလျှင်ရ၏။ အချို့က အရိယာရှစ်ယောက်ဟုပြော ကြ၏။ ထိုစကားသည် သင့်မည်မထင်။

---

**ကောင်းစွာ ဟောအပ်သော ဝိနည်းတရား ကျမ်း**

ဘုရားရှင်၏တပည့်ရင်းဖြစ်တော်မူသော၊ ဖြစ်တော်မူကြကုန်သောအရိယာသံဃာ တော် အပေါင်းတို့သည် တရားသဖြင့် ဆုံးမရာ သာသနာတော်ဝယ် ကိုယ်အမူအရာအားဖြင့်လည်းကောင်း၊ နှုတ်အပြောအဆို အားဖြင့်လည်းကောင်း မည်သည့်လူကြီးလူကောင်းနှင့်မျှမတူအောင် ယဉ်ကျေးသိမ်မွေ့ရကား ဗုဒ္ဓဘာသာဝင်များကို မဆိုထားဘိ အခြားဘာသာတို့ကပင် လေးစားရလောက်အောင် ကောင်းစွာဟောတော်မူအပ်သော ဝိနည်းတရားတော်ကို လုံးဝဉဿုံ ကျင့်တော်မူကြကုန်၏။

**မချွတ်မယွင်းကေန် ကိန်းသေအကျင့်**

အချို့သောပုဂ္ဂိုလ်တို့သည်ဒုက္ခအပေါင်းမှငြိမ်းရာဖြစ်သော နေရာဌာနကို ရရန်အတွက် နွားကဲ့သို့လည်းကောင်း၊ ခွေးကဲ့သို့လည်းကောင်း သွားရာ စားရာ အိပ်ရာ ကျင်ကြီးကျင်ငယ်စွန့်ရာတို့၌ ပြုကျင့်ကြ၏။ အချို့ကလည်း မီးပူနေပူခံကြ၏။ ဆူးပေါ်၌သည်းအိပ်ကြ၏။ ထိုအကျင့်တို့ဖြင့် သူတို့ရည်မှန်းထားသည့် နေရာဌာနကို ကေန်ကိန်းသေမရနိုင်။ ဗုဒ္ဓမြတ်စွာ ဟောတော်မူအပ်သော အကျင့်တို့ကား ဒုက္ခအပေါင်းမှ ကင်းလွတ်၍ ငြိမ်းရာ ဖြစ်သော နေရာ ဌာနကို ကေန်ကိန်းသေ ရနိုင်၏။ ဤအကျင့်ကို အရိယာ အရှင်မြတ်တို့သည် ကျင့်တော်မူကြကုန်၏။

**သုပ္ပဋိပန္နဂုဏ် ပွားပုံ**

ရွှေဘုန်းတော်သခင်ရှင်တော်မြတ်ဘုရား၏ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သချာရှစ်ဖော် သံဃာ

တော်အပေါင်း သူတော်ကောင်းသည်တရားသဖြင့် ဆုံးမသင့်ရာ သာသနာဝယ် လျော်စွာထုံးပြု ဆုံးအမကိုလုံးဝလိုက်နာ ကောင်းမွန်စွာလည်း ကျင့်တော်မူတတ်ပါပေ၏။

## ၂။ ဥဇုပ္ပဋိပန္နမည်တော်မူပုံ

ရှစ်မျိုးသော အရိယာတို့သည် အန္တဒွယခေါ် အဖို့အစွန်း နှစ်ပါးသို့ မကပ်ရောက်မူ၍ မဇ္ဈိမပဋိပဒါခေါ် အလယ်လမ်း အကျင့်ဖြင့် ဖြောင့်မတ်စွာ ကျင့်တော်မူသောကြောင့် လည်းကောင်း၊ ကိုယ်နှုတ်စိတ်တို့၏ သုံးမျိုးသော ကောက်ကျစ်ခြင်း မရှိဘဲ ဖြောင့်မတ်စွာ ကျင့်တော်မူသောကြောင့် လည်းကောင်း ဥဇုပ္ပဋိပန္န မည်တော်မူ၏။

**အန္တဒွယခေါ်** — မြို့ ရွာ နေသူ လူ ဝတ် ကြောင်း များ၏
**အဖို့အစွန်း** — အကျင့်ဥစ္စာ ဖြစ်သော၊ ပုထုဇဉ်များ၏
**နှစ်ပါး** — အလေ့အထအကျင့်ဥစ္စာဖြစ်သော၊ဖြူစင် သီလနှင့် ပြည့်စုံသည့် ရသေ့ရဟန်းများ

ရဟန္တာ အရှင်မြတ်များ၏ အလေ့အလာ အကျင့်ဥစ္စာမဟုတ်သော၊ မိမိတို့လိုလားအပ်သည့် အကျိုးစီးပွားအစစ်နှင့် လုံးဝ မစပ်ဆိုင်သော ယုတ်မာဖျင်းသိမ် ကာမစည်းစိမ် ခံစားသော အကျင့်နှင့် အကျိုးမရှိသော အလုပ်ဥဒ္ဒနေ့ကိုယ်ကို အပင်ပန်းခံ၍ ကျင့်သော အကျင့်တို့ကို အန္တဒွယအဖို့အစွန်းနှစ်ပါးဟုခေါ်၏။ ဤအကျင့်နှစ်မျိုးသို့ အရိယာပုဂ္ဂိုလ်တို့သည် လုံးဝ ကပ်ရောက်တော်မမူကြပဲ မဇ္ဈိမပဋိပဒါခေါ် အလယ်လမ်း အကျင့်ဖြင့် ဖြောင့်မှန်စွာ ကျင့်ကြံကျိုးကုတ် အားထုတ်တော်မူကြပါပေ၏။

**အလယ်လမ်း အကျင့်** အရိယာပုဂ္ဂိုလ်တို့သည် ထိုနှစ်မျိုးသော အဖို့အစွန်း နှစ်ပါးအကျင့် လမ်းများကို မလိုက်ပဲ မဇ္ဈိမပဋိပဒါခေါ် အလယ်လမ်း အကျင့်ဖြင့်ကျင့်တော်မူကြပေ၏။ အလယ်လမ်းအကျင့်ဟူသည်မှာ အယူအမြင်မှန်ခြင်း၊ အပြစ်မရှိသောအကြံကိုကြံခြင်း၊ မမှန်သော စကားကိုရှောင်၍ မှန်သောစကားကိုသာ ပြောဆိုခြင်း၊ မမှန် သောအလုပ်ကိုရှောင်၍ မှန်သောအလုပ်ကိုသာ လုပ်ခြင်း၊ တရား သဖြင့်ရအပ်သော ပစ္စည်းဥစ္စာဖြင့်သာ အသက်မွေးခြင်း၊ လမ်း မှန်ကိုသာ ကြိုးစားခြင်း၊ မှန်သောသတိ အမြဲရှိခြင်း၊ မှန်ကန် သောအရာ၌ သမာဓိရှိခြင်းတို့ဖြစ်၏။

ထိုအကျင့်ဖြင့် ဉာဏ်စက္ခုအလင်းရအောင် ပြုနိုင်၏။ အသိ ဉာဏ်တိုးပွားအောင် ပြုနိုင်၏။ ကာမဂုဏ်ခံစားလိုသော ကိလေ သာမှ စ၍ လောဘ ဒေါသ မောဟ မာနစသော ကိလေသာ အပူတို့ကို ငြိမ်းစေနိုင်၏။ သစ္စာလေးပါးတရားကို ကောင်းစွာ သိမြင်နိုင်၏။ နိဗ္ဗာန်ဟုခေါ်ရသော အေဓာတ် အငြိမ်းဓာတ် တမျိုးကိုလည်း ရအောင်ပြုနိုင်၏။

**သုံးမျိုးသော ကောက်ကျစ်ခြင်း မရှိ** အချို့သောပုဂ္ဂိုလ်တို့သည် လူတို့၏ ဆိတ် ကွယ်ရာ၌ မကောင်းမှုကို ပြုပြီး "ငါ မကောင်းမှုကိုမပြုပါ" ဟု နွားကျင်ငယ် ကဲ့သို့ လိမ်ကောက် ခြင်း ဟူသော အကောက်တမျိုးဖြင့်လည်းကောင်း၊ (နွားတို့သည် သွားယင်း လားယင်း ကျင်ငယ်စွန့်သောအခါ ဝဲဘက်ခြေက မြောက်လျှင် ဝဲဘက်သို့ ကျင်ငယ်ကြောင်း ကောက်သွား၏။ ယာဘက်ခြေက

မြှောက်ပြန်သော် ယာဘက်သို့ ကျင်ငယ်ကြောင်း ကောက်သွားပြန်၏။ ဤနည်းအားဖြင့် နွားကျင်ငယ်သည် တလမ်းလုံးကောက်နေသကဲ့သို့ ထိုပုဂ္ဂိုလ်သည်လည်း ကိုယ်နှုတ်စိတ်တို့ဖြင့် ကောက်၍သာနေသည်ဟူလို)။

မကောင်းမှုကို ပြုလုပ်လျက်ပင် "ဒို့များဘော့ မကောင်းမှုမှကြောက်ပါတယ်" ဟု သုံးရက်လကဲ့သို့ အလွန်ကောက်ခြင်း ဟူသော အကောက်တမျိုးဖြင့်လည်းကောင်း။

မကောင်းမှုကို ပြုလုပ်လျက်ပင် ဘယ်သူ မကောင်းမှုမှ မကြောက်ပဲ ရှိပါမည်လဲဟု ထယ်တုံး၏ လက်ကိုင်ရာ အဖျားတဘက်နှင့်တူသော အကောက်တမျိုးဖြင့် လည်းကောင်း။ (ဤသူကား သူမပြုဟု ဖုံးကွယ်ရာ မရောက်။ မလွှဲသာ၍ ပြုမိသည်ဟု ဝန်ခံရာရောက်သောကြောင့် အလွန်အမင်း မကောက်ရကား ထယ်မြီး၏ လက်ကိုင်ရာ မျှလောက်သာ ကောက်သည်ဟူလို)။ ပြောဆိုတတ်ကြ၏။ ဗုဒ္ဓ၏ အရိယာ သာဝကတို့သည်ကား ထိုအကောက်မျိုး လုံးဝမရှိ၊ ဖြောင့်မတ်စွာကျင့်ခတော်မူ၏။

ဥဇုပ္ပဋိပန္နဂုဏ် ပွားပုံ — ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏ ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သချာရစ်ဖော် သံဃာတော်အပေါင်း သူတော်ကောင်းသည် အနတ္တဒွယဖို့နှစ်ပါးနှင့် သုံးပါးအကောက် ဝေးစွာဖျောက်၍ အမတနိဗ္ဗာန် လမ်းဖြောင့်မှန်အောင် လျှောက်ကန် ချင့်မြော် ကျင့်ကြံတော် မူတတ်ပါပေ၏။

---

စာယ်ဉီးစာပေ

## ၃။ ဉာယပ္ပဋိပန္န မည်တော်မူပုံ

သိအပ် သိထိုက်သော နိဗ္ဗာန်ကို 'ဉာယ' ဟု ခေါ်သည်။ အရိယာ သံဃာတော်အပေါင်းသည် ဉာယ မည်သော ထိုနိဗ္ဗာန် အကျိုးငှာ ကျင့်တော်မူသောကြောင့် 'ဉာယပ္ပဋိပန္န' မည်တော်မူ၏။

**ကျင့်တော်မူကြပုံ** အရိယာသူတော်ကောင်းတို့သည် ဇာတိ ဇရာ ဗျာဓိ မရဏ ရာဂ ဒေါသ မောဟ သောက ပရိဒေဝ ဒေါမနဿ နှင့် ဥပါယာသ မီးတို့ လှည့်ကာ ဝိုက်ကာ အမျိုးမျိုး လောင်မြိုက်နေသော ဤလောကကြီး၏ အပြစ်တို့ကိုမြင်တော်မူပြီးဖြစ်၍ ကိုယ်၌ရှိသော အဝတ်ဥသျှောင် (ဆံပင်ဆံထုံး) တို့ကို မီးလောင်စေကာမူ ကျင့်တော်မူကြကုန်၏။ ထိုကြောင့် အရိယာ သူတော်ကောင်း တို့သည် သံသရာထဲ၌ အကြာဆုံး ခုနစ်ဘဝသာနေ၍ ပရိနိဗ္ဗာန် စံဝင်တော်မူကြလေသည်။

**မီးလောင်သော်လည်းကျင့်တော်မူပုံ** ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံတော်မူပြီး နောက် ရဟန်းတပါးကို ခိုးသားဓားပြ တို့က နွယ်ပင်ကလေးဖြင့် တုတ်နှောင်၍ တောထဲ၌ ထားခဲ့စဉ် တောမီး လောင်လာလေသော် နွယ်ပင်ကိုဖြတ်၍ ရှောင်တိမ်းမည် ဆိုလျှင်လည်း လွတ်နိုင်လောက်ပါလျက် သာသနာ့ဝန်ဆမ်း ရဟန်းမှန်လျှင် စိမ်းစိုသော သစ်ပင်နွယ်ပင်တို့ကို မဖျက်ဆီးရန် တားမြစ်ထား

သော သိက္ခာပုဒ်တော်ကို စောင့်စည်း၍ တရားကို နှလုံးသွင်းကာ ရဟန္တာ အဖြစ်သို့ ရောက်ပြီးလျှင် တော မီး လောင် ၍ ပရိနိဗ္ဗာန် စံဝင်တော် မူလေသည်။

**ဥာယပဗ္ဗဇ္ဇိပန္နဂုဏ် ပွားပုံ** ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏ ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သင်္ချာ ရှစ်ဘော် သံဃာတော် အပေါင်း သူတော်ကောင်းသည် ကိုယ်ဝယ် ဝတ်နှောင် ဆံဦးသျှောင်ကို မီးလောင်သော်ငြား မငြိမ်းအားပဲ ကြီးမားလောင်မီး ဒုက္ခမီးတို့ အပြီးကေန် ငြိမ်းရာမှန်သည့် နိဗ္ဗာန်အလို့ငှာ ကျင့်တော်မူဘတ်ပါပေ၏။

## ၄။ သာမိစိပဗ္ဗဇ္ဇိပန္နမည်တော်မူပုံ

အရိယာ သံဃာတော်အပေါင်းသည် သူတို့၏ ရိုသေမှုနှင့် သင့်လျော်ထိုက်တန်အောင် ကျင့်ကြံတော်မူဘတ်သောကြောင့် သာမိစိပဗ္ဗဇ္ဇိပန္န မည်တော်မူ၏။

**ရိုသေမှုနှင့် သင့်လျော် အောင်ကျင့်** မိမိ၏သီလ မလုံလောက်လျှင် ဝိနည်းသိက္ခာပုဒ်ကိုမလေးစားပဲတဘဝအတွက် ဂုဏ်ရှိဖို့ နာမည်ကြီးဖို့ လာဘ်ပေါ်များဖို့သာ ကျင့်ကြံအားထုတ်နေလျှင် လူတို့ပြုသည့် ရိုသေမှု လှူဒါန်းမှုကို မခံယူထိုက်။ ခံယူလျှင် ကြီးလေးသောတာဝန်များ တက်ရောက်လာဘွယ် ရှိ၏။ အရိယာဖြစ်ပြီးသော၊ အရိယာဖြစ်အောင် အားထုတ်နေသော သံဃာတော်

များသည် လူတို့၏ ရိုသေမှု လှူဒါန်းမှုနှင့် သင့်လျော် ထိုက်တန် အောင် သီလ သမာဓိ ပညာတို့ကို ကောင်းစွာ ဖြည့်ကျင့်တော် မူကြကုန်၏။

**အယျမိတ္တထေရ် ဝတ္ထု** — တနေ့သ၌ အယျမိတ္တထေရ်သည် ဆွမ်းခံ ချိန်ကျ၍ ဆွမ်းခံဝင်သောအခါ သားအရင်းကဲ့သို့ အမှတ်ထား၍ ရိုသေသမှု လှူဒါန်းပြုနေသော တကာမကြီးတယောက်သည် တောသို့သွား ခါနီးဝယ်

"သမီးရေ မည်သည့်နေရာမှာ ဆန်ဟောင်းကလေးများနှင့် နွားနို့ ထောပတ် တင်လဲများ ရှိရစ်တယ်၊ သမီးမောင်တော် ကြွလာတဲ့ အခါ ကောင်းကောင်းမွန်မွန် ချက်၍ကပ်နော်။ နောက်ပြီး သမီးလဲစားပေါ့"ဟုမှာနေ၏။ သမီးဖြစ်သူကလည်း

"မေမေတော့ ဘာစားမှာလဲ"ဟု ပြန်၍မေးနေ၏။

"မေမေတော့ ပုန်းရည်ဟင်းနဲ့ မနေ့ကကျန်တဲ့ ထမင်းကြမ်း ခဲကို စားပြီးပြီ"

"ဒါဖြင့် နေ့လယ်တော့ ဘာစားမှာလဲ မေမေ"

"နေ့လယ်တော့ မေမေ့အတွက် ဟင်းရွက်ကလေး ဆန်ကွဲ ရောပြီးကျိုထားလိုက်ပေါ့"ဟု သမီးအား မှာနေသံကို ရှာအနီး မှကြားရ၍

"အယျမိတ္တနားထောင်စမ်း၊ တကာမကြီးမှာ ပုန်းရည်ဟင်း နဲ့ ထမင်းကြမ်းကို စားသောက်ရှာ၏။ သင့်အတွက်တော့ နှစ်ချို ဆန်ဟောင်းလေးများနှင့်၊ နွားနို့ ထောပတ် တင်လဲတို့ကို မှာနေရှာ၏။ သင့်အပေါ်၌ လှူနေခြင်းကား သင်၏အထံမှ

ပစ္စည်းဥစ္စာ ကျေးဇူးစကားတို့ကို ရလို၍လှူသည်မဟုတ်၊ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ရလို၍သာ လှူခြင်းဖြစ်၏။ သူရည်ရွယ်တဲ့ချမ်းသာကို သင်ပေးနိုင်ရဲ့လား၊ သီလလုံခြုံအောင် စောင့်ထိန်း၍ ဘာဝနာကို နှလုံးမသွင်းပဲ သူတပါး လှူတာကို အချောင်သုံးစွဲမနေထိုက်”ဟု မိမိကိုယ်ကိုဆုံးမ၍ ဆွမ်းခံမဝင်တော့ပဲ ကျောင်းသို့ပြန်ပြီး တရားအားထုတ်လေရာ မကြာမီပင် ရဟန္တာဖြစ်လေသည်။

**တိုက်တွန်းချက်** လူတို့က ရိုသေသမှုလှူဒါန်းသော ပစ္စည်းတို့ကို သုံးစွဲ နေကြရသော ရဟန်းသာမဏေအပေါင်းနှင့် တကွ အသက်အရွယ်ကြီးမားတော်မူကြသော ဘုန်းတော်ကြီးအပေါင်း ဆရာတော်အခေါ်ခံ ပုဂ္ဂိုလ်အပေါင်းတို့သည်အယျမိတ္တထေရ်ကဲ့သို့ ရဟန္တာအဖြစ်သို့မရောက်သော်လည်းမိမိတို့စောင့်ထိန်းကြရသောသီလသိက္ခာအပေါင်းကို အထူးသဖြင့် စင်ကြယ်အောင် စောင့်ထိန်း၍ ကမ္မဋ္ဌာန်းတရားကို အားထုတ်သင့်လှပေသည်။ သို့မှသာ ရိုသေသမှုလှူဒါန်းကြသော ပုဂ္ဂိုလ်အပေါင်းလည်း အကျိုးများ၍ မိမိတို့လည်း ဘဝသံသရာ အတွက် မကြောင့်ကျရတော့ပေ။ လူတို့ကား နေပူမိုးရွာမရှောင် အလုပ်အမျိုးမျိုး လုပ်ကိုင်ကြရှာ၍ ရရှိသော ချွေးနည်းစာမှ လူနတ်နိဗ္ဗာန် သုံးတန်သော ချမ်းသာကိုရည်မှန်းပြီး အလှူအတန်း ပြုကြရှာ၏။ မိမိတို့ကား ထိုသို့ လုပ်ကိုင်နေကြရသော ပုဂ္ဂိုလ်မျိုးများ မဟုတ်ကြ၊ ထိုသို့လုပ်ကိုင်နေရန်လည်း မသင့်။ သင့်သည်ကား မိမိနှင့်ဆိုင်ရာ လူကြီးလူငယ် အသွယ်သွယ်တို့ကို ဘာသာရေးတရားများ၊ ယဉ်ကျေးမှုတရားများကို ပိုင်ပိုင်ကြီး

ဟောပြ၍ နိုင်ငံနှင့်သာသနာ အသရေရှိအောင်လည်း နိဗ္ဗာန်ရသည်အထိ သံသရာအတွက် စိတ်ချရလောက်အောင် ဗုဒ္ဓ၏ အလိုတော်အတိုင်း ကောင်းကောင်းကြီးနေဖို့သာ ဖြစ်ပေသည်။

**သာမိစိပ္ပဋိပန္နဂုဏ် ပွားပုံ** ရှေ့ဘုန်းတော်သခင်ရှင်တော်မြတ်ဘုရား၏ ဆုံးမသွားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သချာရှစ်ဖော် သံဃာတော်အပေါင်း အရိယာသူတော်ကောင်းသည် ရိုသေသမှု လုတို့ပြုသည့် သာမိစိကံ လျော်ထိုက်တန်အောင် ကျင့်တော်မူတတ်ပါပေ၏။

## ၅။ အာဟုနေယျမည်တော်မူပုံ

အရိယာ သံဃာတော်အပေါင်းသည် ပေးလှူသော ပုဂ္ဂိုလ်တို့အား တုံ့ပြန်သောအားဖြင့် ကြီးမားသောအကျိုးကိုပေးသဖြင့် အဝေးမှ ယူဆောင်၍ပူဇော်အပ်သော ပစ္စည်းတို့ကို ကောင်းစွာ သိမ်းပိုက်ခံယူတော်မူထိုက်သောကြောင့် အာဟုနေယျမည်တော်မူ၏။

**အဝေးမှ ဆောင်ယူ၍ ပူဇော်အပ်ပုံ** မကြီးကျယ် မပြောပလောက်သည့်ယခုတဘဝအကျိုးကိုသာ ဆောင်ပေးတတ်သော ပုဂ္ဂိုလ်အား ပစ္စည်းများကိုယူ၍ လက်ဆောင် အဖြစ် ပေးကမ်းအပ်သကဲ့သို့ ယခုဘဝမှစ၍ နောက်နောက်သော ဘဝတို့၌ နိဗ္ဗာန်ချမ်းသာရသည်ထိ ကြီးကျယ်သော အကျိုးကို ဆောင်ယူပေး

တတ်သော အရိယာသံဃာတော်အပေါင်းအား အနီးအပါးရှိ ပစ္စည်းများသာမကပဲ အလှူနိဝေးသောအရပ်၌ရှိသော ပစ္စည်း များကိုပင် ဆောင်ယူ၍ ပူဇော်အပ်ပေ၏။ တုံ့ပြန်သောအား ဖြင့် ကြီးစွာသော အကျိုးကို ပေးတော်မူနိုင်သော အရိယာ သံဃာတော်အပေါင်းတို့သည်သည်း ကောင်းစွာသိမ်းပိုက် ခံယူ တော် မူထိုက်ပါပေ၏။

**အာဟုနေယျဂုဏ် ပွားပုံ** ရွှေဘုန်းတော်သခင်ရှင်တော်မြတ်ဘုရား၏ အစုံ လေးပါး၊ သီးခြား ရှစ်ဖော် သံဃာတော်အပေါင်း အရိယာသူတော်ကောင်းသည် တုံ့ပြန်ကြီးလေး အကျိုးပေးသဖြင့် အဝေးမှ ယူဆောင်၍မူလည်း ကြည်ဖြူလေးမြတ် ပူဇော်အပ်သည့် လာဘ် သပ်ပကာ အဖြာဖြာကို ကောင်းစွာသိမ်းပိုက် ခံယူခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

## ၆။ ပါဟုနေယျ မည်တော်မူပုံ

အရပ်တပါးမှ ရောက်လာသောမိတ်ဆွေသူငယ်ချင်းဧည့်သည် တို့အတွက် အထူးစီရင်ထားသော ပစ္စည်းများကို အရိယာ သံဃာတို့အား ပေးလှူထိုက်၊ အရိယာသံဃာတို့ကလည်း ခံယူ ထိုက်သောကြောင့် ပါဟုနေယျ မည်တော်မူ၏။

(သမ္မတ္တိဝါဒီ ဂိုဏ်းသားတို့၏ ပိဋကတ်၌ ပါဟဝနီယော ဟု ပါဠိရှိ၏။ ထိုဂိုဏ်းသားတို့၏ အလိုအားဖြင့် သံဃာသည် လက်ဦး ပူဇော်ခြင်းကို ထိုက်သောကြောင့် အလုံးစုံတို့၏ ရှေး ဦး စွာ

စပယ်ဦးစာပေ

သံဃာ၌ ပေးလှူပူဇော်အပ်၏ဟု အဓိပ္ပာယ်ရသည်။ တနည်းအားဖြင့် ရိုသေမြတ်နိုးအပ်သော ပစ္စည်းကို ရိုရိုသေသေ ဆောင်ယူ၍ ပူဇော်ခြင်းကို ထိုက်တန်တော်မူ၏ ဟူသော အဓိပ္ပာယ်ကိုရ၏)

**ပေးလှူထိုက်** ယခုကာလဝယ်ချစ်ခင်မြတ်နိုးအပ်သော

**ခံယူထိုက်** မိတ်ဆွေသူငယ်ချင်းတို့နှင့် တွေ့ဆုံဖို့ကား လွယ်ကူပါ၏။ သံဃာတော်နှင့် တွေ့ဆုံဖို့ကား အလွန်ခဲယဉ်းလှပေသည်။ ထို့ကြောင့် ဧည့်ခံဖွယ်ပစ္စည်းများကို သံဃာအားသာလျှင် လှူထိုက်ပေ၏။ ဘုရားတဆူ ပွင့်တော်မူမှ (ကမ္ဘာအသင်္ချေ ကြာမြင့်မှ) ခဲခဲယဉ်းယဉ်း ပေါ်ထွက်တော်မူလာကြသော အရိယာ သံဃာတော် သည်လည်း ထိုအလှူကို ခံယူခြင်းငှာ ထိုက်တန်တော် မူပါပေ၏။

**ပါဟုနေယျဂုဏ်** ရွှေဘုန်းတော်သခင်ရှင်တော်မြတ်ဘုရား

**ပွားပုံ** ၏ ဆုံးမတော်ဟန် တရားမှန်ကိုနာခံလိုက်နာအရိယာဟုသချာရှစ်ဖော်သံဃာတော် အပေါင်း ဤ အရိယာသူတော်ကောင်းသည် ဝေးရပ် မျိုးနွယ်များ ဧည့်သည်ကို ရည်ရွယ်မှန်းထား ပစ္စည်းများကို ဘုရားပွင့်တော်မူမှ ပေါ်လာကြသည့် ကမ္ဘာ့ဧည့်ကောင်း သူတော်ပေါင်းမို့ အကြောင်းတိုက်စွာ ပေးလှူခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

## ၇။ ဒက္ခိဏေယျ မည်တော်မူပုံ

နောင်တမလွန်ဘဝ၌ ကြီးပွားချမ်းသာဖို့ ရည်မှန်း၍ လှူဒါန်းအပ်သော အလှူကို ဒက္ခိဏာ ဟုခေါ်၏။ အရိယာ သံဃာတော်အပေါင်းသည် ထို ဒက္ခိဏာအလှူကို ခံယူခြင်းငှာ ထိုက်တန်တော်မူသောကြောင့် ဒက္ခိဏေယျ မည်တော်မူ၏။

---

စပယ်ဦးစာပေ

**ခံယူခြင်းငှာ ထိုက်တန်** — လောက၌ အသိဉာဏ် ပညာရှိသူတို့သည် ကံ ကံ၏ အကျိုးနှင့် တမလွန်လောကကို ယုံကြည်၍ (၁) မိမိ ချမ်း သာဖို့ရန် အတွက်လည်းကောင်း၊ (၂) သေလွန်ပြီးသော မိဘဆွေမျိုး များ ချမ်းသာရန်အတွက် လည်းကောင်း ရည်မှန်း၍ လှူဒါန်း လေ့ရှိကြ၏။ အရိယာ သံဃာတော်အပေါင်းတို့သည် ထိုသူတို့၏ ရည်မှန်းရင်းအတိုင်း ချမ်းသာကို ရစေနိုင်သောကြောင့် ဒက္ခိ ဏေယျ အလှူအပေါင်းကို ခံယူခြင်းငှာထိုက်တန်တော်မူကြပေ၏။

**ဒက္ခိဏေယျ အလှူ၌သိဖွယ်** — မိမိအတွက် ချမ်းသာမှုကို ရည်မှန်း၍ လှူသော အလှူသည် နိဗ္ဗာန်မရေမီ သင့် လျော်သော ဘဝတို့၌ အခွင့်သာသလို အကျိုးပေးနိုင်သော်လည်း သေလွန်သူ မိဘ ဆွေမျိုး များ ကို ရည်မှန်း၍ လှူဒါန်းသော အလှူ၌ကား သေလွန်သူသည် ငရဲ၌ ကျနေသော် လည်းကောင်း၊ တိရစ္ဆာန်ဝမ်း၌ တည်နေသော် လည်းကောင်း၊ အလွန်ဝေးသောအရပ်၌ ပြိတ္တာ ဖြစ်နေသော် လည်း ကောင်း၊ နတ်ပြည် ဗြဟ္မာပြည်တို့၌ ရောက် နေ သော် လည်းကောင်း၊ လူ့ပြည်တို့၌ ရောက်နေသော် လည်းကောင်း လုံးဝ အကျိုးမပေးနိုင်။ မိမိတို့ဝန်းကျင်၌ (တစ္ဆေ၊ သရဲ)ပြိတ္တာ ဖြစ်နေလျှင် မမြင်ရသော်လည်း မှန်းဆ၍ ဖိတ်ခေါ်ပြီး ဤ ကုသိုလ်အဖို့ကို အသင့်အား အမျှပေးဝေပါ၏။ ငါတို့နှင့် အညီ အမျှ ကုသိုလ်ရအောင် သာဓုခေါ်ပါ စသည်ဖြင့် ပြောဆို၍ အမျှပေးဝေရ၏။ ထိုသို့ အမျှပေးဝေမှုကို သာဓုခေါ်နိုင်မှသာ အကျိုးပေးနိုင်၏။

---

**ဝပယ်ဦးစာပေ**

**ဒက္ခိဏေယျဂုဏ်ပွားပုံ** — ရွှေဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၏ ဆုံးမထားဟန် တရားမှန်ကို နာခံလိုက်နာ အရိယာဟု သမ္ဗျာရှစ်ဖော် သံဃာတော်အပေါင်း ဤအရိယာ သူတော်ကောင်းသည် တမလွန်စခန်း ကြီးပွားလမ်းကို မြော်မှန်းရည်ရွယ် ပေးလှူဖွယ်ကို ရည်ရွယ်သမျှ အကျိုးရသဖြင့် တစမချန် အလှူခံခြင်းငှာလည်း ထိုက်တော်မူပါပေ၏။

## ၈။ အဉ္ဇလိကရဏီယ မည်တော်မူပုံ

တလောကလုံးရှိ လူနတ်ပြဟ္မာ သတ္တဝါတို့၏ ကိုင်းညွတ်ရှိသေမှု၊ ရှိခိုးမှုတို့ကိုလည်း ထိုက်တန်တော်မူသောကြောင့် အဉ္ဇလိကရဏီယ မည်တော်မူ၏။

**လက်အုပ်ချီမှု ရှိသေမှုတို့နှင့် ထိုက်တန်တော်မူပုံ** — ရှိသေထိုက် ရှိခိုးထိုက်သော ရဟန်းတရားကို မဖြည့်ကျင့်ပဲ (ဝါ) သီလမစင်ကြယ်ပဲ သာသနာအတွင်း၌နေကြသော အလဇ္ဇီ(အရှက်မရှိ) သူတို့သည် တကာ တကာမ အပေါင်း၏ အရိုအသေပေးမှု လက်အုပ်ချီမှုတို့ကို မခံယူထိုက်၊ ထိုအမှုတို့နှင့်လည်း မထိုက်တန်၊ ခံယူလျှင် အရောင်ထွက်နေသော ဓားလှံ လက်နက်တို့ဖြင့် အထိုးခံနေရခြင်းတို့နှင့် တူ၏။ အရိယာ သံဃာတော်တို့သည်ကား သတ္တဝါအပေါင်းတို့ ရှိသေလေးစားထိုက် ရှိခိုးထိုက်သော သီလ သမာဓိ ပညာ တို့နှင့် ပြည့်စုံတော်မူကြသောကြောင့် သတ္တဝါအပေါင်းတို့၏ လက်အုပ်ချီမှု ရှိသေမှု အမျိုးမျိုးတို့နှင့် သင့်လျော် ထိုက်တန်တော်

မှုပါပေ၏။ ထိုရှိသေမှုတို့ကို ခံယူလည်း ခံယူတော်မူထိုက်ပါပေ၏။ (ဗုဒ္ဓ၏ ပညတ်တော်များကို ကောင်းစွာ စောင့်ထိန်း၍ သင့်လျော်သော ကမ္မဋ္ဌာန်းတရားကို ပွားများ အားထုတ်နေသော ပုထုဇဉ် ရဟန်း သာမဏေ အပေါင်းတို့လည်း ရှိသေမှု၊ ရှိခိုးမှုတို့နှင့် ထိုက်တန်ကြသည်သာ။)

**သီလမစင်ကြယ်သူတို့ အထူးသိဖွယ်** သီလ မစင်ကြယ်ပဲ တကာ တကာမ အပေါင်း၏ လှူဒါန်းမှု၊ ရှိခိုးမှု၊ ရှိသေမှုတို့ကို ခံယူနေသော သူယုတ်တို့အတွက် ဝိသုဒ္ဓိမဂ်လာ အောက်ပါ ဂါထာသည် အလွန် သိထားဖွယ် ကောင်းလှသောကြောင့် ငါတို့ ကျေးဇူးရှင် ဆရာတော်သည် ရတနာဂုဏ်ရည်၌ ရေးထားတော်မူပြီ။ ထိုကျမ်းမှ ထုတ်နုတ်၍ ဤကျမ်း၌ ဖော်ပြပါဦးအံ့။

ပိဏ္ဍော ပိသာ အယောဂုဠော
အဓိယာပဋ္ဋော စီဝရံ
ဝိဟာရော အယောဂုမ္ဗိဝ
သတ္တိဝေ ဓောဝ အဥ္ဇလီ။

အသာ၊ ထို သီလသိက္ခာ ကောင်းစွာမစင် ပုထုဇဉ်ဆိုး ရဟန်းမျိုး၏။ ပိဏ္ဍောပိ၊ တကာ တကာမ သဒ္ဓါကြွ၍ ထာဝရ လှူဒါန်း စားဘွယ်ဆွမ်းသည်လည်း၊ အယောဂုဋ္ဌော၀၊ အရှိန် ရဲရဲ မီးလုံ စွဲသည့် သံခဲ သံလုံး သံတုံးတွေနှင့် တူလှပေ၏။ စီဝရံ၊ ကိုယ်ဝယ်ဆင်မြန်း ဝတ်သင်္ကန်းသည်၊ အယောပဋ္ဋောဝ၊ အရှိန်ကြီးမား မီးလျှံဝါးသည့် သံပြားကြီးနှင့် တူလှပေ၏။ ဝိဟာရော၊ သွား ရပ် ထိုင် လျောင်း နေရာကျောင်းသည်။

အယောဂုမ္ဘိ၀၊ ဝန်းကျင်တောက်ပြောင် ရဲရဲလောင်ငြိး သံအိုးကြီးနှင့် တူလှလေ၏။ အဠ္ဌလိ၊ လူသူအားလုံး များညွှတ်ရှုံး၍ ရှင်ပြုံးကြည်ညို ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးကြခြင်းသည်။ သတ္တိဝေဓော၀၊ အရောင်လက်လက် မြမြထက်သည့် လှံရွက်ကို မိုး စိုင်း၍ထိုးသည်နှင့် တူလှလေသတည်း။

အို-ဒုဿီလအပေါင်းနှင့်တကွသက်န်းဝတ်အားလျှင် ကုသိုလ်ရ၏ဟု မှတ်ထင်နေကြသူအပေါင်းတို့၊ အသေအချာ စဉ်းစားကြပါ။ သီလမစင်မကြယ်နှင့်သက်န်းဝတ်နေခြင်းသည် ချမ်းသာမရောက် ဒုက္ခသာပေါက်နေဘွယ်ရှိ၏။ သို့ကြောင့် သိက္ခာပုဒ်ကို မစောင့်ထိန်းနိုင်ပဲသက်န်းမဝတ်သင့်ကြပါ။ အချို့က သားငယ်ကလေးများကို သက်န်းဝတ်ပေးပြီး ပျော်အောင်ဟူသောအနေမျိုးဖြင့် လက်ထဲ ပိုက်ဆံလည်း ထည့်ပေးကြ၏။ ညစာထမင်းလည်း ကျွေးနေကြ၏။ ထိုအပြုအမူတို့သည် အလွန်ရှင်လေးဘွယ်ကောင်းလှသောကြောင့် ဆရာဖြစ်သူ ဘုန်းတော်ကြီးများကလည်း အပြင်းအထန် တားမြစ် ပိတ်ပင်ပေးသင့်လှပေသည်။

**သတ္တိ ရှိကြစေချင်သည်** ဗုဒ္ဓသာသနာတော်အတွင်းဝယ် မှီတင်းနေထိုင်ကြသော ရဟန်း သာမဏေအပေါင်းတို့သည် သာသနာတော်၏ အသက်သဖွယ်ဖြစ်သော ဝိနည်းတရားတော်ကို လုံခြုံအောင် ထိန်းသိမ်းသင့်ကြပေသည်။ ဝိနည်းသိက္ခာကို ထိန်းသိမ်းနိုင်ခြင်းမရှိပဲ ဗုဒ္ဓသာသနာတော်အတွင်း၌ လုံးဝ မနေထိုက်တော့ပါ။ ဤနေရာ၌ ဘုန်းကြီး၏ ဆုံးဖြတ်ချက် တခုကို တင်ပြပါမည်။

---

ဘုန်းကြီးသည် သာသနာ့တာဝန်ကို ထမ်းဆောင်လာသည်မှာ အတော်ကြာမြင့်ပါပြီ။ ယနေ့တိုင်အောင် ဝိနည်းသီလကို အထူးသဖြင့် စောင့်ထိန်းခဲ့ပါသည်။ ဝိနည်းသီလကို မစောင့်ထိန်းနိုင်သော တနေ့၌ကား (လူ့ဘဝဖြင့် အလုပ် လုပ်ရမည် တို့နှင့် ဝန်းကျင်၏ ကဲ့ရဲ့မှုဒဏ်တို့ကိုလည်း ရှုံရှာခြင်းမရှိပဲ)သတ္တိရှိစွာဖြင့် သာသနာတော်မှ ထွက်ခွာမည်ဟု ဆုံးဖြတ်ထားပါသည်။ ဝိနည်းသီလကို မထိန်းနိုင်ပဲ သာသနာအတွင်း၌ (ဗုဒ္ဓဘာသာ တကာ တကာမများအား လှည့်စားလျက်) မနေလိုပါ။ ဤပစ္စက္ခဘဝ၌ ပူပန်ကင်းဝေးစွာဖြင့် နေထိုင်နိုင်သော်လည်း နောက်ဘဝခံရမည်ကိုကား ကြောက်ဖွယ်ကောင်းလှပါ၏။

အချို့ကား ဤသို့ မဟုတ်ကြပါ။ ဝိနည်း သီလကိုလည်း မထိန်းနိုင်၊ လူ့တာဝန် ဝတ္တရားများနှင့် ဝန်းကျင်၏ ကဲ့ရဲ့ပြစ်တင်မှုဒဏ်ကိုလည်း ကြောက်ရွံ့နေကြသည်ဖြစ်၍ သာသနာတော်အတွင်း၌ ဖြစ်သလို 'ရောကော သောကော' နှင့် နေကြရှာတော့၏။ ထိုသူတို့အတွက်ကား ဝန်လေးလှပေစွ။ ဘုန်းကြီးက ပြောလိုက်ချင်သည်။ "ဝိနည်းသီလကို မထိန်းနိုင်ပဲ သာသနာတော်အတွင်းဝယ် မနေပါလေနှင့်၊ ဝန်းကျင်၏ ကဲ့ရဲ့မှုဒဏ်ကိုလည်း မကြောက်ပါလေနှင့်၊ သတ္တိရှိပါ။ ယနေ့ ရဟန်းသိက္ခာကို မထိန်းနိုင်တော့လျှင် ယနေ့ပင် လူဝတ်လဲကာ ငါးပါးသီလကို လုံအောင်ထိန်း၍ စွမ်းနိုင်သမျှ ဒါနပြုပါ။ သံသရာအတွက် စိတ်ချနိုင်လောက်စရာ အကြောင်း ရှိပါသည်။ ဝန်းကျင်၏ ကဲ့ရဲ့ခြင်းသည်ကား ၇ ရက်မျှသာဖြစ်မည်။သံသရာ၌ ခံစားရမည့်ဒဏ်ကား များစွာရှည်လျားလှပေ၏။

ဂိဇ္ဈကုဋ်
ပြိတ္တာများ

ဒို ဗုဒ္ဓ လက်ထက်တော်အခါက အရှင်လက္ခဏနှင့် အရှင်မဟာမောဂ္ဂလာန်တို့ ဂိဇ္ဈကုဋ်တောင်ထိပ်မှ ဆွမ်းခံဆင်းကြလေသော် တနေရာ၌ အရှင်မဟာမောဂ္ဂလာန်သည် တန်ခိုးတော်ဖြင့် ဆင်ခြင်တော်မူရာ ဂိဇ္ဈကုဋ်တောင်ခြေတွင် သက်နိုးများကလည်း မီးတောက်၊ ပါးစပ်ကလည်း ကယ်ပါ ယူပါတစာစာနှင့် အော်ဟစ်နေကြသော ရဟန်း ပြိတ္တာများကို တွေ့မြင်ရလေသည်။ ထိုပုဂ္ဂိုလ်တို့သည် ကဿပ မြတ်စွာဘုရား၏ သာသနာတော်၌ ယုတ်မာသူများဖြစ်ခဲ့ကြ၏။ ထိုမကောင်းမှုကြောင့် ငရဲ၌ အနှစ်များစွာ ခံရပြီးမှ ယခုလို ပြိတ္တာဘဝသို့ ရောက်လာသူများ ဖြစ်ကြ၏။(အကျယ်ကို လက္ခဏသံယုတ်ပါဠိတော်၌ကြည့်ပါ)။

ဂိဇ္ဈကုဋ်တောင် မှိုင်းမှောင်ညို့ညို့ ပြိတ္တာမြို့ဝယ်
ရှင်တို့စံခန်း ကြိုးစားပန်းက သက်နိုးပြောင်ပြောင်
မီးအရောင်နှင့် ကျီးကောင် ငှင်းတ သိန်းစွန့်စသည်
ဆိတ်ဆွဲဆွဲငင် ကောင်းကင်ထက်ပန်း ပြေးပျံသန်း၍
ရဟန်းပြိတ္တာ တဝါဝါလျှင် မဟာဒုက္ခ ပြင်းပြကြွက်ဆူ
ဟစ်ကြွေးအူလျက် ကယ်သူမမြင် ပူပင်နွမ်းညှိုး
ထိုရှင်ဆိုးတို့ ကိုးရိုးကားယား အပါယ်လားသည်
မမှားမျက်နှာအိမ်းအိမ်းတည်း။

(မာဃဒေဝ)

စပယ်ဦးစာပေ

အဋ္ဌလိ ကရဏီယဂုဏ် ပွားပုံ — ရွှေဘုန်းတော်သခင်ရှင်တော်မြတ်ဘုရား ၏ဆုံးမထားဟန် တရားမှန်ကို နာခံ လိုက်နာ ဒီရိယာဟု သချာရှစ်ဖော် သံဃာတော် အပေါင်း ဤ အရိယာ

သူတော်ကောင်းသည် တာလကာလုံး ကိုင်းညွတ်ရိုးလျက် ရှင်ပြုံး ကြည်ညို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းကိုလည်း ထိုက်တော် မူပါပေ၏။

## ၉။ အနုတ္တရ ပုညခေတ္တ မည်တော်မူပုံ

လယ်ကောင်းယာကောင်းတို့သည် လူအပေါင်းတို့ ကြဲချ စိုက်ပျိုးလိုက်သော မျိုးစေ့အပေါင်းကို စွင့်စွင့်ကားကား ဖွံ့ဖွံ့ ထွားထွားဖြစ်အောင် အကျိုးကို ဆောင်နိုင်သကဲ့သို့ အရိယာ သံဃာတော် အပေါင်းသည်လည်း လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့ ကြဲချစိုက်ပျိုးလိုက်သော ဒါနမျိုးစေ့အပေါင်းကို ကြီးမားသောစည်းစိမ် သမ္ပတ္တိမှစ၍ နိဗ္ဗာန်ချမ်းသာ ရသည့် တိုင်အောင် အကျိုးကို ဆောင်နိုင်သောကြောင့် အနုတ္တရပုည ခေတ္တ မည်တော်မူ၏။

အလှူပေးခြင်းသည် မျိုးစေ့စိုက်ခြင်း တမျိုးပဲ — အလှူခံမှာ လယ်ပမာ လှူရှာသူများ လယ်သမား။ အများလှူဘွယ် မျိုးစေ့နှယ် နောင်ဝယ်အသီးစား။

ထို လင်္ကာကလေးကို ကျေးဇူးရှင် ဆရာတော် ဘုရားက ကိုယ်ကျင့် အဘိဓမ္မာဆဋ္ဌအခန်း ဒါနအကြောင်းနှင့်ပတ်သက်၍

မှတ်လောက် သားလောက်အောင် မော်ကွန်း ထိုးထား၏။ အခိုပ္ပါယ်မှာ-

အလှူခံပုဂ္ဂိုလ်သည် လယ်ယာမြေနှင့်တူ၏။ အလှူ တကာ တကာမတို့မှာ လယ်ယာ လုပ်ကိုင်သူနှင့် တူ၏။ လှူဘွယ်ဝတ္ထု များက မျိုးစေ့နှင့်တူ၏။ နောင်သံသရာ၌ ရနိုင်သည့် အကျိုး တို့မှာ ထိုမျိုးစေ့ကြောင့်အပင်ပေါက်၍ အသီးသီးခြင်းနှင့်တူ၏-ဟု ဥပမာထား၏။ ဤဥပမာကို လေးလေးနက်နက် စဉ်းစား သောအခါ လယ်ယာလုပ်ကိုင်မှု၌-

၁။ လယ်ယာက မြေကောင်းမကောင်းလိုက်၍ အပင်အသီး ကွာခြားသကဲ့သို့ အလှူခံပုဂ္ဂိုလ်က ကောင်းမကောင်း လိုက်၍ အကျိုးပေးကွာခြားချက်ရှိ၏။

၂။ မျိုးစေ့က အောင်မအောင်လိုက်၍ အပင်အသီး ကွာ ခြားသကဲ့သို့ လှူဘွယ်ပစ္စည်းက တရားသဖြင့် ဟုတ်မဟုတ်နှင့် အနည်းအများလိုက်၍ အကျိုးပေးကွာခြားဘွယ်ရှိ၏။

၃။ လယ်ယာလုပ်သူက နားလည်မလည်၊ လုံ့လဝိရိယရှိမရှိ လိုက်၍ အပင်အသီး ကွာခြားသကဲ့သို့ အလှူရှင်က ဉာဏ် ရှိမရှိ၊ အားတက်သရောနှင့် ဝမ်းမြောက်ဝမ်းသာ ၍မရှိလိုက်၍ အကျိုး ပေး ကွာခြားဘွယ်ရှိ၏။

၄။ မစိုက်ပျိုးမီ မျိုးစေ့တို့ကို ပြုပြင် မပြုပြင်လိုက်၍ အပင် အသီးကွာခြားသကဲ့သို့ မိမိ၏ ပုဗ္ဗစေတနာကို ထက်သန်အောင် ပြု မပြု လိုက်၍လည်း အကျိုးပေး ကွာခြားဘွယ်ရှိ၏။

---

၅။ လယ်ယာတို့၌ မျိုးစေ့စိုက်ပြီးနောက် ရေလောင်းခြင်း၊ ပေါင်းသင်ခြင်း စသည်တို့ကို ပြုမပြု လိုက်၍ အပင်အသီး ကွာခြားသကဲ့သို့ လှူဒါန်းပြီးနောက် ဝမ်းမြောက်မှု အပရ စေတနာ ထက်သန် မထက်သန် လိုက်၍ ကွာခြားဖွယ်ရှိ၏။

၆။ မျိုးစေ့စိုက်ပြီးနောက် ခိတ်ပေါက်ပေါက်ရှိ၍ ဖျက်ဆီး ပစ်လိုက်သကဲ့သို့ လှူဒါန်းပြီးနောက် ငါလှူခဲ့တာ မှားပေါ့ စသည်ဖြင့် စိတ်ပျက်မှုဖြစ်ရပြန်လျှင် (အပရ စေတနာ ချို့တဲ့ပြန် လျှင်) ထိုဒါနသည်ပင် အကျိုးမရပဲ(အကျိုးရစေကာမူ ကောင်း မွန်စွာ မဟုတ်ပဲ) ပျက်စီးဖွယ်ရှိ၏။

၇။ မျိုးစေ့လယ်ယာတို့က အားလုံးအဆင်သင့်သော်လည်း စိုက်ပျိုးသင့်သောအခါ၌ စိုက်ပျိုးမှ အပင်အသီး ဖွံ့ထွားသကဲ့သို့ အလှူခံနှင့် လှူဘွယ်ဝတ္ထု အဆင်သင့်သော်လည်း လှူသင့်သော အခါ (ထိုနေသော နေရာဝယ်) လှူမှသာ ဖွံ့ဖွံ့ထွားထွား အကျိုးများဘွယ်ရှိ၏။

ထိုကြောင့် အောင်မြင်သောအကျိုး သမ္ပတ္တိကို ရရန်အတွက် ဒါနပြုရာ၌ အလှူခံ ပုဂ္ဂိုလ်ကလည်း သန့်ရှင်း စင်ကြယ်သော လယ်ယာ မြေကောင်းနှင့် တူအောင် သီလ စင်ကြယ်ရမည်။ လယ်ယာလုပ်ကိုင်သူတို့နှင့် တူသော အလှူပေးပုဂ္ဂိုလ်တို့ကလည်း ကောင်းသော လုံ့လ ဝီရိယရှိရမည်။ ကြဲချသည့် မျိုးစေ့ကလည်း ကောင်းသောအမှုဖြင့် ရအပ်သော မျိုးစေ့ဖြစ်ဖို့က လိုပါသည်။

**အထူးသတိ ပေးချက်** — သင်တို့၏ လှူဘွယ်ပစ္စည်းများကို လယ်ယာမြေကောင်းနှင့် တူသော အလှူခံ ပုဂ္ဂိုလ်၌ လှူမှသာ အကျိုးကြီးမား၏ဟု

---

ဆိုခဲ့၏။ ထိုအလှူခံ ပုဂ္ဂိုလ်မျိုးကား ရှားပါးလှ၏။ ထို့ကြောင့် လှူဒါန်းရာဝယ် တပါးဖြစ်စေ၊ နှစ်ပါးဖြစ်စေ၊ ဗုဒ္ဓလက်ထက်တော်အခါက အရှင်မဟာကဿပစသော အရိယာသံဃာတော်အပေါင်းနှင့်တကွ တသာသနာလုံးရှိ သံဃာတော်အပေါင်းကို ပါရည်စူး၍ သံဃဿဒေးမ သံဃာတော်အား လှူပါ၏ဟု နှုတ်က ရွရွရွတ်ဆို၍ လှူဒါန်းကြပါကုန်။

**အနုတ္တရပုည** ရွှေဘုန်းတော်သခင်ရှင်တော်မြတ်ဘုရား **ခေတ္တဂုဏ်** ၏ ဆုံးမထားဟန် တရားမှန် ကို နာခံ **ပွားပုံ** လိုက်နာ အရိယာ ဟု သံဃာ တော်အပေါင်း ၌ အရိယာ သူတော်ကောင်းသည် အတုမရှိ မြတ်ခေါင်ထိသော ကုသိုလ်ကောင်းမှု မျိုးစေ့စု၏ ကြီးထုမြင့်မားစွင့်စွင့်ကားလျက် ဖွံ့ထွားဖွယ်ရာ လယ်ယာမြေကောင်း အတုဖြစ်တော်မူပါပေ၏။

## သံဃာနုဿတိအကျိုး

သံဃာနုဿတိ ကမ္မဋ္ဌာန်းကိုပွားများအားထုတ်သော ယောဂီသည် ရဟန်းသံဃာတော်၌ ရိုသေလေးစားခြင်း အဖြစ်များခြင်း၊ သဒ္ဓါ စသည်တို့ ပြန့်ပြောခြင်း၊ နှစ်သိမ့်ဝမ်းမြောက်မှု အဖြစ်များခြင်း၊ ဘေးကြီးဘေးငယ်အသွယ်သွယ်တို့ကိုသည်းခံနိုင်ခြင်း၊ ဆင်းရဲဒုက္ခတို့ကိုသည်းခံနိုင်ခြင်း၊ သံဃာတော်နှင့်တကွအတူနေရ၏ဟူသော အမှတ်သညာကို ရခြင်း၊ သံဃာနုဿတိကိုအမြဲမပြတ် ပွားများနေသော ယောဂီသည် သံဃာ စည်းဝေးလျက်ရှိသော ဉပုသ်အိမ်ကို ပူဇော်သကဲ့ ပူဇော်မှုကို ခံထိုက်ယူထိုက်၏။ သံဃာ့

ဂုဏ်တော်ကို ရခြင်းငှာ အလိုရှိခြင်း၊ အကုသိုလ်ပြုစရာနှင့် တွေ့လျှင် ငါ၏ ရှေ့မှောက်၌ သံဃာရှိ၏ဟူသော အတွေးအသိများခြင်း၊ ရှက်ကြောက်၍ မပြုလုပ်မိခြင်း၊ ဈာန်တရား မဂ်တရား ဖိုလ်တရားတို့ကို ထိုးထွင်း၍ မသိကြားသော်လည်း ကောင်းရာ သုဂတိသို့ ရောက်နိုင်ခြင်း တို့ဖြစ်၏။

## ၄။ သီလာနုဿတိပွားပုံ

သီလ=မိမိတို့စောင့်ထိန်းထားသည့် ငါးပါး၊ ရှစ်ပါး စသော သီလများကို၊ အနုဿတိ=မကျိုးမပေါက် မပြောက်မကျား၍ လုံလုံခြုံခြုံရှိပုံကို လည်းကောင်း၊ ထိုသီလကို အကြောင်းပြု၍ လူချမ်းသာ နတ်ချမ်းသာကို မတောင့်တသဖြင့် တဏှာကျွန် အဖြစ်မှ လွတ်ကင်းပုံကိုလည်းကောင်း၊ ထိုသီလကိုအရင်းခံလျက် မဂ်ဖိုလ်အထိ သမာဓိရနိုင်ပုံကိုလည်းကောင်း အဖန်ဖန် အောက်မေ့မှုသတိ၊ ဤသီလာနုဿတိကို ပွားလိုသော ယောဂီသည် မိမိ၏ သီလတို့ကို အောက်မေ့ပြီးလျှင် အောက်ပါအတိုင်း ဆင်ခြင်ထိုက်၏။

အဟော ဝတ သီလံ မေ အခဏ္ဍံ အစ္ဆိဒ္ဒံ ဟာဝေ
အသဗလံ အကမ္မာသံ ဘုဇိဿံ အပရာမဋ္ဌံ
ပသတ္ထံ သဗ္ဗဝိညူဟိ သမာဓိသံဝတ္တနကံ

မေ၊ အများအဆန် တရားမှန်ကို အားသန်ကျင့်လို ဤငါ့ကိုယ်၏။ သီလံ၊ ထိန်းသိမ်းစောင့်စည်း သီလတည်းဟူသော အကျင့်သည်။ အဟော၊ အဟောဝတ၊ အားရစဖွယ် ဩော်....

တင့်တယ်ပေစွတကား။ ဟာဝေ၊ စင်စစ်ကေန် အမှန်အားဖြင့်။ အခဏ္ဍံ၊ အဝတ်အနား ပြတ်သည့်အလားသို့ အနားမြိတ်စပ် အကျိုးအပြတ်လည်း မရှိပါတကား။ အဆိဒ္ဒံ၊ အဝတ်အလယ် ပေါက်သည့်နှယ်သို့ အလယ်သိက္ခာ အရာရာတွင် အခေါက်လည်း မထင်ပါတကား။ အသဗလံ၊ နွားကြောင်နွားကျားပုံအလားသို့ အများဆက်လျက် အကြား အကွက် လည်း မရှိပါတကား။ အကမ္မာသံ၊ ဝါစိပြောက်နွား ပုံအလားသို့ ကြိုးကြားပြောက် အင် အပေါက်လည်း မထင်ပါတကား။ ဘုဇိဿံ၊ လောကီချမ်းသာ မမှန်ပါသဖြင့် တဏှာ၏ကျွန် ကာဝန်မဲ့ကင်း သန့်ရှင်း လေစွတကား။ အပရာမသံ၊ တစုံတရာ အပြစ်အနာကို ဖွေရှာ သုံးသပ် မစွပ်စွဲအပ် လေစွတကား။ အပရာမသံ၊ တစုံတရာ ပြစ်အနာကို ဖွေရှာသုံးသပ်မစွပ်စွဲအပ်လေစွတကား။ သဗ္ဗဝိညူပါ၊ အဘိဇ္ဈာကင်း ဣဿာရှင်း၍ ကောင်းခြင်းလိုသား ပညာရှိ အများတို့သည်။ ပသဋ္ဌံ၊ နည်းလမ်းအလိုက် ချီးမွမ်းထိုက်သည် ဖြစ်၍။ သမာဓိသံဝတ္တနကံ၊ ဈာန်မဂ်ဖိုလ်ရှိ သမာဓိကို ထိမိ စေရန် အခြေခံဖြစ်နိုင်လေစွတကား။

(သင်္ဂြိုဟ်ဘာသာဋီကာ)

**အခဏ္ဍံ** အဝတ်၏ အနားစွန်း အနားစိတ်များ ပြတ်၍(စုတ်၍) မပျက်စီးသကဲ့သို့ မိမိ စောင့်ထိန်းထားသော သီလ၏အစွန်ဖြစ်သော အစ သိက္ခာပုဒ်နှင့် အဆုံးသိက္ခာပုဒ်တို့ တပါးပါးမျှ မပျက်စီးခြင်းကို မကျိုးမပြတ် သည်ဟု ခေါ်သည်။

---

**အဆိန္ဒံ** — အဝတ်၏အလယ်၌ အပေါက်ပေါက်၍ မပျက်စီးသကဲ့သို့ မိမိ စောင့်ထိန်းထားသော သီလ၏ အလယ်ဖြစ်သော သိက္ခာပုဒ်တို့ကို တပါးပါးမျှ မပျက်စီးခြင်းကို အပေါက်မထင်သည်ဟု ခေါ်သည်။

**အသဗလံ** — အကြင်သီလသည် အဒိန္နာဒါနနှင့် သုရာမေရယ၊ ကာမေသု မိစ္ဆာစာရ ကဲ့သို့လည်းကောင်း၊ ကာမေသုမိစ္ဆာစာရနှင့် မုသာဝါဒ သုရာမေရယ ကဲ့သို့လည်းကောင်း နှစ်ပါး သုံးပါး ဆက်၍ မပျက်စီးအံ့။ ထိုသီလသည် နွားကြောင်နွားကျားကဲ့သို့ မကြောင်မကျားသည် မည်၏။

**အကမ္မာသံ** — အကြင် သီလသည် အဗြဟ္မစရိယနှင့် မုသာဝါဒ ကဲ့သို့ လည်းကောင်း၊ အဗြဟ္မစရိယနှင့် သုရာမေရယ ကဲ့သို့လည်းကောင်း၊ တပါးကိုဖြစ်စေ၊ နှစ်ပါးကိုဖြစ်စေ ထိုထက်များ၍ဖြစ်စေ ကျော်၍ကျော်၍ မပျက်စီးအံ့။ ထိုသီလသည် အပြောက်မရှိသည် မည်၏။

**ဘုဇိဿံ** — သီလစောင့်ထိန်းသော သူတော်ကောင်းတို့သည် တဏှာ၏ စေခိုင်းချက်ဖြင့် လူချမ်းသာ နတ်ချမ်းသာ စသော လောကီချမ်းသာတို့ကို မမှန်းအပ်။ မမှန်းထိုက်ပေ။ ထိုချမ်းသာတို့ထက် မွန်မြတ်သော နိဗ္ဗာန်ကိုသာ မှန်းအပ်မှန်းထိုက်၏။ ထိုသို့ နိဗ္ဗာန်ကိုသာ ရည်မှန်းနေသော သူတော်ကောင်းတို့သည် တဏှာ၏ကျွန် အဖြစ်မှလည်းကောင်း၊ တဏှာစေခိုင်းသော တာဝန်မှလည်းကောင်း ကင်းလွတ်လေတော့သည်။

**ဝိညူပသဋ္ဌံ** သူတပါးတို့အပေါ်၌ အဘိဇ္ဈာ လောဘ မရှိမူ၍ ကောင်းကျိုး ချမ်းသာကိုသာ အမြဲလိုလားလေ့ရှိသော ပညာရှိ သူတော်ကောင်း တို့သည် ကောင်းသောသီလရှိသော ပုဂ္ဂိုလ်အား အဘယ်သို့လျှင် မချီး မွမ်းပဲ ရှိပါမည်နည်း။ ချီးမွမ်းတော်မူကြမည်သာ။

**အပရာမသံ** အပြစ်မရှိသော သီလတို့ကို တဏှာဒိဋ္ဌိ တို့ကလည်းကောင်း၊ တစုံတယောက်က ဤအရာသည် သင်၏သီလတို့၌ အပြစ်တည်းဟု လည်းကောင်း သုံးသပ်ခြင်း စွပ်စွဲခြင်းငှာ မတတ်နိုင်ပေ။

**သမာဓိသံဝတ္တနကံ** သီလသည် ဈာန် မဂ်ဖိုလ်လိုလားသော ပုဂ္ဂိုလ်တို့ အတွက် ဈာန်သမာဓိ၊ မဂ် သမာဓိ၊ ဖိုလ်သမာဓိတို့ကို ရစေနိုင်သော အခြေခံအုတ်မြစ်သဖွယ် ဖြစ်လေတော့သည်။

## သီလာနုဿတိအကျိုး

သီလာနုဿတိ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီသည် သီလသိက္ခာပုဒ်တို့၌ ရိုသေလေးစားခြင်း၊ သီလဝန္တ ပုဂ္ဂိုလ်တို့နှင့် တူမျှသော အသက်မွေးမှုရှိခြင်း၊ ပြုသင့်သော ပဋိသန္ထာရဝတ် တို့၌ မမေ့မလျော့ခြင်း၊ အနုမြူမျှသေးငယ်သော အပြစ်၌လည်း ကြောက်ဖွယ်ဘေးကြီးဟု ရှုလေ့ရှိခြင်း၊ သဒ္ဒါစသည် ပြန့်ပြော ခြင်း၊ နှစ်သိမ့်ဝမ်းမြောက်မှု အဖြစ်များခြင်း၊ မဂ်ဖိုလ်ကို မသိ ကြားသော်လည်း သုဂတိသို့ ရောက်နိုင်ခြင်းတို့ ဖြစ်၏။

---

စပယ်ဦးစာပေ

## ၇။ စာဂါနုဿတိပွားပုံ

မိမိပစ္စည်းကို မပေးရက်လို ဝန်တိုသော မစ္ဆေရ တရားတွေ လွန်စွာပေါများ၍ မိမိစားဖို့၊ ဝတ်ဖို့၊ ကြွားဖို့တို့၌ အထူးအား စိုက်၍နေသော လူအများတို့တွင် ပုန်ကန် သောင်းကျန်းလျက် ရှိသော မစ္ဆေရရန်ကိုနှိမ်နင်းပြီး ဝတ်မှုစားမှုကိုကိုခြိုးခြံ၍ စွန့်ကြဲ ပေးကမ်း လှူဒါန်းရပေမည်။ ထိုသို့ စွန့်ကြဲ ပေးကမ်း လှူဒါန်း ရသည်ကိုပင် အပျော်တမျိုးဟု အထင်ရောက်ရှိ၍ စွန့်ကြဲနိုင်ခြင်း ဂုဏ်ကို အဖန်ဖန် အာရုံပြု၍ ပီတိဖြင့် ပျော်မွေ့နေခြင်းသည် စာဂါနုဿတိ မည်၏။ ထိုစာဂါနုဿတိကို ပွားလိုသော ယောဂီ သည် ယနေ့မှစ၍ အလှူခံပုဂ္ဂိုလ်အား ဆွမ်းတဆုပ် ရေတမှုတ် မျှပင်မလှူပဲ ငါမစားမသောက်တော့ဟု အဓိဋ္ဌာန်ပြု၍ အလှူခံ ပုဂ္ဂိုလ်တို့၌ စွမ်းနိုင်သလောက်လှူပြီးလျှင် ထိုလှူပုံ အချင်းအရာ တို့ကို အောက်မေ့ပြီး အောက်ပါအတိုင်း ဆင်ခြင်ထိုက်၏။

လာဘာ ဝတမေ သုလဒ္ဓံ ဝတမေ၊ ယောဟံ မစ္ဆေရ
မလ ပရိယုဋ္ဌိတာယ ပဇာယ ဝိဂတမလ မစ္ဆေရေန
စေတသာ ဝိဟရာမိ မုတ္တစာဂေါ ပယတပါဏိ
ဝေါသဂ္ဂရတော ယာစယောဂေါ ဒါနသံဝိဘာဂရ
တော။

**လာဘာ ဝတမေ** ပေးလှူသူတို့ ရထိုက်သော အကျိုးသည်
ဧကန်စင်စစ် ငါရမည့် လာဘ်တို့သာ
ဖြစ်၏ဟု အမိပ္ပါယ်ရ၏။ အကျယ်ကား၊ ဆွမ်းလှူသောသူသည် အသက်အဆင်းစသည်တို့ ပေးလှူရာ ရောက်သောကြောင့် နတ်

---

ပြည် လူပြည်၌ဖြစ်သော အသက်ရှည်ခြင်း၊ အဆင်းလှခြင်းတို့ ရပေ၏။ ပေးလှူသူကို အများက ချစ်ခင် ကြည်ညို၏။ များစွာသော သူတော်ကောင်း အပေါင်းတို့သည် ပေးလှူသူကို ချဉ်းကပ်လျက် ချီးမြှောက်ကြကုန်၏။ ထိုပေးလှူသူသည်သူတော်ကောင်းတို့ထုံးတမ်းစဉ်လာ ကျင့်ဝတ်သို့ သက်ရောက်၏- စသည်ဖြင့် ပေးလှူသူ ရထိုက်သော လာဘ်တို့ကို ဗုဒ္ဓက ချီးမွမ်းဖော်ပြတော်မူ၏။ ထိုရမည့်လာဘ်(လာဘ) အကျိုးတို့သည် မချွတ်ကေန် အမှန်စင်စစ် ငါရမည်ဖြစ်၏-တွေး၍ ဝမ်းမြောက်နေခြင်း။

**သုလဒ္ဓံဝတမေ** ငါသည် လူဖြစ်၍ မြတ်စွာဘုရား သာသနာတော်နှင့်တကွတွေ့ရခြင်းသည် ငါ ဘဝကောင်းရခြင်းဖြစ်ပါပေ၏။ ဘာကြောင့် ကောင်းစွာ ရခြင်း ဖြစ်ပါသနည်း ဟု မေးလာသည် ရှိသော် အဖြေကား ယောဟံ မစ္ဆေရမလ ပရိယုဋ္ဌိတာယ ပဇာယဝိဂတ မလမစ္ဆေရေန စေတသာ ဝိဟရာမိ၊ ဝန်တိုမှုအညစ်အကြေးက လွှမ်းမိုးနှိပ်စက်နေသော သတ္တဝါအပေါင်းတို့တွင် မိမိသည် ထိုဝန်တိုမှု အညစ်အကြေးမှ ကင်းသောစိတ်ဖြင့် စွန့်ကြဲပေးကမ်း လှူဒါန်းမှု၌ ပျော်မွေ့လျက်နေရခြင်း။ မုတ္တစာဂေါ၊ ပစ္စည်းကို ငြိတွယ်ခြင်း မရှိပဲ စွန့်ကြဲပေးကမ်းလှူဒါန်းနိုင်ခြင်း။ ပယတပါဏိ၊ လှူဘွယ်ဝတ္ထုကို ရိုရိုသေသေလှူရန် အမြဲမပြတ်ဆေးထားသည့် လက်ရှိခြင်း(လက်ဆေးထားခြင်း)။ ဝေါသဂ္ဂရတော၊ တိုစွန့်ကြဲ ပေးကမ်းခြင်း၌ အမြဲကြောင့်ကျစိုက်သည်၏ အစွမ်းဖြင့် မွေ့လျော်နေရခြင်း။ ယာစယောဂေါ၊ တောင်းတိုင်း တောင်းတိုင်းသော ပစ္စည်းကို ပေးနိုင်ခြင်းကြောင့် တောင်းခံရန် သင့်လျော်သူ

ဖြစ်လျက် နေရခြင်း။ ဒါနသံဝိဘာဂရတော၊ ပေးလှူနေကျ ပေးလှူခြင်း၌လည်းကောင်း၊ တခါတရံ ခွဲခြားဝေဖန်၍ ပေးလှူခြင်း၌လည်းကောင်း မွေ့လျော်နေရခြင်းတို့ကြောင့်ဖြစ်၏။

မနုဿတ္တံ သုလဒ္ဓံ မေ ယျာဟံ စာဂေ သဒါရတော
မစ္ဆေရ ပရိယုဋ္ဌာယ ပဇာယ ဝိဂတော တတော။

ယျာဟံ ယောဟံ၊ သံသရာနောင်ရေး မြော်ခေါ်ငါတွေး၍ လေးလေးပင်ပင် ဆင်ခြင်လေ့လာ အကြင်ငါသည်။ မစ္ဆေရ ပရိယုဋ္ဌာယ၊ မပေးရက်လို သဝန်တိုသဖြင့်၊ ထိုထိုဒါန ဟူသမျှ၌ မစ္ဆေရရန် ပုန်ကန်သောင်းကျန်းလျက် ရှိသော။ပဇာယ၊ ဝတ်မှု စားမှု အကြွားမှုတို့၌ အားပြုင့်ခဲ့စောင်း လူအပေါင်း တွင်။ တတော၊ ထိုထိုဒါန မစ္ဆေရဟု ထကြွပုန်ကန် သူပုန်ရန်မှ။ ဝိဂတော၊ ရှေးဝါသနာ အထုံပါသဖြင့် ကောင်းစွာလွတ်ကင်း သန့်ရှင်းသည်ဖြစ်၍။ စာဂေ၊ စွန့်ကြဲဝေငှလှူဒါန်း၍နေရခြင်း၌။ သဒါရတော။ ကိုယ်တွက်ခြိုးခြံ ပင်ပန်းခံ၍ အမှန်မွေ့လျော် အပျော်ကြီး ပျော်နိုင်ပေပြီ။ တဿမေ၊ ဒါနစာဂီ ပါရမီဖြင့် သာကြည်မွေ့လျော် ထိုကဲ့သို့ ပျော်နိုင်သော ငါသည်။မနုဿတ္တံ၊ ပဋိရူပ ဤဒေသ၌ဖြစ်ရစင်စစ် လူအဖြစ်ကို၊ သုလဒ္ဓံဝတ၊ သံသရာ နောင်ရေး မြော်ခေါ်တွေးက မြေရှင်ပျော် သြော်-အရ တော် လေစွတကား။

(သင်္ဂြိုဟ်ဘာသာဋီကာ)

ဝပယ်ဦးဓာပေ

## စာဂါနုဿတိအကျိုး

စာဂါနုဿတိ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီသည် စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း၌ အတိုင်းထက်အလွန် စိတ်ညွတ်ခြင်း၊ အလှူခံပုဂ္ဂိုလ်တို့၌ ချမ်းသာစေလိုသော စိတ်၏အစွမ်းဖြင့် မေတ္တာဘာဝနာအား လျော်သော အမူကို ပြုလေ့ရှိခြင်း၊ ရှုံ့ရှာ ကင်းလျက် ရဲရင့်ခြင်း၊ နှစ်သိမ့် ဝမ်းမြောက်မှုများ ဖြစ်ခြင်း၊ မဂ်တရား၊ ဖိုလ်တရားထူးတို့ကို တိုက်ရိုက်မရသော်လည်း အခြေခံ ရခြင်း၊ သုဂတိသို့လားရခြင်းတို့ ဖြစ်၏။

**စာဂစွန့်ပယ်လျှင် ဖြစ်ဖွယ်အပြစ်**

ထိုသို့ အကျိုးကြီးမားသော စာဂကို ပစ်ပယ်လျှင် တယောက်နှင့် တယောက် စွန့်ကြဲ ပေးကမ်းခြင်း မရှိရတော့ကား ကူညီရိုင်းပင်းမှု၊ ချစ်ခင်မှု၊ ညာတာမှု၊ မေတ္တာကရုဏာ စိတ်များလည်း ရှိတော့မည် မဟုတ်။ ထိုမေတ္တာကရုဏာ စိတ်များမရှိကြတော့လျှင် တယောက်နှင့်တယောက်၊ တပြည်နှင့်တပြည်၊ တပါတီနှင့် တပါတီ တို့လည်း သင့်မြတ်မှုမရှိနိုင်။ ထိုသို့ သင့်မြတ်မှုမရှိလျှင် သွေးချောင်းစီးဖွယ်သာ ရှိတော့၏။

ဆက်ပါဦးမည်။ ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူရန်အတွက် ရှေးဦးစွာ ဒါနပါရမီကို ဖြည့်ကျင့်တော်မူရ၏။ ဘုရားရှင်အဖြစ်သို့ ရောက်တော်မူပြီးနောက်လည်း စာဂသမားတို့၏ အကူအညီဖြင့် သစ္စာလေးပါး တရားတို့ကို ဟောတော်မူ၍ သာသနာတော်ကို ချဲ့ထွင်တည်ထောင်တော် မူ၏။ စာဂရှင် မရှိပါလျှင် (၀ါ)

စာဂကို ပစ်ပယ်ထားပါလျှင် လူချမ်းသာ၊ နတ်ချမ်းသာမှစ၍ နိဗ္ဗာန်ချမ်းသာအထိ ရောက်နိုင်သော နည်းလမ်းကောင်းတို့ကို ဖော်ပြ ညွှန်ပြနေသောဓမ္မက္ခန္ဓာဘာရားဟုခေါ်ဆိုရသည့်ပိဋကတ်စာပေများလည်း ယခုချိန်ထိ ရှိကြတော့မည်မဟုတ်ပါ။

ဒါနတရား၊ အစဉ်ပွား၊ လူများချမ်းသာမည်။
ဒါနကြောင်းပြု မေတ္တာစု၊ လူထုဖြစ်ကြသည်။
ဒါနပယ်လျှင်၊ မေတ္တာရှင်၊ မှန်ပင်ပျောက်ပေမည်။
ဒါနရှင်ပျောက်၊ မေတ္တာပျောက်၊ သွေးပေါက်ချောင်းစီးမည်။
ဒါနတရား၊ မူလထား၊ ဘုရားဖြစ်ရသည်။
ဒါနကိုသာ၊ အားထားကာ၊ သစ္စာဟောပြသည်။
သစ္စာသိရ၊ ဝေနေယျ၊ ဒုက္ခငြိမ်းပြီ။

**အရာအထောင် ကုန်မှ စာဂမဟုတ်** အချို့သူတို့က ငွေပေါင်းမြောက်မြားစွာ ကုန်ကျခံ၍ အိမ်ရှေ့မှာ မဏ္ဍပ်ကနားကြီးများ ဆောက်ပြီး အလှူပေးမှသာ စာဂဖြစ်သည်။ ဒါနဖြစ်သည်ဟု ထင်မှတ်နေကြ၏။အမှန်ကား ထိုသို့ပြုလုပ်မှစာဂဖြစ်သည်မဟုတ်ပါ။ မိမိနှင့်မဘော်သော အဝတ်ကလေးများကို ပစ်စလက်ခတ်ထားမည့်အစား ဖွပ်လျှော်တရိတသေ သိမ်းထားပြီးလျှင် မရှိဆင်းရဲသောပုဂ္ဂိုလ်များကိုတွေ့သောအခါ "ဒီမှာကိုယ့်လူဟောဒီအဝတ်လေး မင်းတို့အိမ်ယူသွားပြီး ဒီအဝတ်နဲ့တော်တဲ့သူကို ပေးလိုက်

နော်၊ မင်းတော်လဲ မင်းဝတ်လိုက်ပေါ့”စသည်ဖြင့် မေတ္တာ ကရုဏာအပြည့်အဝနှင့် အစ်ကိုအရွယ်ဖြစ်လျှင် အစ်ကို၊ အစ်မ အရွယ်ဖြစ်လျှင် အစ်မ စသည်ဖြင့် ယဉ်ယဉ်ကျေးကျေး ခေါ်၍ ပေးလျှင်လည်း စာဂပင် ဖြစ်ပါ၏။

တခါတရံ မရှိဆင်းရဲ ရှားပါးသော အဖိုးကြီး အဖွားကြီး များ မုန့်ဖြစ်စေ အကြော်ဖြစ်စေ ဝယ်စားနေသည်တို့ကို တွေ့ရ တတ်ပါ၏။ ထိုအခါ မိမိကဝင်၍ “အဖိုး အခု အဖိုးဝယ်စား နေတဲ့မုန့်ဖိုးကို ကျနော်ကပေးလိုက်ပါမယ်၊အဖိုးက မပေးပါနဲ့၊ အဖွားက မပေးပါနဲ့၊ ဝအောင်သာ စားပါ” စသည်ဖြင့် ရိုရို သေသေ လေးလေးစားစား ပြောဆို၍ ပေးကမ်းလျှင်လည်း တန်ဖိုးမပြတ်နိုင်သော စာဂပင်ဖြစ်ပါ၏။ ထိုသို့ မရှိဆင်းရဲသော ပုဂ္ဂိုလ်တို့၏အပေါ်၌ စွန့်ကြဲပေးကမ်းလိုက်လျှင် သူတို့မှာလည်း လွန်စွာဝမ်းသာ၍ မိမိမှာလည်း အလိုလို ရွှင်လန်းဝမ်းမြောက် ချမ်းသာရောက်နေပါလိမ့်မည်။

**မတရားသော စာဂနည်း** အသိပညာနှင့်မယှဉ်ပဲ စာဂဒါနပြုကြ ခြင်းမှာအလွန်ကြောက်စရာကောင်း၏။

တခါက ဘုန်းကြီးတို့ရွာမှာ အခြေမရှိပဲ ကြွားဝါတတ်သူ တယောက် အလှူပေးဖူး၏။ သူ့အလှူမှာ အလှူရက်သတ်ပြီးစက ဝယ်ထားသော ဝက်များကို သတ်၍ ကျွေး၏။ ဇာတ်ကြီးလည်းပါသဖြင့် လာကြသောပရိသတ်တို့မှာ အလွန်ပေါမျာလှ၏။ သို့အတွက်ကြောင့်လည်း သူ့အလှူမှာ ငွေအတော်များများ ကုန်သွားလေသည်။ ထိုငွေတို့မှာလည်း ကိုယ်ပိုင်ငွေများ မဟုတ်ကြသဖြင့် အလှူပြီး၍ နှစ်ရက်သုံးရက်မျှ

ကြွာလျှင် ရှိသမျှ လှည်းနွားနှင့် လယ်ယာမြေတို့ကိုရောင်းချ၍ ကြွေးဆပ်ရရှာလေတော့သည်။ ဤသို့ သူတပါးအသက်ကို သတ်ဖြတ်ကျေးမွေး၍ ပွဲကြီးဇာတ်ကြီးနှင့် ကြွားဝါလိုသော စိတ်ဖြင့် ပြုလုပ်သော စာဂဒါနသည် သူယုတ်မာတို့၏ ချီးမွမ်းမှုကို ခံရမည်ဖြစ်သော်လည်း သေခါနီးအခါ၌ ထိုအလှူအာရုံ ထင်လာပါက အဘယ်သို့သွားရပါမည်နည်း။

ရှိပါသေးသည်။ ကျေးရွာမှာ ရပ်ကွက်မှာ ခေါင်းဆောင်နေသော ပညာမဲ့လူတစုက ဗုဒ္ဓကိုပူဇော်ပွဲ(ဝါ) ဘုရားပွဲဟူ၍ ဗုဒ္ဓကို ခေါင်းတပ်ပြီး နွား ဝက် ကြက်စသော တိရစ္ဆာန်တို့ကို သတ်ဖြတ်ကာ အခြား ရွာမှ ရောက်လာသော သူငယ်ချင်းမိတ်ဆွေတစုနှင့် ရက်ရက်စက်စက် စားသောက်ကြ၏။ ပွဲဇာတ်သဘင်တို့ကို ငှား၍လည်း ပျော်လိုက် ပါးလိုက်ကြသေး၏။

အကယ်၍ ဗုဒ္ဓသာ ယခုအချိန်အထိ သက်တော်ထင်ရှားရှိနေပါမူ၊ ထိုလှူဒါန်းပေးကမ်းပူဇော်နည်းတို့ကို နှစ်သက်တော်မူမည် မဟုတ်ပါ၊ ထိုသူတို့ကား ငါတို့ဗုဒ္ဓကို ခေါင်းတပ်၍ ငါတို့သာသနာ၏ ဂုဏ်ကို ဖျက်နေကြသူများသာဖြစ်၏။တကယ်ကုသိုလ်လိုချင်၍ တကယ် ပူဇော်လိုလျှင်ကား ထို ကုန်ကျမည့် ဘုရားပွဲစရိတ်တို့ကို စုပေါင်း၍ ဘာသာရေးဆိုင်ရာ စေတီပုထိုးတို့နှင့် ဘုန်းတော်ကြီးကျောင်း၊ ကျေးရွာ စာသင်ကျောင်း၊ ဆေးပေးခန်း၊ စာကြည့်တိုက်တို့ကို ပြုပြင်သင့်သည် မဟုတ်ပါလား၊ ဗုဒ္ဓပွဲတော်အထိမ်းအမှတ်ဖြင့် နှစ်စဉ်ရက်မှန် ပူဇော်လိုလျှင်လည်း ဆီမီး လျှပ်စစ်မီးများ ညှိထွန်း၍ ဝက်သား၊ အမဲသား စသော သားစိမ်း ငါးစိမ်းတို့ မပါသည့် ဆွမ်းတော်ကြီးပွဲများကို ပြင်ကာ အမျိုးသားအဖွဲ့နှင့် အမျိုးသမီး အဖွဲ့တို့က

ဓမ္မစကြာ၊ အနတ္တလက္ခဏသုတ် စသောတရားတော်တို့ကိုတာလည့်စီ တာလည့်စီ သံပြိုင်ရွတ်ဆို၍ (အလွတ်မရလျှင်လည်း ၂စာအုပ်ကို ကြည့်၍)ရွတ်ဆိုပူဇော်လိုက်ကြမူကား အလှန်ပျော်စရာလည်း ကောင်း၍ ကုသိုလ်သည်း အလွန် ရလိုက်ကြမည်သာ။ ထိုသို့ ကောင်းသော စာဂနည်း ဒါနနည်းအဆင့်သို့ ရောက်နိုင်ဖို့ရန် မှာလည်း ကျေးရွာကို သာယာစေလိုသော ကျေးရွာ လူကြီး လူကောင်းတို့နှင့် ဒါယကာ ဒါယိကာမ အပေါင်းတို့ အကုန် အကျနည်းစေ၍ ကုသိုလ်များများရစေလိုသောဘုန်းတော်ကြီး ကောင်းကောင်းရှိဖို့ကသည်း လိုလှပေသည်။

**စာဂသည် သံသရာကို ရှည်စေသလော**

စာဂသည်(ဝါ)စွန့်ကြဲပေးကမ်းလှူဒါန်းခြင်းသည် သံသရာကိုရှည်စေ၏ဟု အချို့ အယူသည်း ကြသည်။ ထိုဝါဒသည် စာဂဒါနပြုစဉ်က သံသရာဝဋ်မှ ကျွတ်လွတ်ဖို့မမြော်ပဲ၊ သံသရာ ဝဋ်အတွင်း၌ ခံစားဖို့ကိုသာ မြော်ကိုးတောင့်တနေသော ဝဋ္ဋနိဿိတ စာဂသမားအဖို့ကားမှန်ပေ၏။ ဝဋ်မှကင်းရန် နိဗ္ဗာန်ကိုရည်မှန်းလျက် စွန့်ကြဲပေးကမ်းလှူဒါန်းသော ဝိဝဋ္ဋနိဿိတ စာဂသမားအဖို့ကား လုံးဝ မမှန်ပေ။ ဝိဝဋ္ဋနိဿိတမှုန်က သံသရာမှ ထွက်မြောက်အောင်ပင် ရည်ရွယ်ရင်း ဆုကို ပြည့်စေလွယ်ပါသည်။ အချုပ်အားဖြင့် လူချမ်းသာ နတ်ချမ်းသာကို လိုချင်တပ်မက်သော လောဘတဏှာ၊ငါလှူနိုင်သည် စွန့်ကြဲနိုင်သည်ဟူသော တက်ကြွထောင်လွှားမှု မာနတရားတို့နှင့် ရောရောပြွမ်းပြွမ်း စွန့်ကြဲသောစာဂဒါနတို့သည် သံသရာကို ရှည်စေ၍ နိဗ္ဗာန်သို့ တကယ်ရောက်လိုသောစိတ်ဖြင့်

နိဗ္ဗာန်ကိုတောင့်တ၍ စွန့်ကြဲသော စာဂဒါနတို့သည် သံသရာကို မရှည်စေဟု သိထားရပေမည်။

စာဂဆိုတာ သံသရာ မရှည်ပါ
ရှည်အောင်လုပ်လို့ ရှည်နေကြတာ။
တဏှာ မာန ဒိဋ္ဌိယှဉ်ကာ
ပြုကြလျှင်တော့ကွာ
သံသရာဘလွှား ရှည်ကြရအုံးမှာ။

## ၆။ ဒေဝတာနုဿတိပွားပုံ

ဒေဝတာနုဿတိကို ပွားလိုသော ယောဂီသည် စတုမဟာ တာဝတိံသာ၊ ယာမာ၊ တုသိတာ၊ နိမ္မာနရတိ၊ ပရနိမ္မိတ၊ ဝသဝတ္တိ၊ နတ်ပြည်တို့၌ နေကြသော နတ်အပေါင်းတို့သည် လူ့ပြည်တုန်းက သဒ္ဓါ သီလ သုတ စာဂ ပညာ ဟိရိ ဩတ္တပ္ပ ဟူသော သူတော်ကောင်းတရားတို့နှင့် ပြည့်စုံသောကြောင့် ဘဝ သစ်သို့ ကူးပြောင်းသည့်အခါ ထိုနတ်စည်းစိမ်တို့ကို ချမ်းသာစွာ ခံစားကြရပေသည်။ ထိုသူတော်ကောင်းတရားတွေသည် ငါ့မှာ လည်း ရှိပေ၏ဟု နတ်တို့ကို သက်သေပြုရာ၌ ထား၍ မိမိ၏ သဒ္ဓါစသော ဂုဏ်တို့ကို အဖန်ဖန်တလဲလဲ အောက်မေ့ ဆင်ခြင် ရသည်။ တခါတရံ ဥဒါန်းကျူးသောအားဖြင့် အောက်ပါ ဂါထာကိုလည်း ရွတ်ဆို၍ ပွားများနိုင်ပါသည်။

---

ယေဟိ သဒ္ဓါ ဂုဏေဟိ
ဒေဝတာ ဒေဝတ္တံ ဂတာ
မယှံပိ တေ သံဝိဇ္ဇန္တိ
အဟော မေ ဂုဏဝန္တတာ။

ဒေဝတာ၊ စတုမဟာ ဝတ်ိသာနှင့် နတ်ရွာခြောက်လီ ပြဟ္မာပြည်ဝယ် ကိုယ်စီစံစား နတ်ပြဟ္မာအများတို့သည်။ ယေဟိ သဒ္ဓါဒိ ဂုဏေဟိ၊ သဒ္ဓါသီလ များသုဘနှင့် စာဂပညာ စဉ်လာ ပြည့်စုံ အကြင်ကျေးဇူးဂုဏ်တို့ကြောင့်။ ဒေဝတ္တံ၊ ရောဂါမကပ် ဥပါဒ်မတွယ် စားသောက်ဖွယ်ရေး ဝတ်ဆင်ရေးနှင့် မင်းဘေး စိုးတာ ကင်းစင်ကွာလတ် ပြဟ္မာနတ်၏အဖြစ်သို့။ ဂတာ၊ ဤလူ့ပြည်မှ စုတေကြလျှင် ခဏမနေ ကပ်ရောက်ကြရလေကုန်ပြီ။ တေဂုဏာ၊ နတ်ပြဟ္မာနန်း ကပ်ခါမြန်းဖို့ အစွမ်းလောက်လုံ ထိုကျေးဇူးဂုဏ်တို့သည်။ မယှံပိ၊ ဘုရားအကြိုက် တရားလိုက်၍ အားစိုက်နှစ်လို ဤငါ့ကိုယ်မှာလည်း။ သံဝိဇ္ဇန္တိ၊ အမြဲမပြတ် သတိချပ်သဖြင့် မလပ်ပုံသေ ရှိကြပေကုန်၏။ မေ၊ ငါ၏။ ဂုဏဝန္တတာ၊ သဒ္ဓါ သီလ များသုတနှင့် စာဂပညာ စဉ်လာ လောက်လုံ ဂုဏ်ပေါင်းစုံသူ၏ အဖြစ်သည်။ အဟောဝတ၊ ဘမ္ဘလွန်အရေး၊ ကြံတိုင်းအေးဖို့၊ လေးလေးပင်ပင်၊ အစဉ်မျိုးမှန်၊ ခြော်....အဖိုးတန်လေစွတကား။

(သဂ္ဂြိုဟ်ဘာသာဋီကာ)

## ဒေဝတာနုဿတိ အကျိုး

ဒေဝတာနုဿတိကို ပွားများသော ယောဂီသည် နတ်တို့၏ ချစ်ခြင်း၊ ကြည်ညိုခြင်း၊ မြတ်နိုးခြင်းကို ခံရ၏။ ကာယဝက် မာယာ စသည် ကင်းသောစိတ်ရှိ၏။ သဒ္ဓါစသည်တို့၏ ပြန့်ပြော ခြင်းသို့ရောက်၏။ နှစ်သိမ့်ဝမ်းမြောက်မှု ဖြစ်ခြင်းများ၏၊ မဂ် တရားတို့ကို ထိုးထွင်း၍ မသိငြားသော်လည်း ကောင်းရာသုဂတိ သို့ လားရခြင်းတို့ဖြစ်၏။

## ၇။ မရဏာနုဿတိပွားပုံ

ကာလမရဏ၊ ကောင်းမှုကံကုန်ခြင်းကြောင့် လည်းကောင်း၊ သက်တမ်းကုန်ခြင်းကြောင့် လည်းကောင်း၊ ထိုနှစ်ပါးလုံး ပြတ်စဲ ခြင်းကြောင့်လည်းကောင်း၊ သေရခြင်း အကာလမရဏ ကောင်း မှုကံလည်း မကုန်၊ သက်တမ်းလည်း မကုန်သေးပဲ မိမိကိုယ်တိုင် သေကြောင်းကြံ၍သော် လည်းကောင်း၊ သူတပါးက သတ်၍ သော်လည်းကောင်း သေရခြင်း၊ ထိုသေရခြင်း အမျိုးမျိုးတို့တွင် တခုခုသောသေခြင်းဖြင့် ငါသည် တနေ့နေ့၌ သေရလိမ့်မည်ဟု အဖန်ဖန် အောက်မေ့ နေခြင်းသည် 'မရဏာနုဿတိ' မည်၏။

## သံဝေဖြစ်ဖွယ်အသွယ်သွယ်

**နေ့စဉ် သေမင်းထံ သို့ချီတက်နေ ရသည်** မှိုင်းသည် ဦးထိပ်ဖြင့် မြေမှုန့်ကိုယူလျက် အထက်သို့ ပေါ်လာသကဲ့ သတ္တဝါတို့ သည် အိုခြင်း သေခြင်းကို ယူလျက်သာ ဘဝသစ် ဖြစ်လာ ကုန်၏။ ထိုစကား

သင့်စွ၊ သတ္တဝါတို့၏ ပဋိသန္ဓေစိတ်သည် ဖြစ်ခိုက် (ဥပါဒ်ခဏ) ၏ အခြားမဲ့၌ ဌီဟုဆိုအပ်သော အိုရင့်ခြင်းသို့ ရောက်ပြီးလျှင် ယှဉ်ဘက်ခန္ဓာတို့နှင့်တကွ ပျက်စီးသွား၏။ ထိုကြောင့် ခဏိက မရဏဟု ဆိုအပ်သော စိတ်၏ခဏ ရုပ်၏ခဏနှင့် ဆိုင်သော သေခြင်းသည် ဇာတိနှင့်အတူတကွ ပါလာခဲ့ပေသည်။ ထိုပြင် ဖြစ်လာတိုင်းသော သတ္တဝါသည် မချွတ်ကေန် အမှန်သေရ ခြင်းကြောင့် ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းဟူသော သေခြင်းသည်လည်း ပါလာခဲ့ပြန်၏။

ထိုကြောင့် သတ္တဝါတို့သည် ပဋိသန္ဓေဖြစ်ရာ ကာလမှစ၍ (ထွက်ပြီးသောနေသည် နောက်သို့ ပြန်နစ်ခြင်းမရှိပဲ ရှေ့သို့သာ တိုး၍ သွားသကဲ့သို့လည်းကောင်း၊ အဟုန်ပြင်းစွာ စီးဆင်းနေသော တောင်ကျရေသည်လည်း နောက်သို့ ပြန်လည်ခြင်းမရှိပဲ ရှေ့သို့သာတိုး၍ စီးသွားဘိသကဲ့သို့ လည်းကောင်း) သေခြင်းသို့ ရှေ့ရှုလျက် ချီတက်နေရ၏။ ထိုကြောင့် ဗုဒ္ဓမြတ်စွာက—

> "အကြင်သတ္တဝါသည် တခုသောအချိန်တွင် ရှေးဦးစွာ အမိဝမ်း၌ ပဋိသန္ဓေဘည်လျက် နေ၏။ ထိုသတ္တဝါသည် ပဋိသန္ဓေ တည်ချိန်မှစ၍ သေမင်း၏အထံသို့ ချီတက်လျက်သာလျှင် သွားနေရ၏။ ဤသို့တသွားတည်း သွားနေရသော သတ္တဝါသည် တခဏမျှ သော်လည်း နောက်သို့ပြန်မဆုတ်ပေ"

ဟု မိန့်တော်မူလေသည်။

**ဖြစ်တာမှန်သမျှ** လောကဥပြည့်စုံခြင်းသမ္ပတ္တိမည်သည်မှာ **ပျက်မှာချည့်ပဲ** ပျက်စီးခြင်း ဝိပ္ပတ္တိက မလွှမ်းမိုးမီအတွင်း၌သာ တင့်တယ်၏။ ကောင်းမြတ်၍ ပျက်စီးခြင်းကို ကျော်လွှန်နိုင်သော အရာသည်လည်း နိဗ္ဗာန်မှတပါး ဘာမျှမရှိ၊ ထို့ကြောင့်ပင် ဇမ္ဗူဒိပ်ခေါ် အိန္ဒိယနိုင်ငံကြီးကို အုပ်စိုးလျက် နတ်စည်းစိမ်တမျှ ခံစား သုံးဆောင်နေရသော အသောကမင်းသည် ကုဋေဘရာသော ဥစ္စာတို့ကို ပေးလှူပြီးလျှင် နောက်ဆုံးကာလ၌ ဇီးဖြူသီး တခြမ်းမျှသာ အစိုးရသော မင်းအဖြစ်သို့ ရောက်၍သေရရှာလေသည်။

**သတ္တဝါတို့သည်** အလုံးစုံသော အနာကင်းခြင်း ကျန်းမာ **သေခြင်းသာအဆုံးရှိ၏** ခြင်းသည် နာခြင်းအဆုံးရှိ၏။ အလုံးစုံသော ပျိုမျစ်နုနယ် အရွယ်ကောင်းခြင်းသည် အိုခြင်းအဆုံးရှိ၏။ အလုံးစုံသော အသက်ရှည်ခြင်းသည် သေခြင်း အဆုံးရှိ၏။ တဏှာတို့ဖြင့် ဖွဲ့စည်းထားသော သတ္တဝါအပေါင်းကို ဘဝအသစ်ဖြစ်ခြင်းက အစဉ်လိုက်လာ၏။ အိုခြင်းက ပူးဝင်လျက်ရှိ၏။ နာခြင်းက လွှမ်းမိုးနှိပ်စက်၏။ သေခြင်းက ပြင်းစွာပုတ်ခတ်ရိုက်သတ်လျက်ရှိ၏။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာက-

“မိုးကောင်းကင်ကို ထိလျက် အလွန်မြင့်မားသော ကျောက်တောင်ကြီးတို့သည် ပတ်ဝန်းကျင် အရပ်လေးမျက်နှာမှ ရှိသမျှအရာဝတ္ထုတို့ကိုကြိတ်ချေလျက် လိမ့်၍ လိမ့်၍ လာကုန်သကဲ့သို့၊ အိုခြင်းနှင့် သေခြင်းတို့သည် မျက်နှာလိုက်ခြင်းမရှိပဲ မင်းတို့ကိုလည်းကောင်း၊ ပုဏ္ဏားတို့ကိုလည်းကောင်း၊ သူကြွယ်တို့ကိုလည်းကောင်း၊ သူ

ဆင်းရဲတို့ကို လည်းကောင်း၊ ဒွန်းစဏ္ဍားပန်းမှိုက်သွန်တို့ကိုလည်းကောင်း၊လွမ်းမိုးနှိပ်စက်ကုန်၏။တစုံတယောက်ကိုမျှ မရှောင်မချန် အားလုံးကိုပင် ဖိနှိပ်ကြိတ်ချေ၏" ဟု မိန့်တော်မူလေသည်။

**အခြံအရံများသူလည်း သေရသည်** သေမင်းသည် များသော အကျော်အစော အခြံအရံရှိ၍ စည်းစိမ်ဥစ္စာ ယာဉ်ရထား ပေါများသော မဟာသမ္မတမင်း မန္ဓာတ်မင်း၊ မဟာသုဒဿနမင်း၊ ဒဠှနေမိမင်း၊ နေမိမင်းစသော မင်းတို့၏အပေါ်၌ ရှုံရှာခြင်းကင်း၍ ရဲရဲတင်းတင်း ကျဆင်းသေး၏။ငါတို့၏အပေါ်၌ကား အဘယ်မှာ မကျရောက်ပဲ ရှိပါချေမည်နည်း။

**ဘုန်းတန်ခိုးကြီးသော်လည်း သေရသည်** လောက၌ ဘုန်းကံကြီးမားသူဟု ထင်ရှားကျော်စော ကြသော ဇောတိကသူဌေးကြီး၊ ဇဋိလသူဌေးကြီး မေဏ္ဍကသူဌေးကြီး၊ ပုဏ္ဏသူဌေး၊ ဥဂ္ဂါသူကြွယ် အစရှိကုန်သော သူဌေးသူကြွယ်တို့သည်သေခြင်းသို့ ရောက်ကြရလေကုန်ပြီ၊ ငါတို့သည်ကား အဘယ်မှာမရောက်ပဲ နေပါမည်နည်း။

**ခွန်အားကြီးသူလည်း သေရသည်** လောက၌ ခွန်အားဗလနှင့်ပြည့်စုံသူဟု ထင်ရှားကုန်သော ဝါသုဒေဝ၊ ဗလဒေဝ၊ဘီမသေန၊ယုဓိဋ္ဌိလ(မဟာဘူရတာကျမ်း၌ယုဓိဋ္ဌိရဟု၊ ရ-နှင့်ပင်ရှိသည်) စာနုရော အစရှိသော သူရဲကောင်းကြီးတို့သည် သေမင်း၏နိုင်ငံသို့ လိုက်ကြရလေကုန်ပြီ၊ ငါတို့သည်ကား အဘယ်မှာ မလိုက်ပဲ နေရပါအံ့နည်း။

**ပညာကြီးသူလည်း**
**သေရမည်**

လောက၌ မြတ်စွာဘုရားမှတပါးအခြားကုန်သော သတ္တဝါတို့သည် ရှိကုန်၏။ ထိုရှိသမျှ သတ္တဝါ အားလုံး၏ ပညာသည် အရှင်သာရိ ပုတ္တရာ ပညာ၏ တဆယ့်ခြောက်စိတ်တစိတ်ကိုမျှ (ဝါ) နှစ်ရာ့ငါးဆယ်ခြောက်စိတ် တစိတ်ကိုမျှ မမှီချေ။ ဤသို့ ဉာဏ်ပညာကြီးတော်မူ၍ လကျ်ာရံ ပထမအဂ္ဂသာဝက ဖြစ်တော်မူသော အရှင်သာရိပုတ္တရာသော်မှလည်း သေမင်းနိုင်ငံသို့ ရောက်ရတုံသေး၏။ ငါတို့သည်ကား အဘယ်မှာ မရောက်ပဲ ရှိပါမည်နည်း။

**ပစ္စေကဗုဒ္ဓာ**
**အရှင်မြတ်တို့လည်း**
**သေမင်းလက်မှ**
**မလွတ်နိုင်**

မိမိ ဉာဏ်နှင့် ဝီရိယနှင့် အလုံးစုံသော ကိလေသာရန်သူတို့ကို ချေမှုန်းပယ်ဖျက်တော်မူကြလျက် ပစ္စေကဗောဓိဉာဏ်သို့ ရောက်တော်မူကြကုန်သော တပါးတည်းသာ နေလေ့ရှိသဖြင့် တချောင်းတည်းသာပေါက်သည့် ကြံ့ချိုနှင့်လည်း တူတော်မူကြကုန်သော ကိုယ်ပိုင်ဉာဏ်ဖြင့် သစ္စာကို သိတော်မူကြသဖြင့် သယမ္ဘူလည်း မည်တော်မူကြကုန်သော ပစ္စေကဗုဒ္ဓာအရှင်မြတ်တို့သည် အကြင်မျှလောက်ရှိကုန်၏။ ထိုမျှလောက် ရှိတော်မူကြကုန်သော အရှင်ပစ္စေက ဗုဒ္ဓာတို့သည်လည်း သေမင်းလက်မှ လွတ်တော်မမူကြ။ ငါတို့သည်ကား အဘယ်မှာ လွတ်ပါမည်နည်း။

**ဗုဒ္ဓမြတ်စွာလည်း**
**ပရိနိဗ္ဗာန်စံရ**

လက္ခဏာတော် ကြီးငယ် အသွယ်သွယ်တို့ဖြင့် ဆန်းကြယ်သော ကိုယ် ရှိတော်မူ၍ ဖြူစင်သော သီလဂုဏ် သမာဓိဂုဏ်

တို့နှင့် ပြည့်စုံတော်မူသော အလုံးစုံသော ကိလေသာတို့မှ ဝေးကွာတော်မူ၍ နတ်လူပြဟ္မာ သတ္တဝါတို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရား သခင် သည်လည်း သေခြင်း သဘောတရားကို လွန်ဆန်တော်မမူနိုင်သဖြင့် ပရိနိဗ္ဗာန် စံတော်မူသွားရလေပြီ။ ငါတို့သည်ကား အဘယ်သို့လျှင် သေခြင်း သဘောတရားကို လွန်ဆန်နိုင်ပါမည်နည်း။

**သေနိုင်စရာ အကြောင်းတွေ** ငါသည် မြေ့အစရှိသော သတ္တဝါတို့ ကိုက်ခြင်း ကြောင့် လည်း သေနိုင်၏။ အခြားသောရန်သူတို့က သတ်ဖြတ်ခြင်း ကြောင့်လည်း သေနိုင်၏။ ချော်လဲ၍လည်း သေနိုင်၏။ အစားဖောက်ပြန်၍လည်း သေနိုင်၏။ သည်းချေပျက်၍လည်း သေနိုင်၏။ သလိပ်ပျက်၍လည်းသေနိုင်၏။ လေဖြတ်၍လည်းသေနိုင်၏။ ဓာတ်ချောက်ချား၍လည်းသေနိုင်၏။ ပစ်ကွင်း၌ စိုက်ထားသော ပစ်မှတ်တိုင်၌ အလုံးစုံသော အရပ်တို့မှ လာကုန်သော မြှား လှံ ခက်ရင်း ကျောက် စသော သက်နက်တို့သည် ကျရောက်ကုန် သကဲ့သို့ ငါ၏ခန္ဓာကိုယ်၌ အလုံးစုံသော သေခြင်း အမျိုးမျိုး တို့သည် ကျရောက်ကုန်ကြလိမ့်တကား။

**အားနည်းသော အသက်** အသက်သည် ထွက်လေဝင်လေတို့ မဖြစ်ရှိမှုနှင့်လည်း သေရ၏။ တပါးပါးသော ဣရိယာ လွန်ကဲခြင်းကြောင့်လည်း သေရ၏။ အအေးက လွှမ်းမိုးလျှင်လည်း သေရ၏။ အပူက လွှမ်းမိုးလျှင်လည်း သေရ၏။ သင့်လျော်သော အာဟာရကို မရရှိမှုဖြင့်လည်း သေရလေသည်။ အသက်သည် အားနည်းလေစွ။

"လောက၌ သေမင်းသည် အမြဲ လှမ်းမိုးနှိပ်စက်နေ အပ်ပါလျက် အဘယ်ကြောင့် သားသမီး ဥစ္စာတို့ဖြင့် ယစ်မူးမေ့လျော့လျက် ကာမဂုဏ်တို့၌ တပ်မက်တွယ်တာ နေရပါသနည်း။ သင် တပ်မက်တွယ်တာနေသော အရာတို့သည် သင်၏နောက်သို့ လိုက်ပါလာလိမ့်မည်မဟုတ်။ သင်ပြုသော ကံတို့သည်သာ လိုက်ပါလာပေလိမ့်မည်။ ထို့ကြောင့် သင်သည် ကောင်းမှုကိုပြုလော့။ ဘာဝနာကို ကြိုးစားလော့"

## မရဏာနုဿတိအကျိုး

မရဏာနုဿတိ ကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီသည် မေ့လျော့ခြင်းမရှိ။ အလုံးစုံသော ဘဝတို့၌ ငြီးငွေ့သော အမှတ်သညာကို ရ၏။ အသက်၌ နှစ်သက်တွယ်တာခြင်း ကင်း၏။ မကောင်းမှုကို ကဲ့ရဲ့လေ့ရှိ၏။ သိုမှီးသိမ်းဆည်းခြင်းနည်း၍ ပစ္စည်းဥစ္စာတို့၌ တပ်မက်မှုအညစ်အကြေးနှင့်တကွ ဝန်တိုမှုပါကင်း၏။ ထိုယောဂီအား အနိစ္စသညာလည်း ရ၏။ ဒုက္ခသညာလည်း ရ၏။ အနတ္တသညာလည်း ရ၏။ သေရမည်ကိုလည်း မကြောက် အသေရဲ၏။ မတွေဝေပဲ သေရ၏။ အမြိုက်နိဗ္ဗာန်ကို အကယ်၍ မရသော်လည်း ခန္ဓာပျက်စီး၍ သေသည်မှ နောက်၌ သုဂတိသို့ ရောက်ရ၏။

## ၈။ ကာယဂတာသတိပွားပုံ

ကာယ သဒ္ဒါသည်၊ အပေါင်းဟူသော အနက်ကို ဟော၏။ ဆံပင်၊ အမွေး စသော ၃၂-ပါးသော အစုအဝေးတို့၏ အပေါင်းဟူလို။ ကာယေ၊ ဆံပင် အစရှိသော အစုအဝေး အပေါင်း၌၊ ဂတာ (အာရုံပြုသောအားဖြင့်) ဖြစ်သော သတိ တည်း။ ကာယဂတာသတိ၊ ဆံအ စရှိသော အ စု အ ဝေး အပေါင်း၌ ဖြစ်သောသတိ။ ဤကာယဂတာသတိ ကမ္မဋ္ဌာန်းကို ဒွတ္တိံသကာရ ကမ္မဋ္ဌာန်းဟု လည်းကောင်း၊ ကောဋ္ဌာ သ ကမ္မဋ္ဌာန်းဟုလည်းကောင်း ခေါ်၏။ ဤကမ္မဋ္ဌာန်းကို ပွားများ လိုသော ယောဂီသည်-

"အတ္ထိဣမသ္မိံကာယေ
ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊
မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊
ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖာသံ၊
အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ၊ မတ္ထလုင်္ဂံ၊
ပိတ္တံ၊ သေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊
အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ"
ဟု ပါဠိလို ဖြစ်စေ....

ဤငါ၏ကိုယ်မှာ....

"ဆံပင်၊ မွေးညှင်း၊ ခြေသည်း လက်သည်း၊ သွား၊
အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊

အညှို၊ နှလုံး၊ အသည်း၊ အမြှေး၊ အပျဉ် (အဖျဉ်း)၊
အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊
ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊
အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊
ကျင်ငယ်”

တို့သာ ရှိကုန်သည်တကားဟု မြန်မာလိုဖြစ်စေ၊ ရွတ်ဆို၍ ပွားများရသည်။ ရွတ်ဆိုခြင်းသည်လည်း နှုတ်ဖြင့် ရွတ်ဆိုခြင်း၊ စိတ်ဖြင့် ရွတ်ဆိုခြင်းဟု နှစ်မျိုးရှိ၏။ ထိုနှစ်မျိုးတို့တွင် နှုတ်ဖြင့် ရွတ်ဆိုခြင်းကို ရှေးဦးစွာပြုရသည်။

**နှုတ်ဖြင့် ရွတ်ဆိုခြင်း** ဤကမ္မဋ္ဌာန်းကိုအားထုတ်သောယောဂီသည် ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ တစော စသည်ဖြင့် ပါဠိလို ဖြစ်စေ၊ ဆံပင် မွေးညှင်း ခြေသည်း လက်သည်း သွား အရေ စသည်ဖြင့် မြန်မာလိုဖြစ်စေ နှုတ်ဖြင့် ရွရွရွတ်ဆိုရသည်။ ဤသို့ ရွတ်ဆိုရာမှာလည်း နှုတ်တက်သလို မြန်မြန်မရွတ်ဆိုရ။ ဆံပင်ဟု ရွတ်ဆိုသည်နှင့်တပြိုင်နက် စိတ်ကလည်း ဆံပင်မှာရောက်လျက် အာရုံပြုနေရမည်။ မွေးညှင်း စသည်တို့ ရွတ်ဆိုရာအခါမှာလည်း ဤနည်းပင်တည်း။

**စိတ်ဖြင့် ရွတ်ခြင်း** နှုတ်ဖြင့် ရွတ်ဆို၍ ၄၂ ကောဋ္ဌာသ အတော် ထင်ရှားလာသော အခါ (နှုတ်ဖြင့်ရွတ်ဆိုသည့်အတိုင်း) စိတ်ဖြင့် မှတ်၍ ထိုဆံပင် စသည်တို့၏ စက်ဆုပ်ရွံရှာ မသတီစရာ ကောင်းပုံတို့ကို စဉ်းစားပါ။ ထိုသို့ စဉ်းစားဖန်များသောအခါ ဆံပင်ကို

အာရုံပြုလိုက်လျှင် ဆံပင်ဒြပ်ပေါ်တွင် စိတ်မနားပဲ ထိုဆံပင်၏ စက်ဆုပ်ရွံရှာဖွယ်ကောင်းပုံတို့ကိုပါ သိမြင်လာပါလိမ့်မည်။ ထို အတိုင်း ကျင်ငယ်၏ စက်ဆုပ်ရွံရှာ မသတီစရာကောင်းပုံအထိ စိတ်ရောက်အောင် မှန်မှန်ကြိုးစားပါ။

## ကောဋ္ဌာသတို့၏ စက်ဆုပ်ဖွယ်ကောင်းပုံ

**ဆံပင်** ဆံပင်သည် အချိုသောသူ၌ မည်းနက်သော အဆင်းရှိ၍ အချို့သော သူ၌ နီကြန့်ကြန့် ဝါကြန့်ကြန့်အဆင်း၊ အဖြူရောင်အဆင်းတို့ ရှိကြ၏။ ပုံသဏ္ဌာန် သည် ပိုးချည်မျှင်နှင့်တူ၏။ ဆံပင်သည် အဆင်းအားဖြင့် လည်း ကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**ခြေသည်း လက်သည်း** ခြေသည်း လက်သည်းသည် အရေအတွက် အားဖြင့် ခြေသည်း ၁၀၊ လက်သည်း ၁၀၊ ပေါင်း ၂၀ ရှိ၏။ ထိုအားလုံးသည် ဝင်းဖြူသော အဆင်း ရှိကုန်၏။ ပုံသဏ္ဌာန်အားဖြင့် ငါး၏ အကြေးသဏ္ဌာန် ရှိ၏။ အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်း ကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း စက်ဆုပ်ဖွယ် ကောင်း၏။

**သွား** သွားသည် အပြည့်အစုံ ပေါက်သူအား ၃၂ ချောင်းရှိ၏။ ထိုအားလုံးသည် ပကတိ အဆင်း အားဖြင့် ဖြူသောအဆင်းရှိ၏။ ယင်းသွားတို့တွင် အောက်သွား

အစဉ်၏ အလယ်၌ရှိသော သွားလေးချောင်းသည် ရှိသံ၌ အစဉ်အတိုင်း စိုက်ထားသော ဗူးစေ့သဏ္ဌာန်ရှိ၏။ ယင်းတို့၏ အစွန်းနှစ်ဖက်၌ရှိသော သွားနှစ်ချောင်းသည် အမြစ်တခုစီရှိ၍ အဖျားစွန်းတခုစီရှိ၏။ စပယ်ငုံသဏ္ဌာန်ရှိ၏။ ယင်းတို့၏ နံပါးနှစ်ဖက်ရှိ သွားနှစ်ချောင်းသည် အမြစ်နှစ်ခုစီရှိ၍ အစွန်းနှစ်ခုစီရှိ၏။ လှည်းထောက်ခွပုံသဏ္ဌာန်ရှိ၏။ ယင်းတို့၏ နံပါးနှစ်ဖက်ရှိ သွားလေးချောင်းတို့သည် အမြစ်သုံးခုစီရှိ၍ အစွန်းသုံးခုစီရှိ၏။ ယင်းတို့၏ နံပါးနှစ်ဖက်ရှိ သွားလေးချောင်းတို့သည် အမြစ်လေးခုစီရှိ၍ အစွန်း လေးခုစီရှိ၏။ အထက်သွား အစဉ်၌လည်း ဤအတူပင် အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**အရေ** အရေထူ၊ အရေပါး ဟူ၍ အရေ နှစ်မျိုးရှိ၏။ အရေပါးသည် အမည်း၊အညို၊အဝါ စသည်ဖြင့် အဆင်းအမျိုးမျိုးရှိ၍ အရေထူ၏အထက်၌ တည်၏။ယင်းအရေပါးကို တကိုယ်လုံးမှခွာ၍ စုလိုက် လုံးလိုက်လျှင် ဇီးစေ့ပမာဏမျှရ၏။ အရေထူကား ဖြူသော အဆင်းရှိ၏။ မီးလောင်ခြင်း စသည်တို့ကြောင့် အရေပါး ပွန်းပဲ့ပျက်စီးရာအခါတို့၌ ထင်ရှား၏။အဆင်းအားဖြင့်လည်းကောင်း၊အနံ့အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း စက်ဆုပ်ကွယ် ကောင်း၏။

**အသား** သုံးရာသောအရိုးတို့ကို လိမ်းကျံကပ်ငြိ၍အရေ၏ အတွင်း၌ တည်သော အသားတည်း။ အဆင်းအားဖြင့် ပေါက်ပွင့်၊ကသစ်ပွင့်များကဲ့သို့ အနီရင့်အဆင်း ရှိ၏။ အသားတစ်ပေါင်း ကိုးရာ(၉၀၀)ရှိသည်ဟု ဆိုကြ၏။ ယင်း

အသားတို့ကို စုပုံ၍ ပစ်ချထားလျှင် ရှုံမြေဆိုင် သဏ္ဌာန် ရှိ၏။ အဆင်းအားဖြင့်လည်းကောင်း၊ အနံ့အားဖြင့် လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့် လည်းကောင်း စက်ဆုပ်ဘွယ်ကောင်း၏။

**အကြော** အကြောမကြီးနှင့်အကြောသေးဟု နှစ်မျိုး ရှိ၍ အရေအတွက်အားဖြင့်ကိုးရာ(၉၀၀)ရှိသတတ်၊ အကြောမကြီး တို့သည် လည်ပင်းမှစ၍ ရှေ့ဘက်မှ ငါးသွယ်၊ နောက်ဘက်မှငါးသွယ်၊ လက်ကောက်ဝတ်မှငါးသွယ်၊ လက်ဝဲဘက်မှ ငါးသွယ်ဖြာလျက် အောက်သို့ သက်ဆင်းကြကုန်၏။ လက်တံ၌လည်း ရှေ့ဘက်မှငါးသွယ်၊ နောက်ဘက်မှငါးသွယ်၊ လက်ျာဘက်မှ ငါးသွယ်၊ လက်ဝဲဘက်မှငါးသွယ်စီ မြွေးယှက်၍ တည်ရှိကြကုန်၏။ ခြေတံတို့၌လည်း ဤနည်းအတိုင်းပင်၊ ဤကား အကြောမကြီး ၆၀ တည်း။ အကြောသေးလေး များသည် တကိုယ်လုံးရှိ အရိုးအသားတို့ကို ဖွဲ့တုတ်မြွေးယှက်လျက် တည်ရှိကြကုန်၏။ ထိုအကြော အားလုံးတို့သည် ဖြူသော အဆင်း ရှိကုန်၏။ အဆင်းအားဖြင့်လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ဖြစ်ရာအရပ်အားဖြင့် လည်းကောင်း စက်ဆုပ်ဘွယ်ကောင်း၏။

**အရိုး** လက်ရိုး ၆၄ ခု၊ ခြေရိုး ၆၄ ခု၊ အသားကို မှီသော အရိုးနု ၆၄ ခု၊ ဖနောင့်ရိုး ၂ခု၊ ဖမျက်ရိုး ၂ခု၊ ခြေသလုံးရိုး ၂ခု၊ ဒူးဆစ်ရိုး ၂ခု၊ ပေါင်ရိုး၂ခု၊တင်ပါးရိုး ၂ခု၊ ကျောက်ဆူးရိုး ၁၈ ခု၊ (ခါးဆစ်ရိုးလည်း ပါဝင်သည်) နံရိုး ၂၄ခု၊ ရင်ရိုး ၁၄ ခု၊ ရင်ညွန့်ရိုး ၁ခု၊ ညှပ်ရိုး

၂ခု၊ လက်ပြင်ရိုး ၂ခု၊ လက်မောင်းရိုး ၂ခု၊လက်ဖျံရိုး ၄ခု၊ လည်ရိုး ၇ခု၊ မေးရိုး ၂ ခု၊ နှာခေါင်းရိုး ၁ ခု၊ မျက်ကွင်းရိုး ၂ခု၊ နားရိုး ၂ခု၊ နဖူးရိုး ၁ခု၊ ဦးထိပ်ရိုး ၁ခု၊ ဦးခေါင်းရိုး ၉ခု၊ စုစုပေါင်း ၃၀၀ ရှိ၏။ဖြူသောအဆင်းရှိကုန်၏။အဆင်း အားဖြင့်လည်းကောင်း၊အနံ့အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန် အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့် လည်းကောင်း စက်ဆုပ်ဘွယ် ကောင်း၏။

**ရိုးတွင်း ခြင်ဆီ** သုံးရာသော အရိုးတို့၏အတွင်း၌ တည်ရှိသော အဆီခဲတမျိုးတည်း။ ၎င်းသည် ဖြူဖွေးသော အဆင်းရှိ၏။ သေပြီး၍ လေးငါးရက်ခန့် ကြာသော နွား၏ခြေရိုးကို ထုခွဲလိုက်သည့်အခါ အတွင်းရှိသော အရာဝတ္ထုတမျိုးပင် ဖြစ်၏။

**အညှို** အညှိုသည် လည်ပင်းမှ သက်ဆင်းသောအကြော ကြီးမှ နှစ်ဖြာခွ၍ (နောင်၌ပြမည့်) နှလုံးသားကို ရံ၍ တည်သောအသား ၂ ခုတွဲသည့် အဆင်းအားဖြင့် အနည်း ငယ်နီ၏။ ပုံသဏ္ဌာန်အားဖြင့် အညှာတခုတည်း၌ တွဲနေသော သရက်သီး နှစ်လုံးပြွတ်သဏ္ဌာန် ရှိ၏။ အဆင်းအားဖြင့်လည်း ကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန် အားဖြင့် လည်းကောင်း ဖြစ်ရာအရပ်အားဖြင့်လည်းကောင်း စက်ဆုပ်ဖွယ် ကောင်း၏။

**နှလုံး** နှလုံးသည် အဆင်း အားဖြင့် နီ၏။ပုံဏ္ဌာန် အားဖြင့် အပြင် အဖတ်တို့ကိုခွါ၍ အောက်သို့ စောက်ထိုးထားအပ်သော ပဒုမ္မာကြာနိုင့်သဏ္ဌာန်ရှိ၏။ အပ၌

ပြေပြစ် ညက်သော သော်လည်း အတွင်းဘက်၌ သပွတ်အူ (သပွတ်သီး၏ အတွင်းသား)နှင့် တူ၏။ ဉာဏ်ပညာကြီး သူတို့အား အနည်းငယ်ပွင့်၍ ဉာဏ်ပညာ နုံ့သူတို့အားကြာငုံ အတိုင်းပင် ဖြစ်၏။ ယင်းနှလုံး၏ အတွင်း၌ ပုန်းညက်စေ့ တစေ့မျှ တည်နိုင်လောက်သော တွင်းငယ်တတွင်းရှိသည်။ ယင်း တွင်းငယ်၌ တလက်ဖွဲ့၏ တဝက်မျှသော သွေးသည်တည်၏။ ယင်းသွေးကိုမှီ၍ လူတို့၏စိတ်ပိုင်းဆိုင်ရာ အသိစိတ်များဖြစ်ပေါ် ကြ၏။ ယင်းနှလုံးသွေးသည် ရာဂအားကြီးသောသူအားနီ၏။ ဒေါသအားကြီးသောသူအား မည်းနက်သော အဆင်းရှိ၏။ မောဟ အားကြီးသောသူအား အသားဆေးထားသော ရေ အဆင်းရှိ၏။ ဝိတက်အားကြီးသောသူအား ပဲပိစပ်ပြုတ်ရည် အဆင်းရှိ၏။ ဉာဏ်ပညာကြီးသူတို့အား ကြည်လင် သန့်ရှင်း ဖြူစင်၍ အရောင်တောက်၏။ ထိုနှလုံးသားသည် သားမြတ်နှစ်ခု တို့၏အလယ်၌ဘည်၏။အဆင်းအားလည်းကောင်း၊အနံ့အားဖြင့် လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ဖြစ်ရာ အရပ် အားဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**အသည်း** အသည်း (အသဲ) သည် အသားလွှာတမျိုး ဖြစ်၏။ အရောင်မှာ ကုမုဒြာကြာနီပွင့်ဖတ်၏ ကျောဘက်အဆင်းကဲ့သို့ နီဖျော့ဖျော့ဖြစ်၏။ပုံသဏ္ဌာန်အားဖြင့် ကသစ်ရွက်ကဲ့သို့ အရင်း၌တခုတည်း ဖြစ်၍အဖျား၌ နှစ်မြွာကွဲ သွား၏။ ထိုအသဲသည် ပညာနုံ့သောသူတို့အား တခုတည်း ကြီးကြီးမားမားရှိ၍ ပညာထက်သော သူတို့အား ခပ်ငယ်ငယ် နှစ်ခုသုံးခုရှိ၏။ တည်ရာအားဖြင့် သားမြတ် နှစ်ခုအလယ်မှာ

လက်ျာနံပါးကိုမှီ၍တည်၏။ အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း ဖြစ်ရာအရပ်အားဖြင့် လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

အမြှေး ဖုံးလွှမ်းတတ်သောအမြှေး၊ မဖုံးလွှမ်းတတ်သော အမြှေးဟုနှစ်မျိုးရှိ၏။အဆင်းအားဖြင့်အဝတ်ဖြူ စကဲ့သို့ဖြူ၏။ဖုံးလွှမ်းတတ်သော အမြှေးသည် နှလုံးနှင့် အညှိုကို ဖုံးလျက်တည်၏။မဖုံးလွှမ်းတတ်သောအမြှေးသည် တကိုယ်လုံးရှိ အသားတို့ကိုမြှေးယှက်လျက်တည်၏။ အဆင်းအားဖြင့် လည်း ကောင်း၊ အနံ့အားဖြင့် လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့် လည်းကောင်း စက်ဆုပ် ဖွယ်ကောင်း၏။

အဖျဉ်း အဖျဉ်းဟူသည်ကား အစာသစ်အိမ်၏ အထက် ဘေးစောင်း၌ တည်နေသော အသားတုံးရှည် ပင်တည်း။ အဆင်းအားဖြင့် ကြောင်ပန်းရွက်ပွင့်ကဲ့သို့ ညို၏။ ပုံသဏ္ဌာန်အားဖြင့် နွားညိုလေး၏ လျှာသဏ္ဌာန်ရှိ၏။ လက် ၇ သစ်မျှ ရှည်သည်။ ဤအဖျဉ်းကို သရွက်ရွက်ဟုလည်းကောင်း၊ ဝမ်းလျှာဟု လည်းကောင်း၊ ဘေဟုလည်းကောင်း ခေါ်ကြ သည်။ အဆင်းအားဖြင့်လည်းကောင်း၊ အနံ့အားဖြင့် လည်း ကောင်း၊ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ဖြစ်ရာအရပ်အားဖြင့် လည်းကောင်း စစ်ဆုပ်ဖွယ်ကောင်း၏။

အဆုတ် ဒွတ္တိံသကောလ္လပ္ပဘောဒိံ။ နှလုံးနှင့်အသည်း၏ လက်ဝဲ ဘက်၌ အသားပိုင်း ၂ခု၊ လက်ျာဘက်၌ အသား ပိုင်း ၃ခု ခွဲ၍ နှလုံးနှင့်အသည်းကို ဖုံးထားလျက် တည်သော

အသားတုံး ၂ခုကို အဆုတ်ဟု ခေါ်သည်။ အဆင်း အားဖြင့် အမှည့်မလွန်သော ရေသဖန်းသီး၏ အနီအဆင်းကဲ့သို့ ဖြစ်၏။ ပုံသဏ္ဌာန်အားဖြင့် မညီမညွတ် ဖြတ်ထားသော၊ ပျစ်ခဲသော မုန့်ပိုင်း သဏ္ဌာန်ရှိ၏။နေရာအားဖြင့် သားမြတ် ၂ခု အလယ်ဝယ် နှလုံးနှင့်အသည်းကို ဖုံး ကာ လျက် တည်၏။ အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အား ဖြင့် လည်းကောင်း၊ ပုံသဏ္ဌာန် အားဖြင့်လည်းကောင်း၊ အရပ်အားဖြင့်လည်းကောင်း စက်ဆုပ် ဖွယ်ကောင်း၏။ (မြန်မာမှုတို့၌ ဒွတ္တိံသ အသားတုံးလေး ၃၂ တုံးပေါင်းစပ်ထားသော အသားစုသည် အဆုတ်ဟု တွေ့ရ၏။ ကောဋ္ဌာသ ရုပ်ပုံတို့၌ကြည့်လျှင် ဒွတ္တိံသ ဟူသော သိဟိုဠ်မူအတိုင်း ယာဘက်အဆုတ် ဝဲဘက်အဆုတ်ဟု နှစ်ခု ရှိသည်ကို တွေ့နိုင်ပါသည်။ ထို့ကြောင့် မြန်မာမှုတို့၌ ဒွတ္တိအရာ ဝယ် ဒွတ္တိံသဟု ပါဠိပျက်နေဟန် တူသည်။)

အူမ  အူအကြီးစားကို အူမဟုခေါ်သည်။ ၎င်းအူမ သည် ယောကျ်ားတို့၌ ၃၂ တောင်ရှိ၍ မိန်းမ တို့၌ ၂၈ တောင်မျှသာရှိ၏။လည်မျိုမှကျင်ကြီးလမ်းပေါက်အထိ ၂၁ တွန့် တွန့်၍ အခွေအခွေဖြစ်လျက် တည်နေ၏။ ပုံသဏ္ဌာန် အားဖြင့် သွေးကဲ့သို့နီသော အိုး ရေခွက်၌ ခွေ၍ထည့်ထားသည့် ခေါင်းပြတ်မြွေနှင့် တူ၏။ အဆင်းအားဖြင့် အင်္ဂတေနှင့်ရော မွေထားသော ကျောက်ပုတ်အဆင်းကဲ့သို့ ဖြူ၏။ အဆင်းအား ဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်းကောင်း၊ ပုံသဏ္ဌာန် အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့် လည်းကောင်း စက်ဆုပ်ဖွယ် ကောင်း၏။

**အူသိမ်** အူအသေးစားကို အူသိမ်ဟုခေါ်သည်။ အူမခွေတို့ကိုလျှောကျမသွားအောင် ဖွဲ့ကုတ်ထားသော အရာတမျိုးတည်း။ ၎င်းသည် သဏ္ဌာန်အားဖြင့် ကြာသိမ်းဖြစ်ကဲ့သို့ဖြစ်၍ အဆင်းအားဖြင့် ဖြူ၏။ ခြေသုတ်ကြိုး၏အကြား၌ ချုပ်စပ်ထားသောကြိုးငယ်လေးများကဲ့သို့အူမခွေတို့၏အကြား၌ တည်၏။ အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာ အရပ်အားဖြင့် လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**အစာသစ်** ရေစိုနေသော အဝတ်ပိုင်းကြီးတခုကို လူနှစ်ယောက်က တစစီ ကိုင်၍ ညှစ်သောအခါ အလယ်၌ လေပူဖောင်းကဲ့သို့ ဖောင်းနေသော အူမကို ဥဒရိယဝမ်းအိမ်၊ (ဝါ) အစာအိမ်ဟုခေါ်၏။ ထိုအစာအိမ်၏ အတွင်းဘက်သည် ပုပ်ရိသော ပိန္နဲသီး၏အတွင်းဘက်နှင့်တူ၏၊ အသားပုပ်ကို ရစ်ထုပ်ထားသော တဘက်ဟောင်းနှင့် တူ၏ဟု ဆိုလျှင်လည်း မှားမည်မထင်။ အပြင်ဘက်၌ကား ညက်ညက် ညော ညော ချောမော၏။ ထိုအစာအိမ်၌ တကြောဋ္ဌကပိုး၊ ဂဏ္ဍုပ္ပါဒပိုး၊ တာလဟီရကပိုး၊ သုစိမုခပိုး၊ ပဋ္ဋကန္တသုတ္တကပိုး စသည်ဖြင့် ၃၂မျိုးသော ပိုးကောင်လေးများရှိကြ၏။ ဤအစာအိမ်၌ ကျရောက်လာသော အစာဟူသမျှကို အစာသစ်ဟု ခေါ်ရ၏။

ထိုအစာသစ်သည် (ပုဝါရေစစ်အတွင်း၌ ခပ်လျော့လျော့ ထုပ်ထားသော ဆန်များ တည်နေပုံ ကဲ့သို့ ) အစာသစ်အိမ် အတွင်း၌ တည်နေကြ၏၊ သွားနှင့် ကြိတ်ချေ၍ မျိုအပ်သောကြောင့် ထိုအစာသစ်များ ကြေမွနေရကား ချည်စာ ကစီဖတ်

ခွေးအန်ဖတ်တို့နှင့်လည်း တူနေ၏။ ထိုအစာသစ်များ၏ ငါးပုံတပုံ သည် ပြခဲ့သော ပိုးတို့၏အစာဖြစ်၏။ ကျန် လေး ပုံ တပုံ သည် ဝမ်းမီး၏လောင်စာ၊ တပုံသည်ကျင်ကြီး၊ တပုံသည် ကျင်ငယ် ဖြစ်၍ နောက်ဆုံးတပုံသာ အဆီအနှစ်ဖြစ်၍ သွေး သား တို့ ကို တိုးပွားစေသည်။ အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်းကောင်း၊ ပုံသဏ္ဍာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ် အားဖြင့် လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**အစာဟောင်း** အစာဟောင်းဟူသည် ကျင်ကြီး(မစင်)ပင် ဖြစ်၏။ အစာဟောင်းအိမ်သည် ချက်၏ အောက် အရပ်နှင့် ကျောက်ဆူးရိုးတို့၏အတွင်း အူမကြီး၏ အဆုံးဝယ် အစောက် လက်ရှစ်သစ်ခန့်ရှည်လျားသော ဝါးကျည်တောက်နှင့် သဏ္ဍာန်တူစွာတည်ရှိ၏။ အစာသစ်အိမ်၌ ရောက်လာသမျှ အစာ တွေကို ဝမ်းမီးက လောင်လိုက်သောအခါ ညက်ညက်ကြေမွ လျက် အူမကြီး၏အခေါင်းမှ သက်လျှောကျပြီးလျှင် အစာ ဟောင်းအိမ်ဝယ်(ဝါးဆစ်၏အတွင်း၌ သိပ်ထည့်ထားသော မြေ ဝါညက်နှင့်တူစွာ)စုပေါင်းမိကြလေသည်။ ထိုသို့ အစာဟောင်း အိမ်ဝယ် စုပေါင်းမိကြသောအရာသည် ကျင်ကြီး (သို့မဟုတ်) အစာဟောင်းမည်၏။ အဆင်းအားဖြင့် လည်းကောင်း၊ အနံ့ အားဖြင့် လည်းကောင်း၊ ပုံသဏ္ဍာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**ဦးနှောက်** ဦးနှောက်ဟူသည် ဦးခေါင်းရိုးခွံ၏ အတွင်း၌ တည်ရှိသော ခြင်ဆီတမျိုးပင်ဖြစ်၏။ အဆင်းမှာ မှိုဖြူအဆင်းကဲ့သို့ ဖြူ၏။ ပကတိအနေပျက်၍ နို့ခမ်းအဖြစ်သို့

မရောက်တတ်သေးသော နှိုရည်အဆင်းရှိသည်ဟူ၍လည်း ဆိုနိုင်၏။ ဦးခေါင်းခွံအတွင်း၌ ဦးခေါင်းခွံအဆက်လေးခုကိုမှီ၍ တည်နေရကား မုန့်ညက်အခဲ လေးခုပေါင်းစပ်ထားသည့် သဏ္ဌာန်နှင့် တူ၏။ အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့်သည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**သည်းခြေ** ဗဒ္ဓသည်းခြေ၊ အဗဒ္ဓသည်းခြေဟု နှစ်မျိုးရှိ၏။ နှလုံးသားနှင့်အဆုတ်တို့၏အကြား၌ အသည်းကိုမှီလျက် အိမ်ဖြင့်တည်နေသော သည်းခြေကို ဗဒ္ဓသည်းခြေ(အိမ်ရှိသောသည်းခြေ)ဟုခေါ်၍ စိုသောအသားရှိရာဘို့၌(ဆီပေါက်သည် ရေပေါ်မှာပြန့်နှံ့သကဲ့သို့)ပြန့်နှံ့၍တည်သော သည်းခြေကို အဗဒ္ဓသည်းခြေ(အိမ်မရှိသော သည်းခြေ)ဟု ခေါ်သည်။ ဗဒ္ဓသည်းခြေသည် ပျစ်ခဲ့သောသစ်မည်စည်ဆီ(မယ်ဇယ်ဆီ)အဆင်းရှိ၏။ အဗဒ္ဓ သည်းခြေသည် ဝါရွှေသော ပန်းပွင့် အညိုး၏ အဆင်းနှင့် တူ၏။ ဗဒ္ဓသည်းခြေ ပျက်လျှင် သတ္တဝါတို့သည် သည်းခြေပျက်အရူးဟု ခေါ်ရသော အရူးတမျိုးဖြစ်ရ၍ အဗဒ္ဓသည်းခြေပျက်လျှင် ကိုယ်တုန်လှုပ်ခြင်း၊ ယားယံခြင်းတို့ ဖြစ်ကြရလေသည်။ အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**သလိပ်** အပေါ်ခွံဖယ်ထားသော သနပ်သီးမှည့်၊ တမာသီးမှည့်၏ အဆင်းရှိ၏။ တစလယ်သားလောက်ရှိသော သလိပ်သည် အစာသစ်အိမ်အထက်၌ တည်၏။ ရေခမှာ်

ရှိသော ရေအပြင်၌ ခဲစသည်ကို ချသောအခါ မှော်တို့သည် နှစ်မြှာကွဲသွားပြီးနောက် ပြန်၍ ဖုံးမြဲဖုံးနေသကဲ့သို့ အစာအိမ်၌ အစာကျလာသောအခါ သလိပ်စုသည် နှစ်မြှာကွဲကွာပြီး တဖန် အစာသစ်ကိုဖုံးလျက် တည်၏။ သလိပ်နည်းသောအခါ ပြည်ပုပ် ကြက်ဥပုပ်ကဲ့သို့သော အပုပ်နံ့သည် အစာအိမ်အတွင်းမှ အထက် ဖက်သို့ တက်လာ၏။ ထိုသလိပ်တွေ များနေပြန်လျှင်လည်း (ကျင်ကြီးခွက်ကိုပိတ်ထားသကဲ့သို့) အစာအိမ်အတွင်း၌ အပုပ် နံ့ကို လှောင်၍ပိတ်ထားသည်နှင့်တူ၏။ အဆင်းအားဖြင့် လည်း ကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အား ဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**ပြည်** အလွန်ပုပ်သော သွေးကို ပြည်ဟု ခေါ်ကြ၏။ အဆင်းမှာ ဖက်ရွက်ရော် အဆင်းကဲ့သို့ ဖြူဝါ အဆင်းရှိ၏။ သူသေကောင်၌ ဖြစ်သော ပြည်ကား ပျစ်ခဲသော ထမင်းရည်ပုပ်နှင့်တူ၏။ အဆင်းအားဖြင့် လည်းကောင်း၊ အနံ့ အားဖြင့် လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**သွေး** သန္နိစိတသွေး၊ သံသရဏသွေးဟု သွေးနှစ်မျိုး နှစ်စားရှိ၏။ အသဲ၏ အောက်ပိုင်းနှင့် နှလုံး အညှို အဆုတ်တို့ကို အမြဲစိုအောင် တစက်စက်လို ကျနေသော သွေးကို သန္နိစိတသွေးဟု ခေါ်၍ တကိုယ်လုံးရှိ အကြောတို့၌ ပြန့်နှံ့၍ အစဉ်လျှောက်နေသောသွေးကို သံသရဏသွေးဟု ခေါ် ၏။ သန္နိစိတသွေးသည် တစလယ်လောက်သာ ရှိ၏။ အဆင်း အားဖြင့် ကျက်၍ပျစ်နေသော ချိပ်ရည်အဆင်းရှိ၏။ဤသွေးဖြင့်

အညှို နှလုံး စသည်တို့ကို မစိုစေလျှင် သတ္တဝါတို့သည် ရေငတ်တတ်၏။ သံသရာလည်သေးသည်ကား အဆင်းအားဖြင့် ကျဲသောချိပ်ရည်အဆင်းကဲ့သို့ဖြစ်သည်။ အဆင်းအားဖြင့်လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

ချွေး — မွေးညှင်းပေါက် ဆံပင်ပေါက်တို့မှ ယိုထွက်လာသော အာပေါဓာတ်(အရည်)ကိုပင် ချွေးဟုခေါ်၏။ ချွေးသည် သွေးကဲ့သို့ ခန္ဓာကိုယ်၌ အမြဲတည်မနေသော်လည်း မီးပူနေပူ ဥတုပူတို့ကြောင့် ခန္ဓာကိုယ်၌ ပူအိုက်သောအခါ အပူငွေ့မှ အရည်အဖြစ်သို့ပြောင်းလျက် မွေးညှင်းပေါက် ဆံပင်ပေါက်တို့မှ ပေါ်ထွက်လာတတ်သည်။ အဆင်းအားဖြင့် ကြည်လင်သော နှမ်းဆီအဆင်းရှိ၏။ (ချွေးကိုမှန်း၍ ကမ္မဋ္ဌာန်းရှုသောယောဂီသည် မွေးညှင်းပေါက် ဆံပင်ပေါက်တို့၌ ပြည့်နေသော ချွေးကိုမှန်း၍ရှုရသည်။) အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

အဆီခဲ — ပျစ်ခဲ့သော အဆီအစေးကိုပင် အဆီခဲဟုခေါ်သည်။ ၎င်းအဆီသည် ဝဖြိုးသူတို့၏ တကိုယ်လုံးဝယ် အရေနှင့်အသားတို့၏ အကြားတိုင်းမှာ တည်ရှိသော်လည်း ပိန်သူတို့၌ကား ခြေသလုံးသား၊ ပေါင်သား၊ ကျောက်ကုန်းသား၊ ဝမ်းပျဉ်းသား စသော အသားများကို မှီ၍သာ တည်ရှိ၏။ အဆင်းအားဖြင့် ဝါသော ပိုးသား အဝတ်ပိုင်းနှင့်တူ၏။ အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်း

ကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အား ဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**မျက်ရည်** မျက်စိတို့မှထွက်သော အရည်တမျိုးကို မျက်ရည်ဟု ခေါ်သည်။ အဆင်းအားဖြင့် ကြည်လင်သော နှမ်းဆီအဆင်းရှိ၏။ သည်းခြေအိမ်၌ သည်းခြေရည်သည် အမြဲတည်နေသကဲ့သို့ ဤမျက်ရည်သည် မျက်အိမ်အတွင်း၌ အမြဲတည်မနေ၊ အလွန်ဝမ်းမြောက်၍ အကြီးအကျယ်ရယ်သောအခါ စိတ်နှလုံးချမ်းသာ၍ငိုသောအခါ မျက်ရည်ကျစေနိုင်သော ဧရတ်သီး စသည့်အစာကို စားသောက်မိသောအခါတို့၌သာ ဖြစ်ပေါ်လာတတ်ကြသည်။ (မျက်ရည်ကို မှန်း၍ ကမ္မဋ္ဌာန်းရှုသော ယောဂီသည် မျက်အိမ်အတွင်း၌ပြည့်နေသော မျက်ရည်ကိုမှန်း၍ ရှုရသည်။) အဆင်းအားဖြင့်လည်းကောင်း၊ အနံ့အားဖြင့်လည်း ကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အား ဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**ဆီကြည်** မခဲပဲကျဲနေသောအဆီကိုဆီကြည်ဟုခေါ်ရသည်။ အဆင်းအားဖြင့် အုန်းဆီ အဆင်းရှိ၏။ ထမင်းရည်၌ သွန်လောင်းထားသောဆီအဆင်းရှိသည်ဟူ၍လည်းဆိုနိုင်သည်။အများအားဖြင့် လက်ဖဝါးပြင် လက်ဖမိုး ခြေဖဝါးပြင် ခြေဖမိုး နှာခေါင်းဖူး နဖူး ပခုံးစွန်းတို့၌တည်၏။ ဆီကြည်ဟု ဆိုသော်လည်း အမြဲကြည်နေသည်တော့ မဟုတ်၊မီးပူနေပူ ဥတုအပူတို့နှင့်တွေ့သည်အခါမှသာလျှင်အရည်ဖြစ်၍ကြည်လာသည်။ ထိုသို့ အပူနှင့် မတွေ့လျှင်ကား ဆောင်းအခါ၌ တွေ့ရတတ်သော အုန်းဆီအခဲကလေးကဲ့သို့ ပျစ်ချွဲခဲနေသည်။ ထိုအခဲ

လေးများကို ကြည့်လိုလျှင် နှာခေါင်းဖူးကို ဖျစ်ညှစ်လိုက်ပါက တွေ့ရတတ်ပါသည်။ အဆင်းအားဖြင့် လည်းကောင်း၊ အနံ့အားဖြင့် လည်းကောင်း၊ သဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့် လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**တံတွေး** ခံတွင်းထဲ၌ အမြှုပ်လေးများနှင့် ရောနေသော အရည်တမျိုးကို တံတွေးဟု ခေါ်၏၊ ၎င်း တံတွေးသည် အဆင်းဖြူ၏၊ ရေမြှုပ်သဏ္ဌာန်ရှိ၏၊ နှစ်ဘက်သော ပါးစောင်တို့မှ သက်ဆင်း၍ လျှာ၌တည်၏။ တည်၏ဟုဆိုသော်လည်း အမြဲတည်နေသည်တော့ မဟုတ်၊ အချဉ် အခါးစသော သွားရည်ယိုလောက်သော အစာကို ခံတွင်း၌ထားသောအခါ အချဉ် စသည်ကို မြင်သောအခါတို့နှင့် ဝမ်းတွင်း နှလုံးမကောင်း သောအခါတို့၌သာ ဖြစ်ပေါ်၍တည်တတ်ကြသည်။ ထိုတံတွေး သည်လျှာဖျား၌ ကျ၍လျှာရင်း၌ ပျစ်ခွဲလျက် ခံတွင်း၌ ရောက် လာသော ခဲဖွယ်ဘောဇဉ်တို့ကို အစဉ်မပြတ် စိုစွတ်စေနိုင်ပေ သည်။ အဆင်းအားဖြင့်လည်းကောင်း၊ အနံ့အားဖြင့် လည်း ကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ ဖြစ်ရာအရပ်အား ဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**နှပ်** ဦးနှောက်မှ ယိုထွက်လာသော မစင်ကြယ်သော အရိအရွဲကို နှပ်ဟု ခေါ်၏။ ၎င်းသည် နုသော ထန်းသီးဆံ အဆင်းရှိ၏။ တည်ရာအားဖြင့် နှာခေါင်းအတွင်း၌ ဟု ဆိုရသော်လည်း အမြဲတည်နေသည်တော့မဟုတ်၊ ငိုသော အခါမသင့်သောအစာ မသင့်သောဥတုကြောင့်ခေတ်လေးပါး တို့ ပျက်ပြားသောအခါတို့နှင့် ကြုံကြိုက်မှ ဦးနှောက်သည်

သလိပ်ပုပ်အဖြစ်ဖြင့် ယိုစီးကာ အာခေါင် အထက်ပေါက်မှ နှာခေါင်းသို့ သက်လျှော၍ နှာခေါင်းအတွင်း၌ နှပ်ဟူသော ကောဋ္ဌာသအမည်ဖြင့် စုဝေးတည်နေလေ့ရှိ၏။ (နှပ်ကို မှန်း၍ ကမ္မဋ္ဌာန်းရှုသော ယောဂီသည် နှာခေါင်းဝ၌ ပြည့်နေသော နှပ်ကို မှန်း၍ရှုရသည်) အဆင်းအားဖြင့်လည်းကောင်း၊ အနံ့ အားဖြင့်လည်းကောင်း၊ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**အစေး** တရော့ရှစ်ဆယ်သော အရိုးဆက်တို့၏ အကြား၌ ခြေနယ်ဆီကဲ့သို့ တည်ရှိသောအရာကို အစေးဟု ခေါ်၏။ အဆင်းအားဖြင့် မဟာလှေကားပင်မှ ထွက်သော အစေးနှင့်တူ၏။ ထိုအစေးနည်းသောသူမှာ ထလိုက် ထိုင်လိုက် သောအခါ၊သွားလာသောအခါ၊ကွေးလိုက်ဆန့်လိုက်သောအခါ တို့၌ အရိုးဆက်တို့သည် (လက်ချောင်းချိုးသံကဲ့သို့) အသံမြည်၏။ဝါယောဓာတ်ပျက်လွယ်သောကြောင့်လည်းခရီးရှည်သွားရ လျှင်ပင်ပန်း၏။အစေးများသူမှာမူထလိုက်ထိုင်လိုက်သောအခါ စသည်တို့၌ အသံလည်းမမြည်၊ ဝါယောဓာတ်လည်း မပျက် လွယ်သောကြောင့် ခရီးသွား ခရီးရှည်သွားရသော်လည်း မပင် ပန်းချေ။ အဆင်းအားဖြင့်လည်းကောင်း၊ အနံ့အားဖြင့်လည်း ကောင်း၊ ပုံသဏ္ဌာန်အားဖြင့်လည်းကောင်း၊ ဖြစ်ရာအရပ်အား ဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

**ကျင်ငယ်** ဆီးအိမ်အတွင်း၌ တည်သော အာပေါဓာတ်ကို ကျင်ငယ်ဟု ခေါ်သည်။ ဆီးအိမ်မှာ ဝင်စရာ

အပေါက်မရှိ (သာမန်မျက်စိဖြင့် မြင်နိုင်အောင် အထင်အရှား မရှိခြင်းကို ရည်ရွယ်၍ဆိုခြင်းဖြစ်၏) ပန်းကန်ဆေးရည် စသည်တို့ သွန်ထားသောရေပုပ်ခွက်အိုင်၌ ထင်ထင်ရှားရှား အပေါက်မရှိသော ရေစစ်အိုးငယ် တလုံးကို ချထားသောအခါ ထိုအိုးငယ်အတွင်းသို့ ဗွက်ရည်သည် စိမ့်ဝင်သကဲ့သို့ ထိုအတူ ခန္ဓာကိုယ်၌ရှိသောညစ်နွမ်းသောအရည်အချို့သည်ဆီးအိမ်အတွင်းသို့ စိမ့်ဝင်ရ၏။ ဆီးပြည့်လာသောအခါ ကျင်ငယ် စွန့်ရလေသည်။

ယခုခေတ် ပညာရှင်တို့ကမူ ကျင်ငယ် ဖြစ်လာပုံကို ပြကြသည်မှာ သွေးထဲမှ အညစ်အကြေးများကို တသန်းမကသော သွေးစစ် ကိရိယာတို့ဖြင့် စစ်ထုတ်၍ ဆီးကြောပိုက်နှစ်ခုဖြင့် ဆီးအိမ်ကို ပို့ပေးသည်။ ထိုဆီးအိမ်မှ ဆီးကြောင်းပိုက်ဖြင့် ပဿာဝမဂ်သို့ ကျင်ငယ် ထွက်သည်ဟူ၏။ အဆင်းအားဖြင့်လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ ပုံသဏ္ဍာန်အားဖြင့်လည်းကောင်း၊ ဖြစ်ရာအရပ်အားဖြင့်လည်းကောင်း စက်ဆုပ်ဖွယ်ကောင်း၏။

ဥဂ္ဂဟနိမိတ်နှင့် ထိုပြခဲ့သည့်အတိုင်း ထပ်တလဲလဲ ရှုဆင်ပဋိဘာဂနိမိတ်ထင်ပုံ ခြင်သော ယောဂီသည် အစဉ်အတိုင်း ဘာဝနာ တိုးတက်မှုကိုရ၍ ငထမစျာန် အပ္ပနာစိတ်ထိဖြစ်၏။ ထိုသို့ ဖြစ်ရာဝယ် ဥဂ္ဂဟနိမိတ်၌ အဆင်းသဏ္ဍာန်တည်ရာအပိုင်းအခြားအားဖြင့်သာ ထင်၍ ပဋိဘာဂနိမိတ်၌ စက်ဆုပ် ရွံရှာဖွယ်ဖြစ်၍ ထင်၏။

---

စဖွယ်ဦးဝေပေ

## ကာယဂတာသတိအကျိုး

ကာယဂတာသတိ ကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂီသည် ကမ္မဋ္ဌာန်းကျောင်း၌ လည်းကောင်း၊ ဘာဝနာ၌ လည်းကောင်း ပျော်မွေ့ခြင်း၊ ကာမဂုဏ်တို့၌ ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းနိုင်ခြင်း၊ ခြင်္သေ့၊ သစ်၊ ကျား စသော သတ္တဝါတို့၏ ဘေးရန်ကိုလည်းကောင်း၊ အစာဆာခြင်း၊ ရေဆာခြင်း၊ မှက်၊ ခြင်၊ လေ၊ နေပူတို့နှင့် ကိုက်ခဲထိပါးခြင်းတို့ လည်းကောင်း၊ သူတပါးက လွှမ်းမိုးနှိပ်ကွပ်၍ပြောလာသော စကားတို့ကိုလည်းကောင်း၊ သေစေနိုင်လောက်သော ဝေဒနာတို့ကို လည်းကောင်း သည်းခံနိုင်ခြင်းသဘောရှိ၏။ ဆံပင် စသည်တို့၏ အဆင်းကို မှီ၍ လေးပါးသောဝဏ္ဏကသိဏစျာန်တို့ကို ရနိုင်၏။ ခြောက်ပါးသော အဘိညာဉ်တို့ကိုလည်း ဖောက်ထွင်း သိနိုင်၏။

## ၉။ အာနာပါနဿတိ ပွားပုံ

အာနာပါနေ၊ ဝင်သက် ထွက်သက်၌။ ပဝတ္တာ၊ အာရုံပြုသောအားဖြင့် ဖြစ်သော။ သတိ၊သတိသည်။ အာနာပါနဿတိ၊ အာနာပါနဿတိ၊မည်၏။ မိမိ၏ဝင်သက် ထွက်သက်ကို အာရုံပြုသောသတိသည်၊အာနာပါနဿတိမည်၏။ အာနာပါနဿတိကို ပွားများ အားထုတ်လိုသော ယောဂီသည် ဆိတ်ငြိမ်သော အရပ်၌ ကိန်းအောင်းပြီး ဝင်လေ ထွက်လေတို့၏ ထိတွေ့ရာ အရပ်၌ စိတ်သတိကိုထား၍ သတောဝ အဿသတိ၊ သတောဝ

ပဿသတိ ဟူသော ဘုရားဟောပါဠိနှင့်အညီ ဝင်လေ ထွက်လေ တို့ကို"ဝင်လေ ထွက်လေ"ဟု နှလုံးသွင်း၍သတိဖြင့် အစဉ်မပြတ် ရှုမှတ်နေရပေမည်။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဂဏနာနည်း၊ အနုဗန္ဓနာနည်း၊ ဖုသနာနည်းဟု ဖွင့်ဆို ထားပါသေးသည်။ ထိုနည်းဖြင့် အားထုတ်လိုပါက နီးစပ်ရာ ဆရာသမားတို့အား မေးမြန်း၍ အားထုတ်ကြပါကုန်)

## နိမိတ်ထင်ပုံ အမျိုးမျိုး

**ဉာဏ်ထက်သူ၌ နိမိတ်ထင်ပုံ** ထိုသို့အစဉ်အတိုင်းစီးဖြန်းပွားများသည် ရှိသော် ဉာဏ်ထက်သော ပုဂ္ဂိုလ်အား မကြာမတင်နိမိတ်ထင်၍ ဝိစာရ စသော ဈာန်အင်္ဂါ တို့ဖြင့် တန်ဆာ ဆင်အပ်သော ဝိတက်ကေဂ္ဂတာ ဟူသော အပ္ပနာဈာန် ဖြစ်ပေါ်လာ၏။

**ဉာဏ်နုံ့သူ၌ နိမိတ်ထင်ပုံ** ဉာဏ်နုံ့သူတို့အားထင်လာသောအာနာပါန နိမိတ်သည်(ခေါင်းလောင်း၊ကြေးခွက်ကို တီးနှက်သောအခါ ပေါ်ထွက်လာသောအသံသည် ကြာလေ ကြာလေ သိမ်မွေ့၍ ကွယ်ပျောက်သွားသကဲ့သို့) ကွယ်ပျောက် သွားတတ်လေသည်။ ထိုအခါ ငါသတိပညာ နည်းသောကြောင့် နိမိတ်ပျောက်သွားရသည်ဟု အောက်မေ့၍ သတိနှင့်ပညာကို များစွာဖြစ်စေလျက် မလျော့သော လုံ့လဖြင့် ဝင်သက် ထွက်သက်ကို ရှုမှတ် နေရမည်။ မကြာခင် နိမိတ်ပြန်ထင်လာပါလိမ့်မည်။

---

စပယ်ဦးစာပေ

**ဥဂ္ဂဟနိမိတ်နှင့် ပဋိဘာဂ နိမိတ် ထင်ပုံ** ထင်လာသောဥဂ္ဂဟနိမိတ်သည် လဲဂွမ်း၊ ဝါဂွမ်း၊ လေအယဉ်၊ ကြယ်ရောင်၊ ပတ္တမြားလုံး၊ ပုလဲလုံး၊ဝါစေ့ ၊သစ်သားနှစ်တံကျင်၊ရှည်သော ဆောက်လုံးကြိုး၊ပန်းကုံး၊မီးခိုးညွန့်၊ကျယ်ပြန့်သော ပင့်ကူမျှင်အိမ်၊တိမ်လွှာ၊ကြာပွင့်၊ ရထားဘီး၊လဝန်း၊နေဝန်းတို့ကဲ့သို့ လှုပ်ရှားသော အချင်းအရာအားဖြင့် အားထုတ်သူ၏သညာအားလျော်စွာထင်၍ ပဋိဘာဂနိမိတ်သည် လဲဂွမ်း၊ဝါဂွမ်းရောင် စသည်တို့ကဲ့သို့ ငြိမ်သက်စွာထင်၏။ ထိုထင်လာသော ပဋိဘာဂနိမိတ်ကို စောင့်ရှောက်၍ အပ္ပနာသို့ ရောက်အောင် ပွားများပါလေ။

## အာနာပါနဿတိအကျိုး

ငြိမ်သက်မွန်မြတ်သည်၏အစွမ်းဖြင့် မကောင်းသော ဝိတက်တို့ကို လျင်စွာ ပယ်ဖြတ်နိုင်ခြင်း အားထုတ်တိုင်း ကိုယ်စိတ်နှစ်ပါးကိုချမ်းသာစေတတ်ခြင်း၊မကောင်းမှုကို မြန်စွာပယ်ဖျက်နိုင်ခြင်း၊ မဂ်ဖိုလ်တရား တို့ကို ရနိုင်ခြင်း၊ အရဟတ္တဖိုလ်သို့ ရောက်၍(ငါ၏သခ်ါရတို့သည် ဤမျှလောက်သာဖြစ်ကုန်လတ္တံ့။ ဤမှ နောက်၌ မဖြစ်ကုန်ဟု စသည်ဖြင့်)မိမိ၏အသက်ကုန်မည့်အချိန်ကို ပိုင်းခြား၍ သိနိုင်ခြင်း ဖြစ်၏။

## ၁၀။ ဥပသမာနုဿတိပွားပုံ

နိဗ္ဗာန်တရား၏ ခုဝ စသော ဂုဏ်အမျိုးမျိုးတို့ကို အဖန်ဖန် အောက်မေ့နေခြင်းသည် ဥပသမာနုဿတိ မည်၏။ ဤအနုဿတိကို ပွားများလိုသော ယောဂီသည် နိဗ္ဗာန်၏ ခုဝ စသော ဂုဏ်အမျိုးမျိုးတို့ကို အဖန်ဖန် အောက်မေ့နေရပေမည်။

### နိဗ္ဗာန်၏ဂုဏ်များ

**ခုဝံ** လောကသုံးပါး အတွင်း၌ ရှိကြသော ရုပ်တရား နာမ်တရား အပေါင်းတို့သည် ခိုင်ခန့်ခြင်းမရှိ၊ အမြဲဖြစ်၍ အမြဲပျက်နေကြ၏။ ဖြစ်ပျက်ပုံကလည်း (လက်ဖြောက် တချက်တီးခိုက် အချိန်၌ပင် ကုဋေတသိန်းမက) လျင်မြန်စွာ ဖြစ်ပျက်နေကြသည်။ ထိုကြောင့် ရုပ်နာမ်သင်္ခါရတို့သည် ခိုင်ခန့်ခြင်းမရှိကြ။ နိဗ္ဗာနဓာတ် တရားမြတ်ကား အဖြစ်အပျက် မရှိသောကြောင့်။ ခုဝံ၊ မလှုပ်မယှက် ဣန္ဒခီလကဲ့သို့ ခိုင်ခန့်လှပေသည်။

**အဇရာအမတံ** ပျက်ဖို့ ရှေးရှုနေသော (ပျက်ဖို့ ပြင်နေသော) သဘောကို ဆွေးမြေ့ခြင်း၊ အိုခြင်းဟု ခေါ်ကြ၍ အပျက်သဘောကို ဆုံးရှုံးခြင်း စသဖြင့်ဟု ခေါ်ကြသည်။ ထိုအိုခြင်း၊ သေခြင်း ဟူသည်လည်း ဇာတိ (ဖြစ်ခြင်း)ရှိမှ ပေါ်လာ၏။ ပါဠိလို ဇရာ-မတကို မြန်မာလို ရင့်ခြင်း၊ ဆွေးမြေ့ခြင်း (အိုခြင်း)၊ ပျက်ခြင်း၊ ဆုံးရှုံးခြင်း

(သေခြင်း)ဟု ခေါ်၏။ ထိုဇရာ (အိုခြင်း)၊ မတံ (သေခြင်း) သဘောသည် ရုပ်တရား နာမ်တရားတို့၏ သဘောထုံးစံ ဖြစ်၏။ ဇာတိမှစ၍ ရုပ်တရား နာမ်တရား ကုန်ဆုံးပြီးဖြစ်သော နိဗ္ဗာန ဓာတ် တရားမြတ်၌ အဘယ်မှာလျှင် အိုခြင်း၊ သေခြင်း ရှိနိုင်ပါ အံ့နည်း။ အိုခြင်းမရှိလျှင် အဇရာ၊ သေခြင်းမရှိလျှင် အမတ တည်း။

နိပ္ပပဉ္စ

သတ္တဝါတို့သန္တာန်၌ ဒိဋ္ဌိ၊ မာန၊ တဏှာ ဟူသော တရားသုံးပါးသည် ရှိ၏။ ထို တရားသုံးပါးသည် သံသရာကို ချဲ့ထွင်တတ်သောကြောင့် ပပဉ္စ တရားဟုအမည်ရ၏။ ချဲ့ဦးအံ့။ သက္ကာယဒိဋ္ဌိဟု ခေါ်ရသော ဒိဋ္ဌိသည် ခန္ဓာငါးပါးအပေါ်၌ မပျက်စီးနိုင်သော အတ္တ တရား သည် ကောန်ရှိ၏ဟု စွဲလန်း၏။ မာနတ၊ ထိုအတ္တကိုပင် ငါ-ငါဟု မှတ်ထင်၍ ငါတတ်သည်၊ ငါမြတ်သည်ဟု ထင်ခြင်း ထင်မြင် နေ၏။ ထိုဒိဋ္ဌိနှင့် မာနတို့ အရင်းခံမှုကြောင့် မိမိ ရုပ်တရား နာမ် တရားနှင့်တကွ အခြားသော ရုပ်နာမ်တွေကိုပါ အားရပါးရ တဏှာဖြင့် စွဲလန်းပြန်၏။

ထိုသို့ ရုပ်နာမ်တရားတွေပေါ်မှာ မခွဲနိုင် မခွာရက်နိုင်အောင် စွဲလန်းနေပြီးနောက် သေခါနီးသို့ရောက်သောအခါ ယင်းတဏှာ သည်ပင် ဘဝသစ်ကို ရော်ရမ်း၍ စွဲလန်းပြန်၏။ ဤသို့ တဏှာက အရာရာ၌ စွဲလန်းဆက်သွယ်နေမှုသည် ဒိဋ္ဌိနှင့် မာနတို့က ဝိုင်း ဝန်း၍ အားပေးအားမြှောက်ပြုနေခြင်း ဖြစ်ရကား ဤတရား သုံးပါးသည် အလွန်ဆိုးဝါးသော သံသရာ နယ်ချဲ့သမားများ

သာတည်း။ ရုပ်ဘရား နာမ်တရားတို့၏ ချုပ်ငြိမ်းရာဖြစ်သော ဓာတ်တမျိုးမှာ မြေတည်ကြည်စွာ ငြိမ်ငြိမ်သက်သက် ခိုင်ခန့်နေသည့်အတွက်ကြောင့် (လှုပ်လှုပ်ရှားရှား ရုပ်နာမ်များကိုသာ လွှမ်းမိုး၍ ခြုံထွင်တတ်သော) နယ်ချဲ့သမား ပပဉ္စ တရားသည် အနားမျှ မကပ်ဝံ့တော့ပြီ။ ထိုကြောင့် နိဗ္ဗာန်တရားသည် နိပ္ပပဉ္စ ဖြစ်၏။

**သိဝံ** သတ္တဝါတို့၌ ဝမ်းနည်း ဝမ်းသာ ဖြစ်ရခြင်း၊ အရှက်တကွဲ အကျိုးနည်း ဖြစ်ရခြင်း၊ မကြားဝံ့မနာသာ ဖြစ်ရခြင်း၊ နောင်တတဖန် ပူပန်ရခြင်းတို့သည် တဏှာအရင်းခံ၍ဖြစ်လာသော ကိလေသာမီး တောက်လောင်နေခြင်းကြောင့်သာဖြစ်၏။ နိဗ္ဗာန်တရားမြတ်၌ ထိုကိလေသာမီးဖြစ်ရခြင်း၏ အကြောင်းဖြစ်သောတဏှာတရားမရှိရကား။ သိဝံ၊ ပူပန်ကင်းဝေး ချမ်းအေးတော်မူ၏။

**ခေမံ** တခုသော ဌာန၌ မျောက်တကောင်ကို (လွှတ်မထွက်ရလေအောင်) မျောက်နှဲ့စေးဖြင့်ကပ်၍ ဖမ်းထားသကဲ့သို့ သတ္တဝါအများကို သံသရာဝဋ်ဆင်းရဲမှ မလွှတ်ရလေအောင် ယှဉ်ငပ်၍ကပ်ဆားတတ်သော လောဘ၊ ဒိဋ္ဌိ၊ မောဟတရားတို့ကို ယောဂဟုခေါ်သည်။ ထိုယောဂတရားရှိနေသမျှ သတ္တဝါတို့၌ ဇာတိဘေးမှစ၍ မရဏဘေးတိုင်အောင် ဘေးအမျိုးမျိုးတို့ ကျရောက်လေတော့သည်။ နိဗ္ဗာန်တရား၌ လောဘ၊ ဒိဋ္ဌိ၊ မောဟဟူသော ယောဂတရားတို့ မရှိရကား ခေမံ ယောဂကင်းဘိ ဘေးမရှိပေ။

---

စာယဉ်ဦးစာပေ

**ပဏီတံ** မွန်မြတ်သော ရတနာပစ္စည်း တခုကို မကြာမကြာ ကြည့်ရှုနေခြင်း ကဲ့သို့ နိဗ္ဗာန်တရားတော်မြတ်သည် ရဟန္တာ အရှင်မြတ်များအတွက် မကြာမကြာ အာရုံပြု၍ နေချင်စရာကောင်းသော အတုမဲ့ ရတနာတမျိုးဖြစ်၏။ ဗုဒ္ဓမြတ်စွာနှင့်တကွ ရဟန္တာ အရှင်မြတ်တို့သည်(ဖလသမာပတ်ကိုဝင်စားကာ)ထိုနိဗ္ဗာန်ကို မကြာမကြာ အာရုံပြု၍ သီတင်းသုံးတော်မူလေ့ရှိ၏။ တရားဟောတော်မူတုန်း မှာပင် ပရိသတ်က သာဓုခေါ်နေသည့်အခါ ဗုဒ္ဓမြတ်စွာသည် နိဗ္ဗာန်ကို အာရုံပြု၍ နေတော်မူ၏။ သာဓုခေါ်ပြီးမှ တရားကို ဆက်၍ဟောတော်မူ၏ဟု ဆရာတို့ ရေးသားတော်မူ၏။ထိုနိဗ္ဗာန် တရားတော်သည် ရဟန္တာ အရှင်မြတ်တို့အတွက် မွန်မြတ်သော အတုမဲ့ ရတနာတဆူ ဖြစ်တော်မူပါပေ၏။

**အဝေဒယိတသုခ** ကောင်းမြတ်သည့်ရူပါရုံစသော အာရုံတို့နှင့် ထိတွေ့ခံစားရမှုကြောင့်ဖြစ်သော ချမ်းသာ၊ မထိတွေ့ပဲ ခံစားရသောချမ်းသာဟု ချမ်းသာနှစ်မျိုး ရှိ၏။ ထိတွေ့ခံစားရမှုကြောင့်ဖြစ်သော ချမ်းသာကို ဝေဒယိတ သုခဟုခေါ်၍ မထိတွေ့ပဲ ခံစားရသော ချမ်းသာကို အဝေဒယိတသုခဟု ခေါ်သည်။ ဝေဒယိတသုခသည် ခံစားနေဆဲ အချိန်၌သာ ချမ်းသာသော်လည်း ခံစားပြီးပြီဆိုလျှင် ဒုက္ခ ရောက်ရ၏။ ခံစားရန်အတွက်လည်း ရှာဖွေခြင်း စသော ဒုက္ခဖြင့် ထူထောင်ရ၏။ ထိုထူထောင်ရသော ဒုက္ခနှင့် ခံစားပြီးနောက် ဖြစ်လာသော ဒုက္ခတို့ကား ခံစားရသောသုခနှင့် အဆမတန်ချေ။ ထို့ကြောင့် ဝေဒယိတသုခသည် ဒုက္ခဖြင့် စရ၍ ဒုက္ခဖြင့်သာ

အဆုံးသတ်ရသည်။ (ဇာတ်သိမ်းမလှသော) ချမ်းသာ ဖြစ်၏။ နိဗ္ဗာန်တရားသည် အဝေဒယိတသုခ၊ ရူပါရုံ စသည်တို့နှင့် မထိတွေ့ပဲ ခံစားရသော ချမ်းသာဖြစ်၏။

**ဝေဒယိတမရှိလို ချမ်းသာ**

အခါတပါး၌ အရှင်သာရိပုတ္တရာသည် "သုခမိဒံအာဝုသော နိဗ္ဗာနံ၊ ငါ့ရှင်တို့ ဤနိဗ္ဗာန်သည် ချမ်းသာပါပေစွ။ သုခမိဒံ အာဝုသော နိဗ္ဗာနံ၊ ငါ့ရှင်တို့ ဤနိဗ္ဗာန်သည် ချမ်းသာပါပေစွ" ဟု ရဟန်းတို့အား မိန့်တော်မူလေသည်။ ထိုအခါ လာလုဒါယီအမည်ရှိ ပုထုဇဉ်ရဟန်းတပါးက "ကိံ ပနေတ္ထ အာဝုသော သာရိပုတ္တ သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံ၊ ငါ့ရှင် သာရိပုတ္တရာ၊ ဤနိဗ္ဗာန်၌ ခံစားခြင်းဝေဒယိတသုခ မရှိပါပဲ အဘယ်ကြောင့် ချမ်းသာရှိပါမည်နည်း" ဟု စောဒနာလိုက်၏။ အရှင်သာရိပုတ္တရာ ကိုယ်တော်မြတ်ကလည်း "ဧတဒေဝ ခွေတ္ထ အာဝုသော သုခံ၊ ယဒေတ္ထ နတ္ထိ ဝေဒယိတံ၊ ငါ့ရှင် လာလုဒါယီ ဤနိဗ္ဗာန်၌ ခံစားခြင်း ဝေဒယိတသည် မရှိပေ။ ဤခံစားခြင်း ဝေဒယိတမ ရှိခြင်းသည် ပင်လျှင် ဤနိဗ္ဗာန်၌ ချမ်းသာပဲ" ဟု မိန့်တော်မူပါသည်။

## ဥပသမာနုဿတိအကျိုး

ဤဥပသမာနုဿတိကမ္မဋ္ဌာန်းကို ပွားများ အားထုတ်သော ယောဂီသည် ချမ်းသာစွာအိပ်ရ၏။ ချမ်းသာစွာနိုးရ၏။ ငြိမ်သက်သောဣန္ဒြေရှိ၏။ ငြိမ်သက်သောနှလုံးရှိ၏။ ဟိရိဩတ္တပနှင့်

ပြည့်စုံ၏။ ကြည်ညိုဘွယ်ကိုဆောင်၏။ မြတ်သောနိဗ္ဗာန်၌ စိတ်အစဉ်ညွတ်ကိုင်းသဖြင့် မွန်မြတ်သော နှလုံးသွင်းခြင်း ရှိ၏။ အနီးနေ ပုဂ္ဂိုလ်တို့က အလေးပြုအပ်သူ မေတ္တာပွားအပ်သူ ဖြစ်ပေ၏။ မဂ်ဖိုလ်ဘုရားထူးကို ထိုးထွင်း၍ မသိငြားသော်လည်း သုဂတိသို့ လားရာရှိပေ၏။

အနုဿတိကမ္မဋ္ဌာန်းအဖွင့်

ပြီးပြီ။

# ဗြဟ္မဝိဟာရ ကမ္မဋ္ဌာန အဖွင့်

## ဗြဟ္မဝိဟာရဘာဝနာ ၄ပါး

၁။ မေတ္တာဘာဝနာ

၂။ ကရုဏာဘာဝနာ

၃။ မုဒိတာဘာဝနာ

၄။ ဥပေက္ခာဘာဝနာ

## ဗြဟ္မဝိဟာရခေါ်ပုံ

မြတ်သော အနက်သဘောကြောင့်လည်းကောင်း၊ အပြစ်ကင်းခြင်းကြောင့် လည်းကောင်း၊ ယင်း ၄မျိုးကို ဗြဟ္မာ့ဝိဟာရဟုခေါ်သည်။ချဲ့ပါဦးမည်။မေတ္တာစသည်ဖြင့် နေခြင်း(ဝိဟာရ) တို့သည် မည်သူတဦးတယောက်ကိုမျှ ထိခိုက်ခြင်း နစ်နာခြင်း မရှိရကား မှန်သော ကောင်းသော မြင့်သော မြတ်သောအကျင့်

ဖြစ်၏။ ထိုပြင် ဗြဟ္မာတို့သည် နီဝရဏစသည့် အပြစ်စိတ်တို့မှ လွတ်ကင်းစွာ နေလေ့ရှိကြသကဲ့သို့ မေတ္တာစသည်ကို အဆက်မပြတ် တစပ်တည်းဖြစ်အောင် ပွားများနေသူတို့သည် နီဝရဏအပြစ်စိတ်တို့မှ ကွာရှင်းလျက်နေရကား ဗြဟ္မာတို့၏ နေခြင်းနှင့် တူပါပေသည်။ (ဗြဟ္မ—ဗြဟ္မ၊ ဝိဟာရ၊ နေခြင်း၊ ဗြဟ္မဝိဟာရ၊ ဗြဟ္မာ၏နေခြင်း။)

## ၁။ မေတ္တာဘာဝနာပွားပုံ

သတ္တဝါတို့ အပေါ်၌ စီးပွားချမ်းသာ လိုလားသောသဘောကို မေတ္တာဟုခေါ်၏။ ထိုမေတ္တာကို မိမိစိတ်အစဉ်၌ အဖန်ဖန် ဖြစ်စေခြင်း တိုးပွားစေခြင်းကို မေတ္တာဘာဝနာဟု ခေါ်သည်။ထိုမေတ္တာဘာဝနာကိုပွားများလိုသောယောဂီသည် ရှေးဦးစွာဒေါသ၏အပြစ်နှင့် သည်းခံခြင်း၏အကျိုးအာနိသင်ကို ဆင်ခြင်ရပေမည်။

**ဒေါသ၏အပြစ်** မနှစ်သက်ဘွယ်အာရုံနှင့် တွေ့ကြုံသောအခါ ရှူးရှူးရှဲရှဲဖြစ်၍ ကိုယ်ရောစိတ်ပါ ကြမ်းလျက် အမျက်ထွက်ခြင်း သဘောကို ဒေါသဟု ခေါ်၏။ ယင်းဒေါသ၏ လွှမ်းမိုးခြင်းကို ခံရသူသည် မိမိနှင့်သူတပါး နှစ်ဦး;သားတို့၏ မှန်ကန်သော အကြောင်းအကျိုးတို့ကို မသိတတ် မမြင်တတ်ချေ။ ထိုသို့ မသိမြင်သည် ဖြစ်၍ အသက်ကိုသတ်ခြင်း စသော မကောင်းမှုကိုလည်း ပြုနိုင်၏။ ငရဲ၌လည်း ကျနိုင်၏။ (ဤသို့စသည်ဖြင့် ဒေါသ၏အပြစ်တို့ကို မိမိတို့ဉာဏ်မှီသရွေ့ ချဲ့ပြီးဆင်ခြင်ပါ)။

---

**သည်းခံခြင်းအကျိုး** သူတပါးက မကောင်းသဖြင့် လွှမ်းမိုးလာမှုကို မေတ္တာမပျက် ငြိမ်ငြိမ်သက်သက်ခံနိုင်ခြင်းသည် ပါဠိလိုခန္တီ၊ မြန်မာလိုသည်းခံသည်မည်၏။ သည်းခံခြင်း ခန္တီတရားသည် ပြုသင့်သည်ကို ပြုခြင်း၊ မပြုသင့်သည်ကိုပယ်ခြင်း လက္ခဏာရှိ၍ သမ္မာပဋိပတ်၏ အကြောင်းရင်းမူလဖြစ်၏၊ ဒေါသစသော မကောင်းမှုတရားတို့ကို ပယ်ဖျက်နိုင်သောခန္တီတရားနှင့်ပြည့်စုံသူကို(မကောင်းမှုကိုမျှော်ပြီးသော) ရဟန္တာဟူ၍ ဗုဒ္ဓမြတ်စွာသည် ဟောတော်မူ၏။ အကျင့်တရားတို့တွင် ခန္တီတရားထက်မြတ်သော တရားသည် မရှိပေ။ ခန္တီတရား လက်ကိုင်ထားသူအား မုန်းသူမရှိ၊ ရန်ဖြစ်ခြင်း ငြင်းခုံခြင်းစသော ယုတ်ညံ့သည့် ပြုမှုများမရှိပေ။ (ဤသို့ သည်းခံခြင်း၏အကျိုးအာနိသင်တို့ကို မိမိတို့ဉာဏ်မှီသမျှ ချဲ့၍ ဆင်ခြင်ပါ)။

**မေတ္တာစ၍ မပွားထိုက်သူ** ထိုသို့ ဒေါသ၏အပြစ် သည်းခံခြင်း၏ အကျိုးတို့ကို ဆင်ခြင်ပြီး၍ မေတ္တာဘာဝနာကို အားထုတ်ရပေမည်။ အားထုတ်ရာမှာလည်း (၁) မုန်းသူကို ချစ်သူအရာ၌ ထားလျှင် ပင်ပန်းတတ်သောကြောင့် ရှေးဦးစွာ မပွားအပ်သော အပ္ပိယပုဂ္ဂိုလ် (မချစ်အပ်သူ)။ (၂) အလွန်ချစ်အပ်သူ၏ အနည်းငယ်သော ဆင်းရဲကိုသိရလျှင် ငိုမည့် အခြင်းအရာသို့ ရောက်တတ်သောကြောင့် ရှေးဦးစွာ မပွားအပ်သော အပ္ပိယပုဂ္ဂိုလ်(အလွန်ချစ်အပ်သူ)။ (၃) အလယ်အလတ်ဖြစ်သူကို အလေးပြုအပ်သူအရာ၌လည်းကောင်း၊ ချစ်အပ်သူ အရာ၌လည်းကောင်း ထား

လျှင် ပင်ပန်း တတ်သောကြောင့် ရှေးဦးစွာ မပွားအပ်သော မဇ္ဈတ္တပုဂ္ဂိုလ် (မုန်းလည်း မမုန်း၊ ချစ်လည်း မချစ်အပ်သူ)။ (၄) ရန်သူကို အောက်မေ့ ဆင်ခြင်မိလျှင် အမျက်ထွက်ခြင်း ဖြစ်တတ်သောကြောင့် ရှေးဦးစွာ မပွားအပ်သော ဝေရီပုဂ္ဂိုလ် (အကျိုးမဲ့ကို ပြုတတ်သော ရန်သူ)။ (၅) မိမိမယားကို မေတ္တာ ပွားမိ၍ (မယားထံသွားရန်)။ တည္ဆဲလုံး နံရံကို တိုးဝှေ့သော အမတ်သားကဲ့သို့ တဏှာရာဂ ဖြစ်ပွား တတ် သော ကြောင့် သီးခြားမပွားသင့်သော လိင်ဝိသဘာဂ ပုဂ္ဂိုလ် (လိင် အ သွင် မတူသူ)။ (၆) ကွယ်လွန်ပြီးသောဆရာကို အာရုံပြု၍ ပွားသော ပဥ္စင်းငယ်အလား စျာန်မဝင်စားနိုင်ရာ မေတ္တာ၏အာရုံ မဟုတ် ရာ ဖြစ်သဖြင့် အခါခပ်သိမ်း မပွားများအပ်သော သူသေပုဂ္ဂိုလ် တို့၏ အပေါ်၌ မေတ္တာဘာဝနာကို မပွားများအပ်ပေ။

**မိမိကိုယ်ကို စ၍ပွားပါ** မိမိကိုယ်ကို ပွားများရာဝယ် အပ္ပနာ စျာန် မဖြစ်သော်လည်း ကိုယ်ချင်းစာ၍ သက်သေ ပြုသော အားဖြင့် "အဝေရော ဟောမိ၊ အဗျာပဇ္ဈောဟောမိ၊ အနီဃောဟောမိ၊ သုခီအတ္တာနံ ပရိဟရာမိ" ဟု ပါဠိလိုဖြစ်စေ၊ "ငါသည် ဘေးရန်ကင်းသူ ဖြစ်ရပါလို၏။ စိတ်ဆင်းရဲကင်းသူ ဖြစ်ရပါလို၏။ ကိုယ်ဆင်းရဲ ကင်းသူ ဖြစ်ရပါလို၏၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည် ဖြစ်၍ မိမိကိုယ်ကို အသက်ဆုံးတိုင် ဆောင်နိုင်ရပါလို၏" ဟု မြန်မာလိုဖြစ်စေ နှလုံးသွင်း၍ မိမိကိုယ်ကို အဖန်ဖန် ပွားများ ရပေမည်။

---

စပယ်ဦးစာပေ

**ပိယပုဂ္ဂိုလ်၌ မေတ္တာပွားပုံ** (ဆရာ ဆရာနှင့်တူသူ၊ မိဘ မိဘနှင့်တူသူ တို့ကို ပိယပုဂ္ဂိုလ်ဟု ခေါ်၏) မိမိကိုယ်၌ အဖန်ဖန် မေတ္တာပွားပြီးသော ယောဂီသည် မေတ္တာအပ္ပနာကို ရရန်အတွက် ပိယပုဂ္ဂိုလ် တယောက်ယောက်၏ ပေးကမ်းမှု ချစ်ဖွယ်စကား ပြောဆိုမှုတို့နှင့် သီလသုတ စသည့် ဂုဏ်ကျေးဇူးတို့ကို အောက်မေ့၍စသော သဗ္ဗပုရိသော အဝေရာဟောတု၊ အဗျာပဇ္ဈာဟောတု၊ အနီဃောဟောတု၊ သုခီအတ္တာနံပရိဟရတုဟု ပါဠိလိုဖြစ်စေ၊ ဤသူတော်ကောင်းသည် ဘေးရန်ကင်းပါစေ။ စိတ်ဆင်းရဲကင်းပါစေ။ ကိုယ်ဆင်းရဲကင်းပါစေ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းရှိသည်ဖြစ်၍ မိမိကိုယ်ကို အသက်ဆုံးတိုင် ဆောင်နိုင်ပါစေဟု မြန်မာလိုဖြစ်စေ မိမိနားလည်းသော ဝေါဟာရဖြင့် အဖန်ဖန်ပွားများပါ။ ဤပိယပုဂ္ဂိုလ်တယောက်တည်း၌ပင် အပ္ပနာစျာန်ကို ရနိုင်ပါ၏။

**သီမာသမ္ဘေဒ မေတ္တာပွားပုံ** (ပိယ ပုဂ္ဂိုလ် အတိပ္ပိယပုဂ္ဂိုလ်၊ မဇ္ဈတ္တပုဂ္ဂိုလ်၊ ဝေရီပုဂ္ဂိုလ်ဟု သတ်မှတ် ပိုင်းခြားခြင်း မရှိရလေအောင် မေတ္တာပွားမှုကို သီမာသမ္ဘေဒ မေတ္တာပွားသည်ဟု ခေါ်၏) ပိယပုဂ္ဂိုလ်၌ ရသော အပ္ပနာနှင့်ပင် မရောင့်ရဲလိုသော ယောဂီသည် (ရှေးဦးစွာ) အလွန်ချစ်အပ်သော ပုဂ္ဂိုလ်အပေါ်၌ စိတ်ကိုပို၍ နူးညံ့အောင် ဘာဝနာအမှု၌ ခန့်အောင် မေတ္တာများစွာ ပွားရ၏။ ထိုနောက် မဇ္ဈတ္တပုဂ္ဂိုလ်၊ ဝေရီပုဂ္ဂိုလ်တို့၏ အပေါ်၌ အစဉ်အတိုင်း မေတ္တာပွားရသည် (မိမိ၌ ရန်သူမရှိလျှင် ဝေရီပုဂ္ဂိုလ်၌ မေတ္တာပွားဖွယ်မလို) ဆက်ပါဦးအံ့။ ရန်သူရှိသော ယောဂီသည်

ဝေရီပုဂ္ဂိုလ်အပေါ်၌ မေတ္တာစိတ်ကို စေလွှတ်ရာ အခါဝယ် ထိုရန်သူကပြုထားသော မကောင်းမှုကို ဆင်ခြင်မိသဖြင့် အမျက်ဒေါသဖြစ်လာတတ်၏။ ထိုအခါ ရန်ငြိုးဖျောက်နည်း ၁၁နည်းကို လက်တွေ့ကျင့်သုံးရပေမည်။

## ရန်ငြိုးဖျောက်နည်း(၁၁)နည်း

**၁။ မေတ္တာ ဈာန် ဝင်စား၍ ရန်ငြိုး ဖျောက်ခြင်း** ပိယပုဂ္ဂိုလ်၊ အတိပ္ပိယ ပုဂ္ဂိုလ်၊ မဇ္ဈတ္တ ပုဂ္ဂိုလ် သုံးယောက်တို့တွင် တယောက်သောပုဂ္ဂိုလ်၌ ထပ်တလဲလဲမေတ္တာဈာန် ဝင်စားပြီးလျှင် ထိုရန်သူကို အာရုံပြု၍ အဖန်ဖန် မေတ္တာပို့ခြင်းဖြင့် အမျက် ဒေါသကို ပယ်ဖျောက်ရပေမည်။

**၂။ ဒေါသ၏ အပြစ်ကိုဆင်ခြင်၍ ရန်ငြိုး ဖျောက်ခြင်း** "ရဟန်းတို့ယုတ်မာသောလူမိုက်တို့သည် ငါးမာန်စွယ် လွှကြီးဖြင့် ခန္ဓာကိုယ်ကို တိုက်ဖြတ်ကုန်ရာ၏။ ထိုသို့တိုက်ဖြတ်ရာတွင် တိုက်ဖြတ်ခြင်းခံရသူသည် လူမိုက်တို့၌ စိတ်ဖြင့်ပြစ်မှားလိုက်အံ့။ ယင်းသို့ပြစ်မှားလိုက်ခြင်းသည်ပင် ထိုသူသည် ငါဘုရား၏ အဆုံးအမကို လိုက်နာသူ မဟုတ်တော့ချေ" ဟူ၍လည်းကောင်း။

"အကြင်သူသည်မျက်မာန်လိုက်ဆူရန်မူလာသောသူတပါးကို ရန်တုံ့မူသောအားဖြင့် အမျက်ပြန်ထွက်၏၊ ထိုသူသည် အမျက်ပြန်ထွက်ခြင်းကြောင့် ပထမက အမျက်ထွက်သူထက်ပင် သာ၍

ယုတ်မာ၏။ အမျက်ထွက်လာသူကို အမျက်မထွက်ပဲ သည်းခံနိုင်သောသူသည် အောင်နိုင်ခဲသောစစ်ပွဲကို အောင်လာသူနှင့်တူ၏” ဟူ၍လည်းကောင်း။

“ရဟန်းတို့။ ရန်သူတို့က ပြုအပ်ပြုထိုက်ကုန်သော ဤ၇ ရားခုနစ်ပါးတို့သည် အမျက်ထွက်သောယောကျ်ားမိန်းမတို့၏အထံသို့ ကျရောက်လာကုန်၏။ အဘယ်တရားခုနစ်ပါးတို့နည်း ဟူမူ (၁) အမျက်ဒေါသကြီးသူသည် အမျက်ဒေါသသည် ဖျက်ဆီးအပ်ရကား ခုရော နောင်ပါ အရုပ်ဆိုးခြင်း၊ (၂) ဆင်းရဲစွာ အိပ်ရ နေရခြင်း၊ (၃)အကျိုးစီးပွား မဖြစ်ခြင်း၊ (၄)စည်းစိမ်ဥစ္စာချွတ်ယွင်းခြင်း၊ (၅)အခြေအရံ ကင်းမဲ့ခြင်း၊ (၆) အသိမိတ်ဆွေ ခေါင်းပါးခြင်း၊ (၇)အမျက်ဒေါသက လွှမ်းမိုးသည်ဖြစ်၍ ကိုယ်နှုတ်စိတ် သုံးပါးလုံးဖြင့် ဒုစရိုက်ကိုပြုမိခြင်းကြောင့် သေသည်မှနောက် အပါယ်ဒုဂ္ဂတိဝိနိပါတ ဘုံသို့ ကပ်ရောက်ရခြင်းတို့တည်း”ဟူ၍ လည်းကောင်း။

“ရဟန်းတို့ အစွန်းနှစ်ဘက်၌ မီးလောင်၍ အလယ်၌ မစင်လူးနေသောသူသေဖုတ်သည့် ထင်းကုလား(ထင်းစ)သည် ရွာ၌လည်းကောင်း၊ တော၌လည်းကောင်း သစ်သားဖြင့် ပြုဖွယ်ကိစ္စကိုမပြီးစေတတ်၊အမျက်ဒေါသကြီးသူသည် ထိုထင်းကုလားနှင့်အလားတူ၏ဟုငါဘုရားဟောတော်မူ၏” ဟူ၍လည်းကောင်း ဗုဒ္ဓမြတ်စွာ ဟောတော်မူခဲ့သည် မဟုတ်ပါလော။

ငါသည် အမျက် ထွက်နေခြင်းကြောင့် မြတ်စွာဘုရား၏ အဆုံးအမကို လိုက်နာသူလည်း မဖြစ်၊ တုံ့ပြန်၍ အမျက်ထွက်မိခြင်းကြောင့် သူ့ထက်ပင် သာ၍ ယုတ်ညံ့သူ ဖြစ်ရလေ၏။

---

စပယ်ဦးစာပေ

ရန်သူက ပြုအပ် ပြုထိုက်သော သဘောတရားတို့သည်လည်း မိမိကိုယ်တိုင်ပင်မိမိအားပြုရာရောက်နေ၏(လူကိစ္စသည်လည်းဆုံးရှုံး ဘာ၀နာကိုလည်း မပြည့်စုံသဖြင့်)ထင်းကုလားနှင့်လည်း တူနေ၏ဟု ဒေါသ၏အပြစ်ကိုဆင်ခြင်၍ပေါ်လာသောအမျက်ဒေါသကို ဖယ်ဖျောက်ရပေမည်။

၃။ **ရန်သူ၏ ကောင်းသော အကျင့်ကိုဆင်ခြင်၍ ရန်ငြိုးဖျောက်ခြင်း** ရန်သူပုဂ္ဂိုလ်၏မကောင်းသောအမူအရာ အကျင့်တို့ကို မအောက်မေ့ပဲ ကောင်းသော အမူအရာအကျင့်ကိုသာ အောက်မေ့၍ ပေါ်လာသောအမျက်ဒေါသကို ပယ်ဖျောက်ရပေမည်။ရှင်းဦးအံ့။ အချို့သောသူတို့မှာ ကိုယ်အမူအကျင့်သာ ကောင်း၍ နှုတ်စိတ် အမူအကျင့်တို့ကား မကောင်းပေ။ထိုသူ၏မကောင်းသော နှုတ်စိတ်အမူအကျင့်တို့ကို မအောက်မေ့ပဲ ကောင်းသောစိတ်အမူအကျင့်ကိုသာ အောက်မေ့ရခြင်းတို့တည်း။

**မှတ်ချက်။** ။ကောင်းသောအမူအကျင့်ကို ထိုသူ၏ဝေယျာဝစ္စပြုပုံ၊ ဝတ်ကြီးဝတ်ငယ်ပြုပုံတို့ကိုကြည့်၍ သိနိုင်ပါသည်။ ကောင်းနှုတ် အမူအကျင့်ကို ထိုသူ၏ အပြောအဆို ပြေပြစ်ပုံ၊ နားချမ်းသာအောင် ပြောတတ်ပုံ၊ အညီအညွတ် ဝမ်းမြောက်အောင် ပြောတတ်ပုံ၊ မျက်နှာရွှင်ပျပုံ၊ ချိုသာသော အသံဖြင့် တရား ဟောတတ် ပြောတတ်ပုံ တို့ကို ကြည့်၍ သိနိုင်ပါသည်။ ကောင်းသော စိတ် အမူအကျင့်ကို ထိုသူ၏ (စေတီ၊ ဗောဓိပင်ရှင်၊

ရဟန်း)အများနှင့် ပူဇော်ထိုက်သူ တို့ကို ရှိခိုး ပူဇော်သောအခါ ရိုသေစွာရှိခိုးပုံ တရားတော်၌ သက်ဝင်ယုံကြည်၍ အိပ်ငိုက်ခြင်းမရှိပဲ တရား နာပုံတို့ကိုကြည့်၍ သိနိုင်ပါသည်။

၄။ ကရုဏာဖြင့် ရန်ငြိုးဖျောက်ခြင်း

ရန်သူ၌ ကောင်းသောအမူအကျင့် တစိုး တစိမျှ မတွေ့ရလျှင် သူသည် ကံအား လျော်စွာ လူ့ဘဝ၌ ရောက်လာသော် လည်း မကောင်းမှုဒုစရိုက်များကိုသာ ပြုကျင့်နေသည့် အတွက် သေလျှင် ငရဲ၌ ကျက်ရရှာပေလိမ့်မည်။ လူဖြစ်ရကျိုး မနပ်ရှာ ပါလားဟု သနားခြင်း ကရုဏာကိုဖြစ်စေလျက် ပေါ်လာသော အမျက်ဒေါသကို ပယ်ဖျောက်ရပေမည်။

၅။ မိမိကိုယ်ကို ဆုံးမ၍ ရန်ငြိုးဖျောက်ခြင်း

ရန်သူသည် ငါ့အားနှိပ်စက်ပါက ခန္ဓာ ကိုယ်သာလျှင် နှိပ်စက်နိုင်၏။ စိတ်ကို တော့ သူ မနှိပ်စက်နိုင်။ ယခုအခါ ရန်သူက မနှိပ်စက်နိုင်သော စိတ်ကို ငါသည် ပြန်၍နှိပ်စက်နေဘိ၏။ ဘာကြောင့် ဤသို့ နှိပ်စက် နေဘိသနည်း။

ဆွေမျိုး အပေါင်းနှင့် စည်းစိမ်ဉစ္စာတို့ကို မျက်နှာလွှဲ၍ ကမ္မဋ္ဌာန်းအလုပ်ဝင်နိုင်ခဲ့ပါလျက် အကျိုးမဲ့ပြုတတ်သည့် အမျက် ဒေါသဟူသော ရန်သူကို အဘယ်ကြောင့် မျက်နှာမလွှဲနိုင်ရ သနည်း။

---

စပယ်ဦးစာပေ

ငါသည် အလွန်မြင့်မြတ်သော သီလတို့ကို စောင့်ထိန်းနေ၏။ သီလတို့သည် ငါ၏အားကိုးရာ အရှင်သခင်ဖြစ်၏။ ယခုအခါ သီလတို့ကို ဖျက်ဆီးတတ်သော အမျက်ဒေါသကို အလိုလိုက် ထားသကဲ့သို့ ဖြစ်နေ၏။ ငါ့လောက်မိုက်သူသည် အဘယ်မှာ ရှိအံ့နည်း။

သူက ငါ၏အပေါ်၌ ယုတ်မာသော အပြုအမူကို ပြုဖူး၏ဟု အောက်မေ့၍ ငါသည် အမျက်ဒေါသ ဖြစ်ဘိ၏။ ငါသည် သူ ပြုသည့် မကောင်းမှုနှင့် အလားတူသော မကောင်းမှုကို ကိုယ်တိုင်ပြုရန် အဘယ်ကြောင့် အလိုရှိနေဘိသနည်း။

ငါအမျက်ဒေါသဖြစ်စေရန်အတွက် ငါမခံနိုင်လောက်သော အပြုအမူကို သူပြု၏။ ငါအမျက်ဒေါသ ဖြစ်လိုက်ပါက သူ့ အလိုကျလုပ်ပေးခြင်းနှင့် အလားတူသည် မဟုတ်ပါလော။

ငါသည် အမျက်ထွက်၍ သူ့အား ကလဲ့စားချေပါက နိုင်လျှင်နိုင်၊ မနိုင်လျှင်ရှုံးမည် ဖြစ်၏။ ဒါပေမယ့် ယခုအချိန်၌ ကား အမျက်ဒေါသသည် ငါ့အား နှိပ်စက်နေသည့်အတွက် ငါလက်တွေ့ရှုံးနေရပြီ မဟုတ်ပါလား။ ဤသို့သော နည်းတို့ဖြင့် မိမိကိုယ်ကို ဆုံးမ၍ ပေါ်လာသော အမျက်ဒေါသကို ပယ် ဖျောက်ရပေမည်။

၆။ ကံကိုဆင်ခြင်၍ ငါသည် အမျက်ထွက်၍ သူ့အား ရန်ငြိုးဖျောက်ခြင်း အဘယ်သို့ပြုမည်နည်း။ ဒေါသအရင်းခံ ဖြစ်သော ငါပြုမည့် မကောင်းမှုကံသည် ငါ့၌သာ အကျိုးမဲ့ပြုမည်မဟုတ်ပါလား။ ငါသည် ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိ၏။ ကံပေးသောအမွေကို ခံယူရ၏။ ကံသာလျှင်

ဆွေမျိုးရှိ၏၊ ကံသာလျှင် အားကိုးရာရှိ၏။ ကံသာလျှင် ငါ့အတွက် ဆင်းရဲချမ်းသာကိုဖြစ်စေနိုင်၏၊ ငါပြုသော ကောင်းမှု မကောင်းမှုကံကို ငါသာလျှင် ခံစားရမည်ဖြစ်၏။ ယခု ငါပြုလိုသောကံဖြင့် သမ္မာသမ္ဗောဓိဉာဏ်၊ ပစ္စေကဗောဓိဉာဏ်၊ သာဝကဉာဏ်တို့နှင့် လူ့စည်းစိမ်၊ နတ်စည်းစိမ်၊ ဗြဟ္မာစည်းစိမ်တို့ကို ရလိမ့်မည်မဟုတ်။ သူတောင်းစားအဖြစ်မှ စ၍ ငရဲ ဆင်းရဲစသော ဒုက္ခတို့ကိုသာ ရပေလိမ့်မည်။ ငါ့ကံနှင့်ငါ ခံရ စံရမည်ဖြစ်သကဲ့သို့ သူလည်း သူ့ကံနှင့်သူ ခံရစံရပေလိမ့်မည်ဟု ကံကို ဆင်ခြင်၍ ပေါ်လာသော အမျက်ဒေါသကို ပယ်ဖျောက်ရပေမည်။

၇။ ဗုဒ္ဓ၏ ခန္တီပါရမီတို့ကို အောက်မေ့၍ ရန်ငြိုးဖျောက်ခြင်း — ဗုဒ္ဓမြတ်စွာသည် သစ္စာ မသိသေးသော အလောင်းအလျာ ဘဝဖြင့် လေးအသင်္ချေနှင့် ကမ္ဘာတသိန်း ကာလပတ်လုံး ပါရမီတို့ကို ဖြည့်ကျင့်တော်မူခဲ့၏။ ထိုစဉ်အခါဝယ် ရန်သူတို့၏ နှိပ်စက်မှုကိုလည်း စိတ်မပျက်ပဲ သည်းခံနိုင်ခဲ့ပေ၏။ ထို့ကြောင့် ယခုအခါ နတ်နှင့်တကွသော လောကဝယ် ခန္တီဂုဏ်နှင့် ပြည့်စုံတော်မူသော ဘုရားရှင် ဖြစ်လာရ၏၊ ငါသည် ထိုဘုရားရှင်၏ တပည့်သာဝက ဖြစ်ပါလျက် သည်းခံခြင်းမရှိပဲ အမျက်ဒေါသ ဖြစ်နေခြင်းသည် အလွန်ရှက်စရာကောင်းလှ၏ဟု မိမိကိုယ်ကို ကဲ့ရဲ့ပြစ်တင်ကာ ဘုရားသခင် ခန္တီပါရမီ ဖြည့်တော်မူခဲ့သည့် ဘဝတို့ကို အောက်မေ့၍ ပေါ်လာသောရန်ငြိုးကို ပယ်ဖျောက်ရပေမည်။

ပေယ်ဦးစာပေ

(ခန္တီပါရမီဖြည့်ပုံ ထင်ရှားလှသော သီလဝဇာတ်၊ ခန္တီဝါဒီဇာတ်၊ စူဠဓမ္မပါလဇာတ်၊ ဆဒ္ဒန်ဆင်မင်းဇာတ်၊ မဟာကပိဇာတ် စသည်တို့ကို အောက်မေ့ဆင်ခြင်ပါ။)

၈။ ဆွေမျိုးတော်ခဲ့ပုံကို အောက်မေ့၍ ရန်ငြိုးဖျောက်ခြင်း — ရဟန်းတို့၊ ရှေးအခါက အမိ မဖြစ်ခဲ့ဘူးသော သတ္တဝါ၊ အဖ မဖြစ်ခဲ့ဖူးသော သတ္တဝါ၊ ညီအစ်ကို မောင်နှမ မဖြစ်ခဲ့ဘူးသောသတ္တဝါသည် အလွန်ရှားး၏ဟု ဗုဒ္ဓမြတ်စွာသည် သံယုတ် ပါဠိတော် အနမတဂ္ဂသုတ်၌ ဟောတော်မူထား၏။ ထို့ကြောင့် သူသည် တချိန်က ငါ့အပေါ်ဝယ် အလွန်ကျေးဇူးများခဲ့ဖူးသူတယောက် ဖြစ်ခဲ့ဖူးပေလိမ့်မည်။ ငါသည် သူ့အပေါ်၌ အမျက်ထွက်ရန် မသင့်ပေဟု ဆွေမျိုးတော်ခဲ့ပုံတို့ကို အောက်မေ့၍ ပေါ်လာသော အမျက်ဒေါသကို ပယ်ဖျောက်ရပေမည်။

၉။ မေတ္တာအကျိုးကို ဆင်ခြင်၍ ရန်ငြိုးဖျောက်ခြင်း — ရဟန်းတို့၊ နိဝရဏမှလွတ်သောမေတ္တာကို ပွားများသော ယောဂီသည် (၁)ချမ်းသာစွာ အိပ်ရ၏၊ (၂)ချမ်းသာစွာနိုးရ၏။ (၃)ကောင်းသောအိပ်စက်ခြင်းကိုလည်းကောင်း၊ ကောင်းသောအိပ်မက်ကိုလည်းကောင်းမြင်မက်ရ၏၊ (၄) လူတို့ကချစ်၏။ (၅)နတ်တို့ကချစ်၏။ (၆)နတ်တို့က စောင့်ရှောက်၏။ (၇)မေတ္တာပွားသူတို့၌ အဆိပ်မီးမကျရောက်နိုင်။ (၈)စိတ်တည်ကြည်၏။ (၉)မျက်နှာအဆင်းကြည်လင်၏။ (၁၀)မတွေဝေဘဲသေရ၏။ (၁၁)မဂ်တရားဖိုလ်တရားကို ထိုးထွင်း၍ မသိရသော်လည်း ဗြဟ္မာပြည်သို့ ရောက်နိုင်၏ ဟု

အင်္ဂုတ္တိုရ်ပါဠိ ကောဒသကနိပါတ်၌ ဗုဒ္ဓမြတ်စွာ ဟောတော်မူထားခဲ့ပေ၏။ ငါသည် ဤသို့ အမျက်ဒေါသ ဖြစ်နေပါကထို မေတ္တာအကျိုးတို့မှ ဆုံးရှုံးရပေလိမ့်မည်ဟု အောက်မေ့၍ ပေါ်လာသော အမျက်ဒေါသကို ပယ်ဖျောက်ရပေမည်။

**၁၀။ ဓာတ်စသည် ခွဲခြား၍ ရန်ငြိုး ဖျောက်ခြင်း** သူအား အမျက် ထွက်သော ငါသည် သူ့ရှိသော ပထဝီဓာတ်ကို အမျက်ထွက်သလော၊ တေဇော အာပေါ ဝါယော ဓာတ်တို့ကို အမျက်ထွက်သလော၊ (သို့မဟုတ်) ဆံပင် ခြေသည်း လက်သည်း သွားအရေ အစရှိသော ကောဋ္ဌာသတို့ကို အမျက်ထွက်သလောဟု ဆင်ခြင်၍ ပေါ်လာသော ရန်ငြိုးကိုပယ်ဖျောက်ရပေမည်။

**၁၁။ အပေးအယူပြု၍ ရန်ငြိုးဖျောက်ခြင်း** အထက်ဖော်ပြပါ နည်းတို့ဖြင့် အမျက်ဒေါသမပြေပျောက်သော် မိမိဥစ္စာကိုလည်းပေး၊ သူပေးသော ဥစ္စာကိုလည်း ယူ၍ရန်ငြိုးဖျောက်ရပေမည်။ ဤသို့အပေးအယူပြုခြင်းဖြင့်နှစ်ဦးသား အပေါင်းအဖော်အဖြစ်သို့ရောက်၍ (အတိတ်ဘဝမှပါလာသောအမျက်ဒေါသသည်ပင်)ပြေပျောက်ရပေ၏။ပေးကမ်းခြင်းသည် ဤသို့ ကြီးမားသော အာနုဘော် ရှိပါပေသည်။

> ပေးကမ်းခြင်းသည် မယဉ်ကျေးစေသူတို့ကို ယဉ်ကျေးစေတတ်၏။
>
> ပေးကမ်းခြင်းသည် အသုံးစုံသောကိစ္စကို အောင်မြင်နိုင်၏။

---

စာယ်ဦးစာပေ

ပေးကမ်းခြင်းကြောင့် လည်းကောင်း၊ ချိုသာသော စကားကြောင့်လည်းကောင်း၊ (ပေးသူပြောသူ နှစ်ဦးသားတို့သည်) မျက်နှာပွင့်လန်းလျက် တက်ဘက်ကြွကြွရှိကုန်၏။ (ခံယူသူ ကြားနာရသူတို့သည်လည်း) ကြည်သာရွှင်ပျ၍ မိမိအလိုသို့ ညွတ်လာကြရကုန်၏။

(ဝိသုဒ္ဓိမဂ်)

**သီမာသမ္ဘေဒ ဖြစ်ပုံ** ဤသို့လျှင်အမျက်ဒေါသကိုပယ်ဖျောက်ကာ ရန်သူအပေါ်၌ပင် (အတ္တပိယ၊ မဇ္ဈတ္တပုဂ္ဂိုလ်တို့နှင့်ညီမျှသော) မေတ္တာစိတ်ကို အဖန်ဖန်ဖြစ်စေလျက် သီမာသမ္ဘေဒကိုပြုထိုက်၏။ ယင်းသီမာသမ္ဘေဒ၏ လက္ခဏာကား သီမာသမ္ဘေဒအဖြစ်သို့ ရောက်အောင် မေတ္တာပွားသော ယောဂီသည် ပိယပုဂ္ဂိုလ်၊ မဇ္ဈတ္တပုဂ္ဂိုလ်တို့နှင့် တခုသောအရပ်၌ အတူနေကြရာဝယ် ခိုးသူဓားပြတို့က လာ၍ လည်ချောင်းသွေးဖြင့် ယဇ်နတ်ကို ပူဇော်ရန် တယောက်ကိုပေးပါဟု တောင်းလာသောအခါ ယောဂီသည် သူတို့သုံးယောက်ကိုမပေး၊ ငါ့ကိုသာပေးမည်ဟု စိတ်ဖြစ်မိလျှင်ပင် မေတ္တာမမျှသေးသဖြင့် သီမာသမ္ဘေ မဖြစ်သေး။ အတ္တပိယမဇ္ဈတ္တဝေရီပုဂ္ဂိုလ်တို့တွင် တယောက်ကိုမျှပေးဖို့ရာ မမြင်မှသာ သီမာသမ္ဘေ ဖြစ်၏။ တယောက်ကို ပေးရန် မြင်နေသေးလျှင် သီမာသမ္ဘေ မဖြစ်သေးဟု မှတ်ပါ။

**ပဋိဘာဂ နိမိတ် စသည်ရပုံ** ထို သီမာသမ္ဘေ ဖြစ်ပြီးသည်နှင့် အတူ ကသိုဏ်းနိမိတ် စသည်နှင့် အလားတူသော သမထနိမိတ်ကိုရ၍ ဥပစာရစျာန်

---

စပယ်ဦးစာပေ

သို့လည်း ရောက်၏။ ထပ်ကာထပ်ကာ မှီဝဲဖန်များလျှင် ပြိုပြင်ပင်ပန်းခြင်းမရှိပဲ အပ္ပနာသို့လည်း ရောက်၏။ စတုတ္ထဈာန်တိုင်အောင်ရနိုင်၏။ ဆက်ပါဦးအံ့။ ဤသို့အပ္ပနာသို့ ရောက်ပြီးသော ယောဂီဥ်သာ ၅ပါးသော အချင်းအရာအားဖြင့် ဖြန့်အပ်သော အနောဓိဖရဏမေတ္တာ၊ (၇)ပါးသော အချင်းအရာဖြင့် ဖြန့်အပ်သော ဩဓိဖရဏမေတ္တာ၊ (၁၀)ပါးသော အချင်းအရာတို့ဖြင့် ဖြန့်အပ်သော ဒိသာဖရဏမေတ္တာတို့သည် ပြီးစီးပြည့်စုံ၏။

**အနောဓိဖရဏ မေတ္တာ** သဗ္ဗေသတ္တာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ သဗ္ဗေ ပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တဘာဝ ပရိယာပန္နာ အဝေရာဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံပရိဟရန္တု။

၁။ သဗ္ဗေသတ္တာ၊ အလုံးစုံသော သတ္တဝါဟူသမျှတို့သည်။ အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း။ အဗျာပဇ္ဇာ၊ စိတ်ဆင်းရဲမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း။ အနီဃာ၊ ကိုယ်ဆင်းရဲကင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း ။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြကုန်သည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ အသက်ဆုံးတိုင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

၂။ သဗ္ဗေပါဏာ၊ အလုံးစုံသော သက်ရှူသတ္တဝါ ဟူသမျှတို့သည်။ အဝေရာ၊ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း။ အဗျာပဇ္ဇာ၊ စိတ်ဆင်းရဲမရှိကြကုန်သည်။ ဟောန္တု၊

ဖြစ်ကြပါစေသတည်း။အနီဃာ၊ ကိုယ်ဆင်းရဲကင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း။ သုခီ၊ ကိုယ်စိတ် နှစ်ဖြာ ကျန်းမာ ချမ်းသာကြကုန်သည် ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ အသက်ဆုံးတိုင် ဆောင်ရွက်နိုင်ကြပါစေ သတည်း။

၃။ သဗ္ဗေဘူတာ၊ အလုံးစုံသော ထင်ရှားဖြစ်သူတို့သည်။ အဝေရာ၊ ရန်မရှိကုန်သည်။ဟောန္တု၊ဖြစ်ကြပါစေသည်း။ အဗျာပဇ္ဈာ၊ စိတ်ဆင်းရဲ မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ သတည်း။ အနီဃာ၊ ကိုယ်ဆင်းရဲ ကင်းကြကုန်သည်။ဟောန္တု၊ ဖြစ်ကြပါစေသတည်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြကုန်သည်ဖြစ်၍။အတ္တာနံ၊မိမိကိုယ်ကို။ပရိဟရန္တု၊အသက်ဆုံးတိုင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

၄။ သဗ္ဗေပုဂ္ဂလာ၊ အလုံးစုံသောပုဂ္ဂိုလ် ဟူသမျှတို့သည်။ အဝေရာ၊ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေ သတည်း။ အဗျာပဇ္ဈာ၊ စိတ်ဆင်းရဲမရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း။အနီဃာ၊ကိုယ်ဆင်းရဲကင်းကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြကုန်သည် ဖြစ်၍ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ အသက်ဆုံးတိုင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

၅။ သဗ္ဗေအတ္တဘာဝပရိယာပန္နာ၊ အလုံးစုံသော အတ္တဘော၌ အတွင်းဝင်သူ ဟူသမျှတို့သည်။ အဝေရာ၊ ရန်မရှိကုန်သည်။ဟောန္တု၊ ဖြစ်ကြပါစေသတည်း။ အဗျာပဇ္ဈာ၊စိတ်ဆင်းရဲ မရှိကြကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း။ အနီဃာ၊ ကိုယ်ဆင်းရဲကင်းကြကုန်သည်။ ဟောန္တု၊ဖြစ်ကြပါစေသတည်း။

သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာကြကုန်သည် ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ အသက်ဆုံးတိုင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

(ဤ ၅မျိုးကို အဝေရာဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ အနီဃာ ဟောန္တု၊ ပရိဟာရန္တုဟူသော ၄ဖြင့်မြှောက်သော် အနေဝိသရဏ အကျယ် ၂၀ရ၏။)

**ဩဒိဖရဏမေတ္တာ** သဗ္ဗဣတ္ထိယောအဝေရာဟောန္တု၊အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ သဗ္ဗေပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ အဝေရာ ဟောန္တု၊အဗျာပဇ္ဈာဟောန္တု၊ အနီဃာဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

၁။ သဗ္ဗာဣတ္ထိယော၊ အလုံးစုံသောမိန်းမဟူသမျှ တို့သည်။ အဝေရာ၊ ရန်မရှိကုန်သည်။ ဟောန္တု၊ ဖြစ်ကြပါစေသတည်း။ အနီဃာ၊ ကိုယ်ဆင်းရဲ ကင်းကြကုန်သည်၊ ဟောန္တု ဖြစ်ကြပါစေသတည်း။ သုခီ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြကုန်သည်ဖြစ်၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ပရိဟရန္တု၊ အသက်ဆုံးတိုင် ဆောင်ရွက်နိုင်ကြပါစေသဘည်း။

၂။ သဗ္ဗေပုရိသာ။အလုံးစုံသောယောကျ်ားဟူသမျှတို့သည်။ အဝေရာ ကုန်သည် ဟောန္တုတည်း။ အဗျာပဇ္ဈာ၊ ကုန်သည် ဟောန္တုတည်း။ အနီဃာ၊ ကုန်သည်။ ဟောန္တုတည်း၊ သုခီ၊ ၍၊ အတ္တာနံ၊ ကို၊ ပရိဟရန္တု၊ တည်း။

၃။ သဗ္ဗေအရိယာ၊ အလုံးစုံသောအရိယာ ဟူသမျှတို့သည်။ အဝေရာ၊ ကုန်သည် ဟောန္တု၊ တည်း။ အဗျာပဇ္ဈာနံ၊ ကုန်သည် ဟောန္တု၊ တည်း။ အနီဃာ၊ ကုန်သည် ဟောန္တု၊ တည်း။သုခီ၊ရှဲ၊အတ္တာနံကို၊ပရိဟရန္တု၊တည်း။

၄။ သဗ္ဗေအနရိယာ။ အလုံးစုံသောပုထုဇဉ်ဟူသမျှတို့သည်။ အဝေရာ၊ ကုန်သည်၊ ဟောန္တု၊ တည်း။ အဗျာပဇ္ဈာ၊ ကုန်သည်၊ ဟောန္တု၊ တည်း။ အနီဃာ၊ ကုန်သည်၊ ဟောန္တု၊ တည်း။ သုခီ၊ ရှဲ၊ အတ္တာနံကို၊ ပရိဟရန္တု၊ တည်း။

၅။ သဗ္ဗေဒေဝါ၊အလုံးစုံသောနတ်ဟူသမျှတို့သည်။ အဝေရာ ကုန်သည်၊ ဟောန္တု၊ တည်း။ အဗျာပဇ္ဈာ၊ ကုန်သည်၊ ဟောန္တု၊ တည်း။ အနီဃာ၊ ကုန်သည်၊ ဟောန္တု တည်း။ သုခီ။ ရှဲ၊ အတ္တာနံ။ ပရိဟရန္တု၊ တည်း။

၆။ သဗ္ဗေမနုဿာ၊အလုံးစုံသောလူဟူသမျှတို့သည်။အဝေရာ၊ ကုန်သည်၊ ဟောန္တု၊ တည်း။ အဗျာပဇ္ဈာ၊ ကုန်သည်၊ ဟောန္တု၊တည်း။အနီဃာ၊ ကုန်သည်။ ဟောန္တု၊တည်း။ သုခီ။ ရှဲ၊ အတ္တာနံ၊ ကို၊ ပရိဟာရန္တု၊ တည်း။

၇။ သဗ္ဗေဝိနိပါတိကာ။ အလုံးစုံသော အပါယ်သူ အပါယ်သား ဟူသမျှတို့သည်။ အဝေရာ၊ ကုန်သည်၊ ဟောန္တု၊ တည်း၊ အဗျာပဇ္ဈာ၊ ကုန်သည်၊ ဟောန္တု၊ တည်း။ အနီဃာ၊ ကုန်သည်၊ဟောန္တု၊တည်း။ သုခီ၊ ရှဲ၊အတ္တာနံ၊ ကို၊ ပရိဟရန္တု၊ တည်း။ (ဤ ၇ မျိုးကိုဟောန္တု၊ ၄ဖြင့် သော် ဩဓိဖရဏာအကျယ် ၂၈ ရ၏)

---

သဗ္ဗေပုရတ္ထိမာယ ဒိသာယ။ ပစ္ဆိမာယဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ဒက္ခိဏာယဒိသာယ၊ ပုရတ္ထိမာယအနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ။ ဥတ္တရာယအနုဒိသာယ၊ ဒက္ခိဏာယအနုဒိသာယ။ ဟေဋ္ဌိမာယဒိသာယ။ ဥပရိမာယဒိသာယ သတ္တာပါဏာဘူတာ ပုဂ္ဂလာ။အတ္တဘာဝပရိယာပန္နာ။ ဣတ္ထိယောပုရိသာ။ အရိယာ အနရိယာ။ ဒေဝါမနုဿာ၊ ဝိနိပါတိကာ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာဟောန္တု၊အနီဃာဟောန္တု၊သုခီအတ္တာနံပရိဟရန္တု။

၁။ ပုရတ္ထိမာယဒိသာ၏။အရှေ့အရပ်၌(နေကြသော)သဗ္ဗေ သတ္တာ၊တို့သည်။ပ။ပရိဟရန္တု၊တည်း။

၂။ ပစ္ဆိမာယဒိသာ၏။ အနောက် အရပ်၌(နေကြသော) သဗ္ဗေသတ္တာ၊တို့သည်။ပ။ပရိဟရန္တု၊တည်း။

၃။ ဥတ္တရာယဒိသာ၏။မြောက်အရပ်၌(နေကြသော)သဗ္ဗေ သတ္တာ၊တို့သည်။ပ။ပရိဟရန္တု၊ တည်း။

၄။ ပုရိတ္ထိမာယအနုဒိသာယ၊ အရှေ့တောင်ထောင့် အရပ်၌ (နေကြသော) သဗ္ဗေသတ္တာ၊ တို့သည်။ ပ။ ပရိဟန္တု၊ တည်း။

၅။ ပစ္ဆိမာယအနုဒိသာ၏။အနောက်မြောက်ထောင့်အရပ်၌ (နေကြသော) သဗ္ဗေသတ္တာ၊ တို့သည်။ ပ။ ပရိဟရန္တု၊ တည်း။

၆။ ဥတ္တရာယအနုဒိသာယ၊ အရှေ့မြောက်ထောင့် အရပ်၌ (နေကြသော) သဗ္ဗေသတ္တာ၊ တို့သည်။ ပ။ ပရိဟရန္တု၊ တည်း။

---

စပယ်ဦးစာပေ

၈။ ဒက္ခိဏာယအနုဒိသာယ၊အနောက်တောင်ထောင့်အရပ်၌ (နေကြသော)သဗ္ဗေသတ္တာ၊ တို့သည်။ ပ။ ပရိဟရန္တု၊ တည်း။

၉။ ဟေဋ္ဌိမာယဒိသာ၏၊ အောက်အရပ်၌ (နေကြသော) သဗ္ဗေသတ္တာ၊တို့သည်။ ပ။ပရိဟရန္တု၊တည်း။

၁၀။ ဥပရိမာယဒိသာယ၊အထက်အရပ်၌(နေကြသော)သဗ္ဗေ သတ္တာ၊တို့သည်။ပ။ ပရိဟရန္တု၊တည်း။(သတ္တ ဝါရ-၁)

၁။ ပုရိတ္ထိမာယဒိသာယ၊ ၌။ (နေကြသော) သဗ္ဗေပါဏာ၊ တို့သည်။ပ။ပရိဟရန္တု၊တည်း။(ပါဏဝါရ-၂)

၂။ ၁၀။ ပစ္ဆိမာယဒိသာယ၊ ၌။ (နေသော) ပ။ ဥပရိမာယ ဒိသာယ၊၌။ပ။ပရိဟရန္တု၊တည်း။(ပါဏ ဝါရ-၂)

၁။ ပုရတ္ထိမာယ ဒိသာယ၊၌။ သဗ္ဗေဘူတာ၊ တို့သည်။ ပ။ ပရိဟရန္တု၊တည်း။

၂။ ၁၀။ ပစ္ဆိမာယ ဒိသာယ၊၌။ (နေသော) ပ။ ဥပရိမာယ ဒိသာယ၊၌။ပရိဟရန္တု၊တည်း။(ဘူတဝါရ-၃)

၁။ ပုရတ္ထိမာယဒိသာယ၊ ၌ (နေကြသော) သဗ္ဗေပုဂ္ဂလာ၊ တို့သည်။ပ။ပရိဟရန္တု၊တည်း။

၂။ ၁၀။ ပစ္ဆိမာယဒိသာယ၊၌။(နေကြသော) ပ။ဥပရိမာယ ဒိသာယ၊၌။ ပ။ ပရိဟရန္တု၊ တည်း။ (အတ္တဘာဝ ပရိယာပန္န ဝါရ-၅)

---

စပယ်ဦးစာပေ

၁။ ပုရိတ္ထိမာယဒိသာယဥ္စ (နေသော) သဗ္ဗေအရိယာတို့
သည်။ပ၊ ပရိဟာရန္တု၊ တည်း။
၂။ + ၁၀။ ပစ္ဆိမာယဥ္စ (နေသော) ပ၊ ဥပရိမာယ
ဒိသာယဥ္စ ပ၊ ပရိဟာရန္တု၊တည်း (အရိယဝါရနှာ)
၁။ ပုရိတ္ထိမာ၏ ဒိသာယဥ္စ (နေသော) သဗ္ဗေအနရိယာ၊
တို့သည်။ ပ၊ ပရိဟာရန္တု၊ တည်း။
၂။ + ၁၀။ ပစ္ဆိမာယဒိသာယဥ္စ။ ပ၊ ဥပရိမာယ
ဒိသာယဥ္စ။ ပ၊ ပရိဟာရန္တုတည်း။ (အနရိယဝါရ-၉)
၁။ ပုရတ္ထိမာယ ဒိသာယဥ္စ (နေသော) သဗ္ဗေဒေဝါ၊
တို့သည်။ ပ၊ ပရိဟာရန္တု၊ တည်း။
၂။ + ၁၀။ ပစ္ဆိမာယဒိသာယဥ္စ။ ပ၊ ဥပရိယာဒိသာယဥ္စ။
ပ၊ ပရိဟာရန္တု၊ တည်း။ (ဒေဝဝါရ၊ ၁၀)
၁။ ပုရိတ္ထိမာယ ဒိသာယဥ္စ (နေသော) သဗ္ဗေမနုဿာ၊
တို့သည်။ ပ၊ ပရိဟာရန္တု၊ တည်း။ ၂+၁၀၊ ပစ္ဆိမာယ
ဒိသာယဥ္စ။ ပ၊ ဥပရိမာယဒိသာယဥ္စ။ ပ၊ ပရိဟာရန္တု၊
တည်း။ (မနုဿဝါရ-၁၁)
၁။ ပုရတ္ထိမာယဒိသာယဥ္စ။ (နေသော) သဗ္ဗေဝိနိပါတိကာ၊
တို့သည်။ ပ။ ပရိဟာရန္တု၊ တည်း။
၂။ + ၁၀။ပစ္ဆိမာယဒိသာယဥ္စ။ ပ၊ဥပရိမာယဒိသာယဥ္စ။
ပရိဟာရန္တုတည်း။(ဝိနိပါတိကဝါရ ၁၂)
(အရပ် ၁၀ကို၊ ဝါရ ၁၂ နှင့် မြှောက်သော် ၁၂၀။
၎င်း ၁၂၀ ကို၊ န္တု ၄ ဖြင့် မြှောက်သော် ဒိသာဖရဏာ
အကျယ် ၄၈၀၊ ရ၏)

---

စပယ်ဦးစာပေ

၅၂၈ သွယ် မေတ္တာ

မေတ္တာသည်အကျဉ်းအားဖြင့် အနောဓိ ဩဓိ ဒိသာဟု သုံးမျိုးပင် ရှိသော်လည်း အကျယ်အားဖြင့် ၅၂၈ မျိုးရှိ၏ဟု ပဋိသမ္ဘိဒါမဂ်၌ ပြထား၏။ ၅၂၈ မျိုးကား အနောဓိဖရဏာ အကျယ် ၂၀၊ ဩဓိဖရဏာ အကျယ် ၂၈၊ ဒိသာဖရဏာ အကျယ် ၄၈၀၊ ပေါင်း ၅၂၈ သွယ် မေတ္တာ ဖြစ်၏။

## မေတ္တာအကျိုး ၁၁ မျိုး

၅၂၈ သွယ်သော မေတ္တာတို့တွင်တပါးသောမေတ္တာဖြင့်ပင် မေတ္တာစျာန်ကို ပွားသော ယောဂီသည် အောက်ဖော်ပြပါ မေတ္တာအကျိုး ၁၀ မျိုးကို အကြွင်းမဲ့ရနိုင်၏။

၁။ တပြောင်းပြန်ပြန် လူးလိမ့်ခြင်းနှင့် သူမူး ဒူရူးဟု ရှုသံ ရှိုက်သံတို့နှင့် ကင်းမဲ့လျက် ချမ်းသာစွာ အိပ်ရ၏။

၂။ ညည်းတွားခြင်း၊ ကိုယ်လက်တို့ကို ပစ်ဆွဲဆန့်တန်းခြင်း လူးလိမ့်ခြင်းတို့နှင့် ကင်းလျက် (ပဒုမ္မာကြာပန်းပွင့် သကဲ့သို့)ရွှင်လန်းစွာနိုးရ၏။

၃။ လူဆိုးတို့က မိမိအား ဝိုင်းရံထားခြင်း သားရဲ ဘီလူး တို့၏ အနှိပ်စက်ကို ခံနေရခြင်း။ ရေနစ်ခြင်း၊ မီးလောင်ခြင်း၊ မင်းပြစ် မင်းဒဏ် သင့်ခြင်း စသော ထိတ်လန့်ဖွယ်ရာ အိပ်မက်တို့ကိုမမြင်မက်ရပဲ၊စေတီတော် ကို ရှိခိုးပူဇော်နေရခြင်း၊ တရားတော်ကို နာယူနေရ ခြင်း၊ ဆင်ဖြူတော်ကိုရခြင်း စသော နှစ်သက်ဖွယ်ရာ အိပ်မက်တို့ကိုသာ မြင်မက်ရ၏။

၄။ ရင်၌ တွဲရရွဲ ကျနေအောင် ဆွဲထားသော လည်ဆွဲနှင့် ဦးခေါင်း၌ ဆင်မြန်းထားသော တန်ဆာကို လူအများ ချစ်ခင်မြတ်နိုးသကဲ့သို့ မေတ္တာပွားသော ယောဂီအား လူတို့က ချစ်ခင်မြတ်နိုး၏။

၅။ လူတို့၏ ချစ်ခင်မြတ်နိုးမှုကို ရသကဲ့သို့ နတ်တို့၏ ချစ်ခင် မြတ်နိုးမှုကိုလည်း (ဝိသာခိမထေရ်ကဲ့သို့) ရနိုင်ပေ၏။

အခါတပါး၌ ပါဋလိပုတ် မြို့သား ဝိသာခိ မထေရ်သည် စိတ္တလတောင် ကျောင်းတိုက်သို့သွားရာလမ်းဝယ် လမ်းနှစ်ခွတွေ့ သောအခါ ဤဘက်လမ်းဖြင့် သွားရမည်လား၊ ဟိုဘက်လမ်း ဖြင့် သွားရမည်လားဟု ခေတ္တရပ်၍ စဉ်းစားနေခိုက်၊ တောင် စောင့်နတ်သည် လက်ကို ဆန့်တန်းကာ ဤသည်ကား လမ်းဟု ညွှန်ပြလေ၏။ ထိုညွှန်ပြချက်ဖြင့် သွားလေရာ စိတ္တလတောင် ကျောင်းတိုက်သို့ ရောက်၍ လေးလပတ်လုံး နေပြီး လျှင် မိုးသောက်အခါ၌မူ ကျောင်းမှထွက်သွားတော့မည်ဟု ကြံစည် ကာ ကျောင်း၌ လျှောင်းစက်နေ၏။ ထိုအချိန်ဝယ် စကြံဦး၌ရှိ သပြေပင်စောင့်နတ်သည် လှေကားပေါ်၌ထိုင်လျက် လှိုက်လှိုက် လှဲ့လှဲ့ ငိုပါလေတော့သည်။

မထေရ် = (ငိုသံကိုကြား၍) လှေကားမှာထိုင်ပြီး ငိုနေ သော သူသည် ဘယ်သူလဲ။

နတ် = သပြေပင်စောင့်နတ်ပါ အရှင်ဘုရား။

မထေရ် = ဘာကြောင့် ဒီမှာလာပြီး ငိုနေရတာလဲ။

---

စပယ်ဦးစာပေ

နတ် = အရှင်ဘုရားတို့ ကြွသွားမှာကို စိုးရိမ်သော ကြောင့် ငိုနေရပါသည်အရှင်ဘုရား(ရိုသေလေး စားသောကြောင့် တပါးတည်းဖြစ်သော်လည်း အရှင်ဘုရားတို့ဟု ဗဟုဝုစ်ဖြင့်သုံးစွဲသည်)။

မထေရ် = ဒီ အရပ်မှာ ငါနေခြင်းကြောင့် သင်းတို့မှာ ဘယ်လိုအကျိုးထူးများရှိလို့လဲ။

နတ် = အရှင်ဘုရားတို့ ဤအရပ်မှာ နေလျှင် (အရှင်ဘုရားတို့ထံမှ မေတ္တာဓာတ် ကူးစက်၍) နတ်အပေါင်းလဲ မေတ္တာဓာတ် ရကြပါသည်။ အကယ်၍ အရှင်ဘုရားတို့ ကြွသွားပါလျှင် မေတ္တာဓာတ် ပျက်ပြယ်၍ အချင်းချင်း ခိုက်ရန်ပြုကြပါလိမ့်မည်။ ရုန့်ရင်း ကြမ်းတမ်းသော စကားကိုလဲပြောဆိုကြပါလိမ့်မည်ဟု(ပုလဲသွယ်နှင့် တူသော မျက်ရည်တို့ကို သုတ်ကာသုတ်ကာ အလွန် ဝမ်းနည်းစွာဖြင့်) လျှောက်လေသည်။

မထေရ် = ဤအရပ်၌ ငါနေလျှင် သင်တို့အား ချမ်းသာခြင်း ဖြစ်သည် ဆိုလျှင် ငါ မသွားသေးပါဟု မိန့်တော်မူ၍ နောက်ထပ်လေးလ နေတော်မူ၏။ လေးလ ပြည့်သော အခါဝယ် ရှေးနည်းအတူ ထွက်သွားဖို့ရန် စိတ်ကူးပြန်၏။ သပြေပင်စောင့်နတ်သည်လည်း ရှေးနည်းအတူ ငိုလာပြန်၏။ ဤပုံဤနည်းဖြင့် ဝိသာခမထေရ်သည် (နတ်တို့၏ ဆည်းကပ်မှု၊ ချစ်ခင်မြတ်နိုးမှုတို့ကို ခံယူ၍) ထိုအရပ်၌ပင် ပရိနိဗ္ဗာန်စံဝင်တော်မူရသတည်း။

၆။ မိဘတို့သည် အလွန်ချစ်ဖွယ် ကောင်းသော သားငယ်
လေးကို ဘေးမသီ ရန်မခအောင် စောင့်ရှောက်ကြသ
ကဲ့သို့ နတ်တို့သည် မေတ္တာရှိသူအား စောင့်ရှောက်ကြ
ကုန်၏။

၇။ မေတ္တာဖြင့် နေလေ့ရှိသူ၌ ဥတ္တရာ ဥပါသိကာမကဲ့သို့ အပူများ မလောင်မြိုက်နိုင်၊ သံယုတ္တနိကာယ်ဆောင် စူဠသိဝမထေရ်ကဲ့သို့တည်း။ အဆိပ်မသင့်နိုင်၊ သံကိစ္စ သာမဏေကဲ့သို့တည်း။ ဓား စသော လက်နက်များ မကျရောက်နိုင်၊ တခါကလည်း၊ နွားမကြီး တကောင်သည် သားငယ်အားချစ်သောမေတ္တာစိတ်ဖြင့် ရပ်လျက်နို့တိုက်နေ၏။ မုဆိုးတယောက်သည် ထိုနွားမကို သတ်အံ့ဟု ကြံစည်၍ အရိုးရှည်သောလှံဖြင့် တအားလွှဲ၍ ထိုးလိုက်၏။ ထိုလှံသည် နွားမကိုထိခိုက်၍ထန်းရွက်ကဲ့သို့ ခွေလိပ်၍ သွားပါသတဲ့။ မေတ္တာသည် ဤသို့ပင် ကြီးမားသောအာနုဘော်ရှိပါပေ၏။

၈။ မေတ္တာဖြင့် နေလေ့ရှိသူသည် စိတ်တည်ကြည်၍ သမာဓိ ရလွယ်၏။

၉။ အညှာမှ ကြွေကျသော ထန်းသီးမှည့်၏ အထက်ပိုင်း အဝါရောင်အဆင်းကဲ့သို့ မေတ္တာပွားသူ၏ မျက်နှာသည် ဝါဝင်း၍ ကြည်လင်သော အဆင်းရှိ၏။

၁၀။ မေတ္တာဖြင့် နေလေ့ရှိသူသည်၊ သေခါနီးအခါ၌တွေဝေခြင်းမရှိပဲ အိပ်ပျော်သွားသကဲ့သို့ သေရ၏။ အသေကောင်း၏။

---

စပယ်ဦးစာပေ

၁၁။ အထက်မဂ် ဖိုလ် တရားထူးကို ထိုးထွင်း၍ မသိ ကြားသော်လည်း မေတ္တာစျာန်ကိုရ၍ ဗြဟ္မာ့ပြည်သို့ ရောက်နိုင်၏။

အမှာ။ ။ဖော်ပြပါ မေတ္တာအကျိုး (၁၁) ပါးတွင် စျာန် မှတပါး၊ ရှေးဖြစ်သော အကျိုး (၁၀) ပါးကို အမြဲ ပွားများသော ပုဂ္ဂိုလ်တိုင်းပင် ရနိုင် လောက်ပါသည်။ ထို့ကြောင့်မေတ္တာဘာဝနာကို ကြိုးစား၍ ပွားများကြပါကုန်။ တဆင့်စကား ကြားရသည်မှာလည်း နေ့စဉ်နေ့တိုင်း မေတ္တာ ပို့ပေးလေ့ရှိသူသည် နေ့စဉ်နေ့တိုင်း ရွှေထုပ်ကို ပေးကမ်းနေသည်နှင့် မခြားဟူသတတ်။

## ၂။ ကရုဏာ ဘာဝနာပွားပုံ

သတ္တဝါတို့အပေါ်၌ သနားကြင်နာတတ်သော သဘောကို ကရုဏာဟု ခေါ်သည်။ ထိုကရုဏာကို မိမိစိတ်အစဉ်၌အဖန်ဖန် ဖြစ်စေခြင်း၊ တိုးပွားစေခြင်းကို ကရုဏာ ဘာဝနာဟု ခေါ် သည်။ ဤ ဘာဝနာကို ပွားများလိုသော ယောဂီသည်၊ ရှေးဦး စွာ ကရုဏာ ခေါင်းပါးခြင်း၏ အပြစ်နှင့် ကရုဏာရှိခြင်း၏ အကျိုး အာနိသင်တို့ကို ဆင်ခြင်ရပေမည်။

---

စပယ်ဦးစာပေ

**ကရုဏာ ခေါင်းပါး ၏အာနိသင်** ကရုဏာ ခေါင်းပါး သူတို့သည် (၁) ပြစ်နှင့်ကရုဏာရှိခြင်း အလာဘော၊ လာဘ်လာဘ ရှားး၏။ (၂)အလာဘဇာနိယော၊လာဘ်လာဘ ရပါ သော်လည်း ပျက်စီး လွယ်၏။ (၃) ကိတ္တိမာ၊ မကောင်းသတင်း ကျော်စော၏။ (၄) မကုံ၊ ပရိသတ်နှင့် တွေ့သည့်အခါ စိုးရွံ့ထိတ်လန့်၍ မနေတတ်မထိုင် တတ်ဖြစ်လျက် မျက်နှာ မသာမယာနေရ၏။ (၅) သံမူလော ကာလက်တော၊တွေတွေဝေဝေနှင့်သေရ၏။ (၆)အပါယဂေါ၊ ဒုက္ခထိပ်သီးဖြစ်သော အပါယ်ဒုဂ္ဂတိသို့ လားရ၏။ (၇)နဇ္ဇစ္စော၊ လူဖြစ်ပါသော်လည်း အမျိုးယုတ် အမျိုးညံ့၌ ဖြစ်ရ၏။ (၈) မယ္ဟာဗာဓော၊ အနာရောဂါများ၏။ နသိတော၊ အကျည်း ဘန် အရုပ်ဆိုး၏။ (၁၀) ဒုဂ္ဂတော၊ ဆင်းရဲနွမ်းပါး အစာ ရှား၏။ (၁၀) အပ္ပါယုကော၊ အသက်တို၏။ ကရုဏာရှိသူ တို့အား ကရုဏာ ခေါင်းပါးသူတို့ရသော အပြစ်တို့နှင့် ဆန့် ကျင်သော အကျိုးထူးတို့ကိုရ၏။ (ကရုဏာ ခေါင်းပါးသူက လာဘ်လာဘ ရှားသည်ဆိုလျှင် ကရုဏာရှိသူက လာဘ်လာဘ ပေါများမည်ဟုလို)။

**ဆင်းရဲသူကို မစ၍ ပွားပုံ** ထိုသို့ကရုဏာမရှိခြင်း၏အပြစ်၊ကရုဏာ ရှိခြင်း၏ အကျိုး အာနိသင်တို့ကို ဆင် ခြင်ပြီး စားဝတ် နေရေးမှစ၍ အစစ အရာရာဆင်ခြင်ပြီး ဆင်းရဲစွာနေရသောသတ္တဝါကိုကြည့်၍ ဤ သူသည်ကောင်းမှုကံ အကျိုးမပေးသည်ဖြစ်၍ ဆင်းရဲပင်ပန်း လေစွတကား၊ ဤဆင်းရဲမျိုးမှ လွတ်ပါမူ ကောင်းလေစွဟု နှလုံးသွင်း၍ အဖန်ဖန် အထပ်ထပ် ပွားများရပေမည်။

---

စပယ်ဦးစာပေ

**ချမ်းသာသော သူမိုက်ကိုပွားပုံ** ဒုက္ခိတသတ္တဝါကို မတွေ့ရလျှင် စည်းစိမ်ဥစ္စာကြွယ်ဝသောသူမိုက်ကိုကြည့်၍လည်း ပွားများနိုင်ပါသည်။ ပွားများပုံကား ဤသူသည် ရှေးဘဝက ပြုခဲ့သော ကောင်းမှုကံအကျိုးပေးနေသည်ဖြစ်၍ ယခုအခါ၌ စားဝတ် နေရေးတို့ဖြင့် ပြည့်စုံစွာနေရပါသော်လည်း မကောင်းမှုဒုစရိုက်ကိုပြုနေသည့်အတွက်ကြောင့် ဤဘဝမှ သေလျှင် ငရဲငယ်ငရဲကြီး အသီးသီးသို့ကျရောက်ရပေလိမ့်မည်။ သနားစရာ ကောင်းပါလားဟု နှလုံးသွင်း၍ပွားများရမည်။

**ချမ်းသာသော လူလိမ္မာကိုပွားပုံ** စည်းစိမ် ဥစ္စာ ကြွယ်ဝ၍ ကောင်းမှုပြုလေ့ရှိသူဖြစ်ပါက ဤသူသည် စည်းစိမ်ဥစ္စာလည်း ကြွယ်ဝ၏။ ကောင်းမှုကိုလည်း ပြုလေ့ရှိ၏။ သို့သော်လည်း ဉာတိဗျသန၊ ဆွေမျိုးသားချင်း ပျက်စီးခြင်း၊ ရောဂဗျသန၊ အနာရောဂါဖြစ်ခြင်း၊ ဘောဂဗျသန စည်းစိမ်ဥစ္စာ ပျက်စီးခြင်းတို့မှလည်းကောင်း၊ နိဗ္ဗာန်မရမီအတွင်း၌ ကေန်ခံရမည့် ဝဋ်ဒုက္ခတို့မှလည်းကောင်း၊ လွတ်မြောက်နိုင်လိမ့်မည် မဟုတ်ပေဟု နှလုံးသွင်း၍ သနားခြင်း ကရုဏာကို ဖြစ်စေလျက် အဖန်ဖန်ပွားများရမည်။

**ချစ်သူစသည်ကို ပွားခြင်း** ထိုမှ နောက် ပိယမဇ္ဈဝေရီ ပုဂ္ဂိုလ်တို့ကို အစဉ်အတိုင်း ပွားရ၏။ ဝေရီပုဂ္ဂိုလ်၌ ရန်ငြိုး မပြေ ပျောက်လျှင် မေတ္တာအခန်း၌ပြခဲ့သော နည်းဖြင့် ရန်ငြိုး ဖျောက်ရ၏။ ဤသို့လျှင်

အတ္တာ ပိယ မဇ္ဈတ္တ ဝေရီ၊ လေးလီလော ပုဂ္ဂိုလ်တို့၌ ညီမျှသော ကရုဏာကိုဖြစ်စေ၍ စတုတ္ထစျာန်တိုင်အောင် ပွားများပါလေ။

ဝါဒကဲ့ — အင်္ဂုတ္တရအဋ္ဌကထာ၌ ရှေးဦးစွာ ဝေရီပုဂ္ဂိုလ်၌ ကရုဏာပွား၍ စိတ်ကို နူးညံ့အောင်ပြုပြီးမှ ဆင်းရဲဒုက္ခရောက်နေသူ ချစ်အပ်သူတို့ နောက်မိမိကိုယ် ပွားအပ်၏ဟု ပြဆိုချက် ရှိသည်။ ထိုပြဆိုချက်သည် ဒုဂ္ဂတံ၊ ဆင်းရဲရောက်နေသော။ နရူပေတံ၊ မကောင်းဆိုးဝါးသည့် အခြေအနေရှိသောသူကိုဟု ဟောထားသော ဝိဘင်းပါဠိတော်နှင့်မညီ။ ထို့ကြောင့် ပြဆိုခဲ့သော နည်းဖြင့်သာ ဘာဝနာကို အားထုတ်အပ်၏။

ကရုဏာ ၁၃၂ပါး — ကရုဏာသည်လည်း အကျဉ်းအားဖြင့် အနောဓိ၊ ဩဓိ၊ ဒိသာဟု သုံးမျိုးပင်ရှိ၏။ အကျယ်အားဖြင့် ၁၃၂မျိုးရှိသည်။ ထိုအားလုံးကို ဒုက္ခာ မုစ္စန္တု၊ ဒုက္ခမှလွတ်မြောက်ကြပါစေဟု နှလုံးသွင်း၍ ပွားများရမည်။ ၁၃၂မျိုးကား အနောဓိဖရဏာ ၅။ ဩဓိဖရဏာ ၇။ ဒိသာဖရဏာ ၁၂၀။ ပေါင်း ၁၃၂ ဖြစ်၏။ အကျိုးကိုကား မေတ္တာဘာဝနာအရာ၌ ဆိုအပ်ခဲ့သော နည်းဖြင့်ပင် သိအပ်၏။

## ၃။ မုဒိတာဘာဝနာပွားပုံ

သတ္တဝါတယောက်၏ချမ်းသာခြင်းသဘောကို တွေ့ရ မြင်ရ ကြားရလျှင် ဝမ်းမြောက်တတ်သောသဘောကို မုဒိတာဟုခေါ်သည်။ ထိုမုဒိတာကို မိမိစိတ်အစဉ်၌ အဖန်ဖန်ဖြစ်စေခြင်း၊ တိုး

ပွားစေခြင်းကို မုဒိတာဘာဝနာဟု ခေါ်သည်။ ဤမုဒိတာဘာဝနာကိုပွားလိုသောယောဂီသည် ချမ်းသာနှင့် ပြည့်စုံသော သူငယ်ချင်း၊ မျက်နှာရွှင်လန်းသော သူငယ်ချင်း၊ အရင်ပြုံး၍ နှုတ်ဆက်လေ့ရှိသော သူငယ်ချင်း၊ နားဝင်ချိုအောင် ပြောဆိုတတ်သော သူငယ်ချင်းတို့တွင် တယောက်သော သူငယ်ချင်းကို အောက်မေ့၍မုဒိတာကို ပွားရသည်။

**သူငယ်ချင်း၌ မုဒိတာ ပွားပုံ** ထိုသို့ သဘောရှိသော သူငယ်ချင်း၏ ကောင်းစွာဝတ်စားနိုင်ပုံ၊ နေထိုင်နိုင်ပုံတို့ကို မိမိကိုယ်တိုင် တွေ့မြင်ရ၍ လည်းကောင်း၊ တဆင့်စကား ကြားရ၍လည်းကောင်း၊ ဤသူသည် ကောင်းစွာ ဝတ်နိုင် စားနိုင် နေနိုင် ထိုင်နိုင် သည်ဖြစ်၍ ဝမ်းမြောက်နေပေပြီ။ ဤသို့ ဝမ်းမြောက်နိုင်ခြင်းသည် ကောင်းလေစွ၊ ကောင်းလေစွ၊ ဤရအပ်ပြီးသော စည်းစိမ်မှ မလွတ်ကင်းပါစေနှင့်ဟု ယောနိသော မနသိကာရဖြစ်အောင် နှလုံးသွင်း၍ ဝမ်းမြောက်ခြင်း မုဒိတာကို ဖြစ်စေရမည်။

မှန်၏။ ဤအကြောင်းမျိုးကို စွဲမှီ၍ အဘိဓမ္မာဝိဘင်းပါဠိ၌။

ရဟန်းသည် အဘယ်သို့လျှင် မုဒိတာနှင့်တကွဖြစ်သော စိတ်ဖြင့် တခုသောအရပ်ကို ဖြန့်၍နေသနည်း။ ဥပမာ ပြရလျှင် ချစ်ခင်ထိုက်သူ တယောက်ကို တွေ့မြင်ရပါက ဝမ်းမြောက်ဝမ်းသာဖြစ်သကဲ့သို့ အလုံးစုံသော သတ္တဝါတို့၌ ဝမ်းမြောက်ခြင်း မုဒိတာဖြင့် ဖြန့်၏ဟု ဟောတော်မူထားပေသည်။

---

မဇ္ဈတ္တ စသည်၌ ထိုသို့လျှင် ချစ်ခင်အပ်သောသူငယ်ချင်း
မုဒိတာ ပွားပုံ ၌ မုဒိတာ အဖန်ဖန်အထပ်ထပ် ပွားစေ
ပြီးလျှင် မဇ္ဈတ္တပုဂ္ဂိုလ်၊ ဝေရီပုဂ္ဂိုလ်တို့၌
ထပ်ကာထပ်ကာ ပွားများ၍ သီမာသမ္ဘေဒကို ဖြစ်စေလျက် စတုတ္ထဈာန်တိုင်အောင် ပွားများပါလေ။ ဤမုဒိတာဘာဝနာသည်လည်း ကရုဏာ ဘာဝနာကဲ့သို့ ၁၃၂ ပါးပင်ရှိသည်။ ပွားများရာမှာ ဒုက္ခာမုစ္စန္တု၊အရာဝယ်၊ ယထာလဒ္ဓသမ္ပတ္တိတော။ မာဝိဂစ္ဆန္တု၊အကြင်ရအပ်ပြီးသောစည်းစိမ်မှမလွတ်ကင်းပဲနေနိုင်ကြပါစေဟူသောစကားကို လဲလှယ်၍ ပွားများရုံသာ ဖြစ်ပါသည်။ အကျိုးကိုကား မေတ္တာဘာဝနာအရာ၌ ပြခဲ့သည့်အတိုင်းသာ မှတ်ပါကုန်။

## ၄။ ဥပေက္ခာ ဘာဝနာပွားပုံ

မေတ္တာ ကရုဏာ မုဒိတာ သဘောကဲ့သို့ သူတပါး၏စီးပွားကို ဆောင်ရွက်လိုခြင်းလည်း မရှိရ၊ သူတပါး၏ဆင်းရဲကို ပယ်ရှားလိုခြင်းလည်း မရှိရ၊ သူတပါး၏စည်းစိမ်ဥစ္စာကို ဝမ်းမြောက်ခြင်းလည်း မရှိရပဲ သတ္တဝါတို့အပေါ်၌ သဗ္ဗေသတ္တာ ကမ္မဿကာ၊ အလုံးစုံသော သတ္တဝါတို့သည် ကံသာလျှင် ကိုယ်ပိုင် ဥစ္စာရှိ၏ဟု ကမ္မဿကာ ချတတ်သောသဘောကို ဥပေက္ခာဟု ခေါ်သည်။ ဥပေက္ခာ ဘာဝနာပွားလိုသော ယောဂီသည် မေတ္တာ ကရုဏာ မုဒိတာ ဘာဝနာ တို့မှ ရအပ်ပြီးသော ဈာန် တို့ကို အကြိမ်ကြိမ် အဖန်ဖန် များစွာ လေ့လာ ဝင်စား၍ ထိုဈာန်မှ

ထကာ မေတ္တာ ကရုဏာ မုဒိတာတို့၏ အပြစ်တို့ကို ဆင်ခြင်ရပေမည်။

**မေတ္တာ ကရုဏာ မုဒိတာတို့၏အပြစ်** မေတ္တာသည် ရာဂ၏ အနီး၌ ဖြစ်၏။ ကရုဏာသည် ကာမဂုဏ်ကိုမှီ၍ဖြစ်သော နှလုံးမသာယာမှု၏ အနီး၌ ဖြစ်၏။ မုဒိတာသည် ကာမဂုဏ်ကိုမှီသော ဝမ်းသာမှု၏ အနီး၌ ဖြစ်၏။ ထို့ကြောင့် ယင်းသုံးပါးတို့သည် ရန်နှင့်ရင်းကြမ်းတမ်းကြကုန်၏။

တနည်းကား ထိုသုံးပါးလုံးပင် ချမ်းသာကြပါစေ။ဆင်းရဲမှ လွတ်မြောက်ကြပါစေ။ ဝမ်းမြောက်နိုင်ကြပါစေဟု နှလုံးသွင်းလျက် အစီးအပွားကို လိုလားခြင်း သဘော ရှိသောကြောင့် ချစ်ခြင်းနှင့်လည်း နီး၏။ မိမိအလိုအတိုင်း မဖြစ်သည်ရှိသော် ဒေါမနဿ ဟု ဆိုရသော ဒေါသ တို့လည်း ဖြစ်နိုင်ကုန်၏။ ထို့ကြောင့် ယင်းသုံးပါးလုံးသည် အလွန်ရန်နှင့်ရင်း ကြမ်းတမ်းလှပေသည်။

**ဥပေက္ခာအကျိုး** ထိုသုံးပါးနှင့် တမျိုးတခြား ဖြစ်သော ဥပေက္ခာကား ချစ်ခြင်း မုန်းခြင်းတို့နှင့် ကင်းဝေးသည်ကြောင့် ငြိမ်သက်ခြင်း၊ ငြိမ်းအေးခြင်းသဘော ရှိ၏။ သိမ်မွေ့နူးညံ့၏။ ကိလေသာတို့မှလည်း အလွန်ဝေး၏။ သာယာပြန့်ပြော၏။

**မဇ္ဈတ္တ ပုဂ္ဂိုလ်၌ ပွားပုံ** မေတ္တာ ကရုဏာ မုဒိတာတို့၏ အပြစ် ဥပေက္ခာ၏ အကျိုးတို့ကို ဆင်ခြင်ပြီး မဇ္ဈတ္တပုဂ္ဂိုလ်ကို အာရုံပြုလျက် ဤသူ

သည်လည်း ပြုခဲ့ဖူးသောကံဖြင့် ရှေးဘဝမှလာခဲ့ရ၏။ငါသည်လည်း ပြုခဲ့ဖူးသောကံဖြင့် ရှေးဘဝမှ လာခဲ့ရ၏။ ပြုခဲ့ဖူးသောကံဖြင့်ပင် နောက်ဘဝသို့ သွားကြရပေလိမ့်ဦးမည်။ ငါသည်သူ့အား အောက်မေ့၍ အဝေရာ ဟောန္တု၊ ဒုက္ခာ မုစ္စန္တု၊ မာဝိဂစ္ဆန္တုဖြင့် ရွတ်ဆိုပွားများနေပါသော်လည်း ချမ်းသာကိုလည်း မရ၊ ဆင်းရဲကိုလည်း ပယ်နိုင်လိမ့်မည် မဟုတ်ပေ။သတ္တဝါတို့မည်သည် ကမ္မဿကာ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာရှိကြ၏ဟု နှလုံးသွင်း၍ အဖန်ဖန်ပွားများ ရပေမည်။

**ပိယ စသည်၌ ပွားခြင်း** ဆိုခဲ့ပြီးသော နည်းဖြင့် မဇ္ဈတ္တပုဂ္ဂိုလ်၌ ဥပေက္ခာ များစွာဖြင့် ဖြစ်စေပြီးမှ ပိယ ပုဂ္ဂိုလ် သဟာယက (သဟာယချင်း) ဝေရီပုဂ္ဂိုလ်တို့၌ အစဉ်အတိုင်း ပွားများရပေမည်။ပြီးမှမိမိကိုယ်ကို ပွားများရ၏။ပဉ္စမဈာန်တိုင်အောင် တက်နိုင်၏။ဥပေက္ခာဘာဝနာ၏ အခြေအတွက်နှင့် အကျိုးအာနိသင်ကို ရှေ့ဖော်ပြခဲ့သည့် မုဒိတာ ဘာဝနာအတိုင်းသာ မှန်ကုန်ရာ၏။

မှတ်ချက်။ ။ လျစ်လျူရှုတိုင်းသည် ဥပေက္ခာ ဗြဟ္မဝိဟာရဟု မမှတ်ရ။မောဟ၏အစွမ်းကြောင့်ဖြစ်သောချစ်ရမှန်းမုန်းရမှန်းမသိ။လျစ်လျူရှုနေသည့်အညာဏုပေက္ခာလည်း ရှိသေး၏။ ဆက်ပါဦးအံ့။ ပါရမီ ၁၀ပါး၌လာသော ဥပေက္ခာ ပါရမီနှင့်လည်း ဤဥပေက္ခာက မတူတတ်ပေ။ ပါရမီ၌လာသော ဥပေက္ခာသည် သတ္တဝါတို့က မိမိအပေါ်၌ ကောင်းစွာပြုမှု မတော်တရော်ပြုမှုများကို အာရုံ

ပြု၍ ဝမ်းသာ ဝမ်းနည်းခြင်းမရှိပဲ လျစ်လျူရှု၏။ ဤဥပေက္ခာကား သတ္တဝါတို့ အပေါ်၌ တမင်သက်သက် မေတ္တာ ကရုဏာ မုဒိတာ မဖြစ်ပဲ လျစ်လျူရှုခြင်း သဘောရှိ၏။

## တိုက်တွန်းချက်

**ပြန်စိုစေလို** လူသားတို့ နေထိုင်ကြသော ယခုကမ္ဘာဝယ် အပူမီးများ တဟုန်းဟုန်းတောက်လောင်နေမှုကြောင့် လှပစွာ တည်နေသင့်သော အစိုဓာတ်များလည်း ခြောက်ခန်းလုမတတ် ရှိနေရချေပြီ။ ထိုအစိုဓာတ်များ ပြန်လည်အားရှိလာစေရန် လူသားတို့က ပြုသင့်ပေ၏။ ဆိုလိုရင်းကား ကမ္ဘာ့လူသားတို့အပေါ်၌ လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာမီးများ လွန်စွာ တောက်လောင်နေ၏။ ထိုမီးတို့၏ အရှိန်ကြောင့် သူတော်ကောင်းတို့ သန္တာန်၌သာ ရှိသော ဗြဟ္မာ့ဝိဟာရခေါ် ဗြဟ္မာစိုရ် တရားတို့ သည်လည်း ဆထက်တံပိုး တိုး၍ မစိုတော့ပဲ တစတစဖြင့် ဆုံးပါးပါးလျက် ခြောက်ခန်းစပင် ပြုနေ၏။ ယင်းတရားတို့ မခြောက်ခန်းရလေအောင် လူသားတို့ကပင် မေတ္တာ ကရုဏာ မုဒိတာတရားများကို ပွားများကာ ပြန်လည်စိုစေကြပါစို့။

**အအေးဓာတ်ဖြင့် ထွေးပတ်ပါ** လက်ရှိကမ္ဘာ့လူသားတို့၏အခြေအနေကို လေးနက်စွာစဉ်းစားပါက လူသားတို့၌ (တယောက်နှင့် တယောက် တနိုင်ငံနှင့်

တနိုင်ငံ တပြည်ထောင်နှင့်တပြည်ထောင် မညှာတာနိုင်လောက်အောင် ဖြစ်နေသော) လောဘ ဒေါသ မာနနှင့် ဣဿာမစ္ဆရိယ အပူမီးတော်ခိုက်နေသည်ကို တွေ့ရ၏။ ယင်းအပူမီးတော်တို့ကြောင့် ကမ္ဘာကြီးသည် ခြောက်ကပ်ကပ် ဖြစ်နေရ၏။ ယခုအခါ၌သာ ခြောက်ကပ်နေစေမည်မဟုတ်၊ ဗြဟ္မဝိဟာရခေါ် ဗြဟ္မစိုရ်တရား မပွားသမျှ ကာလပတ်လုံး ခြောက်ကပ်စေမည်သာ။အချင်းချင်း တိုက်ခိုက်စေမည်သာ။ထို့ကြောင့် အပူမီးတော်တွေကို စွမ်းနိုင်သမျှ ငြိမ်းသတ်လျက် မြင့်မြတ်သောစိတ်ထားဖြင့် ဗြဟ္မစိုရ် အအေးမီးတော်ဖြင့် ထွေးပတ်သင့်ပေပြီ။

**ပျောက်ကွယ်မှာ စိုးသည်**

ကမ္ဘာတည်စ ရှေးကာလက လူသားတို့သည် အဆီသြဇာအရသာတို့နှင့် ပြည့်စုံသော မြေဆီလွှာများကို ဦးစွာစားကြရ၏။ ယင်းသို့ စားကြရာမှ ဖော်ပြခဲ့သော အပူမီးတော်တို့ အားကြီးလာမှုကြောင့် မြေဆီများ ပျောက်ကွယ်သွားရ၏။ထို့နောက် မြေလွှာနွယ်ချို အလိုအလျောက် ပေါက်သည့် သလေးစပါးတို့ကို အဆင်သင့် စားရပြန်၏။ လူသားတို့၏အစာ အာဟာရသည် လူသားတို့ကြောင့်ပင် ပျောက်ကွယ်ရ၏။ ဤဖြစ်ရပ်ကို စဉ်းစားပါက လူသားတို့ ညှာတာမှု ကင်းမဲ့သော အပူမီးတော် အားကြီးကြောင်းကို ထင်စွာတွေ့ကြရ၏။ယခုအခါ၌ လူသားတို့ အပူမီးတော် အားကြီးမှုကြောင့်ပင် သဘာဝမှပေးသော အခွင့်အရေးများကို မှန်မှန်ကန်ကန် မရရှိတော့ပဲ လက်ရှိ အစာရေစာများပါ ရှားပါးစပြုလာချေပြီ။ နောင်အချိန်၌ ပျောက်ကွယ်သွားမှာကိုပင် (ပညာရှိတို့) စိုးရိမ်နေရသည်။ ထို့ကြောင့် လူသားတို့ ဗြဟ္မစိုရ်တရားကို တတ်အားသမျှ ပွားများသင့်ကြပြီ။

---

ပေယျာလံ

**ငြိမ်းချမ်းလိုလျှင်** ကမ္ဘာရှိ နိုင်ငံ အသီးသီးတို့သည် ငြိမ်းချမ်းရေးကို လိုလားကြ၍ နည်းအမျိုးမျိုးဖြင့် ငြိမ်းချမ်းရေးလုပ်ကြ၏။ လူသားတို့ တောင့်တကြသော ယင်းငြိမ်းချမ်းရေးကို အာဏာသုံး၍လည်း ရလိမ့်မည် မဟုတ်။ လက်နက်ကိုင်စစ်ဖြင့်လည်း ရလိမ့်မည်မဟုတ်။ ကမ္ဘာ့အသီးသီးရှိ လူသားတိုင်းက ဗြဟ္မစိုရ်တရားကို ပွားများကြပါမှ ငြိမ်းချမ်းရေးကို ရပေလိမ့်မည်။ ထို့ကြောင့် ကမ္ဘာ့ငြိမ်းချမ်းမှုကို ရှေးရှု၍လည်း ဗြဟ္မာစိုရ်တရားကို လူသားတို့ ပွားများသင့်ကြပြီ။

**ဣရိယာတိုင်းဖြင့် ပွားနိုင်ပါသည်** မေတ္တာ စသည် ပွားရာဝယ် တခုတည်းသော ဣရိယာဖြင့်သာ ပွားနိုင်သည် မဟုတ်၊ သွား ရပ် ထိုင် လျောင်း လေးပါးသော ဣရိယာအပေါင်းဖြင့် ပွားများနိုင်ကြောင်းကို မေတ္တာသုတ်၌ တိဋ္ဌံစရံနိသိန္နောဝ စသော ဂါထာဖြင့် ဖော်ပြထားပါသည်။ ယင်းသို့ ပွားများရာမှာ စျာန်ရအောင်ပွားခြင်း၊ ကုသိုလ်ရရုံပွားခြင်းဟု နှစ်မျိုးရှိ၏။ စျာန်ရအောင် ပွားလိုသူသည် ဖော်ပြခဲ့ပြီးသောနည်းဖြင့် တဆက်တည်း တစပ်တည်းဖြစ်အောင် ပွားများရပေမည်။ ကုသိုလ်ရရုံ ပွားများလိုသူကား မိမိပွားများလိုသူကို အာရုံပြု၍ ဘေးရန်ကင်းကွာ ချမ်းသာပါစေ၊ ကျန်းမာပါစေ၊ ရရှိပြီးသော စည်းစိမ်ဂုဏ်သိမ်တို့ဖြင့် ခိုင်မြဲပါစေဟု နှလုံးသွင်း၍ ပွားများရာ၏။

**စိတ်ကိုနူးညံ့စေ၏** ထိုသို့ မေတ္တာ စသည် ပွားသောအခါ (မေတ္တာပွံ့သောအခါ) (၁) မိမိစိတ်သည် ဒေါသနည်းသည်ဖြစ်၍ နူးညံ့လာ၏။ အတူ နေသူတို့၌

စိတ်ကို နူးညံ့စေနိုင်၏။ ထို့ကြောင့် ဆက်ဆံရသည်မှာ အရာရာ ပြေပြစ်၏။ (၂) မိမိနေရာဌာနရှိ နတ်များကိုမေတ္တာပို့မှုကြောင့် နတ်တို့က ပြန်၍ စောင့်ရှောက်၏။ (၃) အစိုးရသူ တို့အား မေတ္တာပို့မှုကြောင့် ထိုအစိုးရသူတို့သည် တရားသဖြင့် အစောင့် အရှောက်ကိုပေး၏။ (၄) ရွာနေမြို့နေလူစုမှုစ၍ အားလုံးသော မိတ်ဆွေအပေါင်းကို မေတ္တာပို့မှုကြောင့် ထိုလူတို့က ပိုမိုခင်မင် လာ၍ အနှောင့်အယှက်မပေးပဲ အထောက်အပံ့ကိုသာပေးကြ၏။ (၅) သတ္တဝါတို့အား မေတ္တာပွားမှုကြောင့် ဘယ်နေရာမဆို သွားလာရာဝယ် အပိတ်အပင်မရှိ တားဆီးခြင်းမရှိ လွယ်ကူစွာ သွားလာနိုင်၏။ ထို့ကြောင့် လူသားတို့ ဗြဟ္မစိုရ်တရားကို ပွားများသင့်ကြပြီ။

**နိဗ္ဗာန်ရရန် အကြောင်းမှန်** သတ္တဝါတို့ ချမ်းသာကြောင်းကို ဆု တောင်း၍ မေတ္တာ စသည်ဖြင့် နေလေ့ ရှိသူသည် ဗုဒ္ဓမြတ်စွာ တည်ထောင်ထား တော်မူခဲ့သော သာသနာတော်ကို ကြည်ညိုသည်ဖြစ်၍ ရုပ်နာမ် နှစ်ဝ သခါရတို့ကုန်ငြိမ်းရာ အမတ နိဗ္ဗာန်ဓာတ်ကို ကိုယ်တိုင် သိ မြင်နိုင် မျက်မှောက်ပြုနိုင်၏ (ဓမ္မပဒ၊ ၃၆၈)။ ထို့ကြောင့် မီးကျီးတွင်းနှင့်တူသော သံသရာတွင်းနက်ကြီးမှ ထွက်မြောက်ရန် အတွက် လူသားတို့သည် ဗြဟ္မစိုရ်တရားကို ပွားများသင့်ကြပြီ။

ဗြဟ္မဝိဟာရကမ္မဋ္ဌာန်းအဖွင့်

ပြီးပြီ။

# အရူပ ကမ္မဋ္ဌာန အဖွင့်

## အရူပစျာန် ၄ ပါး

၁။ အာကာသာနဉ္စာယတနစျာန်
၂။ ဝိညာဏဉ္စာယတနစျာန်
၃။ အာကိဉ္စညာယတနစျာန်
၄။ နေဝသညာနာသညာယတနစျာန်

## (၁) အာကာသာနဉ္စာယတနစျာန် ပွားပုံ

ဘေး အန္တရာယ် အမျိုးမျိုး ရောဂါအမျိုးမျိုးတို့ကို ခံစားနေရခြင်းကား ရုပ်ရှိခြင်းကြောင့်ပင်ဖြစ်၏။ ရုပ်မရှိရာ အရူပဘုံ၌ကား ထိုဘေး ရောဂါတို့မှ ကင်းဝေးသဖြင့် ရှင်းလင်းအေးမြ

ပေလိမ့်မည်။ဤသို့ရုပ်ခန္ဓာအပေါ်၌ အပြစ်မြင်၍ရုပ်မရှိရာအရူပ ဘုံကို တောင့်တအပ်၏။ ယင်းသို့ အပြစ်မြင်ခြင်းဖြင့် အရူပဘုံသို့ ရောက်ရန် အာကာသာနဉ္စာယတနစျာန်ကိုအလိုရှိသော ယောဂီ သည်ရူပစျာန်၏ ကသိုဏ်းရုပ်ကို စက်ဆုပ်လေတော့၏။ဤသို့ရုပ် နှင့် ကသိုဏ်းကိုပါကြောက်ရွံ့မုန်းတီးနေသော ယောဂီသည် ရူပ ပဉ္စမစျာန်ကို ဝသီဘော် မြောက်အောင် အခေါက်ခေါက် အခါခါ လေ့လာ ဝင်စားပြီးလျှင် စျာန်မှထသောအခါ ဤ ပဉ္စမစျာန်သည် ငါစက်ဆုပ်အပ်သော ကသိုဏ်းရုပ်ကို အာရုံ ပြုနေ၏ဟု မိမိနှင့် မတည့်သူကို အရေးပါနေလျှင် ထိုအရေးပါ သူကိုပါ ရွံ့မုန်းသကဲ့သို့ ပဉ္စမစျာန်ကိုလည်း ရွံ့မုန်း၏။ စတုတ္ထ စျာန်၌ပါသော သုခနှင့် နီးကပ်နေသဖြင့်လည်း မငြိမ်သက်ဟု လည်း အပြစ်မြင်၏။ ဤသို့ ရူပစျာန်ကို အပြစ်မြင်၍ ပဌမာရုပ္ပ ဝိညာဉ်ဟု ခေါ်အပ်သော အာကာသာနဉ္စာယတနစျာန်ကို ငြိမ် သက်၏ဟု အထင်ရှိသော ယောဂီသည် အာကာသကသိုဏ်းကို ချန်လှပ်၍ အခြားသော ကသိုဏ်း ၉ ပါးတို့တွင် တပါးပါးကို အလိုရှိသလို မှန်း၍ (ကျဉ်းကျဉ်း လိုလျှင် ကျဉ်းကျဉ်း၊ ကျယ်ကျယ်လိုလျှင် စကြဝဠာ တံတိုင်းထိ ကျယ်ကျယ်မှန်း ၍) ဖြန့်ထားရာ၏။

ထိုအခါ ထင်နေသော ကသိုဏ်းဝန်းကို အာရုံမပြုတော့ပဲ ကသိုဏ်းဝန်း ပြန့်နှံ့ရာ အရပ်ကိုကြည့်၍ "အနန္တောကာသော အနန္တောကာသော၊ကောင်းကင်သည် ပရမတ် မဟုတ်ရကား အစလည်းမရှိ အဆုံးလည်းမရှိ" ဟု အထပ်ထပ်နှလုံးသွင်းရ၏။ ယင်းသို့ နှလုံးသွင်းဖန်များလျှင် အိုးဝတွင် ဖုံးထားအပ်သော

အဝတ်ကို ဖွင့်လှစ်လိုက်သောအခါ မျက်နှာဝဟင်းလင်းပေါ်လာသကဲ့သို့ ကသိုဏ်းဝန်းကွယ်ပျောက်၍ ကသိုဏ်းဝန်းပြန့်နှံ့ရာ အရပ်အားလုံး၌ ကောင်းကင် ဟင်းလင်းဖြစ်၍ ထင်လာသည်။ ဤသို့မူလဖြန့်အပ်သောကသိုဏ်းဝန်းကို နှလုံးမသွင်းပဲ နေခြင်းကို ကသိုဏ်းခွာသည်ဟုခေါ်ကြ၏။ မူလက ကသိုဏ်းကိုနှလုံးမသွင်းပဲ ခွာ၍ရအပ်သော ကောင်းကင်ကို "အာကာသော၊ အနန္တော၊ အာကာသော၊ အနန္တော" ဟု နှလုံးသွင်းဖန် များလာသော် ရူပပဉ္စမစျာန်အပေါ်၌ နှစ်သက်မှု ကင်းကွာ၏။ ထိုအခါ ဥပစာရ ဘာဝနာအဆင့်သို့ ရောက်၏။ ထိုနောက် ကောင်းကင်ကိုပင် ဆက်၍ အာရုံပြုလျက် တိုးတက် အားထုတ်သော အခါ အာကာသာနဉ္စာယတနစျာန် ဖြစ်ပေါ်လာတော့သည်။

**မှတ်ချက်။** ။ရုပ်ခန္ဓာကိုယ်ကိုအပြစ်ရှု၍အရူပစျာန်အားထုတ်ပုံမှာ သာ သ နာ ပ အခါ တွက်သာ ဖြစ်၏။ သာသနာတွင်း၌ အားထုတ်သူကား ထိုသို့အပြစ်မရှု၊အဘိညာဉ်အကျိုးကို မျှော်ကိုး၍သာ အရူပစျာန်ကို အားထုတ်သည်ဟု ကြံသင့်ကြောင်းကို ဆရာတို့ မိန့်မြွက်တော် မူကြ၏။

## ၂။ ဝိညာဏဉ္စာယတနစျာန်ပွားပုံ

ဝိညာဏဉ္စာယတနစျာန်ကိုအလိုရှိသောယောဂီသည် အာကာသာနဉ္စာယတနစျာန်ကို အသားကျအောင် အဖန်ဖန် ဝင်စားရမည်။ ထိုဝင်စားရာမှ ထသောအခါ ငါရအပ်ပြီးသော အာကာ

သာနဉ္စာယတနစျာန်သည် ရူပပဉ္စမစျာန်တည်း ဟူသော ရန်သူနှင့် နီးလှ၏။ ဒုတိယာ ရုပ္ပစျာန်ဟုခေါ်ဆိုရသော ဝိညာဏဉ္စာယတနစျာန်လောက်လည်း မငြိမ်သက်ဟု ပထမာရုပ္ပစျာန်ကို အပြစ်ရှုပြီးလျှင် ကောင်းကင်ပညတ်ကို အာရုံမပြုတော့ပဲ ပထမာရုပ္ပဝိညာဉ်ကို အာရုံပြုကာ "အနန္တံဝိညာဏံ၊ အပိုင်းအခြားမရှိသော ဝိညာဏ်"ဟု အဖန်ဖန် ပွားရာ၏။ ယင်းသို့ ပွားများသော် ထိုအာရုံ၌သာ စွဲမြဲလျက် ပထမာရုပ္ပဝိညာဉ်၌ နိကန္တိတဏှာ ကင်းကွာသောအခါ ဥပစာ ဘာဝနာသို့ ရောက်၏။ ထိုနောက် ဆက်၍ အားထုတ်လျှင် ဝိညာဏဉ္စာယတနစျာန် အပ္ပနာ ဖြစ်ပေါ်လာ၏။

### ၃။ အာကိဉ္စညာယတနစျာန်ပွားပုံ

အာကိဉ္စညာယတနစျာန်ကိုအလိုရှိသော ယောဂီသည် ဝိညာဏဉ္စာယတနစျာန်ကို အဖန်ဖန် ဝင်စား၍ အသားကျသောအခါ စျာန်မှအထတွင် ငါရအပ်ပြီးသော ဝိညာဏဉ္စာယတနစျာန်သည် အာကာသာနဉ္စာယတန ဟူသော ရန်နှင့်နီး၏။ တတိယာရုပ္ပစျာန်ဟု ခေါ်ဆိုရသော အာကိဉ္စညာယတန စျာန်လောက် မငြိမ်သက်ဟု နှလုံးသွင်းပြီးလျှင် နတ္ထိဘာဝပညတ် ဟူသော အာရုံကိုမှန်းလျက် "နတ္ထိကိဉ္စိ နတ္ထိကိဉ္စိ၊ စိုးစဉ်း အနည်းငယ်ဖြစ်သော ဘင် အခိုက်မျှမရှိတော့"ဟု အဖန်ဖန် ပွားများပေသော် ထိုအာရုံ၌ စွဲမြဲလျက် ဒုတိယာရုပ္ပဝိညာဉ်၌ နိကန္တိတဏှာ ကင်းကွာသောအခါ ဥပစာရဘာဝနာသို့ရောက်၏။ ထိုနောက်ဆက်၍ အားထုတ်ပါက အာကိဉ္စညာယတနစျာန် အပ္ပနာ ဖြစ်ပေါ်လာ၏။

---

## ၄။ နေဝသညာ နာသညာယတနစျာန် ပွားပုံ

နေဝသညာ နာသညာယတနစျာန်ကို အလိုရှိသော ယောဂီသည် အာကိဉ္စညာယတနစျာန်ကို အဖန်ဖန်ဝင်စား၍ အသားကျ ဖြစ်ရာအခါ စျာန်မှအထတွင် "ငါ ရအပ်ပြီးသော အာကိဉ္စညာယတနစျာန်သည် ဝိညာဏဉ္စာယတနစျာန် ဟူသော ရန်သူနှင့် နီး၏။ စတုတ္ထာရုပ္ပစျာန်ဟု ခေါ်ရသော နေဝသညာနာသညာယတနစျာန်လောက် မငြိမ်သက်"ဟု အပြစ်ရှု၍ နတ္ထိဘောပညတ်ကို အာရုံမပြုတော့ပဲ "တတိယာ ရုပ္ပစျာန်သည် မရှိခြင်းကိုပင် အာရုံပြုနိုင်သည့်အတွက် ငြိမ်သက်ပါပေစွ၊ မရှိခြင်းကိုပင် အာရုံပြုတတ်သဖြင့် မွန်မြတ်ပါပေစွ"ဟု အဖန်ဖန် ပွားများလတ်သော် ဝိညာဏဉ္စာယတနစျာန်၌ နိကန္တိတဏှာ ကင်းကွာသောအခါ ဥပစာရဘာဝနာသို့ ရောက်၏။ ထိုနောက် ဆက်၍ အားထုတ်လျှင် နေဝသညာယတနစျာန် အပ္ပနာ ဖြစ်ပေါ်လာ၏။

**ချီးမွမ်းသော်လည်း မလိုချင်** စတုတ္ထာ ရုပ္ပစျာန်ကို အလို ရှိသူသည် တတိယာရုပ္ပစျာန်ကိုချီးမွမ်း၍ ပွားများနေရ၏။ ယင်းသို့ ချီးမွမ်းနေခြင်းသည် တတိယာရုပ္ပစျာန်ကို နှစ်သက်နေခြင်း၊ တွယ်တာနေခြင်း၊ လိုချင်နေခြင်းကြောင့်သာဖြစ်သည် မဟုတ်ပါလောဟု မေးဖွယ်ရှိ၏။ အဖြေကား တတိယာရုပ္ပစျာန်ကို ချီးမွမ်းထိုက်၍သာ ချီးမွမ်း

နေသော်လည်း ထိုတတိယစျာန်ကိုကား မလိုချင်ပေ။ သူ့အား ချီးမွမ်းခြင်းဖြင့် လွန်မြောက်၍သော စတုတ္ထာရုပ္ပစျာန်ကို ရနိုင်မည် ဖြစ်ခြင်းကြောင့်သာတည်း။ ဥပမာ ဘုရင်မင်းမြတ်သည် ကြီးကျယ်သော အခြံအရံနှင့် မြို့တွင်း၌ လှည့်လည်ရှုစားတော်မူစဉ် ချေးတို့ဖြင့် ရွှဲရွှဲစို၍ ဖွေးဖွေးဖြူသော ဆင်စွယ်မှုန့်တို့ လူးပေးလျက် လုပ်သော ဆင်စွယ်ရုပ်ကလေးများကို ပြုလုပ်နေသော ယောကျ်ားတယောက်ကို မြင်တော်မူရာ "တော်ပါပေသည်၊ စွမ်းပါပေသည်" ဟု အားရပါးရ ချီးမွမ်းသော်လည်း ကိုယ်တိုင်ကား နန်းစည်းစိမ်ကိုစွန့်လွှတ်၍ ဆင်စွယ်ပွတ်သမားအရာ၌ မယူလို။ ချီးမွမ်းလျက်သာ ဆင်စွယ်ပွတ်သမားကို ကျော်လွန်၍ နန်းတော်ရောက်အောင် ကြွမြန်းသကဲ့သို့တည်း။

**အာရုပ္ပလေးပါး အဆင့်ဆင့်သာပုံ** ဤအာရုပ္ပစျာန်တို့၌ ဥပေက္ခာဧကဂ္ဂတာ အားဖြင့် စျာန် အင်္ဂါ နှစ်ပါးစီသာရှိကြ၏။ သာမည အားဖြင့် ကြည့်က တပါးနှင့်တပါး သာသည် မထင်ရပေ။ စင်စစ်မှာ အောက် အောက် စျာန်တရားထက် အထက်အထက် စျာန်က တိုးတက်ပွားများကြောင်း ဘာဝနာ အစွမ်းဖြင့် သာလွန်မြင့်မြတ်ပေသည်။ ဥပမာ လေးထပ်တိုက်တလုံးဝယ် အောက်ဆုံးအထပ်၌ စားသောက်ဖွယ်နှင့်တကွ ဖျော်ဖြေမည့် ကချေသည်အစုံ တီးဝိုင်းအစုံတို့ဖြင့် လှပခမ်းနားစွာ အမွှေးရနံ့များပါ၏။ ပြင်ဆင်ထားရာ၏။ ဒုတိယ၊ တတိယ၊ စတုတ္ထ အထပ်တို့၌လည်း ယင်းကဲ့သို့ ပြင်ဆင်ထားရာ၏။ သို့သော် အောက်အောက်အထပ်ထက်

အထက်အထက်ဖြစ်သော အထပ်က သာလွန် မြင့်မြတ်သကဲ့သို့လည်းကောင်း၊ ယက်ကန်းသည်မလေးသည် ချည်ကြမ်း၊ ချည်နု၊ သာ၍နုသောချည်၊ အလွန်သာ၍နုသောချည် လေးမျိုးတို့ဖြင့် အလျားအနံတူညီသော ပုဆိုးလေးထည်ကို ရက်ရာ၏။ ထိုပုဆိုးတို့သည် အလျားအနံ တူမျှသော်လည်း တထည်ထက်တထည် နုနယ်သောအားဖြင့် သာလွန်သကဲ့သို့ ၄င်းတည်း။

အရူပ ကမ္မဋ္ဌာန အဖွင့်

ပြီးပြီ။

# အာဟာရေ ပဋိက္ကူလ သညာ
# ကမ္မဋ္ဌာန်း အဖွင့်

## အာဟာရေ ပဋိက္ကူလ သညာခေါ်ပုံ

စားသောက်ဖွယ် ဟူသမျှကို အာဟာရဟု ခေါ်၏။ ထိုအာဟာရ၌ စက်ဆုပ် ရွံရှာဖွယ်ပါတကားဟု အထင်ပေါ်လာအောင်ရှုဆင်ခြင်မှုကို အာဟာရေ ပဋိက္ကူလ သညာဟုခေါ်၏။

## အာဟာရေ ပဋိက္ကူလ သညာ ပွားပုံ

အာဟာရေ ပဋိက္ကူလသညာကို ပွားလိုသော ယောဂီသည် စားသောက်အပ်သည့်အာဟာရတို့၌စက်ဆုပ်ဖွယ်ဖြစ်လာအောင် ၁၀ ပါးသော အချင်းအရာတို့ဖြင့် အောက်မေ့ကာ ဆင်ခြင်ပွားများရပေမည်။ ယင်း ၁၀မျိုးကား—

ဂမနာ သေနာ ဘောဂါ အာသယာစ နိဓာနတော
အပက္ကာစ ပက္ကာ ဖလာ နိဿန္ဒတောစ မက္ခနာ
ဝေ ဒသာအာဟာရေဟိ ဋ္ဌကျေ်ယျ ပဋိက္ကူလတာ။

ဂမနာ၊ အာဟာရကို ရနိုင်ရာအရပ်သို့ သွားရခြင်းအားဖြင့်လည်းကောင်း။ သေနာ၊ ရှာဖွေရခြင်းအားဖြင့်လည်းကောင်း။ ဘောဂါ၊ သုံးဆောင်ခြင်း အားဖြင့် လည်းကောင်း။ အာသယာစ၊ သလိပ်သည်းခြေအစ အာဟာရအားဖြင့်လည်းကောင်း။ နိဓာနတော၊ စု၍တည်ရာအစာသစ်အိမ်အားဖြင့်လည်းကောင်း။ အပက္ကာစ၊ မကြေ မကျက်သေးသောအားဖြင့် လည်းကောင်း။ ပက္ကာ၊ ကြေကျက်ပြီးသော အားဖြင့် လည်းကောင်း။ ဖလာ၊ အကျိုးရင်းအားဖြင့်လည်းကောင်း။ နိဿန္ဒတောစ၊ အယိုထွက်ခြင်း အားဖြင့် လည်းကောင်း။ မက္ခနာ၊ လူးပေခြင်းအားဖြင့် လည်းကောင်း။ ဝေ၊ ဤသို့။ ဒသအာဟာရေဟိ၊ ဆယ်ပါးသောအချင်းအရာတို့ဖြင့်။ ပဋိကူလတာ၊ စက်ဆုပ်ရွံ့ဖွယ်၏အဖြစ်ကို။ ဋ္ဌကျေ်ယျ၊ ရှုဆင်ခြင်ရာ၏။

## ၁။ သွားခြင်းအားဖြင့် ဆင်ခြင်ပုံ

စေတီယင်္ဂဏ၊ ဗောဓိယင်္ဂဏ စသည့် ကျင့်ဝတ်တို့ကို ပြုပြီး ကမ္မဋ္ဌာန်းနှလုံးသွင်းကာ အာဟာရအတွက်(သစ်ပင်ကြီးသစ်ပင်ငယ်တို့ဖြင့်စိုပြေသာယာသော၊လူတို့နှင့်ဝေးကွာသဖြင့် ဆိတ်ငြိမ်အေးမြ၍ နှလုံးမွေ့လျော်ဖွယ် ကောင်းလှသော)တောကျောင်းလေးကိုပင် မငဲ့ကွက်နိုင်ပဲ သူသာန်သို့ပြေးသွားသော တောခွေး

၏အလား ရွာသို့သွားရ၏။ ယင်းသို့သွားရာမှာလည်း အိမ်မြောင်ချေး ကြွက်ချေး ခိုချေး ရှဉ့်ချေး လူချေး ရှုံဗွက်တို့ဖြင့် ရော ပြွမ်းနေသော လမ်းကို မကွင်းနိုင်ပဲ နင်း၍သာ အစဉ်အတိုင်း သွားရ၏။ မြို့ရွာတို့၏အနီး ရောက်သောအခါ ခွေးဆိုး နွားဆိုး မြင်းဆိုးတို့၏ ရန်ကိုလည်း ကြောက်ရ၏၊ ထိုကြောင့် တခါဘရံ မျက်လှာကိုပင် မချနိုင်ပဲ အဝေးသို့ မျှော်ကာ ကြည့်ရ၏။ ရှုံရှာဖွယ်ကောင်းသော ခွေးကောင်ပုပ် မြွေကောင်ပုပ်တွေကို လည်း တွေ့ရတတ်၏။ ဆူးငြောင့်တို့၏ စူးဖောက်ခြင်းကိုလည်း ခံရတတ်၏။ ဤသို့ဖြစ်ရသည်ကား အာဟာရ အတွက်ကြောင့်သာ ဖြစ်၏။ သြော် အာဟာရသည် စက်ဆုပ်ဖွယ် ကောင်းပါ လားဟု ဆင်ခြင်ရမည်။

မဟာနုဘော်၊ ရဟန်းတော်တို့၊ ရှင်ပျော်ညဉ့်လုံး၊ ကျင့်သုံးဓမ္မ၊ စောစောထ၍၊ စေတီယင်္ဂဏ၊ စသည် ကျင့်ဝတ်၊ မချွတ်ပြုကာ၊ ချိန်ခါလင့်ထ၊ အာသနဉ္စ၊ ဝိသတိံ သာ၊ ဝါရာပတ်လုံး၊ ပိုက်ကျုံးစီးဖြန်း၊ သင်္ကန်းသပိတ်၊ ပရိက္ခရာ၊ ယူဆောင်ကာလျှင်၊ သာယာပြန့်ပြူး၊ ဆန်းထူး စိမ့်စုံ၊ ရဂုံမြိုင်ဝ၊ ဝိဝေကကို၊ အာဟာရတွက်၊ မငဲ့ကွက်ပဲ၊ စားမက်ရှာရေး၊ သုသာန်ပြေးသည့်၊ ဘောခွေးအလား၊ ရွာသို့သွားသော၊ စဉ်အားရောက်အောင်၊ ကွင်းမရှောင် ရ၊ အိမ်မြောင် ကြွက်ချေး၊ လင်းနို့ချေးနှင့်၊ ခိုချေး ရှဉ့်ချေး၊ လူချေးရှုံဗွက်၊ ချောက်နက်သစ်ငုတ်၊ အကောင် ပုပ်ပြွမ်း၊ ဆွမ်းခံလမ်းသို့၊ ကြိုးပမ်းချီရ၊ တံခါးဝက၊ မျှား လှဲတေးဘျမ်း၊ ခွေးကြမ်းနွားဆိုး၊ ဆင်မြင်းဆိုးကြောင့်၊

ငှံ့လျှိုးမျက်လှှာ၊ မနေသာခဲ့၊ မျှော်ကာကြည့်ရ၊ ပြန်ကာလလည်း၊သေနယော၊ အာဟာရေသည်၊ အဟော စက်ဆုပ်ဖွယ်ပါတကား။

(ပရမတ္တသရူပဘေဒနီ။)

## ၂။ ရှာမှီးခြင်းအားဖြင့် ဆင်ခြင်ပုံ

ဆိုခဲ့သည့်အတိုင်း သွားခြင်း၏ စက်ဆုပ်ဖွယ် အပေါင်းကို သိခဲ့ပြီး အဝတ်ပိုင်းတို့ဖြင့် စပ်၍ချုပ်ထားအပ်သော သင်္ကန်းကို ရုံလျက် ခွက်မဲကိုကိုင်ကာ သူတောင်းစားကဲ့သို့ အိမ်စဉ် လှည့်လည်ရချေသည်။ မိုးအခါမှာ ရွှံ့ဗွက်တို့ဖြင့် လူးပေလျက် နွေအခါမှာ မြူမှုန် မြက်မှုန်တို့ဖြင့် လူးပေလျက် လှည့်လည်ရ၏။ အိမ်တံခါးသို့ရောက်လျှင် သားငါးဆေးရေ၊ဆန်ဆေးရေ၊ ချေးရေ၊ ဝက်ချေး၊ နွားချေး၊ ကလေးချေးတို့ဖြင့် ရောပြွမ်း လူးပေနေသောနေရာဝယ် ရပ်နေရ၏။ယင်းနေရာတို့၌ နားနေကြသော ယင်ကောင်တို့ကလည်း ပျံတက်လာကြ၍မျက်နှာပါးစပ်သင်္ကန်း သပိတ်တို့အပေါ်၌ နားကြပြန်ပေရာ ရွံဖွယ် ကောင်းလေစွ။ ထိုသို့ ရွံ့ဖွယ်ကောင်းသောနေရာဝယ် မျက်နှာငယ် ကတုံးပြောင် ပြောင်နှင့်ရပ်နေရပါသော်လည်း အချို့က အမင်္ဂလာဟု သမုတ်အပ်သည်။ ကန်တော့ဆွမ်းဟုအော်ဟစ်၍ပြောဆိုကြ၏။အချို့ကလည်း မြင်လျက်နှင့် မမြင်သည့် သဘောပြု၍ မျက်နှာ လွှဲနေကြ၏။ မိမဆုံးမ၊ ဘမဆုံးမ မှုတို့ကို မခံယူရသော သူမိုက်တစုကလည်း အချောင်သမား၊ ကတုံးတွေဟု စွပ်စွဲ ပြောဆိုကြ၏။

ဝမ်းနည်းစရာ ကောင်းလှပါတိ။ ဤသို့ မျက်နှာ ငယ်စွာဖြင့် အာဟာရကို ရှာမှီးရ၏။ သြော်အာဟာရသည် စက်ဆုပ်ဖွယ် ပါတကားဟု ဆင်ခြင်ရမည်။

အိုးကိုလက်စွဲ၊ ဘုန်းစားနဲ့သို့၊ ရှင်မွဲရောက်ခြောက်၊ အိမ်စဉ်လျှောက်၍၊ ညှိုးအောက်မျက်နှာ၊ ခွာရာရှုံ့ဗွက် တင်ရောက်တက်သား၊ တဖက်ဖြင့်ကြွ၊ တဖက်မတည်း။ ကာလနေမူ၊ လေဆောင်ယူသည့်၊ ဖုံမှုန့်မြက်မှိုက်၊ကိုယ်၌ ရစ်ဝိုင်း၊ အိမ်မတိုင်း၌၊ ယင်ရိုင်းသဲသဲ၊ငါးပဲပုပ်စပ်၊ခွဲ့နှပ် တံတွေး၊ လူးသေးခွေးဆင်၊နွားမစင်က၊စသည်များစွာ၊ ရှုံ့ဖွယ်ရာကို၊မှိတ်ကာချဉ်းကပ်၊မှုိင်ကာရပ်လည်း၊ ပုပ်စပ် ကျုန်ကြွင်း၊ထမင်းမုန့်တောင်း၊ ကောင်း မကောင်းကို၊ မလောင်းတချို့၊လောင်းတချို့နှင့်၊ တချို့က ဆဲ၊ ဦးပြဲ ရဟန်း၊ဖိုချောင်ခန်းမှာ၊ ကြိုးကန်းသဘော၊ ရှာရမော သည်၊ အဟောစက်ဆုပ်ဖွယ်ပါတကား။

(မရမဏ္ဍသံရှုပဘောဒနီ။)

## ၃။ သုံးဆောင်ခြင်းအားဖြင့်ဆင်ခြင်ပုံ

ထိုဆိုခဲ့သည့်အတိုင်း အာဟာရကို ရှာခဲ့ပြီး ဆွမ်းစားမည့် နေရာ၌ သင့်လျော်စွာ ထိုင်လျက် ရှေးဦးစွာ ပေးလှူသင့် ပေးလှူ ထိုက်သော အလှူခံပုဂ္ဂိုလ်ကိုကြည့်ရမည်။ တွေ့မြင်ပါကခွဲခြမ်း၍ ပေးလှူရမည်ဖြစ်၏။ မတွေ့ပါက စားသောက်ရတော့မည် ဖြစ်၍ လက်ဖြင့်ဆွမ်းကိုဆုပ်နယ်ရတော့၏။ ထိုအခါတင့်တယ်သောဆွမ်း

သည် ပျက်စီးခြင်းသို့ ရောက်ရလေပြီ၊ထိုနောက် ခံတွင်း၌သွင်း၍ အထက်သွား အောက်သွားတို့ဖြင့် ကြိတ်ချေမှုကြောင့် ခွေးအန်ဖတ်နှင့် ခွဲမရလောက်အောင်ပင် တူလာတော့၏။ လျှာဖြင့် မွှေနှောက်မှုကြောင့် ကျဲကြည်သောတံတွေး၊ပျစ်ချွဲသောတံတွေးတို့က လူးလဲစေ၏။ သွားတိုက်ရာဝယ် ကြွင်းကျန်နေရစ်သော သွားချေးကလူးလဲစေ၏။ ဤဆိုခဲ့သည့်အတိုင်းကြေညက်စေအပ် လူးလဲစေအပ်ပြီးသော ထို အာဟာရသည် တခဏ အတွင်းပင် အဆင်းအနံ့ ကင်းမဲ့သွား၏။ ထိုကြောင့်ပင် ခွေးအန်ဖတ်နှင့် တူရ၏။ ယင်းသို့စက်ဆုပ်ဖွယ်ကောင်းသော အစာအာဟာရတို့ကို မျက်စိဖြင့်မမြင်သည့်အတွက်ကြောင့်သာ မျိုချလိုက်ရ၏။ တကယ်တော့အစာအာဟာရသည် စက်ဆုပ်ဖွယ်ကြီးပါ တကားဟု ဆင်ခြင်ရမည်။

## ၄။ တည်ရာ အာသယအားဖြင့် ဆင်ခြင်ပုံ

ဘုရားပစ္စေက ဗုဒ္ဓာမှစ၍ အားလုံးသော လူအပေါင်း၌ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေးဟူသော တည်ရာ အာသယ လေးပါးတို့တွင် တပါးသော အာသယသည် အမြဲရှိ၏။ဘုန်းကံနည်းသူတို့၌ကား အာသယ လေးပါးလုံးပင် ရှိ၏။ သည်းခြေအာသယလွန်ကဲသူ စားမျိုသော အာဟာရမှာ ပျစ်ချွဲသော သစ်မည်းစည်သီးဖြင့် လိမ်းကျံထားသကဲ့သို့ အလွန်စက်ဆုပ်ဖွယ်ကောင်း၏။ သလိပ် အာသယ လွန်ကဲသူ စားမျိုသော အာဟာရမှာ ဝက်ချေးပန် ရွက်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့ အလွန် စက်ဆုပ်ဖွယ်ကောင်း၏။ပြည်အာသယလွန်ကဲ သူစားမျို

သော အာဟာရမှာ ရက်တက်ပုပ်ရည်ဖြင့် လိမ်းကျံထားသကဲ့သို့ အလွန် စက်ဆုပ်ဖွယ်ကောင်း၏။သွေးအာသယာလွန်ကဲ သူစားမျိုသော အာဟာရမှာ နီသော ဆိုးရည်ဖြင့် လိမ်းကျံထားသကဲ့သို့ အလွန် စက်ဆုပ်ဖွယ်ကောင်း၏။ ဤသို့ သည်းခြေ၊ သလိပ်၊ ပြည်၊သွေးဟူသောတည်ရာ အာသယအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏အဖြစ်ကို ဆင်ခြင်အပ်ပေ၏။

## ၅။ စုတည်ရာအစာသစ်အိမ်အားဖြင့် ဆင်ခြင်ပုံ

ယင်းသို့ စားမျိုလိုက်သော အစာသည် တပါးသော အာသယဖြင့် လူးပေလျက် အောက်သို့ကျကာ ရွှေခွက်ငွေခွက်ပတ္တမြားခွက်၌တည်နေသည် မဟုတ်၊စင်စစ်ကား၊ အသက် ၂၀ ရှိသူစားမျိုလျှင် အနှစ် ၂၀ ပတ်လုံး ဆေးကြောခြင်း မရှိသည့် အစာသစ်အိမ်၌ တည်နေရ၏။ အကယ်၍ အနှစ် ၁၀၀ ရှိသူစားမျိုလျှင်အနှစ် ၁၀၀ ပတ်လုံး ဆေးကြောခြင်း မရှိသည့် အစာသစ်အိမ်၌ တည်နေရ၏ဟုစုတည်ရာအစာသစ်အိမ်အားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

စားမည်စိတ်ရှိ၊ လက်နှိုက်မိမူ၊ မြတ်ဘိသူကို၊ ဖိတ်လှူမတင့်၊ ပူရှိသန့်၍၊ ချေးနှင့်စိုရွှဲ၊ လက်ဆုပ်ထဲမှ၊ ချေခွဲတတန်၊ အာသို့နှံသော်၊ ညှီနံတံတွေး၊ ကြေးညစ်မြေးကို၊ လုံးထွေးပေါင်းစု၊ ထောင်းထုဝါးလျှင်၊ ခွေးစားကျင်းမှာ၊ ထည့်ခွေးစာသို့၊ ရှုရာမလှ၊မမြင်ရလို့၊ မြိတ်ကြနိုင်ပါ၊

---

စပယ်ဦးစာပေ

မျိုသောခါလည်း၊ ဝင် ကာ ဆင်း လျှောက်၊ စာအိမ်ပေါက်သို့၊မရောက်ခင်သေး၊ပြည်သွေးသည်းခြေ၊သလိပ်တွေဟု၊ လေးထွေအာသယ၊ရောထဆင်ကွဲ၊ မွှေးကတည်းက၊ အနည်းငယ်မျှ၊ မဆေးရဘူး၊ လဲလူးရှုံဖွယ်၊ အိမ်ဝယ်တည်မော၊ အာဟာရောသည်၊ အဟောစက်ဆုပ်ဖွယ်ပါတကား။

(ပရမတ္ထသရူပဘေဒနီ)

## ၆။ မကြေမကျက်သေးသောအားဖြင့် ဆင်ခြင်ပုံ

ထိုသို့ သဘောရှိသော အစာအာဟာရသည် မကြေမကျက်သမျှ ကာလပတ်လုံး အပုပ်နံ့တို့ဖြင့် စွဲထုံအပ်ပြီးသော ထိုအစာသစ်အိမ်အတွင်းဝယ် တည်နေရ၏။ ယနေ့၌ စားမျိုလိုက်သောအစာ၊ ယမန်နေ့က စားမျိုလိုက်သောအစာ၊ ထိုထက် ရှေးကျသည့်နေ့က စားမျိုလိုက်သော အစားအစာအားလုံးကို သလိပ်အပြင်က ဖုံးအုပ်လျက် တေဇောဓာတ်က (ဝမ်းမီးက) ကျိုက်ကျိုက်ဆူအောင် ပူလောင်စေမှုကြောင့် အစာအာဟာရ အားလုံးသည် အမြှုပ်တစီစီတက်လျက် အလွန်စက်ဆုပ်ဖွယ် ကောင်းလေတော့၏။ ထင်ရှားဖြစ်အောင် ဥပမာဆောင်၍ ပြရလျှင်နွေရာသီဝယ် အခါမဲ့မိုးကြီးရွာပြီးလျှင် ဒွန်းစဏ္ဍား ရွာတံခါးဝရှိ ကျင်းချိုင့်ကြီးအတွင်း၌ ကျရောက်နေသော မြက်၊ သစ်ရွက်၊ ဖျာစုတ်၊ ခွေးကောင်ပုပ်၊ မြွေကောင်ပုပ် စသည်တို့သည် နေပူ

လောင်ခံရသည်ဖြစ်၍ အမြှုပ်တစီစီ တက်ကုန်လျက် တည်နေသကဲ့သို့တည်းဟု စက်ဆုပ်ဖွယ်ကောင်းသည်၏ အဖြစ်ကို တွေး၍ ဆင်ခြင်အပ်ပေသည်။

## ၇။ ကြေကျက်ပြီးသောအားဖြင့် ဆင်ခြင်ပုံ

အစာသစ်အိမ်၌ တည်ပြီးသော အစာအာဟာရသည် လောလောပူသော ပါစက ဝမ်းမီး၏ ပူလောင်ခြင်း၊ ကြေကျက်ခြင်းကိုခံရ၍ ရွှေခွက် ငွေခွက် ကျောက်ခွက်အဖြစ်သို့ ရောက်လာသည်မဟုတ်ပေ။ စင်စစ်ကား အမြှုပ်အပွက်တို့ကို ထစေလျက် (အမှုန့်ကြိတ်ရာ ကျောက်ပြင်၌ ကြိတ်ပြီးလျှင် ကျည်ထောက်ငယ်၌ သိပ်ထည့်ထားသော ဝါဖျော့ဖျော့ မြေညက်ကဲ့သို့)စက်ဆုပ်ဖွယ်ကောင်းသော ကျင်ကြီးအဖြစ်သို့ ရောက်၍ အစာဟောင်းအိမ်ကိုလည်း ပြည့်စေ၏။ ကျင်ငယ်အဖြစ်သို့ ရောက်၍ ဆီးအိမ်ကိုလည်း ပြည့်စေ၏ဟု ကြေကြေကျက်ကျက်ပြီးသောအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည့် အဖြစ်ကို တွေး၍ ဆင်ခြင်အပ်ပေသည်။

## ၈။ အကျိုးရင်းအားဖြင့် ဆင်ခြင်ပုံ

ဤဆိုခဲ့ပြီးသော အစာ အာဟာရသည် ကောင်းစွာ ကြေကျက်လျှင် ဆံပင်၊ အမွေး၊ လက်သည်း ခြေသည်း၊ သွား အစရှိကုန်သော အမျိုးမျိုးသော အပုပ် အစပ် အစုတို့ကို ဖြစ်စေ၏။ ကောင်းစွာ မကြေကျက်လျှင် ပွေးနာ၊ ယားနာ၊ ဝဲနာ၊ နူနာ၊

ညှင်းနာ၊ ကုတ်ဟီးခေါ်သည့် မြစ်ခြောက်နာ၊ ချောင်းဆိုးနာ၊ ဝမ်းသွေးလွန်နာ အစရှိကုန်သော အနာရောဂါအမျိုးမျိုးတို့ကို ဖြစ်စေ၏။ ဤသည်ကား ထိုအစာ အာဟာရ၏ အကျိုးရင်း အကျိုးဆက်များသာ ဖြစ်ချေသည် ဟု အစာအာဟာရ၏ အကျိုးရင်း အကျိုးဆက်ဖြင့် စက်ဆုပ်ဖွယ်ကောင်းသည့်အဖြစ်ကို တွေး၍ ဆင်ခြင်အပ်ပေသည်။

ရွာဒွန်းစဏ္ဍာ၊ တံခါအထွက်၊ ကံစီပွက်သို့၊ စက်ဆုပ်
ဖွယ်ရာ၊ မိုက်မဲစွာသား၊ အစာအိမ်ထည်း၊ ဟိုသဲဤနေ့
စားသရွေကို၊ ပေါင်းပွေ့စုလျက်၊ ခါတ်မီးချက်၍၊ ပရ
ပွက်အူ၊ ကျိုက်ကျိုဆူပွ၊ အမြုပ်ထလျက်၊ ဦးခေါင်း
သက်၍၊ ချက်မြစ် ကျောက်ကုန်၊ အူအဆုံးဟု၊ ပတုန်ဝိတ်
ဝယ်၊ ကျင်ငယ်ကျင်ကြီး၊ ဖြစ်ထပြီးလေ၊ ကောင်းစွာ
ကျေကာ၊ ကေသာလောမ၊ စသည်ရောယု၊ အပုပ်စုကို၊ ပြီးမူ
စေပါ၊ မကျေခါမူ၊ နူနာစိုရွှဲ၊ ပွေးဝဲအစ၊ ရာမကသည့်၊ ဖလ
ရောဂေါ၊ ဖြစ်စေသောကြောင့်၊ အဟော စက်ဆုပ်ဖွယ်
ပါတကား။

## ၉။ ယိုထွက်ခြင်းအားဖြင့် ဆင်ခြင်ပုံ

တခုတည်းသော အပေါက်ဖြင့် စားမျိုအပ်ပြီးသော အစာ အာဟာရသည် ယိုထွက်သောအခါ မျက်စိမှမျက်ချေး၊ နားမှ နားဖာချေး စသည်ဖြစ်လျက် များစွာကုန်သော အပေါက်တို့မှ ယိုထွက်ကုန်၏။ ထိုပြင်စားစဉ်အခါက များစွာသော အပေါင်း

အသင်းတို့ဖြင့် အတူ စားသောက် နိုင်သော်လည်း ကျင်ကြီး ကျင်ငယ်ဖြစ်၍ ယိုထုတ်သည့်အခါ၌မူ တယောက်တည်းသာလျှင် စွန့်ထုတ်ရချေသည်။ ယင်းအစာ အာဟာရကို စားစဉ်အခါက ပီတိသောမနဿဖြစ်ဖို့ဝေးစွ၊နှလုံးမသာဖြစ်ကာမျက်နှာရှုံ့လျက် နှာခေါင်းပိတ်၍ စွန့်ထုတ်ရတတ်ချေသည်။ ထို့ကြောင့် ရှေး ပညာရှိများက အောက်ပါ ဂါထာလေးပုဒ်ကို မိန့်ဆိုတော်မူထားကြလေသည်။

အန္နံပါနံ ခါဒနီယံ ဘောဇနဉ္စ မဟာရဟံ
ဧကဒွါရေန ပဝိသိတွာ နဝဒွါရေဟိ သန္ဒတိ။

မဟာရဟံ၊ သူမြတ်တို့နှင့် ထိုက်တန်သော။ အန္နဉ္စ၊ ထမင်းသည်လည်းကောင်း။ ပါနဉ္စ၊ အဖျော်သည် လည်းကောင်း။ ခါဒနီယဉ္စ၊ ခဲဘွယ်သည်လည်းကောင်း၊ ဘောဇနဉ္စ၊ ဘောဇဉ်သည် လည်းကောင်း၊ ဧကဒွါရေန၊ တပေါက်သောဒွါရဖြင့်။ ပဝိသိတွာ၊ဝင်၍။ နဝဒွါရေဟိ၊ ကိုးပေါက်သော ဒွါရတို့မှ။ သန္ဒတိ၊ယိုထွက်သွားလေသတည်း။

အန္နံပါနံ ခါဒနီယံ ဘောဇနဉ္စ မဟာရဟံ
ဘုဉ္ဇတိ သပရိဝါရော နိက္ခာမေန္တော နိလီယတိ။

မဟာရဟံ၊ မြတ်သူတို့နှင့် ထိုက်တန်သော။ အန္နဉ္စ၊ ထမင်းကိုလည်းကောင်း။ ပါနဉ္စ၊အဖျော်သည်လည်းကောင်း။ခါဒနီယဉ္စ၊ ခဲဘွယ်ကို လည်းကောင်း။ ဘောဇနဉ္စ၊ ဘောဇဉ်ကို လည်းကောင်း။ သပရိဝါရော၊ အခြံအရံနှင့်တကွ။ ဘုဉ္ဇတိ၊ စား၏။ နိက္ခာမေန္တော၊ ထွက်စေတတ်သော်။ ဝါ၊ စွန့်ထုတ်လတ်သော်။

---

စပယ်ဦးစာပေ

နိလီယတိ၊ သူတပါးမမြင်အောင် ပုန်းကွယ်ရှောင်လျက် စွန့်ရ ချေ၏။

အန္နံပါနံ ခါဒနီယံ ဘောဇနဥ္စ မဟာရဟံ
ဘုဥ္စတိ အဘိနန္ဒန္တော နိက္ခာမေန္တော ဇိဝုစ္ဆတိ။

မဟာရဟံ၊ မြတ်သူတို့နှင့်ထိုက်တန်သော။ အန္နဥ္စ၊ ထမင်းကို လည်းကောင်း။ ပါနဥ္စ၊ အဖျော်ကို လည်းကောင်း။ ခါဒနီယဥ္စ၊ ခဲဘွယ်ကို လည်းကောင်း။ ဘောဇနဥ္စ၊ ဘောဇဉ်ကို လည်း ကောင်း။ အဘိနန္ဒန္တော၊ နှစ်သက်ဝမ်းမြောက်လျက်။ ဘုဥ္စတိ၊ စား၏။ နိက္ခာမေန္တော၊ စွန့်ထုတ်လေသော်။ ဇိဝုစ္ဆတိ၊ စက် ဆုပ်၏။

အန္နံပါနံ ခါဒနီယံ ဘောဇနဥ္စ မဟာရဟံ
ဧကဒွါရေဟိ နိက္ခန္တံ သဗ္ဗံ ဘဝတိ ပူတိကံ။

မဟာရဟံ၊ မြတ်သူတို့နှင့် ထိုက်တန်သော။ သဗ္ဗံ၊ အလုံး စုံသော။ အန္နဥ္စ၊ ထမင်းသည် လည်းကောင်း။ ပါနဥ္စ၊ အဖျော် သည် လည်းကောင်း။ ခါဒနီယဥ္စ၊ ခဲဘွယ်သည်လည်းကောင်း။ ဘောဇနဥ္စ၊ ဘောဇဉ်သည်လည်းကောင်း၊ ဧကဒွါရေဟိ ပရိဝါသာ၊ ဝမ်းတွင်း အစာအိမ်၌ တည့်မျှအောင်းနေသဖြင့်။ ပူတိကံ၊ ပုပ်သည်။ ဘဝတိ ဖြစ်၏။

ဤသို့ ယိုထွက်ခြင်းအားဖြင့် စက်ဆုပ်ဖွယ် ကောင်းသည့် အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

ဝမ်းမြောက်ရှင်ပြယ်၊ လူပုံလယ်မှာ၊ တင့်တယ်ဘိခြင်း၊ တခံတွင်းက၊ သွင်းသည့်အစာ၊ တည့်ကြာလျှင်၊ မျက်နှာ

ညှိုးမှိတ်၊ နှာခေါင်းပိတ်လျက်၊ လူဆိတ်ကွယ်ရာ၊ စွန့်ရရှာသည်၊ ကြည့်ကာတောင်မြော်က်၊ ကိုးပေါက်ဒွ ရ၊ အမာဝမှ၊ ယိုကျဖျင်းဖျင်း၊ ဆံမွေးတွင်းက၊ သက်ဆင်းကျလျှော၊ အာဟာရောသည်၊ အဟော စက်ဆုပ်ဖွယ်ပါ တကား။

(ပရမတ္ထသရုပဘေဒနီ)

## ၁၀။ လူးပေခြင်းအားဖြင့်ဆင်ခြင်ပုံ

အစာအာဟာရသည် သုံးဆောင်စဉ်ကာလ၌လည်း လက်နှုတ်ခမ်းလျှာ အာခေါင်တို့ကို လူးပေ၏။ ထို အစာအာဟာရက လူးပေသောကြောင့် လက် လျှာ နှုတ်ခမ်း အာခေါင်တို့သည် စက်ဆုပ်ဖွယ်အဖြစ်သို့ ရောက်ရ၏။ သုံးပြီးရာအခါ၌လည်း သွား၊ မျက်စိ၊ နား၊ နှာခေါင်း၊ ဝစ္စမဂ်၊ ပဿာဝမဂ်တို့ကို သွားချေး၊ မျက်ချေး၊ နားဖာချေး၊ နှပ်ချေး၊ ကျင်ကြီး၊ ကျင်ငယ် အဖြစ်ဖြင့် လူးပေ၏။ ယင်းဒွါရတို့ကို နေ့စဉ်နေ့တိုင်း ဆေးကြောသော်လည်း မသန့်စင်ကြ၊ နှလုံးမွေ့လျော်ဖွယ်မဖြစ်ကြ။ ယင်းဒွါရတို့၌ ဆေးကြောသော လက်ကိုလည်း အနံ့ပျောက်ရန်ဆပ်ပြာတို့ဖြင့် အဖန်ဖန် ဆေးကြောရပြန်၏ဟု လူးပေခြင်းအားဖြင့် စက်ဆုပ်ဖွယ်ကောင်းသည့် အဖြစ်ကို ဆင်ခြင်အပ်ပေသည်။

စားသောအခါ၊ ခံတွင်းမှာတည်း၊ ရှိရှာသည်သိ၊ ထွက်ပြန်ဘိလည်း၊ တံစီးပွက်တွင်း၊ ချ[illegible]ထမင်းမှ၊ အမြှုပ်ထ၍၊ ဝါဠင်္ဂနှုတ်ခမ်း၊ အိုးနှုတ်ခမ်းမှာ၊ လူးလည်ပါသို့၊

ကိုးဒွါရပေါက်၊ ဆံမွေးပေါက်မှ၊ စီးလျှောက်ယိုကျ၊ ခေဋ္ဌမျက်ချေး၊ နှပ်စေးနဖာ၊ သွားမှာ သွားမြေး၊ ညစ်ကြေးမစင်၊ ကျင်ငယ်ဘင်တို့၊ ဝန်းကျင်လိမ်းကပ်၊ ရေသုံးသပ်လည်း၊ ကြပ်ကြပ်မပြယ်၊ ထိုဘွယ်သဘော၊ အာဟာရေသည်။ အဟော စက်ဆုပ်ဖွယ်ပါတကား။

(ပရမတ္ထသရူပဘေဒနီ)

### သမာဓိ ရပုံ

ဆိုခဲ့ပြီးသည့် ၁၀ ပါးသော အချင်းအရာတို့တွင် တပါးသော အချင်းအရာဖြင့်ပင် အဖန်များစွာ နှလုံးသွင်းသော ယောဂီအား စားအပ်သော အာဟာရ ဟူသမျှသည် စက်ဆုပ်ဖွယ်ဖြစ်၍သာ ထင်ရှား ပေါ်လွင်တော့၏။ ထို စက်ဆုပ်ဖွယ် အာရုံနိမိတ်ကို ဆက်၍ပွားများသောယောဂီသည်(အာဟာရ၏ သဘာဝမှ အဖြစ်ဖြင့် နက်နဲသောကြောင့် အပ္ပနာကိုမရသော်လည်း ဥပစာရသမာဓိကို ရ၏။)

### အာဟာရေ ပဋိက္ကူလ သညာ အကျိုး

အာဟာရေ ပဋိက္ကူလ သညာကို ပွားသော ယောဂီသည် ချို၊ချဉ်၊ဖန်၊ခါး၊စပ်၊ငံ အားဖြင့် ခြောက်ပါးသော အရသာတို့၌ တပ်မက်မှုတဏှာကို စွန့်ခွာနိုင်၏။ ကန္တာရကို ကျော်လွန်လိုသူသည် သားငယ်၏အသားကို မာန်ယစ်ခြင်းမရှိပဲ စားသုံး

သက်ဲ့သို့ ဆင်းရဲမှုထွက်မြောက်ရန်အလိုငှာသာလျှင်မာန်ယစ်ခြင်း မရှိပဲ အာဟာရကိုစားသုံး၏။ ထိုသို့စားသုံးလေသော် ကာမဂုဏ် ငါးပါး၌ တပ်မက်သော ရာဂကိုလည်း ပိုင်းခြား၍ သိနိုင်၏။ ဤသိခြင်းဖြင့် ရှေ့သွားပြု၍ ရူပက္ခန္ဓာကိုလည်း ပိုင်းခြား၍သိ၏။ ကာယဂတာ သတိ သည်လည်း အလိုလို ပြည့်စုံ လာ၏။ အဝိဇ္ဇာကာ အသုဘ အားလျော်သော အကျင့်ကိုလည်း ကျင့်သည်မည်၏။ ဤဘဝ၌ အမြိုက်နိဗ္ဗာန်သို့မရောက်ရစေကာမူ သုဂတိသို့ရောက်နိုင်၏။

အာဟာရေ ပဋိက္ကူလသညာ ကမ္မဋ္ဌာန အဖွင့်

ပြီးပြီ။

# စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန အဖွင့်

## စတုဓာတုဝဝတ္ထာန် မည်ပုံ

ခန္ဓာကိုယ်၌ ပုဂ္ဂိုလ် သတ္တဝါ ငါ သူတပါး ယောကျ်ား မိန်းမဟူသော အမှတ်သညာ ကင်းပျောက်၍ ဓာတ်လေးပါး အစုအဝေးသာ ရှိပါကလားဟု အထင်အမြင်ပေါက်လာအောင် ခန္ဓာကိုယ်၌ ဓာတ်လေးပါးတို့ဖြင့် ပိုင်းခြားသတ်မှတ်နိုင်သော ဉာဏ်သည် စတုဓာတုဝဝတ္ထာန်မည်၏။ဤကမ္မဋ္ဌာန်းကိုပွားများ အားထုတ်လိုသောယောဂီသည်ခန္ဓာကိုယ်၌ပင် ပထဝီ၊အာပေါ၊ တေဇော၊ဝါယော ဟူသော ဓာတ်လေးပါး တို့ပင် အသီး အသီး ပိုင်းခြားကာ ရှုမှတ်ရပေမည်။

---

စပယ်ဦးစာပေ

## ပထဝီဓာတ်ဖြင့် ပိုင်းခြား၍ ရှုပုံ

ပထဝီ မြေသည် အရာဝတ္ထုဟူသမျှတို့ကို ခံယူဆောင်ထား နိုင်လောက်အောင် ခိုင်မာသကဲ့သို့၊ အတူဖြစ်ဘက် ရုပ်တရား အစုတို့ကို ခံယူဆောင်ထား နိုင်လောက်အောင် ခိုင်မာသော ရုပ်ဓာတ်တမျိုးကို ပထဝီဓာတ်ဟု ခေါ်သည်။ ယင်းပထဝီဓာတ် လွန်ကဲသောရုပ်အစုသည် ခန္ဓာကိုယ်တွင်းဝယ် ကေသာ(ဆံပင်) မှအစ မတ္ထလုင်္ဂ(ဦးနှောက်)ကျအောင် ၂၀ ရှိ၏။ ပထဝီဓာတ်ဖြင့် ပိုင်းခြား ရှုမှတ်သည့်အခါ ယင်းကောဋ္ဌာသ ၂၀ ကိုပင် အောက်မေ့၍ ရှုမှတ်ရပေမည်။

**သံပင်ကိုရှုပုံ** ဆံပင်တို့သည် ဦးခေါင်းရေပေါ်၌ ပေါက်ကုန်၏။ တောင်ပို့ပေါ်၌ မြက်ပင်များ ပေါက်နေရာဝယ် တောင်ပို့ထိပ်သည် ငါ့အပေါ်၌ မြက်ပင်များပေါက်နေသည်၊ မြက်ပင်ကလည်း ငါသည် တောင်ပို့ထိပ်ပေါ်၌ ပေါက်ရသည်ဟု မသိကြသကဲ့သို့ ဦးခေါင်းရေသည် ငါ့အပေါ်၌ ဆံပင်ပေါက်နေသည်၊ ဆံပင်ကလည်း ဦးခေါင်းရေပေါ်၌ ငါပေါက်နေရသည်ဟု မသိကြကုန်။ ဤဆံပင်နှင့် အရေဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု၊ ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ သတ္တဝါမဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာ တည်း။

**အမွေးကိုရှုပုံ** အမွေးတို့သည် ကိုယ်ကိုရစ်ပတ်နေသော အရေပေါ်၌ ဖြစ်ကုန်၏။ ရွာပျက်ကုန်း

တနေရာ၌ နေဇာမြက်များ ပေါက်နေကြရာဝယ် ရွာပျက်ကုန်းသည် ငါ့အပေါ်၌ နေဇာမြက်များပေါက်နေသည်။ နေဇာမြက်ကလည်း ငါသည် ရွာပျက်ကုန်းပေါ်၌ ပေါက်နေရသည်ဟု မသိကြသကဲ့သို့ ကိုယ်အရေသည် ငါ့အပေါ်၌ အမွေးပေါက်နေသည်၊ အမွေးကလည်း ငါသည် ကိုယ်အရေးပေါ်၌ ပေါက်နေရသည်ဟု မသိကြကုန်။ ဤအမွေးနှင့် ကိုယ်အရေဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု၊ ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

**လက်သည်းခြေသည်း တို့ကိုရှုပုံ** လက်သည်း ခြေသည်း တို့သည် လက်ချောင်း ခြေချောင်းတို့၏ အဖျားဌ်ဖြစ်ကုန်၏။ ကလေးသူငယ်တို့သည် မယ်ဇယ်စေ့တို့ကို တုတ်ချွန်တို့ဖြင့်ထိုး၍ကစားကြရာဝယ် တုတ်ချွန်တို့သည် ငါတို့၏အဖျား၌ မယ်ဇယ်စေ့များ တည်နေကြသည်။ မယ်ဇယ်စေ့များကလည်း ငါတို့သည် တုတ်ချွန်တို့၏အဖျား၌ တည်နေကြရသည်ဟု မသိကြသကဲ့သို့ လက်ချောင်း ခြေချောင်းတို့သည် ငါတို့၏အဖျား၌ လက်သည်း ခြေသည်းများ ဖြစ်နေကြသည်၊ လက်သည်း ခြေသည်းများကလည်း ငါတို့သည် လက်ချောင်း ခြေချောင်းတို့၏ အဖျား၌ တည်နေကြရသည်ဟု မသိကြကုန်။ ဤလက်သည်းခြေသည်းတို့နှင့် လက်ချောင်းခြေချောင်းဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

---

**သွားတို့ကိုရှုပုံ** သွားတို့သည် မေးရိုးတို့၌ ဖြစ်ကုန်၏။ လက်သမားတို့သည် သံကျင်တွယ်တို့၌ ဝက်အူ(မူလီ)ဖြင့် တိုင်တို့ကို ကပ်၍တည်ထားရာဝယ် သံကျင်တွယ်တို့သည် ငါတို့၌ တိုင်များကပ်၍ တည်နေကြသည်။ တိုင်များကလည်း ငါတို့သည် သံကျင်တွယ်တို့၌ ကပ်၍တည်နေကြရသည်ဟု မသိကြသကဲ့သို့ မေးရိုးတို့သည် ငါတို့၌ သွားများတည်နေကြသည်၊ သွားများကလည်း ငါတို့သည် မေးရိုးတို့၌ တည်နေကြရသည်ဟု မသိကြကုန်။ ဤသွားနှင့် မေးရိုးဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

**အရေကိုရှုပုံ** အရေသည် တကိုယ်လုံး၌ မြွေးယှက်ဖုံးအုပ်လျက် တည်၏။ စောင်းခွက်ကို နွားရေဖြင့် ရစ်ပတ်ထားရာဝယ် စောင်းခွက်သည် ငါ၌ နွားရေဖြင့် ရစ်ပတ်ထားသည်။ နွားရေကလည်း ငါသည် စောင်းခွက်ကိုရစ်ပတ်ထားသည်။အရေကလည်း ငါသည် ကိုယ်လုံး၌ အရေရစ်ပတ်ထားသည်။ ကိုယ်လုံးကလည်း ငါသည်အရေဖြင့် ရစ်ပတ်၍ တည်နေရသည်ဟု မသိကြကုန်၊ ဤအရေနှင့် ကိုယ်လုံးဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်။ သူမဟုတ် ငါမဟုတ် ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

**အသားကိုရှုပုံ** အသားသည် သုံးရာကျော်သော အရိုးတို့ကိုလိမ်းကျံလျက် တည်၏။ နံရံကိုမြေ

ညက်ဖြင့်လိမ်းကျံထားရာဝယ်နံရံသည်ငါ၌မြေညက်ဖြင့်လိမ်းကျံထားသည်။ မြေညက်ကလည်း ငါသည် နံရံ၌ လိမ်းကျံကပ်ငြိလျက်တည်သည်ဟု မသိကြသကဲ့သို့ အရိုးတို့သည် ငါတို့၌ အသားများကပ်ငြိလျက် တည်နေသည်။ အသားတို့ကလည်း ငါတို့သည် အရိုးတို့၌ ကပ်ငြိလျက် တည်သည်ဟု မသိကြကုန်၊ ဤအသားနှင့် အရိုးဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊စိတ်စေတနာမရှိ၊အတ္တမဟုတ်၊ သူမဟုတ်၊ငါမဟုတ် ခက်မာသောသဘောရှိသည့် ပထဝီဓာတ်သာတည်း။

**အကြောတို့ကိုရှုပုံ** အကြောတို့သည် အရိုးတို့၌ ဖွဲ့တွယ်ကုန်လျက် တည်ကုန်၏။ နွယ်တို့ဖြင့် သစ်သားတို့ကို ဖွဲ့တွယ်ထားရာဝယ် သစ်သားတို့သည် ငါတို့၌ နွယ်တို့က ဖွဲ့တွယ်နေသည်။ နွယ်တို့ကလည်း ငါတို့သည် သစ်သားတို့၌ ဖွဲ့တွယ်နေရသည်ဟု မသိကြသကဲ့သို့ အရိုးတို့သည် ငါတို့၌ အကြောတို့က ဖွဲ့တွယ်နေသည်။ အကြောတို့ကလည်း ငါတို့သည်အရိုးတို့၌ ဖွဲ့တွယ်နေရသည်ဟု မသိကြကုန်၊ ဤအကြောနှင့် အရိုးဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ငါမဟုတ်၊ ခက်မာသောသဘောရှိသည့် ပထဝီဓာတ်သာတည်း။

**အရိုးတို့ကိုရှုပုံ** အရိုးတို့တွင်ဖနှောင့်ရိုးသည် ဖမျက်ရိုးကို ရွက်လျက် တည်၏။ ဖမျက်ရိုးသည် ခြေသလုံးရိုးကို ရွက်လျက်တည်၏။ခြေသလုံးရိုးသည် ပေါင်ရိုးကို ရွက်လျက်တည်၏။ပေါင်ရိုးသည်တင်ပါးရိုးကိုရွက်လျက်တည်၏။ တင်ပါးရိုးသည်ခါးရိုးကျောရိုးတို့ကို ရွက်လျက်တည်၏။ ခါးရိုး

ကျောရိုးတို့သည် လည်ရိုး ဦးခေါင်းရိုးတို့ကို ရွက်လျက်တည်၏။ အုတ်ချပ်တို့ကို စုပုံ၍ထားရာဝယ် အောက်အောက် ဖြစ်သော အုတ်ချပ်တို့က ငါတို့သည် အထက်အထက်ဖြစ်သော အုတ်ချပ်တို့ကို ရွက်လျက် တည်ရသည်။ အထက် အထက်ဖြစ်သော အုတ်ချပ်တို့ကလည်း အောက်အောက်ဖြစ်သော အုတ်ချပ်တို့၏ အပေါ်၌ တည်နေကြသည်ဟု မသိကြသကဲ့သို့ ထိုအရိုးတို့က လည်း အချင်းချင်း မသိကြကုန်၊ ဤအရိုးဟူသော ရုပ်တရား တို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တ မဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

**ရိုးတွင်းခြင်ဆီတို့ကို ရှုပုံ**

ရိုးတွင်းခြင်ဆီသည် အရိုးတို့၏အတွင်း၌ တည်၏။ ဝါးကျည်တောက်တို့ အတွင်း ကြိမ်ညွန့်စသည်တို့ကို ပြုတ်၍ထည့်ထား ရာဝယ် ဝါးကျည်တောက်တို့သည် ငါတို့၏အတွင်း၌ ကြိမ်ညွန့် တို့သည် တည်နေသည်။ ကြိမ်ညွန့်တို့ကလည်း ငါတို့သည် ဝါး ကျည်တောက်တို့အတွင်း၌ တည်နေရသည်ဟု မသိကြ သကဲ့သို့ အရိုးတို့ သည်လည်း ငါတို့၏အတွင်းဝယ် ခြင်ဆီတည်နေသည်ဟု မသိကုန်။ ခြင်ဆီကလည်း ငါသည် အရိုးတို့၏အတွင်း၌ တည် သည်ဟု မသိကုန်။ ဤခြင်ဆီနှင့် အရိုးဟူသောရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီ ဓာတ်သာတည်း။

**အညှိုကိုရှုပုံ** အညှိုသည် လည်ချောင်းမှ ထွက်သော တခုတည်းသော အကြောမဖြင့် အတန် ငယ်ထွားပြီးလျှင် နှစ်ဖြာကွဲသော အကြောကြီးဖြင့် ဖွဲ့စပ်ထားသည်ဖြစ်၍ နှလုံးသားကို ခြံရံလျက်တည်၏။ တခုတည်းသော အညှာဖြင့်သရက်သီးနှစ်လုံးပြွတ်သီးနေရာဝယ်အညှာသည်ငါက သရက်သီးနှစ်လုံးကိုဖွဲ့တွယ်ထားသည်။သရက်သီးနှစ်လုံးကလည်း ငါတို့သည် တခုတည်းသောအညှာက ဖွဲ့တွယ်ထားသည်ဟု မသိကြသကဲ့သို့ အကြောကြီးသည် ငါကအညှိုကို ဖွဲ့ဘွယ်ထားသည်။ အညှိုကလည်း ငါ့ကို အကြောကြီးက ဖွဲ့တွယ် ထားသည်ဟု မသိ၍ ဤအညှိုနှင့်အကြောဟူသောရုပ်တရားတို့သည်နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါ မဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

**နှလုံးကိုရှုပုံ** နှလုံးသည် ကိုယ်အတွင်းဝယ် ရင်ရိုး ချိုင့်၏အလယ်ကိုမှီ၍တည်၏။ ဆွေးမြွေ့ ညစ်နွမ်းသော သံချိုင့်၏ အလယ်၌ သားတစ်ကို ထည့်ထားရာဝယ် သံချိုင့်အတွင်းအရပ်သည် ငါ့ကိုမှီ၍ သားတစ်တည်နေသည်။ သားတစ်ကလည်း ငါသည် သံချိုင့်ကိုမှီ၍ တည်နေရသည်ဟု မသိသကဲ့သို့ ရင်ရိုးချိုင့် အတွင်းအရပ်သည် ငါ့ကိုမှီ၍ နှလုံးသားတည်နေရသည်ဟု မသိကုန်။ ဤနှလုံးနှင့် ရင်ရိုးချိုင့် ဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်။ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

---

**အသည်းကိုရှုပုံ** အသည်းသည် ကိုယ်၏ အတွင်းဝယ် သားမြွတ် နှစ်ခုတို့၏အကြား၌ လကျ်ာနံပါးကို မှီ၍တည်၏။ ဟင်းအိုးနံပါး၌ အသားဆိုင်အစုံ တွယ်ကပ်နေရာဝယ် ဟင်းအိုးနံပါးက ငါ၌အသားဆိုင်အစုံတွယ်ကပ်နေသည်။ အသားဆိုင်အစုံကလည်း ငါသည် ဟင်းအိုးနံပါး၌ တွယ်ကပ်နေရသည်ဟု မသိကြသကဲ့သို့ သားမြွတ်နှစ်ခုအကြား လကျ်ာနံပါးက ငါ့ကိုမှီ၍ အသည်းတည်သည်။အသည်းကလည်း ငါသည် လကျ်ာနံပါးကိုမှီ၍ တည်နေရသည်ဟု မသိကြကုန်။ ဤအသည်းနှင့် လကျ်ာနံပါးဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်။ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

**အမြှေးကိုရှုပုံ** ဖုံး ကွယ် တတ် သော အ မြှေး သည် နှလုံးနှင့်အညှိုကို ဖုံးကွယ်လျက်တည်၏။ မဖုံးကွယ်တတ်သောအမြှေးသည် အရေ၏အောက်၌ အသားကို မြှေးယှက်လျက်တည်၏။ အသားကို အဝတ်ပိုင်းဖြင့် ရစ်ပတ်ထားရာ အသားက ငါ့ကို အဝတ်ပိုင်းဖြင့် ရစ်ပတ်ထားသည်၊ အဝတ်ပိုင်းကလည်း ငါသည် အသားကို ရစ်ပတ်နေရသည်ဟု မသိသကဲ့သို့ အမြှေးနှင့်အသား နှလုံးအညှိုတို့ကလည်း အချင်းချင်း မသိကြကုန်။ ဤအမြှေးနှင့် နှလုံးအညှိုဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

---

စပယ်ဦးစာပေ

**အဖျဉ်းကိုရှုပုံ** အဖျဉ်းသည် (ဘေဟု လည်းကောင်း၊ အပြင်ဟု လည်းကောင်း ခေါ်ကြသေး၏။) နှလုံးသား၏ ဝဲဖက်ဘေး၌ အစာသစ်အိမ် အရေလွှာ၏ အထက်နံပါးကိုမှီ၍တည်၏။နွားချေးသည် ကျီ၏အထက်ဘေးကို တည်နေရာဝယ် ကျီ၏အထက်ဘေးက ငါ့ကိုမှီ၍ နွားချေးဆိုင် တည်နေသည်၊ နွားချေးဆိုင်ကလည်း ငါသည် ကျီ၏ အထက် ဘေးကိုမှီတွယ်၍ တည်နေရသည်ဟု မသိသကဲ့သို့ အဖျဉ်းနှင့် အစာသစ်အိမ်အရေလွှာ၏ အထက်နံပါးတို့သည်လည်း အချင်းချင်း မသိကြကုန်။ ဤအဖျဉ်းနှင့် အစာသစ်အိမ် အရေလွှာ၏ အထက်နံပါးဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှု မရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသောသဘောရှိသည့် ပထဝီဓာတ်သာတည်း။

**အဆုတ်ကိုရှုပုံ** အဆုတ်သည် ကိုယ်၏အတွင်း၌ သားမြတ်နှစ်ခုတို့၏ အကြားဝယ် နှလုံးနှင့် အသည်းကို အထက်မှ ဖုံးအုပ်၍ တွဲလျားကျလျက် တည်၏။ ဟောင်းနွမ်းဆွေးမြေ့သော ကျီအတွင်း၌ စာပေါင်းသိုက် တွဲရရွဲကျနေရာဝယ် ကျီအတွင်းရပ်သည် ငါ့၌ စာပေါင်းသိုက် တွဲရရွဲကျ၍ တည်နေသည်၊ စာပေါင်းသိုက်ကလည်း ငါသည် ကျီ၏ အတွင်းရပ်၌ တွဲရရွဲကျလျက် တည်နေရသည်ဟု မသိသကဲ့သို့ ကိုယ်၏အတွင်းရပ်နှင့် အဆုတ်တို့ကလည်း အချင်းချင်း မသိကြကုန်။ ဤအဆုတ်နှင့် ကိုယ်၏အတွင်းရပ်ဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

---

စပယ်ဦးစာပေ

**အူမကိုရှုပုံ** အူမသည် လည်ချောင်းအဝ ကျင်ကြီးပေါက်အဆုံးရှိသော ကိုယ်၏ အတွင်း၌တည်၏။ သွေးစကျင်း၌ (သွေးထည့်ရာ စကျင်း၌)ဦးခေါင်းပြတ်နေသောမြွေကို ခွေ၍ထည့်ထားရာဝယ် သွေးစကျင်းသည် ငါ၏အတွင်း၌ ခေါင်းပြတ်မြွေတည်နေသည်၊ ခေါင်းပြတ်မြွေကလည်း ငါသည် သွေးစကျင်း၏အတွင်း၌ အူမတည်နေသည်ဟု မသိသကဲ့သို့ ကိုယ်၏အတွင်းရပ်သည် ငါ၏အတွင်း၌ အူမ တည်နေသည်၊ အူမကလည်း ငါသည် ကိုယ်၏အတွင်း၌ တည်နေရသည်ဟု မသိကြကုန်။ ဤအူမနှင့် ကိုယ်၏အတွင်းရပ် ဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

**အူသိမ်ကိုရှုပုံ** အူသိမ်ကို အူမတို့၏အကြား၌ နှစ်ဆယ့်တခုသော အူခွေတို့ကို ဖွဲ့တွယ် လျက်တည်၏။ခြေသုတ်ကြိုးဝိုင်းကို ကြိုးငယ်တို့ဖြင့် ဖွဲ့တွယ်ထားရာဝယ် ခြေသုတ်ကြိုးဝိုင်းသည် ကြိုးငယ်များဖြင့် ဖွဲ့တွယ်ထားသည်၊ ကြိုးငယ်များကလည်း ငါတို့သည် ခြေသုတ် ကြိုးဝိုင်းကြီးကို ဖွဲ့တွယ်လျက် တည်နေရသည်ဟု မသိသကဲ့သို့ အူမသည် အူသိမ်က ငါ့ကို ဖွဲ့တွယ်လျက် တည်နေသည်။ အူသိမ်ကလည်း ငါသည် အူမကို ဖွဲ့တွယ်လျက် တည်နေရသည်ဟု မသိကြကုန်။ ဤအူသိမ်နှင့် အူမကို ဖွဲ့တွယ်လျက် တည်နေရသည်ဟု မသိကြကုန်။ ဤအူသိမ်နှင့် အူမဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

---

**အစာသစ်ကိုရှုပုံ** အစာသစ်သည်အစာသစ်အိမ်၌တည်၏။ ခွေးစားခွက်၌ ခွေးအန်ဖတ် တည်နေရာဝယ် ခွေးစားခွက်သည် ငါ၌ ခွေးအန်ဖတ် တည်နေသည်၊ ခွေးအန်ဖတ်ကလည်း ငါသည် ခွေးစားခွက်၌ တည်နေရသည်ဟု မသိသကဲ့သို့ အစာသစ်အိမ်သည် ငါ၌ အစာသစ်တည်နေသည်၊ အစာသစ်ကလည်း ငါသည် အစာသစ်အိမ်၌ တည်နေရသည်ဟု မသိကြကုန်။ ဤအစာသစ်နှင့် အစာသစ်အိမ်ဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသောသဘောရှိသည့် ပထဝီဓာတ် သာတည်း။

**အစာဟောင်းကိုရှုပုံ** အစာဟောင်း ခေါ် ကျင်ကြီးသည် အစာဟောင်းအိမ်ဟု ဆိုအပ်သော အူမ၏အဆုံးပိုင်း၌ တည်၏။ ဝါးဖျော့သော မြေညက်ကို ဝါးကျည်တောက်အတွင်း၌ သိပ်ထည့်ထားရာဝယ် ဝါးကျည်တောက်သည် ငါ၏အတွင်း၌ ဝါးဖျော့သော မြေညက်အစုတည်နေသည်၊ ဝါးဖျော့သော မြေညက်အစုကလည်း ငါသည် ဝါးကျည်တောက်အတွင်း၌ တည်နေရသည်ဟု မသိသကဲ့သို့ အစာဟောင်းအိမ်သည် ငါ၏အတွင်း၌ ကျင်ကြီးအစုတည်နေသည်။ ကျင်ကြီးအစုကလည်း ငါသည် အစာဟောင်းအိမ်အတွင်း၌ တည်နေရသည်ဟု မသိကြကုန်။ ဤကျင်ကြီးနှင့် အစာဟောင်းအိမ်ဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသောသဘောရှိသည့် ပထဝီဓာတ်သာတည်း။

ဦးနှောက်ကိုရှုပုံ   ဦးနှောက်သည် ဦးခေါင်းခွံ အတွင်း၌ တည်၏။ ဟောင်းနွမ်းသော ဗူးခွက်၌ မုံ့နှပ်ဆိုင်ကို ထည့်ထားရာဝယ် ဗူးခွက်သည် ငါ၌ မုံ့နှပ်ဆိုင်တည်နေသည်၊ မုံ့နှပ်ဆိုင်ကလည်း ငါသည် ဗူးခွက်၌ တည်နေရသည်ဟု မသိသကဲ့သို့ ဦးခေါင်းခွံသည် ငါ၌ ဦးနှောက် တည်သည်၊ ဦးနှောက်ကလည်း ငါသည် ဦးခေါင်းခွံ အတွင်း၌ တည်နေရသည်ဟု မသိကုန်။ ဤဦးနှောက်နှင့် ဦးခေါင်းခွံ ဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ် စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ခက်မာသော သဘောရှိသည့် ပထဝီဓာတ်သာတည်း။

## အာပေါဓာတ်ဖြင့် ပိုင်းခြား၍ရှုပုံ

ပကတိရေသည် မြေစသော အမှုန့်တို့ကို ဖွဲ့စည်း ပေါင်းစု တတ်သကဲ့သို့ (ရေက ပေါင်းစုလိုက်မှ အလုံး အခဲ အတွဲဖြစ် သကဲ့သို့) အတူဖြစ်ဘက် ရုပ်တရားအစုတို့ကို ပေါင်းစပ်တတ် သော ရုပ်ဓာတ်တမျိုးကို အာပေါဓာတ်ဟု ခေါ်သည်။ ယင်း အာပေါဓာတ် လွန်ကဲသောရုပ်အစုသည် ခန္ဓာကိုယ်အတွင်းဝယ် ပိတ္တံ(သည်းခြေ)မှအစ မုတ္တံ(ကျင်ငယ်)ကျအောင် ၁၂စု ရှိ၏။ အာပေါဓာတ်ဖြင့် ပိုင်းခြားရှုမှတ်သည့်အခါ ယင်း ကောဋ္ဌာသ ၁၂စုကိုပင် အောက်မေ့၍ ရှုမှတ်ရပေမည်။

သည်းခြေကိုရှုပုံ   သည်းခြေနှစ်မျိုးတို့တွင် အဗဒ္ဓသည်းခြေ သည် ဇီဝိတိန္ဒြေနှင့်စပ်သဖြင့် တကိုယ်

လုံး၌ပြန့်နှံ့၍တည်၏။ဗဒ္ဓသည်းခြေသည်သည်းခြေအိမ်၌တည်၏။
ပြန့်နှံ့၍တည်၏။ ဗဒ္ဓသည်းခြေသည် သည်းခြေအိမ်၌ တည်၏။
ဆီသည် မုန့်ကိုပြန့်နှံ့၍ တည်နေရာဝယ် မုန့်သည် ဆီက ငါ့ကို
ပြန့်နှံ့၍တည်နေသည်။ ဆီကလည်း ငါသည် မုန့်ကိုပြန့်နှံ့၍တည်
နေ၏ သည်ဟု မသိကြသကဲ့သို့ အဗဒ္ဓသည်းခြေနှင့် ခန္ဓာကိုယ်လုံး
တို့ကလည်း အချင်းချင်း မသိကြကုန်။ သပွတ်ခါးသီးအိမ်သည်
ရေဖြင့် ပြည့်နေရာဝယ် သပွတ်ခါးသီးအိမ်က ငါ၏ အတွင်း၌
ရေတည်နေသည်။ ရေကလည်း ငါသည် သပွတ်ခါးသီးအိမ်
အတွင်း၌ တည်နေရသည်ဟု မသိကြသကဲ့သို့ ဗဒ္ဓသည်းခြေနှင့်
သည်းခြေအိမ်တို့ကလည်း အချင်းချင်း မသိကြကုန်။ ဤ အဗဒ္ဓ
သည်းခြေ ဗဒ္ဓသည်းခြေနှင့် တည်ရာဟူသော ရုပ်တို့သည် နှလုံး
သွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊
ငါမဟုတ်။ အရည်သဘောဖြစ်၍ ဖွဲ့စည်းသော အချင်းအရာ
ရှိသည့် အာပေါဓာတ်သာတည်း။

**သလိပ်ကိုရှုပုံ** သလိပ်သည် အစာသစ်၏အထက် အရေ
လွှာ၌ တည်၏။ ဗွက်ပုပ်အိုင် တခု၏
အထက်၌ အမြှုပ်လွှာများ တည်နေရာဝယ် ဗွက်ပုပ်အိုင်သည်
ငါ၏ အထက်၌ အမြှုပ်လွှာတည်နေသည်။ အမြှုပ်လွှာကလည်း
ငါသည် ဗွက်ပုပ်အိုင်ထက်၌ တည်နေရသည်ဟု မသိကြသကဲ့သို့
အစာသစ်အိမ် အရေလွှာသည် ငါ့၌ သလိပ် တည်နေသည်။
သလိပ်ကလည်း ငါသည် အစာသစ်အိမ် အရေလွှာ၌ တည်နေရ
သည်ဟု မသိကြကုန်။ ဤသလိပ်နှင့် အစာသစ်အိမ် ဟူသော
ရုပ်တို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တ

မဟုတ်၊ သူမဟုတ်ငါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းသော အချင်းအရာရှိသည့် အာပေါဓာတ်သာတည်း။

**ပြည်ကိုရှုပုံ** ပြည်မှာ အမြဲတမ်းတည်နေရာမရှိ။ အိုင်း အမာ အနာ အဖုလုံးစသည်တို့ ရင့်ကျက်ရာအခါ၌ ဖြစ်ပေါ်ကုန်၏။ ဓားလက်နက်တို့ဖြင့် ခုတ်မိခြင်းကြောင့် သစ်ပင်၌ အစေးယိုထွက်နေရာဝယ် အခုတ်ခံရသော နေရာတို့သည် ငါ့၌အစေးဖြစ်ပေါ်နေပါလား၊ အစေးကလည်း ငါသည် အခုတ်ခံရသော နေရာတို့၌ ဖြစ်ပေါ်နေရပါကလားဟု မသိကြသကဲ့သို့ အိုင်းအမာ အနာ အဖုလုံးတို့သည် ငါတို့၌ ပြည်ဖြစ်ပေါ်နေပါလား။ ပြည်ကလည်း ငါတို့သည် အိုင်းအမာ အနာ အဖုလုံးတို့၏ နေရာတို့၌ ဖြစ်ပေါ်နေရပါလားဟု မသိကြကုန်၊ ဤပြည်နှင့် အိုင်းအမာဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှု မရှိ။ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ် ငါမဟုတ်။ အရည်သဘောဖြစ်၍ ဖွဲ့စည်းသော အချင်းအရာရှိသည့် အာပေါဓာတ်သာတည်း။

**သွေးကိုရှုပုံ** ခန္ဓာကိုယ်၌ ရွေ့လျားသွားလာနေသော သံသရဏ သွေးသည် အဗဒ္ဓ သည်းခြေကဲ့သို့ တကိုယ်လုံး ပြန့်နှံ့၍ တည်၏။ စုဝေး တည်နေသော သန္နိစိတသွေးသည် အသည်းတည်ရာ အရပ်၏ အောက်အဖို့ကို ပြည့်စေကာ အညို နှလုံး အသည်း အဆုတ်တို့ကို စိုစွတ်လျက်တည်၏။ ထိုသွေးနှစ်မျိုးတို့တွင် သံသရဏ သွေးကိုရှုပုံသည် အဗဒ္ဓ သည်းခြေရှုပုံနှင့် တူ၏။ သန္နိစိတ သွေးတို့အား ဤသို့ သိအပ်၏။ ဆွေးမြေ့သော အိုးခွက်၌ တည်သော ရေသည်

အောက်၌ ခုခံထားသောအရာတို့ကို စိုစွတ်စေရာဝယ် အောက်၌ ခုခံထားသော အရာတို့က ငါတို့ကို အိုးခွက်ထဲမှ ရေက စိုစွတ်ရစေသည်။ အိုးခွက်ထဲမှ ရေကလည်း ငါသည် အောက်၌ ခုခံထားသော အရာတို့ကို စိုစွတ်စေသည်ဟု မသိသကဲ့သို့ အသည်း၏ အောက်အဖို့ အရပ်သည်လည်းကောင်း၊ အညှို စသည်တို့သည် လည်းကောင်း၊ ငါတို့ကို သွေးက စိုစွတ်လျက် တည်သည်။ သွေးကလည်း ငါသည် အသည်း၏အောက်အဖို့ကိုပြည့်စေလျက် အညှို စသည်တို့ကို စိုစွတ်ကာတည်သည်ဟု မသိ။ ဤသွေးနှင့် တည်ရာဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ။ စိတ်စေတနာမရှိ။ သူမဟုတ် ငါမဟုတ် အရည်သဘောဖြစ်၍ ဖွဲ့စည်းသော အချင်းအရာရှိသည့် အာပေါဓာတ် သာတည်း။

ချွေးကိုရှုပုံ ချွေးသည် မီးပူ နေပူတို့ဖြင့် တွေ့ထိရာ ကာလတို့၌ ဆံမွေးတွင်းတို့ကို ပြည့်စေလျက် တည်လည်းတည်၏။ ယိုလည်းယိုထွက်၏။ ရေထဲမှကြာကို ဆွဲထုတ်ပြီးစအခါဝယ် ကြာရိုး၏ အပေါက်တို့သည် ငါတို့မှ ရေယိုထွက်နေသည်။ ရေတို့ကလည်း ငါတို့သည် ကြာရိုး၏ အပေါက်တို့မှ ယိုထွက်နေသည်ဟု မသိသကဲ့သို့ ဆံတွင်း မွေးတွင်းအပေါက်တို့သည် ငါတို့မှ ချွေးယိုထွက်နေသည်၊ ချွေးတို့ကလည်း ငါတို့သည် ဆံတွင်း မွေးတွင်းအပေါက်တို့မှ ယိုထွက်နေရသည်ဟု မသိကုန်။ ဤချွေးနှင့် ဆံတွင်း မွေးတွင်းအပေါက်ဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊အတ္တမဟုတ်၊ သူမဟုတ်၊ငါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းသောအချင်းအရာရှိသည့်အာပေါဓာတ်သာတည်း။

---

စပယ်ဦးစာပေ

**အဆီခဲကိုရှုပုံ** အဆီခဲသည် ဝသောသူမှာ တကိုယ်လုံးကို ပြန့်နှံ့၍တည်၏။ ပိန်သောသူမှာ အသားများကို မှီတွယ်၍တည်၏။ အသားစုကို နှင်္ခင်းဆိုးထားသည့် အဝတ်ပိုင်းဖြင့် ဖုံးအုပ်ထားရာဝယ် အသားစုသည် ငါ့ကိုမှီ၍ နှင်္ခင်းဆိုးအဝတ်ပိုင်း တည်နေသည်။ နှင်္ခင်းဆိုးအဝတ်ပိုင်းကလည်း ငါသည် အသားစုကို မှီ၍တည်နေရသည်ဟု မသိသကဲ့သို့၊ ခန္ဓာကိုယ်၌ရှိသော အသားသည် ငါ့ကိုမှီ၍ အဆီခဲတည်နေသည်။ အဆီခဲကလည်း ငါသည် အသားကိုမှီ၍ တည်နေရသည်ဟု မသိကုန်။ ဤအဆီခဲနှင့် အသားဟူသော ရုပ်တရားတို့သည် နှလုံးသွင်းဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းသော အချင်းအရာရှိသည့် အာပေါဓာတ်သာတည်း။

**မျက်ရည်ကိုရှုပုံ** မျက်ရည်သည် မျက်တွင်းကိုပြည့်လျက်တည်၏။ ယိုလည်း ယိုထွက်တတ်၏။ ထန်းသီးစေ့၏အတွင်း၌ ရေဖြင့် ပြည့်နေရာဝယ် ထန်းသီးစေ့အတွင်းသည် ငါ၌ ရေတည်နေသည်။ ရေကလည်း ငါသည် ထန်းသီးစေ့၏အတွင်း၌ တည်နေရသည်ဟု မသိသကဲ့သို့ မျက်တွင်းသည် ငါ၌မျက်ရည်တည်သည်။ မျက်ရည်ကလည်း ငါသည် မျက်တွင်း၌ တည်နေရသည်ဟုမသိကုန်။ ဤမျက်ရည်နှင့်မျက်တွင်းဟူသောရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ။ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ် ငါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းသော အချင်းအရာ ရှိသည့် အာပေါဓာတ်သာတည်း။

---

**ဆီကြည်ကိုရုပ်** ဆီကြည်သည် မီးပူ နေပူ ဥတုပူတို့ဖြင့် ထိတွေ့ရာကာလတို့ဝယ် လက်ဖဝါးပြင် လက်ဖမိုး ခြေဖဝါးပြင် ခြေဖမိုး နှာခေါင်းဖူ နဖူး ပခုံးစွန်းတို့၌ ဖြစ်ပေါ်လျက် တည်၏။ ထမင်းချိုးကို ဆီဆမ်းထားရာဝယ် ထမင်းချိုးသည် ငါ့ကို ဆီကလွှမ်းလျက် တည်နေသည်။ ဆီကလည်း ငါသည် ထမင်းချိုးကိုလွှမ်းလျက် တည်နေရသည်ဟုမသိကြသကဲ့သို့ လက်ဖဝါးပြင်စသောအရပ်တို့သည်ငါ့ကိုဆီကြည်ကလွှမ်းလျက်တည်သည်။ ဆီကြည်ကလည်း ငါသည် လက်ဖဝါးပြင်စသည်ကို လွှမ်းလျက် တည်နေရသည်ဟု မသိကြကုန်။ ဤဆီကြည်နှင့် လက်ဖဝါးပြင်စသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ် ငါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းသော အချင်းအရာရှိသည့် အာပေါဓာတ်သာတည်း။

**တံတွေးကိုရုပ်** တံတွေးသည် တံတွေးဖြစ်ခြင်း၏ အကြောင်းရှိလျှင် ပါးစောင်နှစ်ဖက်မှ ဆင်းသက်၍ လျှာ၌ တည်၏။ မြစ်ကမ်း၌တူးအပ်သောတွင်းငယ်သည် အဆက်မပြတ် ရေထွက်နေရာဝယ် တွင်းငယ်အမြင်သည် ငါ့၌ ရေထွက်တည်နေသည်။ ရေကလည်း ငါသည် တွင်းငယ်အပြင်၌တည်နေရသည်ဟု မသိသကဲ့သို့ လျှာသည် နှစ်ဖက်သောပါးစောင်တို့မှ ဆင်းသက်၍ တံတွေးသည် ငါ၌ဘည်နေသည်၊ တံတွေးကလည်း ငါသည် နှစ်ဖက်သော ပါးစောင်တို့မှ ဆင်းသက်၍ လျှာ၌တည်နေရသည်ဟု မသိကြကုန်။ ဤတံတွေးနှင့် လျှာဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊

---

စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ် ငါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းသောအချင်းအရာရှိသည့် အာပေါဓာတ်သာတည်း။

နှပ်ကိုရှုပုံ နှပ်သည် ဖြစ်ပေါ်လာသော အခါ၌ နှာခေါင်းဝကို ပြည့်လျက် တည်၏။ ယိုလည်း ယိုထွက်တတ်၏။ ချေး၌ နို့ခမ်းပုပ်ဖြင့် ပြည့်နေရာဝယ် ချေးသည် ငါ၌ နို့ခမ်းပုပ် ပြည့်လျက်တည်နေသည်။ နို့ခမ်းပုပ်ကလည်း ငါသည် ချေး၌ ပြည့်လျက် တည်နေရသည်ဟု မသိသကဲ့သို့ နှာခေါင်းဝသည် ငါ၌နှပ်တည်နေသည်။ နှပ်ကလည်း ငါသည် နှာခေါင်းဝ၌ တည်နေရသည်ဟု မသိကြကုန်။ ဤနှပ်နှင့် နှာခေါင်းဖူဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ် ငါမဟုတ်၊ အရည်သဘောဖြစ်၍ ဖွဲ့စည်းသော အချင်းအရာရှိသည့် အာပေါဓာတ်သာတည်း။

**အစေးကိုရှုပုံ** အစေးသည် အရိုးဆက်တို့၏ နယ်ဆီကိစ္စကို ပြီးစေလျက် တရာ့ရှစ်ဆယ်သော အရိုးဆက်တို့၌တည်၏။ ဝင်ရိုးကိုဆီဖြင့် သုတ်လိမ်းထားရာဝယ် ဝင်ရိုးသည် ငါ့ကို ဆီကသုတ်လိမ်းလျက်တည်သည်။ ဆီကလည်း ငါသည် ဝင်ရိုးကို သုတ်လိမ်းလျက်တည်နေရသည်ဟု မသိသကဲ့သို့၊ တရာ့ရှစ်ဆယ်သော အရိုးဆက်တို့သည်ငါတို့ကို အစေးက သုတ်လိမ်းလျက် တည်သည်။ အစေးကလည်း ငါသည် အရိုးဆက်တို့ကို သုတ်လိမ်းလျက် တည်နေရသည်ဟု မသိကြကုန်၊ ဤအစေးနှင့် အရိုးဆက်ဟူသော ရုပ်တရားတို့

သည် နှလုံးသွင်းမှုဆင်ခြင်မှုမရှိ၊ စိတ်စေတနာမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ငါမဟုတ်၊အရည်သဘောဖြစ်၍ ဖွဲ့စည်းသော အချင်းအရာရှိသည့်အာပေါဓာတ်သာတည်း။

**ကျင်ငယ်ကိုရှုပုံ** ကျင်ငယ်သည်ဆီးအိမ်အတွင်း၌တည်၏။ ထင်ထင်ရှားရှား အပေါက် မရှိသော ရေစစ်ရေအိုးကို ရေပုပ်ဗွက်အိုင်၌ပစ်ချထားရာဝယ် ရေအိုးသည် ငါ၌ရေပုပ်ဗွက်ရည်တည်သည်၊ ရေပုပ်ဗွက်ရေကလည်း ငါသည် ရေစစ်ရေအိုး၌ တည်သည်ဟု မသိသကဲ့သို့ ဆီးအိမ်သည် ငါ၌ ကျင်ငယ်တည်သည်။ကျင်ငယ်ကလည်း ငါသည် ဆီးအိမ်၌ တည်နေရသည်ဟု မသိကြကုန်၊ ဤကျင်ငယ်နှင့်ဆီးအိမ်ဟူသော ရုပ်တရားတို့သည် နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊စိတ်စေတနာမရှိ၊အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ အရည်သဘော ဖြစ်၍ ဖွဲ့စည်းသော အချင်းအရာရှိသည့် အာပေါဓာတ်သာတည်း။

## တေဇောဓာတ်ဖြင့် ပိုင်းခြား၍ရှုပုံ

ပကတိမီးငွေ့ နေပူငွေ့များသည် ထိုထိုအရာဝတ္ထုတို့အားပူစေကျက်စေသကဲ့သို့ တကွဖြစ်ဘက်ရုပ်တရားတို့အား ပူစေကျက်စေနိုင်သောရုပ်ဓာတ်တမျိုးကို တေဇောဓာတ်ဟု ခေါ်သည်။ခန္ဓာကိုယ်အတွင်း၌ ဥသ္မာတေဇောမှတပါး သန္တပ္ပန တေဇောဓာတ်၊ ဇီရဏ တေဇောဓာတ်၊ ပရိဒဟန တေဇောဓာတ်၊ ပါစက တေဇောဓာတ်ဟုလေးမျိုးရှိသေး၏။ခန္ဓာကိုယ်ကိုတေဇောဓာတ်ဖြင့် ပိုင်းခြား၍ ရှုရာဝယ်၊ ယင်းတေဇောဓာတ်တို့ကိုပင် ခွဲခြား၍ ရှုရပေမည်။

---

**ဥဿာဒတေဇောရုပ်** ကျန်းမာရေး ကောင်းသူတို့၏ ခန္ဓာကိုယ်၌ လက်ဖြင့်စမ်းသပ် ကြည့်လျှင် မပူလွန်း မအေးလွန်းသော ခပ်နွေးနွေး အငွေ့ဓာတ်တမျိုးကို တွေ့ရပေမည်။ ယင်း အငွေ့ဓာတ်ကို မြန်မာလို ပကတိရိုးရာကိုယ်ငွေ့၊ ပါဠိလို ဥဿာဒတေဇောဓာတ်ဟုခေါ်သည်။ ဤဥဿာဒတေဇောဓာတ်သည် တသီးတခြား ဖြစ်သော အဖွဲ့အစုရုပ်တခုဖြစ်၏။ စိတ်စေတနာမရှိ၊ နှလုံးသွင်းမှု၊ ဆင်ခြင်မှု မရှိ၊ အတ္တမဟုတ်၊သူမဟုတ်၊ ငါမဟုတ်၊ရင့်ကျက်စေသော အချင်းအရာရှိသည့် တေဇောဓာတ်သာတည်း။

**သန္တပ္ပနတေဇော စသည်တို့ကိုရှုပုံ** ဥဿာဒတေဇော ဖောက်ပြန် လာသည့်အခါ အပူဒီဂရီ တိုးတက်လျက် တရက်ခြား နှစ်ရက်ခြား(ငှက်ဖျားဖျားသလို) ဖျားစေတတ်သော တေဇောဓာတ်ကို သန္တပ္ပနတေဇောဓာတ်ဟု ခေါ်၏။ထိုထက် အပူဒီဂရီ လွန်တက်၍ "ပူလှချေ့ရဲ့၊လောင်လှချေ့ရဲ့၊ ယပ်ခတ်ပေးကြပါ၊ ရေးချိုးပေးကြပါ၊ စန္ဒကူးနံ့သာလိမ်းပေးပါ" စသည်ဖြင့် မနေနိုင်မထိုင်နိုင် ညည်းညူနေရလောက်အောင် ချစ်ချစ်တောက် ပူလောင်နေသော တေဇောကို ဒဟန တေဇောဟု ခေါ်၏။ သွားကျိုးအောင်၊ ဆံဖြူအောင်၊ မျက်စိမှုံအောင် အသားအရေ တွန့်အောင်၊ အရွယ်ယိုယွင်း အိုမင်းအောင် ပြုတတ်သော တေဇောကို ဇီရဏတေဇောဟုခေါ်၏။ (ဤပြခဲ့သော တေဇော သုံးပါးသည် ခန္ဓာကိုယ်တွင်းဝယ်အမြဲတည်ရှိနေကြသည် မဟုတ်၊ သန္တပ္ပနနှင့် ဒဟနသည် ဖျားနာသည့် အခါ၌သာ ဖြစ်ပေါ်၏။ ဇီရဏ

တေဇောသည် ရောဂါတခုခု အမြဲစွဲကပ်သည့် အခါ၊ အရွယ်ဆုတ်ယုတ်သောအခါတို့၌သာ ဖြစ်ကုန်၏) စားသောက်သမျှ အစာအာဟာရတို့ကို ကြေကျက်စေတတ်သော တေဇောကို ပါစက တေဇောဟု ခေါ်၏။ မီးဟုလည်း ခေါ်ကြသည်။ (အစာသစ်အိမ်၌ကပ်လျက် အမြဲတည်ရှိ၏။ ဤတေဇောဓာတ်တို့သည် ခန္ဓာကိုယ်နေ တသီးတခြားဖြစ်သော အဖွဲ့အစုရုပ်တခုဖြစ်၏။ စိတ် စေတနာမရှိ၊ နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ ရင့်ကျက်စေတတ်သော အချင်းအရာရှိသည့် တေဇောဓာတ်တို့သာတည်း။

## ဝါယောဓာတ်ဖြင့် ပိုင်းခြား၍ရှုပုံ

ပကတိလေသည် ထိုထိုအရာဝတ္ထုတို့ကို တွန်းထိုး ထောက်ကန်နိုင်သကဲ့သို့ တကွဖြစ်ဘက် ရုပ်အစုကို အချင်းချင်း ထိကပ်နေအောင် တွန်းထိုး ထောက်ကန်နိုင်သော ရုပ်ဓာတ်တမျိုးကို ဝါယောဓာတ်ဟု ခေါ်သည်။ ခန္ဓာကိုယ်အတွင်း၌ ဥဒ္ဓင်္ဂမ၊ အဓောဂမ၊ ကောဋ္ဌာသယ၊ အင်္ဂမင်္ဂနုသာရီဟူသော ဝါယောဓာတ် ၆မျိုးရှိ၏။ ခန္ဓာကိုယ်ကို ဝါယောဓာတ်ဖြင့် ပိုင်းခြား၍ရှုရာဝယ် ယင်းဝါယောဓာတ်တို့ကိုပင် ခွဲခြား၍ ရှုရ၏။

**ဥဒ္ဓင်္ဂမ ဝါယောဓာတ်ကိုရှုပုံ**

အထက်သို့ ဆန်တက်တတ်သောလေကို ဥဒ္ဓင်္ဂမဝါယောဓာတ်ဟုခေါ်သည်။ ထိုလေထကြွသောအခါ ရင်ပြည့်ခြင်း၊ ရင်ခံခြင်း၊ ကြွထိုးခြင်း၊ ချောင်းဆိုးခြင်း၊ ချေခြင်းစသော ရောဂါ

များကို ဖြစ်စေတတ်၏။ ဝမ်းထဲ၌ အစာ မရှိလျှင် သာ၍ပင် အထက်သို့ လေတက်တတ်လေသည်။ ဤဥဒ္ဓင်္ဂမ ဝါယောဓာတ်သည် ခန္ဓာကိုယ်ထဲ၌ တသီးတခြား အဖို့အစု ရုပ်တခု ဖြစ်၏။ စိတ်စေတနာမရှိ၊ နှလုံးသွင်းမှု ဆင်ခြင်မှု မရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ သောက်ကန့်တောင့်တင်းသော အချင်းအရာရှိသည့် ဝါယောဓာတ်သာတည်း။

**အဓောဂမ စသည်ကိုရှုပုံ**

အောက်သို့စုန်ဆင်းသွားလာတတ်သော လေကို အဓောဂမလေဟု ခေါ်သည်။ ယင်းလေလွန်ကျူးရာအခါ၌ဝမ်းလျှောခြင်းစသောရောဂါကိုဖြစ်စေတတ်၏။ အူသိမ်အူမတို့၏အတွင်းကို ချန်၍ ဝမ်းတွင်းအရပ်ဝယ် သွားလာနေသောလေကို ကုစ္ဆိဋ္ဌ လေဟုခေါ်သည်။ ယင်းလေလွန်သောအခါ၌ ဗိုက်နာခြင်း၊ ဗိုက်အောင့်ခြင်းတို့ကို ဖြစ်စေနိုင်သည်။ အူသိမ်အူမတို့၏အတွင်းဝယ် လှည့်လည်နေသော လေကို ကောဋ္ဌာသယလေဟု ခေါ်သည်။ ယင်းလေသည် အူမကြီးအတွင်း၌ တည်ရှိရကား စားသမျှအစာတွေကိုအစာသစ်အိမ်မှ အစာဟောင်းအိမ်၊ အစာဟောင်းအိမ်မှအပြင်သို့ ရောက်အောင် ပို့ဆောင်၏။ လက် ခြေ စသော အင်္ဂါကြီးငယ်အသွယ်သွယ်တို့၌ သွားလာနေသောလေကို အင်္ဂမင်္ဂနုသာရီလေဟု ခေါ်သည်။ ထိုလေတို့ ကောင်းကောင်း မလျှောက်လျှင် ရောဂါဖြစ်တတ်၏။ ကြာရှည်စွာ ကွေးနေသူ၊ ကြာရှည်စွာဝပ်နေသူတို့၌ ဤလေ ကောင်းစွာမလျှောက်ရကား ရောဂါ အမြစ်တွယ်တတ်၏။ ထိုကြောင့် ဤလေမျိုး မှန်မှန် လျှောက်နိုင်ရန် ကြာရှည်စွာကွေးခြင်း၊ပိညပ်နေအောင်ထိုင်ခြင်း

တို့ကို ရှောင်ကြဉ်ရမည်။ အကယ်၍ မဖြစ်မနေကိစ္စဖြင့် ထိုင်ရပါက ထိုကိစ္စပြီးလျှင် လမ်းမျှားမျှား လျှောက်ပေးရ၏။ ဤဝါယောဓာတ်တို့သည်လည်း ခန္ဓာကိုယ်ထဲ၌ တသီးတခြားဖြစ်သော အဖွဲ့အစု ရုပ်တခုစီ ဖြစ်၏။ စိတ်စေတနာမရှိ၊ နှလုံးသွင်းမှု ဆင်ခြင်မှုမရှိ၊ အတ္တမဟုတ်၊ သူမဟုတ်၊ ငါမဟုတ်၊ တောင့်တင်းသော အချင်းအရာ ရှိသည့် ဝါယောဓာတ်သာတည်း။

## စတုဓာတုဝဝတ္ထာန်အကျိုး

ဤစတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို အားထုတ်သောရဟန်းသည် အတ္တမှ ကင်းဆိတ်ခြင်းသို့ သက်ဝင်၏။ ယောကျ်ားမိန်းမ သတ္တဝါဟု ခေါ်ခေါ်ပြန်ပြန် မှတ်ထင်သော သတ္တဝါကို နှုတ်ပယ်နိုင်၏။ ထိုကြောင့် လူပဲ၊ သားရဲပဲ၊ ဘီလူးပဲ၊ တိရစ္ဆာန်ပဲ စသည်မှတ်ထင်ခြင်း မရှိတော့သည်ဖြစ်၍ ဘေးကြီး ဘေးငယ်အသွယ်သွယ်တို့ကိုသည်းခံနိုင်၏။ ကုသိုလ်ဘာဝနာတရား၌မပျော်မွေ့ခြင်း၊ ကာမဂုဏ်၌ ပျော်မွေ့ခြင်းတို့ကို နှိမ်နင်းနိုင်၏။ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့နှင့် တွေ့လျှင် ဝမ်းမြောက်ခြင်း ဝမ်းနည်းခြင်းသို့ မရောက်နိုင်ပေ။ အထူးအားဖြင့်ကား ပညာကြီးတတ်၏။ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိသည် ယခုလည်း ဖြစ်တတ်၏။ သုဂတိသို့လားရောက်ရသည်မူလည်း ဖြစ်တတ်၏။

စတုဓာတုဝဝတ္ထာန် ကမ္မဋ္ဌာနအဖွင့်

ပြီးပြီ။

# ဝိပဿနာ ကမ္မဋ္ဌာနအဖွင့်

## ဝိပဿနာ ခေါ်ပုံ

ဝိသေသေနပဿတီတိ ဝိပဿနာ။ ဝိသေသေန၊ ရိုးရာသိမြင်ပုံနှင့်မတူ၊ ထူးခြားသောအားဖြင့်။ ပဿတိ၊ ရှုတတ်သိမြင်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဝိပဿနာ၊ ဝိပဿနာမည်၏။ ရုပ်တရားနာမ်တရားတို့အပေါ်၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ ဟူသောသဘောအားဖြင့်ရှုမြင်တတ်ခြင်းကိုဝိပဿနာဟုခေါ်၏။ချဲ့ဦးအံ့။ ရုပ်နှင့်နာမ်ယှဉ်တွဲကာ ပေါင်းစပ်နေသော အကောင်အထည်ဒြပ်ကို လူနတ်ဗြဟ္မာ ယောကျ်ား မိန်းမ ခွေး ဝက် ကြက် ငှက်စသည်ဖြင့်လည်းကောင်း၊ နာမ်တရား မဘက် ရုပ်တရားသက်သက်သာ ဖွဲ့စည်းပေါင်းစပ်နေသော အရာဝတ္ထုကို အိမ် ကျောင်း တိုက် ကား သစ်ပင် ပန်းပင် ရေမြေ တောတောင် စသည်ဖြင့်

လည်းကောင်း၊ ယင်းအားလုံးတို့ကို အနိစ္စ။ သုခ၊ သုတ အား ဖြင့်လည်းကောင်း ထင်မှတ်နေမှုသည် ရိုးရာသိမြင်မှုသာ ဖြစ်၏။ ဝိပဿနာခေါ်သော ဉာဏ်ကား (မဟာကုသိုလ် မဟာကြိယာ စိတ်၌ယှဉ်သောဉာဏ်)တို့ သို့မဟုတ် ရုပ်တရား နာမ်တရားအား လုံးအပေါ်၌ ထူးထူးခြားခြား အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲ၊ အသု ဘပဲဟု နက်နက်နည်းနည်းဖြင့် အတွင်း ရောက် အောင် ထွင်း ဖောက်ရှုမြင်နိုင်ပေသည်။ ထို့ကြောင့် ဝိသေသေနပဿတီတိအရ ဝိပဿနာဟု ခေါ်ဆိုရလေသည်။

## ဝိပဿနာ ရှုပုံ

တေဘူမက ရုပ်နာမ်တရားတို့၏ အပေါ်၌ ထူးခြားစွာ ရှုမြင်တတ်သော ဝိပဿနာဉာဏ် ဖြစ်ပေါ်လာရန်အတွက် ယင်းရုပ် နာမ်တရားတို့ကိုပင် လက္ခဏာယဉ် သုံးပါးသို့တင်၍ သမ္မသန ဉာဏ် ၄-မျိုးဖြင့် အဆင့်ဆင့် ပွားများဆင်ခြင်ရပေမည်။ ဤသို့ အဆင့်ဆင့်တက်၍ ပွားများရှုမြင် ဆင်ခြင်ခြင်းကိုပင် ဝိပဿနာ ရှုသည်ဟု ခေါ်ရသည်။

**သမ္မသန လေးမျိုး** ကလာပဝသေန အဒ္ဓာဝသေန သန္တတိဝသေန ခဏဝသေန ဟူသည်နှင့်အညီ ကလာပသမ္မသန၊ အဒ္ဓါသမ္မသန၊ သန္တတိသမ္မသန၊ ခဏသမ္မသန ဟု လေးမျိုး ရှိ၏။ ထိုတွင် အတိတ် အနာဂတ် ပစ္စုပ္ပန်ရုပ်ဟု မခွဲခြားပဲ ရူပက္ခန္ဓာ စသည်ဖြင့် ခန္ဓာတခုခုကို အပေါင်းပြု၍ သုံးသပ်ခြင်းသည် ကလာပသမ္မသန မည်၏။

အတိတ်ဘဝ၌ ဖြစ်သော ခန္ဓာ၊ ပစ္စုပ္ပန်ဘဝ၌ ဖြစ်သော ခန္ဓာ စသည်ဖြင့် ဘဝခွဲခြားကာ သုံးသပ်ခြင်းသည် အဒ္ဓါသမ္မသန မည်၏။ ဘဝတခုအတည်း၌ ဖြစ်ပုံဖြစ်စဉ် အမျိုးမျိုးကို ခွဲခြား၍ သုံးသပ်ခြင်းသည် သန္တတိသမ္မသန မည်၏။ အစဉ်တမျိုးတည်း၌ပင် ဥပါဒ် ဌီ ဘင် ဟူသော ခဏအားဖြင့် ခွဲခြား သုံးသပ်ခြင်းသည် ခဏသမ္မသန မည်၏။

**ကလာပ သမ္မသနဖြင့် သုံးသပ်ခြင်း** သဗ္ဗံ ရူပံ အနိစ္စံ ခယဋ္ဌေန ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရက ဋ္ဌေန။သဗ္ဗာ ဝေဒနာ အနိစ္စာ၊ ပ၊ သဗ္ဗာ သညာ အနိစ္စာ၊ ပ၊သင်္ခါရာ၊ အနိစ္စာ၊ ပ၊ သဗ္ဗံဝိညာဏံအနိစ္စံ၊ ခယဋ္ဌေန၊ ဒုက္ခံ၊ဘယဋ္ဌေန၊အနတ္တာ အသာရကဋ္ဌေန(ရုပ်ဟူသမျှသည် ကုန်ခန်းပျက်စီးခြင်း သဘောရှိသဖြင့် မမြဲပါတကား။ ကြောက်လန့်ဖွယ် သဘောရှိသဖြင့် ဒုက္ခပါတကား။အနှစ်သာရမရှိသဖြင့် အတ္တမဟုတ်၊ အနတ္တပါတကား။ ဝေဒနာသည်လည်းနည်းတူ)

**အနိစ္စံခယဋ္ဌေန** ကုန်ခန်း ပျက်စီးတတ်ခြင်း ဟူသော အကြောင်းကို ထောက်၍ ရှုကြည့်ပါက ရုပ်တရားတို့၏ မမြဲကြောင်း အနိစ္စသဘောသည် အလွန် ထင်ရှား၏။ ဖြစ်ပြီးလျှင် မည်သည့်အကြောင်းကြောင့်မျှ မပျက်စီးမဲ့ ခိုင်မြဲမှုသာ နိစ္စဖြစ်၏။ ယခုသော်ကား ဥပါဒ်ခဏ၊ (တခဏလေးဖြစ်မှု) ဌီခဏ (ဖြစ်ပြီးနောက် တခဏလေးတည်ပုံ)ဘင်ခဏ (တခဏလေးတည်၍ တခဏလေးပင်ပျက်မှု) ဟူသော ခဏငယ် ၅၁ ချက်ခန့်သာ ကြာ၍ ပျက်စီးသွား၏။ စိတ်ဖြစ်ပျက်မှုကား

ဤထက်ပင် မြန်ဆန် လှပါသေးသည်။ ထို့ကြောင့် နိဗ္ဗာန်မှ တပါး ရုပ်အစရှိသော တရားတို့သည် အနိစ္စမမြဲပါတကား။

**ဒုက္ခဘယဋ္ဌေန** ဖြစ်လာသော ခန္ဓာသည် အမြဲတည်နေမည်မဟုတ်၊ တချိန်ချိန်မှာ ဧကန် ပျက်ရပေဦးမည်။ ဖြစ်ဘာမှန်သမျှ ပျက်မှာချည်းပဲဟူသော ထုံးတမ်းစဉ်လာ ဓမ္မတာလည်းရှိ၏။ ပျက်ခြင်းဟူသမျှသည် သုခမဟုတ် ဒုက္ခသာဖြစ်၏။ ဒုက္ခ ဟူသမျှသည် နှစ်သက် မြတ်နိုးဖွယ်ရာ မဟုတ်။ အလွန် ကြောက်မက်ဖွယ် ကောင်းသော အရာသာ ဖြစ်၏။ ရူပက္ခန္ဓာတွင် ပထဝီစသော ဓာတ်ကြီးလေးပါး ရှိ၏။ ယင်းဓာတ်ကြီးလေးပါးတို့ ပုံမှန် လည်ပတ်နေမှသာလျှင် တော်သင့်ရုံရှိ၏။ တခုသော ဓာတ်က ချွတ်ယွင်းသွားပါလျှင် ရောဂါ အမျိုးမျိုးဖြစ်ကာ သေကြေ ပျက်စီးသည်အထိ ကျရောက်ကြရလေတော့သည်။ သို့တွက်ကြောင့် ခန္ဓာသည် ကြောက်စရာတုံးကြီးဖြစ်၍ ဧကန် ဒုက္ခတုံးကြီးပါတကား။

**အနတ္တ အသာရကဋ္ဌေန** ရုပ်တရား အားလုံးသည် အနှစ်သာရ မရှိကြသဖြင့် အနတ္တချည်းပါတကား။ အနှစ်သာရ မရှိဟူရာ၌ အတ္တသည် သူတပါး အလိုနှင့်စပ်ခြင်းမရှိ၊ သုခ ဒုက္ခကို ပြုစီရင်တတ်၏။ သုခ ဒုက္ခကို ခံစားတတ်၏။ သတ္တဝါ တယောက်အား အတ္တက သာလျှင် အစိုးရ၏။ သတ္တဝါတယောက်သည် အတ္တအလိုသို့သာ လိုက်နေရ၏ဟု တိတ္ထိတို့ ကြံဆအပ်သော အတ္တဟူသော အနှစ်သာရ မရှိခြင်းသာ ဖြစ်၏။ အကယ်၍ သုခစသည်ကို ပြုစီရင်တတ်သော အတ္တ ရှိနေပါမူ ရုပ်သည် ဘယ်သော အခါမှ

နာကျင်ခြင်း ဖြစ်လိမ့်မည် မဟုတ်။ ထို့ကြောင့် ငါတို့အရှင်မြတ် ဗုဒ္ဓသခင်က "ရူပဥ္စဟိဒံ ဘိက္ခဝေ အတ္တာ အဘဝိဿ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ၊ ရဟန်းတို့ ဤရုပ်သည်ကား (ဝါ)အလိုသို့ လိုက်စေတတ်သော အတ္တဖြစ်မူကား၊ ဤရုပ်သည် နာကျင်ခြင်း မဖြစ်ရာ" ဟု မိန့်တော်မူပါသည်။

**အဒ္ဓါသမ္မသနနည်းဖြင့် သုံးသပ်ခြင်း** ယံ အတီတေ ရူပံ တံ ယသ္မာ အတီတေ ယေဝ ခီဏံ နယိဒံ ဘဝံ သမ္ပတ္တန္တိ 'အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံ ဘယဋ္ဌေန၊ အနတ္တာ အသာရကဋ္ဌေန၊ ယံအနာဂတံ အနန္တရ ဘဝေ နိဗ္ဗတ္တိဿတိ၊ တံပိတတ္ထေဝ ခီယိဿတိ နတတော ပရံဘဝံဂမိဿတီတိ၊ အနိစ္စံ ခယဋ္ဌေန၊ ဒုက္ခံဘယ ဋ္ဌေန၊ အနတ္တာအသာရကဋ္ဌေန၊ ယံပစ္စုပ္ပန္နံ ရူပံ တံပိ ဣဓေဝ ခီယတိန ဣတောဂစ္ဆတီတိ အနိစ္စံ၊ခယ ဋ္ဌေန၊ ဒုက္ခံဘယဋ္ဌေန၊အနတ္တာအသာရကဋ္ဌေန။အတိတ်ဘဝ၌ဖြစ်သော ရုပ်သည်အတိတ်ဘဝ၌သာ ချုပ်ငြိမ်းကုန်ပျောက်ခဲ့လေပြီ။ ဤ ပစ္စုပ္ပန် ဘဝသို့ မရောက်လာ သို့၊ မမြဲသည်ဖြစ်၍ ရုပ်သည် အနိစ္စပါတကား။ကြောက်လန့်ဖွယ်သဘောရှိ၍ဒုက္ခပါတကား။ အနှစ်သာရ မရှိသည်ဖြစ်၍ အနတ္တပါ တကား။

အနာဂတ်ဘဝ၌ ဖြစ်လတ္တံ့သော ရုပ်သည် ထိုအခြားမဲ့ ဖြစ်သော အနာဂတ်ဘဝ၌သာလျှင် ချုပ်ပျောက်ကုန်ငြိမ်းလိမ့်အံ့။ ထိုအနာဂတ်ဖြစ်သော အနန္တရဘဝမှအခြားသောဘဝသို့ ရောက်လိမ့်မည် မဟုတ်။ သို့ဖြစ်၍ ရုပ်သည် ချုပ်ငြိမ်းပျက်စီး တတ်သောကြောင့် အနိစ္စပါတကား။ ကြောက်လန့်ဖွယ် ဖြစ်၍ ဒုက္ခပါတကား။ အနှစ်သာရမရှိသည်ဖြစ်၍ အနတ္တပါတကား။

---

စပယ်ဦးစာပေ

ဤပစ္စုပ္ပန်ဘဝ၌ ဖြစ်သောရုပ်သည်လည်း ဤလက်ရှိပစ္စုပ္ပန်ဘဝ၌သာလျှင် ချုပ်ငြိမ်းကုန်ပျောက်ဆဲ ဖြစ်၏။ ဤပစ္စုပ္ပန်ဘဝမှ နောက်ဘဝသို့ မရောက်။ သို့ဖြစ်၍ ရုပ်သည် မမြဲလေသောကြောင့် အနိစ္စပါတကား။ ကြောက်လန့်ဖွယ် ကောင်းသောကြောင့် ဒုက္ခပါတကား။ အနှစ်သာရ မရှိသောကြောင့် အနတ္တပါ တကား။

**သန္တတိသမ္ဗသန နည်းဖြင့်သုံးသပ်ခြင်း** ပထမအရွယ်၌ဖြစ်သော ရုပ်အစဉ်သည် ဒုတိယအရွယ်သို့ မရောက်မူ၍ ထိုပထမအရွယ်၌ သာလျှင် ချုပ်၏။ ဒုတိယအရွယ်၌ဖြစ်သော ရုပ်အစဉ်သည် တတိယအရွယ်သို့ မရောက်မူ၍ ထို ဒုတိယ အရွယ်၌သာလျှင် ချုပ်ပျောက်ပျက်စီး၏။ တတိယရွယ်၌ဖြစ်သောရုပ်အစဉ်သည်သေသည်မှ နောက်သို့မရောက်မူ၍ ထိုတတိယ အရွယ်၌သာလျှင် ချုပ်ငြိမ်းကုန်ပျောက်၏။ နွေဥတုအခါ၌ဖြစ်သောရုပ်အစဉ်သည် ထိုနွေဥတု၌သာလျှင် ချုပ်၏။ မိုးဥတုသို့မရောက်၊ မိုးဥတု၌ဖြစ်သော ရုပ်အစဉ်သည် မိုးဥတု၌သာလျှင်ချုပ်၍ ဆောင်းဥတုသို့ မရောက်၊ ဆောင်းဥတု၌ဖြစ်သော ရုပ်အစဉ်သည် ထိုဆောင်း ဥတု၌သာလျှင် ချုပ်သည်ဖြစ်၍ နွေဥတုသို့ မရောက်၊ လဆန်းအခါ၌ဖြစ်သော ရုပ်အစဉ်သည် လဆုတ်အခါသို့ မရောက်၊ လဆုတ်အခါ၌ ဖြစ်သော ရုပ်အစဉ်သည် လဆန်းအခါသို့ မရောက်၊ ချုပ်ပျောက်၏။ နေ့အခါ၌ဖြစ်သော ရုပ်အစဉ်သည် ညအခါသို့ မရောက်၊ ညအခါ၌ဖြစ်သော ရုပ်အစဉ်သည် နေ့အခါသို့ မရောက် ချုပ်ပျောက်၏။ နံနက်အခါ၌ဖြစ်သော ရုပ်အစဉ်သည် နေ့လယ်

အခါသို့ မရောက်။ နေ့လယ်အခါ၌ဖြစ်သော ရုပ်အစဉ်သည် ညအခါသို့မရောက် ချုပ်ပျောက်၏။ ထိုင်နေသော ရုပ်အစဉ် သည် ရပ်လိုက်သည့်အခါ ချုပ်ပျောက်၏။ ရပ်နေသော ရုပ် အစဉ်သည်သွားလိုက်သည့်အခါ ချုပ်ပျောက်၏။သွားနေသော ရုပ်အစဉ်သည် အိပ်လိုက်သည့်အခါ ချုပ်ပျောက်၏။ စကား ပြောရာအခါ၌ဖြစ်သော ရုပ်အစဉ်သည် ဆိတ်ဆိတ်နေသည့် အခါ ချုပ်ပျောက်၏။ ပထမ ခြေလှမ်းစဉ်အခါ၌ ဖြစ်သော ရုပ်အစဉ်သည် ဒုတိယ ခြေလှမ်းလိုက်သည့်အခါ၌ ချုပ်ပျောက် ၏။ (က) ဟု ရွတ်ဆိုရာအခါ၌ဖြစ်သော ရုပ်အစဉ်သည်(ခ)ဟု ရွတ်ဆိုရာအခါ၌ ချုပ်ပျောက်၏။ ယင်းသို့ ကုန်ပျောက် ချုပ်ငြိမ်းသည်ဖြစ်၍ မမြဲလေသောကြောင့် အနိစ္စပါတကား၊ ကြောက်ဖွယ်ကောင်းသောကြောင့် ဒုက္ခပါတကား၊ အနှစ် သာရ(အတ္တ) မရှိလေသောကြောင့် အနတ္တပါတကား၊ ဤသို့ စသည်ဖြင့် မိမိတို့ ဉာဏ်မီသရွေ့ချဲ့ထွင်ကာ ပွားများသုံးသပ် ရာ၏။

**ခဏသမ္မသနနည်းဖြင့် သုံးသပ်ခြင်း** ရုပ်ဝီထိနာမ်ဝီထိတို့ အစဉ်ဝယ် ဥပါဒ် ဌီဘင် ဟူသော ခဏတ္တယကို ခဏဟု ခေါ်၏။ အတိတ်ခဏ၊ ပစ္စုပ္ပန်ခဏ၊ အနာဂတ်ခဏဟု ခွဲခြား၍ရ၏။အတိတ်ခဏ၌ဖြစ်သောရုပ်နာမ် တို့သည် ပစ္စုပ္ပန်ခဏသို့ မရောက်ပဲ ချုပ်ပျောက်၏။ ပစ္စုပ္ပန် ခဏ၌ ဖြစ်သော ရုပ်တို့သည်လည်း အနာဂတ်ခဏသို့ ရောက် လိမ့်မည် မဟုတ်၊ ချုပ်ပျောက်ကြပေလိမ့်မည်။ ထို့ကြောင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ ပါတကားဟု ရုပ်ဝီထိ၊ နာမ်ဝီထိတို့၏

အစဉ်ကိုကြည့်၍ ပွားများရာ၏။ ဤ ခဏသမ္မသန နည်းသည် ဘုရားရှင်မှတပါး အခြားပုဂ္ဂိုလ်တို့၏ ဉာဏ်ဝယ် ထင်ပေါ်နိုင်ရန် ခဲယဉ်းသည်ဟု ဆိုကြ၏။ သို့သော်လည်း အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောထင်ရှားအောင်အမှန်းအတားအားဖြင့်ပိုင်းခြားသတ်မှတ်ကာ ပွားများနိုင်သည်သာဟု ဆရာတို့ဆိုကုန်၏။

**ဥဒယဗ္ဗယဉာဏ်** (ဥဒယ၊ အဖြစ်+ဝယအပျက်၊ဥဒဝယအဖြစ်အပျက်၊ ဝယ၌ ဝကို ဒွေး ဘောပြု၊ ဝ နှစ်လုံးကို ဗ နှလုံးပြု၍ ဥဒယဗ္ဗယဟုဖြစ်၏) သမ္မသနဉာဏ်ကို အသားကျအောင် အားထုတ်ပြီးနောက်ဆက်၍အားထုတ်သည့် အခါ ဥဒယဗ္ဗယဉာဏ်ပေါ်လာ၏။ ခွဲဦးအံ့။ နာမ်ရုပ်တို့သည်မဖြစ်ခင်ကဖြစ်ပေါ်ဖို့ရန် အစုအပုံမရှိ၊ချုပ်သည့်အခါလည်း အခြားတနေရာသို့ ရောက်သွားကာ စုပေါင်း တည်နေသည်လည်း မဟုတ်၊ စင်စစ်ကား စောင်းတီးရာဝယ် တီးခတ်ခြင်းအမျိုးမျိုးကို အကြောင်းပြု၍ စောင်းသံ အမျိုးမျိုး ပေါ်လာပြီးနောက် ထိုအတီးရပ်လိုက်သည်နှင့်အတူ စောင်းသံ သည်လည်း ချုပ်ပျောက်သွားသကဲ့သို့ ရုပ်တရား နာမ်တရားတို့သည်လည်း မိမိဆိုင်ရာ အကြောင်းကြောင့် ရုပ်ခန့်ဖြစ်ပြီးနောက် ရုပ်ခန့် ချုပ်ပျောက်သွား ကြကုန်၏ ဟု စဉ်းစားပြီးနောက် ရုပ်တို့သည် အဝိဇ္ဇာတဏှာကံအာဟာရဟူသောအကြောင်းတရားတို့ကြောင့် ဖြစ်၏။ နာမ်တရားတို့သည် အဝိဇ္ဇာ တဏှာ ကံ ဖဿဟူသော အကြောင်းတရားတို့ကြောင့် ဖြစ်ရ၏။ အဝိဇ္ဇာကို အသေသတ်နိုင်လျှင် ရုပ်နာမ်တို့ဖြစ်ကြတော့မည် မဟုတ်ဟု အကြောင်းနှင့်တွဲဖက်ကာ ရုပ်နာမ်တို့၌ အဖန်ဖန်ရှု ဆင်ခြင်ရာ အခါဝယ်

ဖြစ်မှုပျက်မှုဟူသော ဥဒယဗ္ဗယ လက္ခဏာသည် လွန်စွာ ထင်ပေါ်လာရကား ဥပါဒ်ခဏ ဘင်ခဏအားဖြင့်လည်း ထင်ရှားလာတော့၏။ အမှန်အားဖြင့် နေထွက်ရာအခါ၌ နှင်းပေါက်သည် အရည်ပျော်သွားသကဲ့သို့ လည်းကောင်း၊ လျှပ်ပြက်သကဲ့သို့ လည်းကောင်း၊ စူးဖျားဝယ် တင်အပ်သော မုန်ညင်းစေ့ကဲ့သို့ လည်းကောင်း၊ ရုပ်နာမ်တို့သည် ခုဖြစ်ခုပျက်ပါတကားဟု ခဏအားဖြင့် ထင်ရှားအောင်ပြုသော ဥဒယဗ္ဗယဉာဏ်ပေါ်လာလေသည်။

**ဝိပဿနာ ညစ်ညူး ကြောင်း ၁၀ ပါး** ယောဂီသည်ရုပ်နာမ်တရားတို့၌သမ္မသနဉာဏ်ဖြင့် အဆင့်ဆင့် တိုးတက်သုံးသပ်လာရာအခါဝယ် အဖြစ်အပျက်ကို ရှင်းရှင်းလင်းလင်းသိသောဥဒယဗ္ဗယဉာဏ်အဆင့်သို့ရောက်လာသောအခါ (၁)သြဘာသ၊ (၂)ပီတိ၊ (၃)ပဿဒ္ဓိ၊ (၄)အဓိမောက္ခ (၅)ပဂ္ဂဟ၊ (၆)သုခ၊ (၇)ဉာဏ၊ (၈)ဥပဋ္ဌာန၊ (၉)ဥပေက္ခာ၊ (၁၀)နိကန္တိဟူသော ဥပက္ကိလေသတရားတို့သည် ဖြစ်ပေါ်လာတတ်စမြဲဖြစ်၏။ ယင်းတရားတို့သည် ဝိပဿနာ လမ်းပျောက်သည်အထိ ညစ်နွမ်းစေတတ်သောကြောင့် ဝိပဿနာ ညစ်ညူးကြောင်း ၁၀ပါးဟု အမည်ရလေသည်။

**သြဘာသ** ပြခဲ့သည့်အတိုင်း ဝိပဿနာ ရှုခြင်းဖြင့် ရုပ်နာမ်တို့၏အဖြစ်အပျက်ကိုရှင်းလင်းစွာ သိမြင်လာရာအခါဝယ် ယောဂီ၏စိတ်သည် အလွန် ကြည်လင်လာရကား ကိုယ်ရောင်ကိုယ်ဝါဟု ခေါ်ဆိုရသည့် စိတ္တပစ္စယ ဥတုသမုဋ္ဌာန အရောင်အဝါတို့သည် ထိုင်နေရာအရပ် တခန်းလုံး

တကျောင်းလုံး တတိုက်တာလုံး တဂါဝုတ် နှစ်ဂါဝုတ် တယူဇနာ နှစ်ယူဇနာမှအစ အကနိဋ္ဌာ ဗြဟ္မာဘုံတိုင်အောင် ထွက်ဖြာတတ်ကုန်၏။ မြတ်စွာဘုရား၌ကား တသောင်းသောလောကဓာတ်အထိ ဖြာလျက်ထွက်သတတ်။ ထိုအခါ ငါ့မှာ ရှေးကဤသို့သဘောရှိသော အရောင်အလင်းသည် မဖြစ်ပေါ်ခဲ့ဘူးချေ။ ကေန္တ ဤကိုယ်ရောင် ကိုယ်ဝါ ထွက်ဖြာလာစေနိုင်သောဤစိတ်သည် မဂ်စိတ်ဖိုလ်စိတ်ပင် ဖြစ်ရမည်။ ငါ မဂ်ရပြီ။ ငါ ဖိုလ်ရပြီဟုယူဆ၍ ထိုသည့် အလင်းရောင်ကို သာယာနေလျှင် ယောဂီ၏ ဝိပဿနာလမ်းသည် လွဲမှားလေတော့၏။

**ပီတိ** ဝိပဿနာဉာဏ်နှင့်ယှဉ်သောပီတိတည်း။ ကြက်သီးမွေးညှင်းထရုံမျှ သေးငယ်စွာဖြစ်သော ခုဒ္ဒိကာပီတိ၊ လျှပ်စစ်ပြက်သလို ခဏခဏဖြစ်၍ ခဏခဏပျက်သော ခဏိကာပီတိ၊ ဒီရေလှိုင်းလုံးကြီး လှမ်းဖုံးလာသကဲ့သို့ တကိုယ်လုံး၌ လွှမ်းဖုံးသက်ရောက်သော ဩက္ကန္တိကာပီတိ၊ မိမိအဟုန်ဖြင့် အထက်သို့ မြောက်တက်စေနိုင်သော ဥဗ္ဗေဂါပီတိ၊ ဝါဂွမ်းဝယ် ဆီထိသလို တကိုယ်လုံး၌ ကြာရှည်စွာ ပြန့်နှံ့၍တည်သော ဖရဏာပီတိ တို့သည်လည်း ထိုက်သင့်သလို ဖြစ်ပေါ်လာတတ်၏။ ဖြစ်ပေါ်သမျှကိုလည်း အလွန်နှစ်သက်နေတတ်၏။

**ပဿဒ္ဓိ** ဝိပဿနာနှင့် ယှဉ်သော ကိုယ်စိတ်ငြိမ်းအေးမှုတည်း။ ယခုအခါဝယ် ယောဂီ၌ ကိုယ်စိတ်တို့၏ ပူပန်ခြင်း၊ ထိုင်းမှိုင်းခြင်း၊ ကြမ်းတမ်း ခက်ထန်ခြင်း၊ မကျန်းမာခြင်း၊ ကောက်ကျစ်ခြင်းတို့ မရှိသည်ဖြစ်၍(ဥဒ

ယဗ္ဗယဉာဏ်တိုင်အောင် အားမထုတ်ဘူးသည့် သာမန်လူသားတို့ မပြောနိုင်သော) အပြောတမျိုးဖြင့် ပြောမွှေနေလေတော့၏။

**အဝိမောက္ခ** ကမ္မဋ္ဌာန်းအာရုံ၌ သက်ဝင် ယုံကြည် ဆုံးဖြတ်တတ်သော သဒ္ဓါတရားလည်း ဖြစ်ပေါ်လာ၏။(ဤအဓိမောက္ခကို အဓိမောက္ခစေတသိက်ဟုပင် မှတ်ထင် တတ်ကြသေး၏။ စင်စစ်ကား အဓိမောက္ခ စေတသိက်မဟုတ်။ တကယ့်တကယ် စူးစူးစိုက်စိုက်ဖြင့် သက်ဝင် ဆုံးဖြတ် ယုံကြည်တတ်သောကြောင့်သာ ထိုသည့်သဒ္ဓါကို အဓိ မောက္ခဟု မှည့်ခေါ်ထားခြင်းဖြစ်၏။)

**ပဂ္ဂဟ** ဝိပဿနာကို နောက်ဆုတ်မသွားရလေ အောင် မလျော့လွန်း မတင်းလွန်းပဲ အားပေးချီးမြှောက် ထောက်ပံ့တတ်သော ဝီရိယလည်း ဖြစ်ပေါ် လာ၏။

**သုခ** ယောဂီ၏ကိုယ်ဝယ် မည်သည့်ချမ်းသာ နှင့်မျှမတူသော အထွတ်အထိပ် စိတ္တဇ ရုပ်တွေ ပြန့်နှံ့ထုံမွှမ်းလျက် သုခဝေဒနာလည်း ဖြစ်ပေါ်လာ၏။

**ဉာဏ** ရုပ်နာမ်တို့ကို နှိုင်းချိန် စူးစမ်းနေသော ယောဂီအား သိကြားမင်းပစ်လွှတ်လိုက် သော ဝဇီရစိန်လက်နက်ကဲ့သို့ သွက်လက်လျင်မြန် အမြင်သန် သော ဝိပဿနာဉာဏ်လည်း ဖြစ်ပေါ်လာ၏။

**ဥပဋ္ဌာန** မြေဝင်များသော ကျောက်တိုင် ပမာ ကမ္မဋ္ဌာန်းအာရုံ၌ တည်တံ့သော သတိ

လည်း ဖြစ်ပေါ်လာ၏။ မည်သည့် အရာ ကိုမဆို နှလုံးသွင်း ဆင်ခြင်သည်ရှိသော် ဆင်ခြင်တိုင်းသော အရာဟူသမျှတို့သည် ယောဂီ၏သတိ၌ သက်ဝင်ပြေးဆင်းလာ၏။

ဥပေက္ခာ — အလုံးစုံသောသင်္ခါရတို့၌အလယ်အလတ် သဘောအားဖြင့် ရှုဆင်ခြင်တတ်သော ဝိပဿနုပေက္ခာနှင့် အာဝဇ္ဇနုပေက္ခာတို့လည်း ဖြစ်ပေါ်လာ၏။ အဖြစ်အပျက်ကိုရှုရာဝယ်ကြောင့်ကြမများပဲ အသင့်အတင့်အား ဖြင့် ရှုစားနိုင်သည့်ဝိပဿနာနှင့်ယှဉ်သောတတြမဇ္ဈတ္တုပေက္ခာကို ဝိပဿနုပေက္ခာဟု ခေါ်၍ ဖြစ်မှုပျက်မှုကို ဆင်ခြင်ရာအခါ ဝယ်ဖင့်နွှဲနေခြင်းမရှိပဲ အလွန်လျင်မြန်စွာဆင်ခြင်ရှုစားနိုင်သော စေတနာကို အာဝဇ္ဇနုပေက္ခာဟု ခေါ်သည်။

နိကန္တိ — ဆိုခဲ့သည့်အတိုင်း သြဘာသ စသည်တို့ ဖြင့် သားသားနားနား ပြုစီရင် ထားသကဲ့သို့ ဖြစ်သော ဝိပဿနာ၌ သာယာနှစ်သက် တတ်သော နိကန္တိတဏှာလည်း ဖြစ်ပေါ်လာ၏။ ဤ နိကန္တိ တဏှာသည် ယောဂီ၏ဉာဏ်၌ တဏှာကိလေသာ ပါကလားဟုပင် မထင်ရ လောက်အောင်ပင် သိမ်မွေ့၏။ ယောဂီကလည်း တဏှာ ကိလေသာမှန်းပင်မသိပဲ ဝိပဿနာ၌ ပျော်မွေ့ခြင်းတမျိုးဟုသာ အထင် ရှိနေ၍ လက်ခံထားတတ်၏။ ဤပီတိစသည်တို့ ဖြစ်ရာအခါမှာ လည်း ငါ့မှာခရေးက ဤပီတိမျိုးမဖြစ်ဘူးချေ။ ဤပီတိကိုဖြစ်စေ နိုင်သောစိတ်ကား မဂ်စိတ် ဖိုလ်စိတ်ပင် ဖြစ်ရ၏။ ငါ မဂ်ရပြီ ငါဖိုလ်ရပြီဟုယူဆ၍ထိုပီတိစသည်ကိုသာယာနေလျှင် ယောဂီ၏ ဝိပဿနာလမ်းသည် မှောက်မှား ရှာလေတော့၏။

---

စပယ်ဦးစာပေ

**ဥပက္ကိလေသ ၁၀ ဖြစ်နိုင်ပုံ** ဥဒယဗ္ဗယဉာဏ်အရာဝယ် ဖြစ်ပေါ်တတ်သော ဥပက္ကိလေသတရားသည် အကျဉ်းအားဖြင့် ဩဘာသ ပီတိစသည်ဖြင့် ၁၀ ပါးသာ ရှိ၏။ အကျယ်အားဖြင့်ကား အပါး ၃၀ ဖြစ်နိုင်၏။ ဖြစ်နိုင်ပုံကား ဩဘာသပီတိစသည်တို့ဖြစ်ရာအခါဝယ် ယောဂီ၌ ငါ၏အလင်းရောင် ငါ၏ပီတိ ဝသည်ဖြင့် မှားယွင်းစွာ စွဲလန်းခြင်းဟူသော ဒိဋ္ဌိဂါဟဖြစ်၏။ ငါသည် နှစ်သက်စဖွယ်ကောင်းသော ဩဘာသကို ဖြစ်စေနိုင်၏ စသည်ဖြင့် ထောင်လွှားစွာ စွဲလန်းခြင်းဟူသော မာဂါဟ ဖြစ်၏။ ဩဘာသ စသည်တို့ကို သာယာနှစ်သက်ခြင်း ဟူသော တဏှာဂါဟ ဖြစ်၏။ ဤဂါဟ သုံးပါးဖြင့် ဩဘာသစသည့် ကိလေသာ ၁၀ ပါးကိုမြှောက်ပွားသော် ဥပက္ကိလေသ ၃၀ ဖြစ်၏။

**လမ်းမှန်လမ်းမှား ပိုင်းခြားရှုရှု** ကမ္မဋ္ဌာန်းအစဉ်၌ မကျွမ်း ကျင် သော ယောဂီသည် ထိုဩဘာသ စသည်တို့ကို နှစ်သက်လျက် ကမ္မဋ္ဌာန်း လမ်းလွဲသွားသော်လည်းဘာဝနာအရာဝယ်ကျွမ်းကျင်လိမ္မာသောယောဂီ၌ကား "ဤအလင်းရောင်စသည်တို့သည်တဏှာ ဒိဋ္ဌိတို့၏ တည်ရာမှီရာဖြစ်၍ ဝိပဿနာကို ညစ်နွမ်းစေတတ်သော ဥပက္ကိလေသတရားတည်း။ မမြဲသောတရားတည်း။ ပေါင်းစု၍ ပြုအပ်သောသင်္ခတတရားတည်း။ အကြောင်းကို စွဲ၍ဖြစ်သောတရားတည်း။ ကုန်ခြင်းပျက်ခြင်း သဘောရှိသောတရားတည်း" ဟု ရှုဆင်ခြင်မှုကြောင့် ဩဘာသစသော တရားတို့သည် လမ်းမှန် မဂ်မှန်မဟုတ် ရှုမြဲရှုလျက်နေသော ဝိပဿနာဉာဏ်သည်သာ လမ်းမှန်မဂ်မှန်

တည်းဟု ပိုင်းခြားဆုံးဖြတ်လျက် အဖြစ်အပျက်ကို ဆက်လက်၍ ရှုစားရာ၏။

**ဘင်္ဂဉာဏ်** ဆိုခဲ့သည်အတိုင်း ရုပ် နာမ် ၏ အ ဖြစ် အပျက်ကို အဖန်ဖန်တလဲလဲ ရှုဆင်ခြင် ရာအခါဝယ် ရှုသိမှုဉာဏ်သည် အလွန်ထက်မြက် နေရကား အဖြစ်ကို မရှုမိတော့ပဲ အပျက်ချည့်သာ ရှုမြင်နေမိသော ဘင်္ဂ ဉာဏ်လည်း ဖြစ်ပေါ်လာတော့၏။

**ဘယဉာဏ်** အသက်ကို နှစ်သက်တွယ်တာ၍ ချမ်း သာစွာနေလိုသော အမျိုးကောင်းသား သည် ခြသေ့် သစ် ကျား ဘီလူး နွားကြမ်း ဆင်ကြမ်း မြွေဆိုး ခွေးဆိုး အစရှိသော သားရဲဆိုးတို့ နေရာအရပ်ကိုဖြစ်စေ ယင်း သားရဲတို့ကိုပင်ဖြစ်စေ တွေ့မြင်ရာအခါဝယ် ကြောက်စရာအရာ ဟု မှတ်ထင်သကဲ့သို့ ဘင်္ဂဉာဏ်ဖြင့်ရုပ်နာမ်အဖြစ်အပျက် သဘော တွေကို တွေ့မြင်ပြီးရကား ရုပ်နာမ်တို့သည် အတိတ်ဘဝတို့၌ လည်း ဖြစ်ပျက်ခဲ့လှပြီ။ယခုမျက်မှောက်ဘဝမှာလည်း ဖြစ်ပျက် နေဆဲ နောင်အနာဂတ်မှာလည်း ဖြစ်ပျက်ကြပေလိမ့် အုံးမည်။ ရုပ်နာမ်တွေသည် ကြောက်စရာတွေပါလားဟု ကောင်းစွာထင် မြင်သောဘယဉာဏ်လည်း ဖြစ်ပေါ်လာ၏။

**အာဒီနဝဉာဏ်** ယောကျ်ား တယောက်သည် သားရဲ ဘီလူးအပေါင်းတို့ မှီခိုရာ တောအုပ်သို့ ရောက်ရာအခါဝယ် ကြက်သီး မွေးညှင်းများ ထလျက် ယင်း တောအုပ်ကို သာယာဖွယ်ဟု မမြင်နိုင်ပဲတော့ပဲ ကြောက်လန့်ဖွယ်

အနေဖြင့်သာ မြင်နေမိ သကဲ့သို့၊ ထို အတူ ဘယ ဉာဏ်၏ အစွမ်းသတ္တိဖြင့် ရုပ်နာမ်၏ကြောက်ဖွယ်ကောင်းပုံတို့ကိုသိမြင်ပြီး ဖြစ်ရကား၊ ရုပ်နာမ်တို့သည် သာယာဖွယ်မကောင်းကုန်၊မြတ်နိုး ဖွယ် မကောင်းကုန် စသည်ဖြင့် ရုပ်နာမ်တို့အပေါ်၌ အပြစ် သာလျှင် မြင်နေမိသော အာဒီနဝဉာဏ်လည်း ပေါ်လာ၏။

**နိဗ္ဗိဒါဉာဏ်** အာဒီနဝဉာဏ်ဖြင့် ရုပ်နာမ်သင်္ခါရတို့၏ ကြောက်ဖွယ်ကောင်းပုံ၊ သာယာဖွယ် မကောင်းပုံ စသည်ဖြင့် အပြစ် မြင်လာပြီးနောက် (စူးဖျား ပေါ်၌တင်ထားသော မုန့်ညင်းစေ့ကဲ့သို့ ထောက်တည်ရာမရပဲ) တပျက်တည်း ပျက်နေကြသော ရုပ်နာမ်တို့၏အပေါ်၌ ငြီးငွေ့ နေမိသော နိဗ္ဗိဒါဉာဏ်လည်း ပေါ်လာ၏။

**မုစ္စိတုကမျတာဉာဏ်** ထိုသို့ ရုပ်နာမ်တို့၏ အပေါ်၌ ငြီးငွေ့ လာရာအခါဝယ် (ပိုက်ကွန်တွင် မိနေ သော ငါး၊ မြွေ၏ ခံတွင်း၌ ရောက်နေသော ဖား၊ ရန်သူတို့ ဝိုင်းရံထားသော ယောကျ်ားတို့သည် ထိုထိုဆိုင်ရာ အနှောင် အဖွဲ့တို့မှလွတ်မြောက်လိုကုန်သည်သာဖြစ်ကုန်သကဲ့သို့)ထိုသင်္ခါရ မှ ထွက်မြောက်လိုသော မုစ္စိတုကမျတာ ဉာဏ်လည်း ပေါ် လာ၏။

**ပဋိသင်္ခါဉာဏ်** မုစ္စိတုကမျတာဉာဏ်သည် သင်္ခါရတရား တို့မှ လွတ်မြောက် လိုရုံလေး မျှသာ ရှိသေး၏။ တကယ်ကား မလွတ်မြောက်သေးပေ။ ဤပဋိသင်္ခါ ဉာဏ်ကသာလျှင် သင်္ခါရတို့ကို လျစ်လျူရှုကာ စွန့်လွှတ်ပေလိမ့် မည်။ စွန့်လွှတ်ဟူရာ၌ ဖြုတ်တချက် ရုတ်တရက် ဖြင့်ကား

စွန့်လွှတ်သည်တော့ မဟုတ်၊ သင်္ခါရတို့အပေါ်၌ နိစ္စ၊သုခ၊အတ္တ ဟု နောက် မစွဲလန်းနိုင်လောက်အောင် အနိစ္စ၊ဒုက္ခ၊ အနတ္တ ဟု ထပ်ကာ ထပ်ကာ နှိုင်းနာစွာ ရှုပြီးမှ စွန့်လွှတ်ခြင်းဖြစ်၏။ ဥပမာ ယောကျ်ား တယောက်သည် ရေထဲဆင်း၍ ငါးနှိုက်ရာဝယ် လုံးလုံးရှည်ရှည်အကောင်ကြီး၏လည်စေ့ကိုဆုပ်ကိုင်မိရာ ငါးရှဉ့် (ငရှဉ့်)ကြီးကို ဖမ်းမိပြီဟု ဝမ်းမြောက် ဝမ်းသာစွာဖြင့် ရေမှ ထုတ်၍ ကြည့်လေလျှင် အလွန် ကြောက်ဖွယ် ကောင်းသော တွင်းအောင်း မြွေဆိုးကို မြင်ရလေသော် ကြောက်ရွံ့စွာဖြင့် လွှတ်ပစ်လိုပါသော်လည်းအလွှတ်တွင် မိမိလက်ကိုကိုက်သွားမည် ဖြစ်သောကြောင့် ရုတ်တရက်ကား လွှတ် မပစ်ရဲ သေးချေ။ လေးပတ် ငါးပတ်မျှ ဝှေ့ယမ်းကာ အတော်နှိုင်းနာအောင် ပြုပြီးမှ လွှတ်ပစ်လိုက်သကဲ့သို့တည်း။

**သင်္ခါရုပေက္ခာဉာဏ်** ပဋိသင်္ခါဉာဏ်ဖြင့် သင်္ခါရတို့ကိုစွန့်လွှတ်ပြီးနောက် ယင်း သင်္ခါရ တရားတို့ အပေါ်၌ ဘယ၊အာဒီနဝ စသည်ဖြင့် မရှုစားတော့ပဲ ဤသင်္ခါရုပေက္ခာဉာဏ်ဖြင့် လျစ်လျူရှုလိုက်တော့၏။ လျစ်လျူရှုဟူရာ၌ အနိစ္စ၊ ဒုက္ခ၊ အနတ္တဟု ရှုဆင်ခြင်မှုကို လျစ်လျူရှုသည် မဟုတ်၊ သင်္ခါရတို့၏ သာယာဖွယ် မကောင်းပုံ၊ ကြောက်လန့်ဖွယ် ကောင်းပုံတို့ကို မဆင်ခြင် မစဉ်းစားခြင်းသာ ဖြစ်၏။ ဥပမာ ယောကျ်ားတယောက်၌ အလွန်ချစ်မြတ်နိုးအပ်သော မယား တယောက် ရှိရာ၏။ ထိုမယား ဖြစ်သူနှင့် တခဏမျှသော်လည်း ခွဲခွာ၍ မနေနိုင်၊ မယားဖြစ်သူကို အလွန်မြတ်နိုး၏။တနေ့သော အခါ မယားဖြစ်သူသည် အခြား ယောကျ်ား တယောက်နှင့်

ဖောက်ပြား နေရာဝယ် ထိုယောကျ်ားသည် မယားဖြစ်သူ၏ အပြစ်ကိုမြင်၍ နှလုံးမသာယာခြင်း၊ ကြောက်ရွံ့ထိတ်လန့်ခြင်း ဖြစ်ရကား မကြာခင် ကွာရှင်းလိုက်၏။ (အချစ်ကြီး၍ အမုန်းကြီးလိုက်၏) ထိုသို့ ကွာရှင်းပြီးနောက် ထိုမယားသည် သူတပါးနှင့် ဖောက်ပြန်နေသည်ကို တွေ့ရ မြင်ရ ကြားရသော်လည်း မည်သို့မျှ ထူးခြားခြင်းမရှိပဲ လစ်လျူရှုသကဲ့သို့ တည်း။

**အနုလောမဉာဏ်** သင်္ခါရုပေက္ခာ ဉာဏ်ဖြင့် သင်္ခါရတို့၌ အနိစ္စ ဒုက္ခ စသည်ဖြင့်ရှုဆင်ခြင်မှုများ လာရာအခါဝယ် ထိုသင်္ခါရတို့ကို အာရုံပြုလိုမှုသည် လျော့ပါးတွန့်ဆုတ်လာရကား သင်္ခါရတို့မှ ကင်းလွတ်ရာဖြစ်သော နိဗ္ဗာန်ကိုသာ ရှာဖွေနေမိတော့၏။ နိဗ္ဗာန်ကို မမြင်သေးလျှင် ထိုသင်္ခါရတို့ကိုပင် ပြန်၍ အာရုံပြုနေရသေး၏။ နိဗ္ဗာန်ကိုမြင်လောက်ရာ အခါ၌ကား ပရိကမ် ဥပစာ အနုလုံဟု ခေါ်ဆိုရသော အနုလောမဉာဏ် ပေါ်လာ၏။ ထိုနောက် ဂေါတြဘူဖြင့် နိဗ္ဗာန်ကို အာရုံပြုလျက် မဂ်ဖိုလ်သို့ရောက်အောင် တိုးတက်ပြီး ဝင်သွားလေတော့၏။ ဥပမာ ရွက်လှေကြီးများဖြင့် သမုဒ္ဒရာကိုဖြတ်ကာ ကူးသန်းသွားရစဉ် အခါတုန်းက ကုန်းသည် အပေါင်းတို့သည် ကမ်းကြည့် ငှက်ကို ဖမ်းယူသွားကြရကုန်၏။ ကမ်းမမြင်ရာ အခါ၌ ထိုကမ်းကြည့်ငှက်ကို လွှတ်ရ၏။ ကမ်းကြည့်ငှက်သည် ပျံသန်းကာ ကမ်းကိုဖွေရှာစဉ် ကမ်းမမြင်ရသေးသမျှ ရွက်တိုင်မှာ လာနားလိုက် ပျံသန်းကာ ကမ်းရှာဖွေလိုက် ပြုနေ၏။ ကမ်းကို မြင်ရာအခါ၌ကား ရွက်တိုင်သို့ ပြန်မလာတော့ပဲ ကမ်းရှိရာသို့ တဟုန်တည်း ပြေးဝင် ပျံသန်းသွားသကဲ့သို့တည်း။

---

စပယ်ဦးစာပေ

**အနုလောမဉာဏ် ခေါ်ပုံ**

အထက်မဂ်သို့ ရောက်ရာ ခဏ၌ပင် မချွတ်ကေန် အမှန်ရမည်ဖြစ်သော ၃၇ ပါးသော ဗောဓိပက္ခိယတရားတို့အား လည်းကောင်း၊ ဥဒယဗ္ဗယဉာဏ်စသော အောက်ဉာဏ် ၈ ပါး တို့အားလည်းကောင်း၊ လျော်သောကြောင့် ဤဉာဏ်ကို အနုလောမဉာဏ်ဟု ခေါ်ရလေသည်။ ချဲ့ဦးအံ့။ ဤအနုလောမဉာဏ်သည် ရှေးဉာဏ်များက ဆောင်ရွက် လုပ်ကိုင်သွားသော ကိစ္စအဝဝတို့ကို မဆန့်ကျင်ပဲ ထောက်ခံကျေနပ်သော အားဖြင့် အနိစ္စ ဒုက္ခ အနတ္တဟု ထပ်မံ ရှုဆင်ခြင်နေခြင်း ဖြစ်သောကြောင့် ရှေ့ဉာဏ် ၈ ပါးတို့နှင့်လည်း လျော်၏။ ပင်ကိုယ်က ဗောဓိပက္ခိယတရားတို့ကိုရအောင် ရည်ရွယ်ခြင်းဖြစ်ရကား ထိုရည်ရွယ်သည့်အတိုင်း မချွတ်ကေန် အမှန်ရမည် ဖြစ်သောကြောင့် ထို ဗောဓိပက္ခိယ တရားတို့အားလည်း လျော်၏။ ဥပမာ မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်တော်မူသော ဘုရင်မင်းမြတ်၏ ရှေ့တော်၌ အမှုတခုကို ရာဇဓမ္မနှင့်အညီ စီရင်ရာအခါဝယ် ဘုရင်မင်းမြတ်ကလည်း အားရကျေနပ်တော်မူ၍ အမတ်ကြီးတို့ စီရင်သည့်အတိုင်း တည်စေဟု အမိန့်ချမှတ်ချက်နှင့်လည်းလျော် အထက်ထက်က အတည်ပြုခဲ့ကြသော ရာဇဓမ္မနှင့်လည်းလျော် သကဲ့သို့တည်း။

**ဂေါတြဘူဉာဏ် ပေါ်လာပုံ**

ဆိုခဲ့သည့်အတိုင်း ပရိကမ်ဥပစာ အနုလုံ ဟူသော အနုလောမဉာဏ်သုံးပါးတို့ဖြင့် ကိလေသာ အမှောင်ကို ကွယ်ပျောက်စေပြီးရာအခါဝယ် အလုံးစုံသော သင်္ခါရအပေါင်းတို့၌ မတွယ်

တာဘော့။ သင်္ခါရနိမိတ်အာရုံနှင့် မပြတ်ဖြစ်နေသော ခန္ဓာ အယဉ်အာရုံ တို့သည်လည်း အနှောင့်အယှက် အနေအားဖြင့် ထင်ပေါ်လာ၏။ ထိုအခါဝယ် သင်္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ၊ ကိစ္စာမကင်းသေးသော ပုထုဇဉ်အနွယ်ကို ကျော်လွန်လျက် နိဗ္ဗာန်ကို ရှေးဦးစွာမြင်သော ဂေါတြဘူဉာဏ်သည် (အရိယာ မဂ်ဉာဏ်အား အနန္တရသတ္တိ သမနန္တရသတ္တိ အာသေဝနသတ္တိ ဥပနိဿယသတ္တိ နတ္ထိသတ္တိ ဝိဂတသတ္တိတို့၏ အစွမ်းအားဖြင့် ကျေးဇူးပြုလျက်) ဖြစ်ပေါ်လာ၏။

ဂေါတြဘူဖြင့် နိဗ္ဗာန်မြင်ပုံ — နက္ခတ်ဆရာ တယောက်သည် လ၏ အနေကိုကြည့်ရန်အတွက် လှင်ပြင်ထွက်ကာ ကောင်းကင်သို့ မော့ကြည့်ရာဝယ် တိမ်တိုက်တို့ ဖုံးကွယ်နေသည် ဖြစ်ရကား လကိုမမြင်ရသေးချေ။ ထိုအခိုက် လေတိုက်လာလေသော် တိမ်အထူစားတွေ ကင်းစင် သွားလေ၏။ ဒုတိယ လေလာ၍ တိမ်အလတ်စားတွေ ကင်းစင် သွားပြီးနောက် တတိယလေပေါက်မှ တိမ်အားလုံး ကင်းစင် သွားသဖြင့် ရွှေလမင်းကြီးကို မြင်ရသကဲ့သို့ ထိုအတူ နိဗ္ဗာန် တည်းဟူသော ရွှေလမင်းကြီးကို ကြည့်ရှုရာဝယ် မောဟတည်း ဟူသော တိမ်တိုက်တို့က ဖုံးကွယ်ထားသဖြင့် မမြင်ရပဲ ရှိနေခိုက် ပရိကမ် ဥပစာ အနုလုံဟူသော လေသုံးကြိမ်က အစဉ်အတိုင်း တိုက်ခတ်လိုက်မှ ဂေါတြဘူဖြင့် နိဗ္ဗာန်တည်းဟူသော ရွှေလမင်း ကြီးကို ထင်စွာ မြင်ရလေသတည်း။

---

**သောတာပတ္တိမဂ်ဉာဏ် စသည်ပေါ်လာပုံ**

ဂေါတြဘုဉာဏ်သည် နိဗ္ဗာန်ကို မြင်ရုံမျှ လောက်သာ စွမ်းနိုင်၏။ ကိလေသာကို ဖောက်ခွဲခြင်းငှာ မစွမ်းနိုင်။ သို့ဖြစ်၍ ဂေါတြဘုသည် မဂ်အား ဤအတိုင်းသာ ဖြစ်လော့ဟု အမှတ်သညာပေး၍ ချုပ်ပျောက်သွားလေ၏။ မဂ်ကလည်း ဂေါတြဘု အမှတ်သညာပေးသည့်အတိုင်း ကိလေသာကို ဖောက်ခွဲလျက် မဂ်စိတ် ထွက်ပေါ်လာဘော့၏။ မဂ်စိတ် ပေါ်လာရာအခါဝယ် ဒုက္ခသစ္စာကို ပိုင်းခြား၍သိခြင်း ဟူသော ပရိညာကိစ္စ၊ သမုဒယ သစ္စာကို ပယ်စွန့်ခြင်းဟူသော ပဟာနကိစ္စ၊ နိရောဓသစ္စာကို မျက်မှောက်ပြုခြင်းဟူသော သစ္ဆိကရိယာကိစ္စ၊ မဂ္ဂသစ္စာကို မိမိ သန္တာန်၌ ပွားစေခြင်းဟူသော ဘာဝနာကိစ္စတို့လည်း ပြီးစီး လာလေတော့၏။ ဥပမာ ဆီမီးသည် မီးစာကို လောင်ခြင်း အမှောင်ကို ပယ်ဖျောက်ခြင်း၊ အလင်းကိုဆောင်ခြင်း၊ ဆီကို ကုန်စေခြင်းဟူသော ကိစ္စလေးချက်ကို တပြိုင်တည်း ပြီးစီးစေ သကဲ့သို့တည်း။ ဤသို့ သတ္တိရှိန်စော် ထက်မြက်တော်မူသော သောတာပတ္တိမဂ်၊ နောင်သောတာပတ္တိဖိုလ် ၂ကြိမ် ၃ကြိမ်ဖြစ် လျက် ဘဝင်သို့ သက်ဆင်းလေတော့၏။ ထိုနောက် ဆက်၍အား ထုတ်ရာဝယ် သကဒါဂါမိမဂ်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်၊ အနာဂါမိမဂ်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာ ဉာဏ်၊ အရဟတ္တမဂ်ဖိုလ်ကို ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ်တို့ အဆင့်ဆင့် ဖြစ်ပေါ်လာလေတော့၏။

**မဂ်လေးပါးနှင့် ပယ်အပ်သောတရား**

သောတာပတ္တိမဂ်ဖြင့် အယူ မှားခြင်း ဟူသမျှနှင့် ရတနာ သုံးပါး အပေါ်၌ ယုံမှားခြင်းဟူသမျှကိုပယ်၏။ သကဒါ

ဂါမိမဂ်ဖြင့် ကာမဂုဏ်၌ တပ်မက်တတ်သော ကာမရာဂနှင့် ဒေါသမောဟတို့ အတော်အားနည်းအောင်ပြု၏။ (မည်သည့် တရားကိုမှ အကြွင်းမဲ့ မပယ်နိုင်သေး။ နည်းပါးရုံမျှသာ ပြုစွမ်း နိုင်သည်ဟူလို) အနာဂါမိမဂ်ဖြင့် ကာမဂုဏ်၌ လိုလားသော တဏှာရာဂနှင့် ဒေါသဗျာပါဒကို အကြွင်းအကျန် မရှိအောင် ပယ်၏။ အရဟတ္တမဂ်ဖြင့် အောက်မဂ်များက မပယ်ရှားနိုင် သော ကိလေသာ ၁၀ပါးတွင် ရုပ်ရာဂ အရူပံရာဂ ဟူသော လောဘတစိတ်၊ ဒိဋ္ဌိဂတဝိပ္ပယုတ် ဥဒ္ဓစ္စသဟဂုတ်၌ ယှဉ်သော မောဟတစိတ်နှင့် မာန ထိန ဥဒ္ဓစ္စ အဟိရိက အနောတ္တပ္ပတို့ကို လည်းကောင်း၊ သံယောဇဉ်ကိုးပါးတွင် ပါဝင်သော ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာဟူသော ဥဒ္ဓံဘာဂိယ သံယောဇဉ် ငါးပါးကိုလည်းကောင်း အကြွင်းအကျန်မရှိအောင် ပယ်၏။

**အနုသယကိုမှ မဂ်ကပယ်**

မဂ်သည်ကိလေသာကိုပယ်ရာ၌ အတိတ် ကိလေသာကို ပယ်သလော။ အနာဂတ် ကိလေသာကို ပယ်သလော။ ပစ္စုပ္ပန် ကိလေသာကိုပယ်သလောဟု မေးသည်ရှိသော် မဂ်သည် ကုန်ပြီး ချုပ်ပြီးဖြစ်သော ကိလေသာကိုလည်း ပယ်ဖွယ်မလို၊ မဖြစ်သေး သော ကိလေသာကိုလည်း ပယ်ရမည်မှာလည်း အနာမဖြစ်ခင် ဆေးထည့်ဘိသို့။ အဓိပ္ပါယ်မရှိ။ ပစ္စုပ္ပန်ကိလေသာ ဖြစ်ခိုက်မှာ လည်း မဂ်စိတ်ဘဝင်မစွက်နိုင်ရကား ပစ္စုပ္ပန်ကိလေသာကိုလည်း မပယ်ဟု ဖြေရပေလိမ့်မည်။ သို့ဖြစ်လျှင် အဘယ်ကို ပယ်သနည်း ဟု ထပ်ဆင့်၍စောဒကတက်လာအံ့။ ဘူမိလဒ္ဓုပ္ပန်ဟုခေါ်သော အနုသယ ကိလေသာဓာတ်ကိုသာ ပယ်သတ်သည်ဟု ဖြေ။ ထင်

ရှားစေအံ့။ မျိုးစေ့တစေ့ဝယ် အပင်ကို ပေါက်စေနိုင်သော ဓာတ်သတ္တိတမျိုး ပါရှိရာ၏။ ထိုမျိုးစေ့မှ အပင်မပေါက်စေလို လျှင် ရှေးကမျိုးစေ့ဖြစ်ပေါ်စေခဲ့သော အပင်နှင့်ဖြစ်ပေါ်လတ္တံ့ သော အပင်ကို ပယ်သတ်၍ မဖြစ်နိုင်။ သို့ဖြစ်၍ မျိုးစေ့အတွင်း ဝယ် ကိန်းဝပ်နေသော ဓာတ်သတ္တိပျက်အောင် မီးဖြင့် လျှော် ပစ်ရသကဲ့သို့ ထိုအတူ လောကီခန္ဓာငါးပါးအတွင်းဝယ် ကိန်း ဝပ်နေသော အနုသာ ကိလေသာဓာတ်ကိုသာ မဂ်လေးပါးက ပယ်လေသည်။

ဝိပဿနာ ကမ္မဋ္ဌာန အဖွင့်

ပြီးပြီ။

## နိဂုံးနှင့် တိုက်တွန်းချက်

**စာချစာသင်ရုံနှင့် အားမရသင့်** စာချစာသင်ကိစ္စသည် သာသနာ အဓွန့်ရှည်ကြာစွာတည်နေရေးအတွက် အဓိကကျ၍ အရေးပါလှသော တာဝန်ဖြစ်ကြောင်းကား မြေကြီးလက်ခတ်မလွဲ မှန်ပေ၏။ သို့သော် သီလမစင်ကြယ် တရားနှလုံးမသွင်းပဲ စာချရုံ စာသင်ရုံ သက်သက်ဖြင့် အားရတင်းတိမ်နေခြင်းကိုကား ဒိဗ္ဗဒွက လုံးဝ နှစ်သက်တော်မမူပေ။ သီလ အခြေခံ၍ ကမ္မဋ္ဌာန်းသို့ မတက်က နွားအငှားကျောင်းနေသူနှင့်တူ၏ဟုပင် ကဲ့ရဲ့ရှုတ်ချ အပြစ်ပြ၍ ဟောတော်မူပါသည်။ ထို့ကြောင့် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေကောင်းမှန်က စာချနိုင်ရုံစာလိုက်နိုင်ရုံလေးဖြင့် တင်းတိမ်အားရဟန်တကြွကြွဖြင့် မနေကြတော့ပဲ သင့်လျော်သော ကမ္မဋ္ဌာန်းဘာဝနာတရားကိုပါ ပွားများအားထုတ်သင့်ကြပြီ။

## နိဂုံးနှင့် တိုက်တွန်းချက်

**စာအောင်သူကို အထင်ကြီး၍ ဘဝကို နစ်မွန်းမထားသင့်**

ယခုခေတ်အခါ၌ နိုင်ငံအစိုးရ စသည်က ကျင်းပပေးနေသော စာမေးပွဲများရှိ၏။ ရဟန်းသာမဏေမှအစ ဖိုးသူတော် မယ်သီလပါမကျန်ဖြေဆိုကြ၏။ဘာကြောင့် ဖြေကြသနည်းဟု မေးသော် ပရိယတ္တိသာသနာ ထမ်းဆောင်သည်ဟု လျှာဖျားလေးဖြင့် ပြောတတ်ကြ၏။ ထိုစိတ်ဓာတ် အပြည့်အဝ ရှိသူမျိုးကား နည်းပါး၏။ အများစုမှာကား နာမည်ကြီးလိုခြင်း၊ ဂုဏ်ရှိလိုခြင်း၊ ဒကာဒကာမ အသိုင်းအဝိုင်းပေါလိုခြင်းဟူသော အကြောင်းကြောင့်သာဖြစ်၏။ စာမေးပွဲအောင်၍ ဂုဏ်ရှိရန် နာမည်ကြီးရန် ဒကာဒကာမ ပေါများရန်အတွက် အာသာတငမ်းငမ်းဖြင့် ဗုဒ္ဓစာပေသင်နေခြင်းကို အလဂဒ္ဒူပမာ မြွေဖမ်းသည်နှင့်တူသော စာသင်နည်းဟု မူလပဏ္ဏာသ အဋ္ဌကထာဆရာက ဖွင့်ဆိုထား၏။ မြွေကိုဖမ်းသောသူအား အဖမ်းမတတ်က ပြန်၍ အလိုက်ခံရတတ်၏။ ဗုဒ္ဓစာပေကို စာမေးပွဲအောင်ရန်၊ နာမည်ကြီးရန်၊ လာဘ်လာဘပေါရန်အတွက် ရည်မှန်းသင်ယူနေသူကား အပါယ်ငရဲကို ဝယ်ယူနေသူနှင့်တူ၏။ သို့ဖြစ်ခြင်းကြောင့် လောဘဇောအဟုန်ကြီးစွာဖြင့် ဗုဒ္ဓစာပေကိုသင်ယူကာ စာအောင်နေသူကို အထင်ကြီးအားကျ၍ ထိုလမ်းမှားသို့လိုက်ကာ မိမိဘဝကို နစ်မွန်းမနေစေသင့်တော့။ သင့်လျော်ရာ ကမ္မဋ္ဌာန်းဘာဝနာတခုခုကို မိမိသန္တာန်၌ ဖြစ်စေရာ ဘဝကို မွန်မွန်မြတ်မြတ်ဖြစ်အောင် ပြုပြင်သင့်ပြီ။ (ဤနေရာဝယ် ဉာဏ်နုံ့သူအချို့က စာမသင်ရန် တားမြစ်နေသည်ဟု ထင်ကြပေမည်။ ဤကျမ်းက ထိုသို့ မဟုတ်ပါ။

လောဘမဖက် စစ်မှန်သော သဒ္ဓါတရားသက်သက်ဖြင့် စာသင်မှုကိုကား ရာနှုန်းပြည့် အားပေးထောက်ခံပါသည်။)

**ဘုရားပွဲ ကျောင်းပွဲနှင့်လည်း မပျော်ပိုက်သင့်**

ဒိုဗုဒ္ဓသည် ငြိမ်သက်မှုကို အားပေး၏။ ငြိမ်သက်မှုကို မြတ်နိုး၏။ ထို့ကြောင့် ဗုဒ္ဓဘာသာ ကျောင်းမှန်က တိတ်ဆိတ်ငြိမ်သက်မှု သင့်မြတ်၏။ ယခုတော့ကား ဗုဒ္ဓဘာသာဟု အမည်ခံယူထားကြသော ကျောင်း အချို့တို့၌ ခေတ်အားလျော်စွာ ဘုရားပွဲ ကျောပ်းပွဲတို့ဖြင့် ဆူညံစွာ ပျော်ပိုက်နေကြတော့၏။ ခေတ်လူတစုနှင့် အခြား ဘာသာဝင်တို့ကလည်း ယင်းအကွက်ကိုထောက်၍ ဗုဒ္ဓဘာသာသည် ပျော်ပါးမှုကို အားပေးနေသော ဘာသာတရပ်ဖြစ်သည်ဟု အထင်ပေါက်ကာ ဝေဖန်ပြောဆိုနေကြပြီ၊ ဘုန်းကြီးတို့က လုံးဝ လက်မခံနိုင်။ သို့သော်လည်း သူတို့လက်ညှိုးညွှန်စရာ၊ မေးငေါ့စရာ သံချေးတုံးတွေ ရှိနေရတော့ကား ထိုပုဂ္ဂိုလ်တွေကို ဗုဒ္ဓအလိုမကျသော ဘုရားပွဲ ကျောင်းပွဲ ဟူသော ပျော်ပါးမှုတွေဖြင့် မပျော်ပိုက်ပါနှင့်။ ဗုဒ္ဓနှစ်သက်တော်မူသော ကမ္မဋ္ဌာန်းအလုပ်ဖြင့်သာ ပျော်ပိုက်ပါဟု အကြံပေးရုံမှအပ အခြား ဘာမျှမတတ်နိုင်ဟု ထင်မြင်မိခြင်းကြောင့် ဗုဒ္ဓဘာသာ ကျောင်းအသီးသီးဝယ် မှီခိုသူ၊ သီတင်းသုံးသူ အပေါင်းတို့သည် သာသနာ ဘာသာစိတ် အပြည့်အဝဖြင့် ထိုပျော်ပါးမှုမျိုးတွေကို မလိုက်စားတော့ပဲ ငြိမ်သက်သော ကမ္မဋ္ဌာန်းအလုပ်ဖြင့် ပျော်ပိုက်သင့်ပြီဟု ဤကျမ်းစာမှ အကြံပေးတိုက်တွန်းအပ်ပါသည်။

---

## နိဂုံးနှင့် တိုက်တွန်းချက်

**မူလရည်ရွယ်ချက် ပြည့်အောင်**

ဘုန်းကြီးတို့ သာသနာ့ဝန်ထမ်း ရဟန်း သာမဏေ အသီးသီးတို့သည် သာသနာ အောင်လံကို ဝတ်ရုံ သုံးစွဲစ အခါက နိဗ္ဗာန်အကျိုးငှာ ဝတ်ပါ၏ဟု ရည်ရွယ်ချက်ချခဲ့၏။ ဦးတည်ချက် ထားခဲ့၏။ ထိုနိဗ္ဗာန်သည်ကား ပေါ့ပေါ့နေရုံဖြင့် ရလိမ့်မည်မဟုတ်။ သင့်လျော်သော ကမ္မဋ္ဌာန်း ဘာဝနာတခုကို ရွေးချယ်ထားကာ ကြိုးစားရှုပွားများပါက ရပေလိမ့်မည်။ သို့ဖြစ်ခြင်းကြောင့် ပေါ့ပေါ့လေးဖြင့် မနေကြတော့ပဲ မူလရည်ရွယ်ချက်ပြည့်အောင် ကမ္မဋ္ဌာန်း ဘာဝနာတရားကို အားထုတ်သင့်ကြပြီ။

**သာသနာအမှိုက် မဖြစ်ရအောင်**

အသုံးချ မဖြစ်တော့သော စက္ကူစုတ်၊ ကြက်သွန်ခွံ စသည့် အရာဝတ္ထုသည် အိမ်ခန်း အတွင်း ဝယ် ရှိနေပါသော်လည်း လူသားအတွက် အကျိုးမပြုနိုင်ရတော့ကား အမှိုက်ဟု ခေါ်ရလေသည်။ ထို့အတူ ဗုဒ္ဓဘာသာရေးဓမ္မအတိုင်း လိုက်နာကျင့်သုံးမှုမရှိပဲ အပျော်အပါး အမော်အကြွားတို့ဖြင့်သာ အချိန်ကုန်လွန်နေသော ရဟန်းသာမဏေသည် ဗုဒ္ဓသာသနာတော်အတွက် အကျိုးမပြုနိုင်ရတော့ကာ သာသနာ့အမှိုက်ဖတ်ဟု ဆိုရပေလိမ့်မည်။ ထို့ကြောင့် ငါတို့သည် သာသနာ့အမှိုက်ဖတ်များ မဖြစ်ကြရလေအောင် အပျော်အပါး အမော်အကြွားတို့ဖြင့် အချိန်မကုန်စေတော့ပဲ သင့်လျော်သော ကမ္မဋ္ဌာန်းဘာဝနာ တခုခုကို အားထုတ်သင့်ကြပြီ။

## နိဂုံးနှင့် တိုက်တွန်းချက်

မေ့လျော့သူသို့ လူတွေကြည့်ရသည်မှာလည်း စည်းကမ်း ကျနမှု၊တရားသဘောနားလည်မှုရှိသည် တို့ကို မတွေ့ရလှပေ။ ခေတ်အားလျော်စွာ အလှပစ္စည်းများ၊ ဇိမ်ခံပစ္စည်းများ ပေါလာသည်ဆိုလျှင် (ထိုပစ္စည်းများ မရှိပဲ ဖြစ်ပါလျက်နှင့်လည်း)အဖိုးကြီးကြေးကြီးပေး၍ စည်းကမ်းမဲ့စွာ မရမက ဝယ်ယူကြပြီးလျှင် ပျော်ပွဲရှင်ပွဲတို့၌ ဟန်တကြွကြွဖြင့် မေ့လျော့စွာ ပျော်မြူးနေကြတော့၏။ ယင်းသို့ ပျော်မြူးကြ ရာဝယ် မိမိတို့ဘာသာ 'ပျော်ပွဲ'ဟူသော အမည်ဖြင့် ကျင်းပ၍ ပျော်ရှင်ကြလျှင် ကျေနပ်ဖွယ်ရာ ဖြစ်နိုင်ပါသည်။

ယခုတော့ကား ထိုသို့မဟုတ်။ ဗုဒ္ဓသာသနာတော်ကို ပူဇော် ပါသည်ဟူသော စကားလုံး လှလှလေးများ ရွေးသုံးကြလျက် ဘုရားပွဲ ကျောင်းပွဲ စသည်ဖြင့် အမျိုးမျိုးပညတ်ကာ ပျော်ရှင် နေကြတော့၏။ အချို့ကျပြန်လည်း ဘာသာကို 'ခုတုံး'လုပ်ကာ စီးပွား ရှာနေကြပြန်သေးသည်။ တတ်နိုင်ကြပါပေ၏။ ထိုသို့ ဗုဒ္ဓဝါဒလည်းမကျ၊ ဓမ္မနှင့်လည်း မညီမျှသော အပြုအမူတို့ကို လိုက်စားနေသူတို့မှာ သေရမည်ဟူသော တရားသဘောနှင့် ဤ ခန္ဓာသည် အသုဘကောင် ဟူသော သဘောတရား၊ ရရှိသော ပစ္စည်းဥစ္စာတို့သည် သေရာနောက်သို့မပါ ဟူသော တရား သဘောတို့ကို မသိနားမလည်ခြင်းကြောင့်သာ စိတ်ရောကိုယ်ပါ ရက်ရောစွာဖြင့် လက်ခံပါဝင်လျက် နေကြသည်ဟု ယုံကြည်မိ ခြင်းကြောင့် တရားသဘော နားလည်အောင် 'ကမ္မဋ္ဌာန်း ဘာဝနာ'ကို ကြည့်ရှုပါ၊ ပွားများပါဟု တိုက်တွန်းအပ်ပါ သတည်း။

---

စပယ်ဦးစာပေ

# နိဂုံးနှင့် တိုက်တွန်းချက်

**ကမ္ဘာ့အလင်း ကိုဆောင်**

ယခု ကမ္ဘာကြီးဝယ် တဏှာ လောဘ စသော ကိလေသာ တရား၊လူသား အချင်းချင်း မနာလိုမှုမုန်းတီးမှု အထင်မှားမှုစသော အကုသိုလ်တရားတို့၏ ဖိစီးလွှမ်းမိုးမှုကို များစွာခံနေရခြင်းကြောင့် မှောင်အတိ ဖြစ်နေ၏။ ဤသို့ အကုသိုလ် မှောင်အတွင်းဝယ် ကျရောက်နေကြရသော လူသားတို့သည် တယောက်အပေါ် တယောက် တဖွဲ့အပေါ်တဖွဲ့၊ တနိုင်ငံ အပေါ် တနိုင်ငံ ချစ်ခင်ညှာတာမှု ကူညီ ရိုင်းပင်းမှု ပြုရမည်တို့ကို မမြင်ကြတော့ပဲ ငွေကုန်ကြေးကျခံ၍ လက်နက်အမျိုးမျိုးဖြင့် တီထွင်ကာ သတ်ဖြတ်တိုက်ခိုက် နေကြတော့၏။ ထိတ်လန့်ဖွယ်ကောင်းလေစွ။ ယင်းသို့ကြောက်လန့်ဖွယ်ရာ ကောင်းသော အမှောင်ထုကြီးအား ပယ်ဖျောက်နိုင်မည့် အလင်းရောင်ကို ဘုန်းကြီးတို့ ဆေးနွေးမေးမြန်းရှာဖွေကြရာဝယ် ဗုဒ္ဓဟောတော်မူထားသည့် ကမ္မဋ္ဌာန်း ဘာဝနာ ရောင်ခြည်ကိုသာ တွေ့ကြရ၏။ ကမ္မဋ္ဌာန်း ရောင်ခြည်ကို လူသားတို့ လက်ကိုင်ထားပါလျှင် ကမ္ဘာကြီးသည် ကေန်မုချ အလင်းရလျက် ငြိမ်းချမ်းရမည် ဖြစ်သည်။ ထိုကြောင့် လူသားတို့သည် သင့်လျော်သော ဘာဝနာ ရောင်ခြည်ကို ရွေးချယ်၍ ကိုင်ဆောင်သင့်ကြပြီ။

**အန္တမြူစစ်ပွဲကို ကာကွယ်လိုလျှင်**

ယနေ့ ကမ္ဘာရှိ နိုင်ငံအသီးသီးတို့ဝယ် စားဝတ်နေရေး ဟူသော ဒုက္ခတို့ဖြင့် နှပန်းလုံး၍ များစွာ ရင်ဆိုင် ဖြေရှင်းနေရကား (ကိုယ်မခါသော် အမိသော်လည်း သားတော်ခဲ၏ ဟူဘိသို့) သတ်မှု ဖြတ်မှု တိုက်ခိုက်မှုတို့မှာလည်း တနေ့တခြား

ချွားပြေးများပြားရှိသာ နေကော့၏၊ ယင်းသို့ တိုက်ခိုက်နေကြရာဝယ်၊ နောက်ကွယ်မှ အနှုမြူစစ်ကြီးကလည်း တဟီးဟီးနှင့် ယိမ်းယိုင် လှုပ်ရှားစပြုနေပါချေပြီ။ လူသား အားလုံးအား (စကြာနိုင်း မိနစ်ပိုင်အတွင်းဖြင့်) သေကြေ ပျက်စီးအောင် ပြုစွမ်းနိုင်သော အနှုမြူစစ်ပွဲမှ ကာကွယ်လိုကြပါလျှင် ကမ္ဘာ့ဘာသာနာမှ တပါးအခြားသောနည်းလမ်းမရှိတော့ပါဟု တင်ပြ ယင်း လူသားတို့ ပွားများကြပါရန် ညှိကျမ်းစာဖြင့် တိုက်တွန်း အပ်ပါသည်။

**ဗုဒ္ဓဘာသာဝင်တို့၏ တာ** ထိုသို့ ကမ္ဘာ၏ လူမှုဒုက္ခဟူသမျှတို့အား ပပျောက်သွားစေနိုင်သော မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာ ကမ္ဘာ့ဘာသာနာ တရား၏ ချိုမြိန်သော အရသာကို နိုင်ငံအသီးသီးရှိ လူမျိုးခြားဘာသာခြားတို့ ကြားသိကြမှုကြောင့် ယခုအခါဝယ် သူထက်ငါဦးအောင် လာယူနေကြပြီ။ ဒေါက်တာလီယွန်းအီရိုက်(ခရစ်ယန် ဘာသာ၂ါမောက္ခဟောင်း၊ ဝါရှင်တန်မြို့)စသောခရစ်ယန် ဘာသာဝင်တို့ကလည်း သက်ဆင်းနေကြပြီ။ မစ္စတာရောဘတ် ဟိုမား (ဒုန်းပုံပါရဂူ အမေရိကန်) စသော နိုင်ငံကြီးသား ပညာရှိများကလည်း မြန်မာနိုင်ငံ ဗုဒ္ဓဘာသာ၌ ကျက်စားနေကြပြီ။ သူတို့ ဆွေမျိုးအပေါင်းအားလည်း ဝမ်းမြောက်စွာဖြင့် ပေးကမ်းနေကြပြီ။ တဆင့်သိရသူတို့ကလည်း တဆင့်သိရုံမျှဖြင့် အားရ တင်းတိမ်ခြင်းမရှိကြပဲ တနေ့သောအခါ အရောက်လာကြပေလိမ့်မည်။ သူတို့လိုချင်သော ငြိမ်းချမ်းရေး တရားကိုလည်း အပြည့်အစုံ ပေးနိုင်ဖို့ရန်မှာလည်း ဗုဒ္ဓဘာသာဝင်တို့၏

တာဖြစ်ပေသည်။ သို့ဖြစ်ခြင်းကြောင့် နိုင်ငံရှိ၊ ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ထိုသည့် ဩဝါဒတော်တို့ လိုသမျှလောက် ဖြည့်တင်းပေးနိုင်ရန် စည်းကမ်း ကျနစွာဖြင့် နေကြလျက် ကမ္မဋ္ဌာန်း ဘာဝနာကို ပွားများ ထားသင့်ကြပြီ။

**ကမ္ဘာ့မီးတိုင်နှင့် တူသောဘာဝနာ**

ယခုအခါ ကမ္ဘာအတွင်း၌ အလင်းရောင် အားနည်းသည် ဖြစ်၍ အားနည်းနေခိုက် ဗုဒ္ဓ စိရင် တီထွင်တော်မူထားခဲ့သော ကမ္မဋ္ဌာန်း ဘာဝနာသည်အလင်းဓာတ်အားကို များစွာ ဖြည့်တင်းနိုင်သည်ဖြစ်၍ ကမ္ဘာ့အမှောင်ထုကြီးကို ထွင်းဖောက်ဟန့်တားကာ လင့်သွားစေပြီးလျှင် စိုပြေအေးမြ၍ လူမှုဒုက္ခအပေါင်းတို့မှ လွတ်မြောက်ရာဖြစ်သော နိဗ္ဗာန်လမ်းမကြီးကို ထင်ရှားပြသကာ ကမ္ဘာ့အလယ်ဓာတ်မီးတိုင်ကြီးသဖွယ် ကြံ့ခိုင်စွာ တည်တံ့လျက်နေ၏။ လူသားတို့သည် ဤဘာဝနာဓာတ်မီးတိုင်ကို အားကိုးတခု အမှီပြု၍နိဗ္ဗာနသုခတည်းဟူသော အမတနန်းမြို့တော်ကြီးသို့ သွားရောက်ကာ လွတ်ကင်းမှုအရသာကို ကိုယ်စီကိုယ်စီ ခံစားကြပါကုန်။

အရှင်ဥက္ကဋ္ဌဝံသ